
www.burmeseclassic.com
တစ်ခေတ်တစ်ခါက ကျော်ကြားခဲ့သော
မြန်မာ့စုံထောက်ဝတ္ထုကောင်းများအစီအစဉ်
မိုးဝေ
BURMESE CLASSIC
တင်မောင်ဆွေနှင့်
ပျောက်ဆုံးနေသောသား
ဒုတိယအကြိမ်
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ၂၆၇/၂၀၀၄ (၃)

မျက်နှာဖုံးခွင့်ပြုချက် ၃၇၇/၂၀၀၄ (၇)

မျက်နှာဖုံး ဏ-နု-ဝ
စာအုပ်ချုပ် ကိုမြင့်

BURMESE CLASSIC

ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
ကမာရွတ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ဒုတိယအကြိမ်
ပထမအကြိမ်(မြန်မာပြည်စာအုပ်တိုက်/၁၉၅၉)

အုပ်ရေ ၅၀၀

ထုတ်ဝေသည့်ကာလ မတ်လ၊ ၂၀၀၅

တန်ဖိုး ၆၅၀ ကျပ်

၁၆၇

www.burmeseclassic.com

www.burmeseclassic.com

“ခင်ဗျားလက်ထဲမှာ သေနတ်ကြီး ကိုင်ထားရတာ ညောင်းရောပေါ့ မစိန်းကြည်၊ ကျွန်တော်ဟာ ဥက္ကာလိုလူစားမျိုး မဟုတ်ပါဘူး။ သူ့ရဲ့မိတ်ဆွေတစ်ယောက်လည်း မဟုတ်ပါဘူး။ ကဲ… မစိန်းကြည်… ကျွန်တော် သွားပါတော့မယ်”

“နောက်ကို ခင်ဗျားလက်ထဲမှာ သေနတ်ကိုင်လျက်သားနဲ့ မဟုတ်ဘဲတော့ တွေ့ချင်ပါသေးတယ်ဗျာ။ ကျွန်တော်ဟာ တကယ်တော့ ခင်မင်တတ်တဲ့ လူတစ်ယောက်ပါဗျ”

(တင်မောင်ဆွေ)

www.burmeseclassic.com

www.burmeseclassic.com

"ကိုတင်မောင်ဆွေ... ရှင့်ကို ကျွန်မက အလုပ်တစ်ခုထောက် တစ်ယောက်အနေနဲ့ ကျွန်မရဲ့ကိစ္စကို ဆောင်ရွက်ပေးဖို့ ငှား ခဲ့တာကလွဲလို့ ရှင့်ကို ကျွန်မက တခြားပြောစရာအကြောင်း ဘာမှမရှိပါဘူး"

"အကယ်၍ ရှင်က ကျွန်မပြောတာကို သဘောတူမယ်ဆိုရင် ရှင် ကျေနပ်အောင် ကျွန်မက ငွေပေးပါ့မယ်။ ငွေတင် မကာ သေးဘူးလေ။ ရှင့်ကို ကျွန်မက ကျေးဇူးဆပ်တဲ့အနေနဲ့ ရှင် ကျေနပ်အောင် ပြုစုပါ့မယ်။ ဘယ်နယ့်လဲ..."

(မြမြကျော်)

www.burmeseclassic.com

www.burmeseclassic.com

"မောင်ဟာ အလွတ်စုံထောက်တစ်ယောက် မဟုတ်လား။ ဘယ်လို တားဆီးရမယ်ဆိုတဲ့နည်းလမ်းတွေဟာ မောင့်ဆီမှာ ရှိနေမှာပါပဲ။ ဒီအတွက် ဦးက မောင့်ကို ငွေနှစ်ထောင်ပေးပါ့မယ်။ အခုပဲ ချက်လက်မှတ် ရေးပေးလိုက်ပါ့မယ်လေ..."

"မောင်ကသာ ဒီ ဥက္ကာဆိုတဲ့ ဂျပိုးလိုဟာစုတ်က ဦးသမီးနဲ့ လာအရောဝင်နေတာကို တစ်နည်းနည်းနဲ့ တားမြစ်ပေးပါ"

*(ဦးမြတ်သာကျော်)*

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ… ဟဲ… သတင်းထောက်ဆိုတာမျိုးဟာ သတင်းရတဲ့နည်း အမျိုးမျိုးရှိတာပေါ့လေ"

"ကိုသောင်းဖေက ပြောတော့ နာခေါင်းရှည်နဲ့ လူမိုက်တစ်ယောက်က ခင်ပျားကို သေနတ်နဲ့ ချောင်းပစ်ခဲ့တယ်တဲ့။ အဲဒီလူမိုက်ကို နောက်ကျတော့ ရဲအုပ်ကိုသန်းအောင်က အိမ်တစ်အိမ်မှာ ရှာတွေ့ခဲ့ပေမယ့် သူ့ခမျာ လောကကြီးကို ကျောခိုင်းသွားရှာပြီတဲ့"


*(သတင်းထောက် ကိုအေးကျော်)*

www.burmeseclassic.com

www.burmeseclassic.com

# တင်မောင်ဆွေ နှင့် ပျောက်ဆုံးနေသော သား

မိုးဝေ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၁

မေစီထားခဲ့သောလိပ်စာအတိုင်းဆိုလျှင် ဒေါ်မြသွေးဆိုသူသည် ဤဟောင်းနွမ်းအိုမင်းသော အုတ်ခံတိုက်အိမ်ကြီး၏ အပေါ်ထပ်၌ ရှိနေရမည်ဖြစ်လေသည်။ ပြီးတော့လည်း သူ့တို့ကိုမျှော်လင့်စောင့်စားလျက်လည်းရှိနေမည်ဖြစ်လေ၏။

တင်မောင်ဆွေက အုတ်ခံတိုက်အိမ်ကြီး ရှေ့တွင် ရောက်နေရာမှ တိုက်အပေါ်ထပ်သို့ မျှော်ကြည့်နေလိုက်မိလေ၏။ အချိန်ကတော့ ည ၈-နာရီခန့်ဖြစ်လေသည်။ တင်မောင်ဆွေသည် အလုပ်ကိစ္စတစ်ခုနှင့် တစ်နေ့လုံးအလုပ်တိုက်သို့ ပြန်မကပ်နိုင်ဘဲ ရှိနေရာမှ ည ၆-နာရီသာသာလောက်တွင်မှ ပြန်ရောက်လာခဲ့ရာ သူ့စားပွဲပေါ်၌ သူ၏စက္ကရီတေရီ မေမေစီက ထားပစ်ခဲ့သော စာကလေးတစ်စောင်နှင့် ဒေါ်မြသွေးဆိုသူ၏ လိပ်စာကိုဖတ်ရှုခဲ့ရလေ၏။ ချစ်သောကိုဆွေ...

*ပူးတွဲပါစာမှာပါတဲ့ အမျိုးသမီးကြီးက ကိုဆွေကို ညနေ ၃-နာရီလောက်က ဖုံးဆက်ပါတယ်။ အမှုတစ်ခုအပ်ချင်လို့*

www.burmeseclassic.com

# အခန်း - ၁

မေစီထားခဲ့သောလိပ်စာအတိုင်းဆိုလျှင် ဒေါ်မြသွေးဆိုသူသည် ဤဟောင်းနွမ်းအိုမင်းသော အုတ်ခံတိုက်အိမ်ကြီး၏ အပေါ်ထပ်၌ ရှိနေရမည်ဖြစ်လေသည်။ ပြီးတော့လည်း သူတို့ကိုမျှော်လင့်စောင့်စားလျက်လည်းရှိနေမည်ဖြစ်လေ၏။

တင်မောင်ဆွေက အုတ်ခံတိုက်အိမ်ကြီး ရှေ့တွင် ရောက်နေရာမှ တိုက်အပေါ်ထပ်သို့ မျှော်ကြည့်နေလိုက်မိလေ၏။ အချိန်ကတော့ ည ၈-နာရီခန့်ဖြစ်လေသည်။ တင်မောင်ဆွေသည် အလုပ်ကိစ္စတစ်ခုနှင့် တစ်နေ့လုံးအလုပ်တိုက်သို့ ပြန်မကပ်နိုင်ဘဲ ရှိနေရာမှ ည ၆-နာရီသာသာလောက်တွင်မှ ပြန်ရောက်လာခဲ့ရာ သူ့စားပွဲပေါ်၌ သူ၏စက္ကရီတေရီ မေမေစီက ထားပစ်ခဲ့သော စာကလေးတစ်စောင်နှင့် ဒေါ်မြသွေးဆိုသူ၏ လိပ်စာကိုဖတ်ရှုခဲ့ရလေ၏။ ချစ်သောကိုဆွေ...

*ပူးတွဲပါစာမှာပါတဲ့ အမျိုးသမီးကြီးက ကိုဆွေကို ညနေ ၃-နာရီလောက်က ဖုန်းဆက်ပါတယ်။ အမှုတစ်ခုအပ်ချင်လို့*



www.burmeseclassic.com

www.burmeseclassic.com



*သူ့ဆီကို လာခဲ့ပါတဲ့။ အဲဒါ ကိုဆွေလက်ခံချင်ရင် ဒီညအရောက်သွားဖို့ပါပဲ...။*

လတ်တလော အရေးကြီးသည့် အမှုတစ်ခုကို ထိုနေ့မှာပင် ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့သော တင်မောင်ဆွေမှာလည်း ဤဒေါ်မြသွေးဆိုသော အမျိုးသမီးကြီးက သူ့အားခေါ်၍ ဘယ်သို့သော အမှုမျိုး ပေးအပ်လိမ့်မည်နည်းဟု စုံစမ်းကြည့်ရန် မေစီထားခဲ့သော လိပ်စာအတိုင်း လိုက်လာခဲ့ခြင်း ဖြစ်လေတော့၏။

သူရောက်နေသော လမ်းကား ရန်ကုန် မြောက်ဘက်ရှိ လူစည်ကားသော ဆင်ခြေဖုံးရပ်ကွက်တစ်ခုအတွင်းဝယ်ရှိကာ အများအားဖြင့်တော့ လက်လုပ်လက်စား လူလတ်တန်းစား အလုပ်သမားများ၏ နေအိမ်များ တိုက်ခန်းများသာ အများအပြား ရှိနေရလေသည်။

တင်မောင်ဆွေ ယခုရောက်နေသော တိုက်အိမ်ကြီးမှာလည်း အထက်အောက် နှစ်ခြမ်းခွဲထားကာ အိမ်ခန်းကလေးများကို အငှားချထားသည့် အဆောက်အဦးကြီးတစ်ခုသာ ဖြစ်နေရလေသည်။ အောက်ထပ်တွင် မွတ်ဆလင်ကုလား ကုန်စုံဆိုင်ခန်း ကျဉ်းကလေးတစ်ခုနှင့် လူနေသော အခန်းတစ်ခုက တွဲလျက်သားရှိနေကြကာ ထိုလူနေအခန်း၏ လက်ယာဘက်တွင်တော့ အိမ်အပေါ်သို့ တက်သည့် လှေကားကြီးက ရှိနေလေသည်။ လှေကားထိပ်တွင် အားနည်းသော မီးပွင့်တစ်ပွင့်ကို ထွန်းထားကာ လှေကားခြေရင်း အုတ်ခုံပေါ်တွင်တော့ ကုလားမဝဝကြီး တစ်ယောက်က ခြေကားထိုင်ကာ နို့စို့ကလေးတစ်ယောက်ကို ရင်ခွင်ပိုက်ချီ၍ သိပ်နေ၏။

အိမ်အပေါ်ထပ်တစ်ခုလုံးမှာကား ဒေါ်မြသွေးနေသော



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုသာ ရှိဟန်တူလေသည်။ တင်မောင်ဆွေလည်း ကုလားမကြီးအားမှ ဖြတ်ကာ လှေကားကြီးမှနေ၍ အထက်ထပ်ဆီသို့ တက်ခဲ့လေ၏။ သူ့စိတ်ထဲတွင်ကား သူ့အားခေါ်ဆောင်သူ အမှုသည်ရေ ဂင်းခေါ်မြသွေးမှာ ပိုက်ဆံကြေးငွေ သိပ်တတ်နိုင်မည့် အစားထဲကတော့ ဟုတ်ဟန်မတူဟု မှတ်ချက်ချထားလိုက်မိသေးသည်။

လှေကားထိပ်တွင် ပိတ်ထားသော တံခါးကို တွေ့ရလေရာ တင်မောင်ဆွေလည်း သိပ်ပြီး မျှော်လင့်ချက် မထားမိဘဲနှင့်ပင် တခေါက်ခေါက် ခေါက်လိုက်ရလေ၏။

အိမ်ခန်းအတွင်းမှ တရှပ်ရှပ်နှင့် တစ်စုံတစ်ယောက်က ဖြည်းလေးစွာ လမ်းလျှောက်လာသည်ကို တင်မောင်ဆွေက ကြားလိုက်ရလေသည်။ ပြီးလျှင်ကား ဂျက်ခနဲ ကလန့်ချလိုက်သံနှင့်အတူ တခါးပွင့်လာကာ မိန်းမကြီးတစ်ယောက်က သူနှင့်မျက်နှာချင်းဆိုင် ရပ်နေလိုက်လေသည်။ သူမကား အဝတ်အစားအတော်ပင် နွမ်းနယ်စွာ ဝတ်ဆင်ထားလေသည်။ ဆံပင်ကလည်း တော်တော်ပင် ဖြူနေကာ ပင်ပန်းနွမ်းနယ်မှုကို ဆောင်ယူထားနေသည်။ နူးညံ့သိမ်မွေ့သည့် မျက်လုံးအစုံက ရှိနေလေသည်။ ဆံပင်ဖြူနေသော်လည်း အသက်ကတော့ ၅၀-ပင်ကျော်သေးဟန်မတူပေ။ သူမ၏ရုပ်ရည်ကလည်း ငယ်စဉ်က အတော်ချောမောလှပခဲ့ကြောင်းကို ဖော်ပြလျက်ပင် ရှိနေ၏။

'သြော်... ဘာကိစ္စရှိပါသလဲမောင်... မောင်က ကိုတင်မောင်ဆွေဆိုတာလား...'

သူမ၏အသံကလည်း သူမ၏ ဥပမိရုပ်လက္ခဏာနှင့်ညီစွာပင် နူးညံ့သိမ်မွေ့ခြင်း ရှိနေသည်ကို တင်မောင်ဆွေက သတိ



www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်မိလေ၏။

'ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့်ကို ဒေါ်မြသွေးဆိုတာက နာတယ်ဆိုတာနဲ့….'

အမျိုးသမီးကြီးလည်း ဦးခေါင်းကို ညင်သာစွာ ညိတ်ပြလိုက်အော သူ့မနှင့်အတူလိုက်ခဲ့ရန် လက်ပြလျက် ထင်မောင်ဆွေအား အိမ်ခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။

အိမ်ခန်းကား တင်မောင်ဆွေ ထင်မှတ်မိသည်ထက် ပိုမိုကျယ်ဝန်းလျက်ရှိသည်ကို တွေ့ရလေသည်။ ကြမ်းပြင်က တော်တော်ပင် ဟောင်းနွမ်းလျက်ရှိသော်လည်း ဖုန်မတင်ဘဲ ပကတိပြောင်ချောနေကာ လှဲကျင်းထားပုံရ၏။ သို့ရာတွင် အိမ်ထောင်ပရိဘောဂတော့ တော်တော်များများရှိပုံမရ။

ဧည့်ခန်းထဲတွင် ခပ်လတ်လတ်ရှိသေးသော စားပွဲဝိုင်းတစ်လုံး၊ ကုလားထိုင်လေးခု တစ်စုံအပြင် အတော်ဟောင်းနွမ်းနေပုံရသည့် ကျွန်းဘီရိုကြီးတစ်လုံး စားပွဲကြီးတစ်လုံးနှင့် ကုလားထိုင်သုံးလေးလုံးခန့်ကို အခန်းနံရံများ၌ သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်ချထားလျက်ရှိနေ၏။

အခန်းထောင့်ရှိ စားပွဲရှည် တစ်လုံးပေါ်တွင်ကား တယ်လီဖုံးကိရိယာတစ်ခုက ဝိုင်ယာကြိုးတန်းလန်းတင်လျက်သား ရှိနေလေသည်။

တင်မောင်ဆွေကား အိမ်ခန်း၏ ပြင်ဆင်ထားပုံနွမ်းနယ်မှုနှင့် ဤတယ်လီဖုံးကို နှိုင်းယှဉ်ကာစိတ်ထဲ၌ တစ်မျိုးပင် အံ့ဩသလိုဖြစ်မိလေသည်။ ဤအိမ်ခန်းရှင် အမျိုးသမီးကြီးကား အလယ်အလတ်တန်းစား အခြေအနေကို မနည်းကုတ်ကပ်၍ ယူထားဟန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။ အိမ်တွင်း၌ ခေတ်မီအိမ်ထောင်ပရိဘောဂများနှင့် ပြင်ဆင်ခင်းကျင်းထားနိုင်ခြင်း မရှိသော်လည်း ခေတ်မီအသုံးအဆောင် တစ်ခုဖြစ်သော တယ်လီဖုံးကိုတော့ သွယ်ထားနိုင်ပုံရလေ၏။

'ထိုင်ပါမောင်၊ ဒေါ်ဒေါ်ဟာ ဒေါ်မြသွေးပါပဲ'

အမျိုးသမီးကြီးသည် အခန်းအလယ်မှ စားပွဲခုံကို ဝိုင်းထားသော ကုလားထိုင်များဆီသို့ လက်ယမ်းပြလျက်ပြောကာ သူမကပင် စတင်၍ ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်လေ၏။

'မောင်အခုလို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာကို ဒေါ်ဒေါ်ဝမ်းသာမိပါရဲ့' ဟု သူမက ဆက်၍ပြောလိုက်လေသည်။

'ဒေါ်ဒေါ်က မောင်လာလိမ့်မယ်တောင် မထင်မိဘူး'

'ဘာဖြုလို့လဲ ဒေါ်ဒေါ်...,

ဒေါ်မြသွေး၏ နှုတ်ခမ်းများသည် မသိမသာကလေးတုန်ရီ လာကြလေသည်။

'ဒေါ်ဒေါ်နေတဲ့ အရပ်က မောင်တို့လို အလွှတ်စုံထောက် မျိုးကို ငှားနိုင်တဲ့လူတွေနေတဲ့ အရပ်မျိုးမှမဟုတ်တာဘဲ မောင်ရယ်'

'ဒေါ်ဒေါ်ဘယ်မှာနေတယ် မနေတယ်ဆိုတာက ဘာမှ မဆိုင်ပါဘူးခင်ဗျာ။ အရေးကြီးတာက ကျွန်တော်က ဒေါ်ဒေါ့်ကိစ္စ ကိုဆောင်ရွက်ပေးရာမှာ ကုန်ကျရမဲ့စရိတ်စကတွေကို ဒေါ်ဒေါ်ပေး နိုင်မပေးနိုင်ဆိုတာပါပဲ။ အလွှတ်စုံထောက်ငှားတယ်ဆိုတာ အစိုးရ ရဲ့ ရဲအဖွဲ့မှာအကူအညီတောင်းရတာလိုတော့ အလကားမရပါဘူး ခင်ဗျာ'

'အဲဒါကိုပဲ ဒေါ်ဒေါ်က ပြောချင်တာပါပဲ မောင်ရယ်..'

ဟုဒေါ်မြသွေးက မသိမသာညှိုးကျသွားသောမျက်နှာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လေသည်။

'မောင့်ကို ဒေါ်ဒေါ်က ကိစ္စတစ်ခုအတွက်ငှားရင် ဘယ်လောက်ပေးရမှာလဲ။ မောင်ပြောတဲ့စရိတ်စကတွေဆိုတာက ဘယ်လောက်ကုန်ကျရမှာလဲ'

တင်မောင်ဆွေက သူ့ပုခုံးများကို တွန့်ပြလိုက်လေသည်။

'ဒါကတော့ ဒေါ်ဒေါ့်ကိစ္စက ဘယ်လိုဆိုတာ၊ ဒေါ်ဒေါ့်အပေါ်မှာမူတည်ပြီး ဆုံးဖြတ်ရမှာပဲ ခင်ဗျာ။ ဒီတော့ ဒေါ်ဒေါ့်ကိစ္စက ဘယ်လိုဆိုတာကို အရင်ပြောပြပါဦးလား။ နောက်ကျမှ ကုန်ကျရမယ့်ငွေကြေးကိစ္စကို ပြောကြပါစို့လားခင်ဗျာ...'

ဒေါ်မြသွေးသည်ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်ကာ သက်ပြင်းကလေးတစ်ချက်ကိုလည်း ကြိတ်၍ချလိုက်ရှာ၏။

တင်မောင်ဆွေမှာလည်း သူမကို အကဲခတ်နေမိရာက အလယ်အလတ်တန်းစား ဘဝတွင် နွမ်းနွမ်းပါးပါးကုတ်ကပ်နေရသော ဤမိန်းမကြီး၌ မိမိလို အလွတ်စုံထောက်မျိုး တစ်ယောက်ကို ငှားရအောင် ဘယ်လိုလျှို့ဝှက်ချက်များက ရှိနေရသလဲဟု တွေးလိုက်ပါလေသည်။

အတန်ကြာအောင် တိတ်ဆိတ်နေရာ တင်မောင်ဆွေက သူ့အိတ်ထဲ၌ ရွှေစီးကရက်ဘူးကလေးကို ထုတ်ပေးလိုက်လေသည်။

'ကျွန်တော့်ကို ဆေးလိပ်သောက်ခွင့်ပြုပါလား ဒေါ်ဒေါ်...'

'သောက်ပါ မောင်ရင်... သောက်နိုင်ပါတယ်၊ တကယ်တော့ ဒေါ်ဒေါ်ဟာ အတော်ပဲ ညှော်ဝတ်မကျေပြွန်တာပဲကို။ တကယ်ဆိုရင် ဒေါ်ဒေါ်က မောင့်ကို ဆေးလိပ်တည်ရမှာပါ။ ဒါပေမဲ့ ဒေါ်ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်က ဆေးလိပ်မသောက်တတ်ဘဲ အိမ်မှာလည်း ဒေါ်ဒေါ်နဲ့ အဖော်မိန်းမကြီးသာ နေကြတာဆိုတော့ ဆေးလိပ်တွေဘာတွေ မထားပါဘူးကွယ်'

'ကိစ္စမရှိပါဘူး ဒေါ်ဒေါ် '

တင်မောင်ဆွေက စီးကရက်ထစ်လိပ်ကို ပါးစပ်တွင်တပ်ကာ မီးညှိလိုက်ပြီးသည့်နောက်၊ ဒေါ်မြသွေးသည် သူမ၏ကိစ္စကို ဖြည်းလေးစွာ ပြောလိုက်လေသည်။

'မောင့်ကို ဒေါ်ဒေါ်မှာချင်တာကတော့ ဒေါ်ဒေါ့်သားကို ရှာပေးဖို့ပါပဲကွယ်'

'လူပျောက်ရှာရာမှာ ရဲအဖွဲ့ဆီက အကူအညီတောင်းရင် ပိုကောင်းပါလိမ့်မယ်လို့ ကျွန်တော်တော့ အကြံပေးချင်တာပဲ။ ပြီးတော့လည်း ငွေကုန်ကြေးကျက ဒါလောက် များမှာမဟုတ်ပါဘူး'

ဒေါ်မြသွေးက ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်လေ၏။

'ဒေါ်ဒေါ့်သားကို ရှာဖွေတာမှာ လူသိမခံချင်ဘူးကွယ့်၊ ဒါကြောင့် မောင့်အကူအညီကိုသာ ဒေါ်ဒေါ်ကတောင်းချင်တာပါပဲ'

'ဒီလိုဆို ကျွန်တော်က ပေးဖို့အဆင်သင့်ပါပဲ။ ကဲ... ဒေါ်ဒေါ့်သားက ဘယ်ရောက်နေတာလဲ။ ဘယ်တုန်းကစပြီး ဒေါ်ဒေါ်ဟာ သူနဲ့ အဆက်ဖြတ်ခဲ့ရတာလဲ'

ဒေါ်မြသွေးကတော့ ငြိမ်သက်သော မျက်နှာနှင့် တင်မောင်ဆွေကို ကြည့်လိုက်ပြီး နောက်မှ ထိုမေးခွန်းကို ပြန်ဖြေလိုက်လေ၏။

'ဒေါ်ဒေါ်ဟာ ဒေါ်ဒေါ့်သားကို တစ်ခါမှမတွေ့ဖူး မမြင်ဖူးခဲ့ပါဘူး မောင်ရယ်'



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ထူးခြားစွာ ပြန်ဖြေလိုက်သော ဒေါ်မြသွေးကို တင်မောင်ဆွေသည် ငေး၍ကြည့်နေလိုက်မိလေသည်။ ကြည့်ရင်းကလည်း သူသည် ဤအမျိုးသမီးကြီးအား သနားကြင်နာမိစိတ်က လွှမ်းမိုးလာရလေသည်။

ဤအမျိုးသမီးကြီးကား တစ်နေ့တခြား ဇရာထောင်းလာသည်နှင့်အမျှ အားပေးစောင့်ရှောက်မည့်လူဆို၍ သူမ၏ဘဝတွင် တစ်ယောက်တစ်လေမှ ရှိမနေရဘဲ လောကကို တစ်ယောက်တည်းသာ ရုန်းကန်ရင်ဆိုင်နေရသူဖြစ်နေပါကလားဟူသော နားလည်မှုကို သူက ရရှိလာသောကြောင့်ဖြစ်လေ၏။

ထို့ကြောင့်လည်း သူသည် ရုတ်တရက်ရှေ့သို့ တိုးလာမိကာ အမျိုးသမီးကြီး၏ လက်တစ်ဖက်ကို ညင်သာစွာ ဆွဲယူဖျစ်ညှစ်လိုက်မိလေသည်။ ပြီးနောက် ကြင်နာသောအပြုံးကလေးနှင့် အားပေးစကားတွေကို ပြောလိုက်မိလေ၏။

'ဒေါ်ဒေါ့်မှာ ဘာအခက်အခဲတွေ တွေ့နေရတယ်၊ ဘယ်လိုအကူအညီတွေလိုနေတယ် ဆိုတာကို ကျွန်တော့်ကို စိတ်ချလက်ချသာဖွင့်ပြောပြပါတော့ ဒေါ်ဒေါ်။ ကျွန်တော်ဟာ ဒေါ်ဒေါ့်ကို တူသားတစ်ယောက်လိုပဲ စေတနာထားပြီး ကူညီပါ့မယ်'

ဒေါ်မြသွေး၏ မျက်လုံးများတွင် ရုတ်တရက် မျက်ရည်များက ဝိုင်းလာမိကြလေသည်။ ပြီးမှ သူမသည် နှစ်ခြိုက်စွာအားယူ၍ ပြုံးလိုက်ရှာ၏။

'ကျေးဇူးတင်ပါတယ် မောင်ရယ်... '

ဒေါ်မြသွေးသည် မျက်စိများကို လက်ကိုင်ပုဝါလေးလေး ထုတ်သုတ်လိုက်ပြီး နောက်မှ စကားဆက်ပြန်လေသော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဒေါ်ဟာ လွန်ခဲ့တဲ့အနှစ် ၂၀-ကျော်လောက်က သားတစ်ယောက် မွေးခဲ့ပါတယ်။ ပြောပါရစေတော့ မောင်ရင်ရယ်…။ ဒီသားဟာ အဖေမပေါ်ဘဲ မွေးခဲ့ရတဲ့သားပဲကွယ့်။ ဒါကြောင့်လည်း သားကို မွေးပေးပြီးပြီးချင်း လူများကို မွေးစားဖို့ ပေးပစ်လိုက်ရတော့တယ်…။ ဒါကြောင့် ဒေါ်ဒေါ်ဟာ ကိုယ်မွေးတဲ့သားကို တစ်ခါမှမမြင်ဘူး မတွေ့ဖူးခဲ့ဖူးဘူးလို့ ပြောရတာပါပဲ'

'ကလေးက ဘယ်သူနဲ့ ရခဲ့သလဲဒေါ်ဒေါ်'

ဒေါ်မြသွေးသည် မျက်နှာအောက်ချကာ ပြောနေရာမှ တင်မောင်ဆွေက မေးလိုက်လျှင် ဖြည်းညှင်းစွာ မော့ကြည့်လိုက်လေ၏။ ပြီးမှ သူ၏မေးခွန်းကို တစ်လုံးချင်း ဖြည်းညင်းစွာ ဖြေလိုက်လေသည်။

'ကလေးအဖေရဲ့ နာမည်က ဦးမြတ်သာကျော်ပါပဲ မောင်ရင်'

တင်မောင်ဆွေကား သူ၏အံ့အားသင့်သွားမှုကို မျက်လုံးများကိုပင့်လျက် ဖော်ပြလိုက်မိလေသည်။

'မြန်မာပရိဒပ် ကော်ပိုရေးရှင်းက ချယ်ယာမင် ဦးမြတ်သာကျော်ကို ပြောတာလား ဒေါ်ဒေါ်'

ဒေါ်မြသွေးက ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်လေ၏။

'ဦးမြတ်သာကျော်ဟာ အခုလိုဆိုရင် တော်တော်ပဲ အရေးပါ အရာရောက်တဲ့ ရောမပုဂ္ဂိုလ်ကြီး ဖြစ်နေတာကို ဒေါ်ဒေါ် သိမှာပေါ့။ ပိုက်ဆံချမ်းသာရုံတင်သာမကဘူး နိုင်ငံရေးအဆက်အသွယ်တွေကလည်း ရှိနေတော့ ရန်ကုန်မှာ သြဇာအရှိဆုံးလူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရတယ်လေ…၊ ဒီတော့ ဒေါ်ဒေါ့်ရဲ့သားကို ရှာဖွေရာမှာ အနှောင့်အယှက်ပေးလာနိုင်တယ် ဒေါ်ဒေါ်။ ဒီလို ဩဇာရှိ လူတစ်ယောက်က အနှောင့်အယှက်ပေးလာတာကို ဒေါ်ဒေါ်ခံနိုင်ပါ့မလား'

'ဒါကြောင့်မို့လည်း ဒေါ်ဒေါ်ဟာ မောင့်လို မဟုတ်မခံ အမြည်ကြီးအလွှတ်စုံထောက်ရဲ့ အကူအညီကိုယူဖို့ ဆုံးဖြတ်ခဲ့ရတာပဲ ပေါ့ကွယ်'

တင်မောင်ဆွေကတော့ ခပ်သဲ့သဲ့ကလေး ပြုံးလိုက်ပြီးမှ တစ်စုံတစ်ရာကို သတိပေးသည့်အနေမျိုးနှင့် သူမအားပြန်ဖြေလိုက်လေသည်။

'ကျွန်တော့်အဖို့ကတော့ ဩဇာရှိ လူတွင်ကျယ်တွေက အတိုက်အခံလုပ်လာခဲ့ရတာတွေက ရိုးသလောက် ရှိနေတာတော့ အမှန်ပါပဲ ဒေါ်မြသွေး။ ဒါပေမယ့်အလကားနေရင်း ကိုယ့်ကိုယ်ကို ဟီးရိုးလုပ်စွမ်းကောင်းကြီးလုပ်ချင်လို့ ဒီလိုလူတွေကို အတိုက်အခံ ပြုခဲ့ရတာတော့မဟုတ်ပါဘူး။ အတိုက်အခံပြုစရာအကြောင်း လုံလုံ လောက်လောက် ရှိနေမှသာ၊ အတိုက်အခံမလုပ်လို့ မဖြစ်တော့တဲ့ အခါမျိုးမှသာ ကျွန်တော်ဟာ စွန့်ပြီးလုပ်ခဲ့ရတာပါပဲ'

'မောင်က ဒေါ်ဒေါ့်ရဲ့ကိစ္စဟာ မောင့်အတွက် ဦးမြတ်သာ ကျော်လို လူမျိုးတစ်ယောက်နဲ့ အတိုက်အခံပြုရဖို့ မလုံလောက်သေး ဘူးလို့ ဆိုလိုတာလားကွယ်… '

'မဟုတ်ပါဘူး။ ဒေါ်ဒေါ်က ကျွန်တော့်အပေါ်အချော တိုက် အထင်ကြီးမထားရအောင်သာ ပြောပြနေရတာပါ။ တကယ် တော့လည်း ဦးမြတ်သာကျော်ဟာ အတိုက်အခံပြုရဖို့ လူဆိုး တစ်ယောက်လည်း မဟုတ်ပါဘူး…၊ သူဟာ ရက်စက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိပြီး အတိုက်အခံမှန်သမျှကို ရက်ရက်စက်စက် ချေမှုန်းနိုင်ခဲ့တဲ့ အတွက် အခုလို လူတကာကကြောက်နေရတဲ့ လူတွင်ကျယ်ကြီးဘဝ ကို ရောက်လာရတဲ့လူပါပဲ… သူ့သတင်းကတော့ ရန်ကုန်မှာ တော်တော် ကြီးနေတာကလား'

'သူ အခုလိုလူစားမျိုးဖြစ်နေတယ်ဆိုတာကို ဒေါ်ဒေါ်လည်း ကြားထားရပါတယ်ကွယ်'

ဒေါ်မြသွေးသည် ဖြည်းလေးသော အသံကြီးနှင့်ပြောလိုက်ရာက သူ့မျက်လုံးများသည် ကုန်လွန်ခဲ့သည့် အတိတ်ကာလထဲသို့ ပြန်မြင်နေကြသည့်အလား ဝေဆိုင်းလာကြလေသည်။

'ဒါပေမယ့် မောင်ရယ်… သူ့ကို ဒေါ်ဒေါ် စသိခဲ့ရစဉ် အခါမှာတော့ ကိုမြတ်သာကျော်ဟာ ဒီလိုလူစားမျိုးတစ်ယောက် မဟုတ်ခဲ့ပါဘူးကွယ်' ဟု သူမက ဖြည်းညင်းစွာပင် စကားဆက် လိုက်လေသည်။

'အဲဒီတုန်းက သူက ကောလိပ်ကျောင်းသားဘဝမှာသာ ရှိသေးတာကလား။ ဒေါ်ဒေါ်ကတော့ အဲဒီတုန်းက ကျောင်းဆရာမ ကလေးဘဝမှာ ရှိနေခဲ့ပါတယ်…။ တစ်နေ့ ဒေါ်ဒေါ်တို့ မိတ်ဆွေ သူငယ်ချင်းတစ်ယောက်ရဲ့ မင်္ဂလာဒုံကခြံကြီးထဲကို ပျော်ပွဲစားထွက် ကြရင်းနဲ့ ဒေါ်ဒေါ်ဟာ သူနဲ့စတွေ့ခဲ့ရတာပါပဲကွယ်… အဲဒီတုန်း ကဆိုရင်တော့ သူဟာ ရက်စက်တတ်တဲ့သူတစ်ယောက် မဟုတ်ခဲ့ ပါဘူး…။ သဘောကောင်းပြီး လူတိုင်းကို ခင်မင်တတ်တဲ့ လူငယ် လေးတစ်ယောက်သာရှိနေသေးတာကလား…'

ဒေါ်မြသွေးသည် အတိတ်ဖြစ်ရပ်တွေကို ပြုံးရျှစမ်းပြန်နေရာ မှ ဆို၍အခါက ခံစားရသောစိတ်ကြည်နူးမှုသည် သူမ၏မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible]သည်အလား၊ နူးညံ့သိမ်မွေ့သော အပြုံးက [illegible] [illegible] သူမ၏ မျက်နှာက ဤသို့ပြုံးချိုလာသည့် [illegible] [illegible]နှင့်အနှံ့ ပြန့်၍နုပျိုသွားသည်ဟု ထင်မှတ်ရလေရာ [illegible] [illegible]ခဲ့သည့်အနှစ် နှစ်ဆယ်လောက်ဆီကဆိုလျှင် အတော် [illegible] [illegible]ခဲ့သော အပျိုကလေးတစ်ယောက်ဖြစ်ရမည်ဟု စိတ်ထဲက [illegible]ဆွေးလိုက်မိလေ၏။

ဒေါ်မြသွေးကမူ ဖြည်းညင်းသိမ်မွေ့သော အသံကလေးနှင့် ပင် စကားဆက်နေပြန်လေ၏။

'အဲဒီတုန်းက ဒေါ်ဒေါ်ဟာ ဖအေအိုကြီး အလုပ်လုပ်ကျွေး နေခဲ့ရတယ်ကွယ့်။ ကိုမြတ်သာကျော်ဆိုတာကတော့ သူဌေးသား ကောလိပ်ကျောင်းသားဆိုတော့ ဒေါ်ဒေါ့်ထက် တော်တော်ပဲ အဆင့် အတန်း မြင့်နေရတော့တာပါပဲ။ ဒါပေမဲ့လည်း ဒေါ်ဒေါ်တို့နှစ်ယောက် ဟာ အဆင့်အတန်းချင်း ကွာခြားနေတာတွေကို ဂရုမစိုက်နိုင်ခဲ့ဘဲ တစ်ယောက်ကိုတစ်ယောက် အသေအလဲ စွဲလမ်းချစ်ခင်မိခဲ့ကြတော့ တာပါပဲ။ ဒါပေမဲ့ ဒေါ်ဒေါ်တို့အချစ်ဇာတ်လမ်းဟာ အဆင့်အတန်း မတူညီကြတဲ့လူချင်း ချစ်ကြတဲ့အခါမှာ ဖြစ်နေကျအတိုင်း ဇာတ်သိမ်း ခဲ့ကြရတာပါပဲ။ ကိုမြတ်သာကျော်ဟာ ဘာမှအဆင့်အတန်းမရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဖြစ်နေတယ်လို့ သိရတာနဲ့ တစ်ပြိုင်နက် သူ့ဘက်က အမျိုးတွေက ဒေါ်ဒေါ်တို့ ချစ်ခြင်းကို ခွဲပစ်လိုက်ကြ တော့တာပေါ့ကွယ်...'

'အင်း... အင်မတန် စိတ်ဓာတ်ခိုင်မာလှတယ်လို့သတင်း ကြီးနေတဲ့ ဦးမြတ်သာကျော်ဟာ လူပျိုဘဝတုန်းက လူညံ့လူည့ံ တစ်ယောက်ဖြစ်ခဲ့မှာပဲ၊ သူတကယ်ချစ်နေတဲ့ မိန်းမတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆွေမျိုးတွေက သူနဲ့ခွဲပစ်လိုက်တာကို ခေါင်းငုံ့ခံယူခဲ့တယ်လား…'

ဒေါ်မြသွေးကတော့ နာကျည်းသော အပြုံးကလေးနှင့် တင်မောင်ဆွေအား ပြန်ဖြေလိုက်လေ၏။

'ကိုမြတ်သာကျော်ရဲ့ မိဘတွေက သူတို့သား စိတ်ဓာတ်ခိုင်မာလှတာကို သိခဲ့ကြပါတယ် မောင်တင်မောင်ဆွေရဲ့။ ဒါကြောင့်လည်း သူတို့ဟာ ဒေါ်ဒေါ်တို့ချစ်ခြင်းကိုခွဲခဲ့ကြတဲ့အခါမှာ ဉာဏ်သုံးကြတယ်ကွယ့်။ သူတို့က ဒေါ်ဒေါ်ဟာ တကယ်တော့ အထက်ကိုလှမ်းဖို့ စိတ်တစ်ခုသာရှိတဲ့ သစ္စာမဲ့ ဆပ်ကော့လပ်ကော့ မိန်းမတစ်ယောက်သာဖြစ်တယ်လို့ သူတို့သားက ယုံကြည်သွားအောင် လုပ်ခဲ့ကြတယ်လေ'

'နို့… ဒေါ်ဒေါ်ကကော သူတို့စွပ်စွဲသလို ဆပ်ကော့လပ်ကော့ နေခဲ့လို့လား…'

'ဒေါ်ဒေါ်ဟာ ကိုမြတ်သာကျော်အရင်မှာ လူတစ်ယောက်နဲ့ ချစ်မိခဲ့ကြတာတော့ အမှန်ပါပဲ။ ဒီလူမှာ အိမ်ထောင်ရှိတယ်ဆိုတာကို နောက်ကျမှသိရပြီး တစ်ခါတည်း အဆက်ဖြတ်ပစ်လိုက်ပါတယ်။ ဒါပေမဲ့ ကိုမြတ်သာကျော်ရဲ့ ဆွေမျိုးတွေက ဒါကိုသိရတော့ သူ့ကို အမျိုးမျိုးဂုံးချောစကားတွေ ပြောခဲ့တော့တာပေါ့။ ပြီးတော့လည်း ဒီလူနဲ့ ဒေါ်ဒေါ်တွဲနေတာကို ကိုမြတ်သာကျော် ကိုယ်တိုင်တွေ့သွားရအောင် သူတို့က ဖန်တီးခဲ့ကြတော့တယ်လေ။ အဲဒီကစပြီး ကိုမြတ်သာကျော်က သူ့ဆွေမျိုးတွေ တိုက်တဲ့စကားတွေကို နားဝင်သွားခဲ့ပြီး ဒေါ်ဒေါ့်ကို တစ်ခါတည်း အဆက်ဖြတ်ပစ်လိုက်တော့တာယ်ကွဲ'

'ဒေါ်ဒေါ့်ရဲ့ အရင်ချစ်သူဆိုတာက ဘယ်သူလဲ…'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြသွေးသည် တင်မောင်ဆွေအား ခေါင်းကိုယမ်းခါလျက် ပြန်ဖြေလိုက်၏။

'သူ့နာမည်ကို အခုအချိန်ကျမှ ဖော်ပြနေရဖို့လည်း အကြောင်းမရှိတော့ပါဘူး မောင်ရယ်… ပြီးခဲ့တဲ့ဟာ ပြီးပါစေတော့'

'ဒေါ်ဒေါ့်ကိစ္စကို ကျွန်တော်လိုက်စုံစမ်းရမယ်ဆိုရင် ဒီဟာလည်း အရေးပါတဲ့ ကွင်းဆက်တစ်ခုဖြစ်လာနိုင်ပါတယ်။ ဒီတော့ ဒီလူ ဘယ်သူ ဆိုတာကို ကျွန်တော်သိထားရရင် ပိုကောင်းပါလိမ့်မယ် ဒေါ်ဒေါ်ရယ်… '

ဒေါ်မြသွေးကား ထိုသူ၏နာမည်ကို သူမ၏နှုတ်ခမ်းပေါ်သို့ တင်ပြောလိုက်ရသည်ကိုပင် စက်ဆုပ်ရွံရှာနေမိပုံရလေသည်။

'သူ့နာမည်က ကျော်တုတ်တဲ့ကွယ်၊ သူက ရန်ကုန်သားတစ်ယောက်ပါပဲ'

'ဒေါ်ဒေါ့်ထက် အသက် ၅-နှစ်လောက် ပိုကြီးတယ်။ သူ့ကို ဒေါ်ဒေါ်နောက်ထပ်ပြီး တစ်ခါမှမတွေ့ခဲ့ရတော့ဘူး။ သူ အခု အသက်ရှင်ရက်မှ ရှိနေသေးရဲ့လားဆိုတာကိုတောင် ဒေါ်ဒေါ်မသိတော့ပါဘူးကွယ်… '

တင်မောင်ဆွေလည်း ဒေါ်မြသွေးက စကားဆုံးပြီး ငိုင်နေသည်ကိုတွေ့ရလျှင် မေးခွန်းတစ်ခု ထပ်ထုတ်လိုက်ရလေ၏။

'ဒေါ်ဒေါ်က ကိုမြတ်သာကျော်နဲ့ အဆက်ဖြစ်ခဲ့ရတဲ့နောက် ဘယ်လိုများဖြစ်ခဲ့သေးသလဲ… '

ဒေါ်မြသွေးကား ငိုင်တွေတွေအမူအရာနှင့်ပင် အသံတိုးတိုးကလေးနှင့် ပြန်ဖြေလိုက်ရှာ၏။

'နောက်ကျတော့… ဒေါ်ဒေါ့်မှာ ကိုမြတ်သာကျော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ဝန်ရှိလာခဲ့ရတော့တာပေါ့… ဒီတော့… ဒေါ်ဒေါ်ဟာ ကိုမြတ်သာကျော်နဲ့ သူတို့ တစ်ဆွေလုံး တစ်မျိုးလုံးကိုစိတ်အနာကြီး နာနေခဲ့တော့ ဒေါ်ဒေါ့်အမှားကို ဒေါ်ဒေါ့်ဘာသာ တစ်ယောက်တည်း ကြိတ်ခံခဲ့ပါတယ်… ဒေါ်ဒေါ်ဟာ ကလေးကို ကန်တော်ကလေးကသားဖွားဆေးရုံမှာ တက်မွေးခဲ့ပါတယ်… အဲဒါက ၁၉၃၄-ခုနှစ်မှာပဲ။ ဒီကလေးကို ဒေါ်ဒေါ်ကိုယ်တိုင်က မွေးမထားနိုင်တော့ သူများကို မွေးပေးဖို့ အပြီးပေးပစ်လိုက်ရတာပါပဲမောင်ရယ်… '

'ဒီလိုဆိုလည်း ဒီလောက်အဖြစ်တွေ ကြာလာရပြီးမှ ဒေါ်ဒေါ်က ဘာဖြစ်လို့ သူ့ကိုပြန်ရှာကြည့်ချင်နေတာလဲ… အကြောင်းထူးထူး ထွေထွေများရှိနေလို့လား'

ဒေါ်မြသွေးကား တင်မောင်ဆွေကို အံ့အားသင့်သွားသလို ကြည့်လိုက်လေသည်။

'ဒေါ်ဒေါ်မွေးထုတ်ခဲ့တဲ့သားတစ်ယောက်ကို ပြန်တွေ့ချင်တာမှာ အကြောင်းထူးထူးထွေထွေများရှိနေရဦးမှာလား မောင်တင်မောင်ဆွေရဲ့… '

'ဟုတ်ကဲ့… ဒေါ်ဒေါ်ပြောတာလည်း ဟုတ်တာပေါ့လေ… ဒါပေမယ့် ကိုယ်မွေးတဲ့ကလေးကို သူများကို ကြည်ကြည်ဖြူဖြူပေးလိုက်ပြီး၊ ခုအနှစ် ၂၀-လောက်ကြာမှ ပြန်တွေ့ချင်တဲ့ ဒေါ်ဒေါ့်စိတ်ကို ကျွန်တော်အံ့သြမိပါတယ်… '

တင်မောင်ဆွေသည် ထိုစကားကို ပြောလိုက်ပြီးနောက် အဒေါ်ကြီးခမျာ တော်တော်စိတ်ထိခိုက်သွားရှာမှာပဲဟု တွေး၍ အားနာလိုက်မိလေသည်။ သို့ရာတွင် ဒေါ်မြသွေးကတော့ သူ့စကားများကို ညင်သာသောအသံနှင့်သာ ပြန်ဖြေလိုက်ရှာ၏။


www.burmeseclassic.com

www.burmeseclassic.com



'မောင်ပြောတာလည်း… ဟုတ်ပါတယ်… ဒါပေမဲ့… ဟိုတုန်းက ဒေါ်ဒေါ့အခြေအနေလည်း ပြောပါရစေဦး။ ဒေါ်ဒေါ်ဟာ ဒီကလေးကိုမွေးရစဉ်က လင်ကောင်ပေါ်ခဲ့တာမဟုတ်ပါဘူး။ ပြီးတော့ ဖအေကြီးကလည်း ဆုံးပြီးကာစရှိသေးတယ်။ ဒီတော့ ဒေါ်ဒေါ့မှာ အားကိုးရာမဲ့ ဖြစ်နေတဲ့အချိန်အခါပဲ။ ဒါနဲ့ပဲ ကလေးကို မွေးထားနိုင်တဲ့အခြေအနေ ဒေါ်ဒေါ့မှာ ရှိမနေလို့ ကလေးကိုမွေးစားဖို့ ဒေါ်ဒေါ့မိတ်ဆွေ ဆရာမက ဆောင်ရွက်ပေးခဲ့တယ်'

'ဒီလိုဆို ဒီဆရာမကသိမှာပဲပေါ့။ ဒီဆရာမနာမည်ဘယ်သူတဲ့လဲဒေါ်ဒေါ်။ သူ ခုဘယ်ရောက်နေသလဲ'

'နာမည်ကတော့ မစောမြတဲ့… သူ အခုဘယ်ရောက်နေတယ်ဆိုတာလည်း ဒေါ်ဒေါ်မသိတော့ပါဘူး… စစ်ကြီးဖြစ်ကတည်းက သူနဲ့ ကွဲကွာသွားကြတာကလား… သူ အခု အသက်ရှင်လျက်မှ ရှိသေးရဲ့လား မသိပါဘူး မောင်ရယ်'

ဤအတိုင်းသာဆိုပါက ဒေါ်မြသွေး၏ ပျောက်ဆုံးနေသောသားကို ခြေရာခံရဖို့ရာမှာ တော်တော်ကြီး ခဲယဉ်းနေသည်ကို တင်မောင်ဆွေက နားလည်လိုက်မိလေသည်။ သို့ရာတွင် ဒေါ်မြသွေးကိုတော့ ဘယ်လိုမှဖွင့်မပြော။

'ကျွန်တော် မနက်ဖြန် ၅-နာရီလောက်မှာ အခြေအနေလာပြီး အစီရင်ခံပါဦးမယ် ဒေါ်ဒေါ် '

ဒေါ်မြသွေးကား သူမ၏ ကျေးဇူးတင်မှုကို မျက်လုံးများနှင့်သာ ဖွင့်ဟပြောလိုက်ရှာလေသည်။ တင်မောင်ဆွေလည်း သူမအားပြုံး၍ နှုတ်ဆက်ကာထွက်လာခဲ့ရလေတော့သည်။

သို့ရာတွင် လှေကားမှ ဆင်းလာခဲ့သည့်တိုင် အခါးဝတွင်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်လျက် ကျန်ရစ်ခဲ့သော ဒေါ်မြသွေး၏မျက်နှာကိုတော့ တင်မောင်ဆွေမှာ သူ့မျက်စိထဲမှ ဖျောက်ဖျက်ပစ်၍မရနိုင်အောင် ရှိနေလေတော့သည်။ သူမကား ဘဝ၏ဒဏ်ချက်ကို တော်တော်ကြီး ခံစားခဲ့ရရှာသူ တစ်ယောက်ဖြစ်ကာ သူမ၏ကြီးမားသော မျှော်လင့်ချက်ကြီးတစ်ရပ် ပြည့်စုံရစေရန်အတွက် မိမိလိုသော တစ်စိမ်းတရံစာ တစ်ယောက်ကိုသာ အားကိုးယုံကြည်နေရသော တကယ့် အားကိုးရာမဲ့ အမျိုးသမီးကြီးတစ်ဦးပင် ဖြစ်နေရှာပါကလားဟူလည်း သူသည် ကရုဏာစိတ်ကို တော်တော်မြက်မြက်ကလေးခံစားနေရ၏။

တင်မောင်ဆွေက လှေကားအပေါက်ဝကိုရောက်လျှင် အုတ်ခုံပေါ်၌ ကုလားမကြီးက ထိုင်လျက်ပင်ရှိနေသည်ကို တွေ့ရလေသည်။ သူမ၏ရင်ခွင်ထဲမှ ကလေးငယ်က အိပ်ပျော်လျက်ရှိနေပြီဖြစ်၏။

တင်မောင်ဆွေလည်း ကုလားမကြီးကို ကျော်လျက်လမ်းပေါ်သို့ ဆင်းမည်ပြုလိုက်စဉ်မှာပင် သူသည်လမ်းတစ်ဖက်မှောင်ရိပ်ထဲမှ ထွက်လာသော လူတစ်ယောက်ကို ရိပ်ခနဲ သတိပြုလိုက်မိ၏။

တင်မောင်ဆွေက ထိုလူ၏ အရိပ်အကဲကို ကြည့်လျက်ပင် လမ်းပေါ်သို့ဆင်းလျက် လျှောက်လာနေစဉ် ထိုလူသည် သူ့နောက်က လိုက်လာနေသည်ကို သတိထားလိုက်မိပြန်၏။ ထို့ကြောင့်လည်း ထိုလူက ရုတ်တရက်ဝတ်ထားသော ကုတ်အင်္ကျီထဲမှ သေနတ်တစ်လက်ကို ထုတ်ယူလိုက်သည်နှင့် တစ်ပြိုင်နက်မှာပင် တင်မောင်ဆွေက လမ်းပေါ်သို့ ကိုယ်ခန္ဓာကို တစ်ခါတည်း ပစ်လှဲချလိုက်လေတော့သည်။

နောက် တစ်စက္ကန့်အတွင်းမှာပင် သေနတ်သံတစ်ချက်က



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းခံနဲ့ စူးရှပြတ်တောင်းစွာ ပေါ်ထွက်လာကာ သေနတ်ကျည်ဆံက တင်မောင်ဆွေ၏ခေါင်းပေါ်မှကျော်လျက် လမ်းဘေးရှိ တိုက်နံရံကို သွားရောက်မှန်လေသည်။ တင်မောင်ဆွေလည်း မြေကြီးပေါ်သို့ ကိုယ်ကျသွားသည်နှင့် တစ်ပြိုင်နက် တစ်ပတ်လှည့်လိုက်ကာ သူ့ပုခုံးစလွယ်အိတ်ထဲမှ အော်တိုမက်တစ် လျှူဂါသေနတ်ကိုဆွဲထုတ်ပြီးသား ဖြစ်နေလေတော့၏။

သို့ရာတွင် နှာခေါင်းရှည်နှင့် သေနတ်သမားသည် လမ်းဘေးရှိ လူတွေကြားထဲသို့ ဝင်ပြေးသွားနေပြီဖြစ်ရကား တင်မောင်ဆွေမှာ အခြားမဆိုင်သူတွေကို ထိမှန်သွားမည်စိုးရိမ်ပြီး သူ့သေနတ်ကို အသုံးမချရဲဘဲ ဖြစ်နေရလေသည်။

သေနတ်သမားကို တော်တော်သတ္တိရှိပုံရသော လူရွယ်တစ်ယောက်က လှမ်းဆွဲလိုက်ဖို့ကြိုးစားလိုက်သေးလေသည်။ သို့ရာတွင် သေနတ်သမား၏ သေနတ်က ဒိုင်းခနဲမြည်လာပြန်ကာ ထိုလူရွယ်သည် လက်တစ်ဖက်ကို တခြားလက်တစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ရာက နောက်ဆုတ်သွားစဉ် သေနတ်သမားကလည်း ရှေ့သို့ဆက်ပြေးကာ မှောင်ရိပ်များတွင် ပျောက်ကွယ်သွားရလေသည်။ တင်မောင်ဆွေကမူ ၎င်းနောက်သို့လိုက်၍လည်း အချည်းနှီးသာဖြစ်ရမည်ဟု နားလည်မိရကား သေနတ်မှန်သွားသော လူရွယ်ကိုသာ ပြေးကြည့်လိုက်ရလေသည်။

လူရွယ်မှာ လက်ဖမိုးတွင် ကျည်ဆံရှပ်မှန်သွားရခြင်းသာ ဖြစ်ရကား ထိတ်လန့်တုန်ရီနေသည်ကလွဲ၍ ဘာမှထူးထူးထွေထွေ ဖြစ်မနေရချေ။ တင်မောင်ဆွေလည်း သေနတ်ဒဏ်ရာကို လက်ကိုင်ပုဝါနှင့်စည်းပေးလျက် သေနတ်သမားပစ်ခဲ့သော သေနတ်ကျည်ဆံ



www.burmeseclassic.com

www.burmeseclassic.com



များကို ထိုနေရာတစ်ဝိုက်တွင်ရှာကြည့်ပြန်ရာ တိုက်ဘောင်အောက်ကျနေသော ပိန်တွန့်နေသည့်ကျည်ဆံတစ်လုံးကို ကောက်ယူရရှိလိုက်လေသည်။

ကျည်ဆံမှာ ပွိုင့် ၃၂-ကျည်ဆံ တစ်လုံးပင်ဖြစ်နေ၏။ သေနတ်သမားသည် တကယ်တော့ မိမိကို ထိမှန်စေရန် ရည်ရွယ်ခြင်းမဟုတ်။ သတိပေးချောက်လှန့်သည့်အနေနှင့်သာ ခေါင်းပေါ်က တမင်ကျော်ပစ်ခဲ့ခြင်း ဖြစ်လေသလားဟု တင်မောင်ဆွေက တွေးနေလိုက်မိလေသည်။

မည်သူက ကိုးသုံးလုံးကို ဖုန်းဆက်လိုက်သည်မသိ။ မကြာခင်အတွင်းမှာပင် ဝိုင်ယာလက်ကား ၂-စီးက ဥဩသံတညံညံနှင့် ရောက်လာလေတော့သည်။ ဝိုင်ယာလက်ရဲကားတစ်စီးပေါ်မှ ဆင်းလာသူကား ရဲအုပ်ကိုသန်းအောင် ဆိုသူဖြစ်နေသည်ကို တင်မောင်ဆွေက တွေ့ရလေသည်။ ၎င်းမှာ ရဲအုပ်ပေါက်စတစ်ယောက်ဖြစ်ကာ တင်မောင်ဆွေနှင့် အမှုတစ်မှုတွင် အတိုက်အခံဖြစ်ရသည်ကအစ သူ့အပေါ်ဝယ် အညိုးထားနေသူဖြစ်၍ တင်မောင်ဆွေကပင် ၎င်းကို ဦးအောင် စတင်၍ နှုတ်ဆက်လိုက်ရလေသည်။

'ဩ... ရဲအုပ်မင်း ကိုသန်းအောင်ကိုယ်တိုင် လိုက်လာတာကိုး...'

'အလို... ခင်ဗျား ဒီရောက်နေသကိုး... ခုနက သေနတ်နဲ့ပစ်တာဆိုတာ ခင်ဗျားပေါ့လေ ဟုတ်စ'

တင်မောင်ဆွေကား ရဲအုပ်ပေါက်စကို ခပ်ချဉ်ချဉ်ပြန်ကြည့်လိုက်မိလေသည်။ ဤရဲအုပ်ကား သူက ၎င်းအပေါ်တွင် တစ်ခါက အနိုင်ယူခဲ့သည်ကို မကျေချမ်းနိုင်ဘဲ သူ့အပေါ် ဒုက္ခပေးစရာအကြောင်း အခွင့် ပေါ်ပေါက်လာပါက လက်မနှေးမည့်သူ တစ်ယောက်ဖြစ်နေ

www.burmeseclassic.com



ရသည်ကို တင်မောင်ဆွေသိထားပြီးဖြစ်နေ၏။ သို့တစေလည်း ယခု လိုခရီးရောက်မဆိုက် ငှင်းက သူ့အား အရမ်းကာရော လာ၍စွပ်စွဲနေသည်ကို တင်မောင်ဆွေမှာ ခံပြင်းမိရာက ယခု ငှင်းကို ခပ်တည်တည်ပင် ပြန်ကြည့်လိုက်လေ၏။

'သေနတ်ပစ်တာ ကျုပ်မဟုတ်ဘူး ကိုယ့်လူ'

'လူတစ်ယောက်က လူတစ်ယောက်ကိုသေနတ်နဲ့ လိုက်ပစ်နေတယ်လို့ ဖုန်းဆက်တိုင်တာနဲ့ ကျုပ်တို့ အခုလိုက်လာရတာပဲ။ ခင်ဗျားမပစ်ဘူးဆိုရင် ဘယ်သူပစ်သလဲ၊ ခင်ဗျားသေနတ်နဲ့ ပစ်တဲ့လူကို တွေ့လိုက်ရသလား…'

'အင်း…'

'ဒီလိုဆို ဘယ်သူလဲ…'

'ကျုပ် မသိဘူး…'

'နို့… သေနတ်အပစ်ခံရတဲ့လူက ဘယ်သူလဲ…'

'သူကတော့ ကျုပ်ပါပဲ'

'ဟင်… ခင်ဗျားဟုတ်လား။ ဒါနဲ့များ ခင်ဗျားက ကျုပ်မေးနေတာကို ဝေ့လည်ကြောင်ပတ်လုပ်နေရသေးသလား ကိုယ့်လူရဲ့။ ဘာလဲ ခင်ဗျားက ကျုပ်ကို ကလေးကစားစရာများ မှတ်နေသလား'

ကိုသန်းအောင်သည် ရုတ်တရက် ဒေါသဖောင်းလာကာ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုတ်လျက် အသံကိုမြှင့်ကာ မေးလိုက်လေသည်။

'ခင်ဗျား ကျုပ်ကို အရမ်းဟောက်မနေစမ်းနဲ့ ကိုသန်းအောင်၊ ခင်ဗျားကို ကျုပ်က ဘာများ ဝေ့လည်ကြောင်ပတ်လုပ်ရလို့လဲ။ တကယ်တော့ ဝေ့လည်ကြောင်ပတ်ဖြစ်ရအောင် ခင်ဗျားသာ စလုပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ တကယ်ဆိုရင် သေနတ်ပစ်မှုဖြစ်တယ် သိရတယ်။ ဘယ်လို ဖြစ်ရတာလဲလို့ ခင်ဗျားကမေးရမှာ၊ အခုတော့ ခင်ဗျားက ကျုပ်ကို တွေ့ရချင်းချင်း ကျုပ်ပစ်တာလားလို့ တန်းတန်းစွဲမေးနေတော့ ကျုပ်ကလည်း မဟုတ်ရကြောင်းပြောပြရတာပဲ'

တင်မောင်ဆွေက မျက်လုံးကြီးပြူးလျက် သူ့အား မချင့်မရဲ ကြည့်နေသော ရဲအုပ်ကို ခပ်အေးအေးပင် ပြန်ဖြေနေလိုက်ခြင်း ဖြစ်လေ၏။ ပြီးလျှင် စီးကရက်တလိပ်ကိုထုတ်ပြီး မီးညှိလိုက်ပြန်ကာ နောက်မှ စကားကို ဆက်လိုက်ပြန်၏။

'တကယ်လို့ ခင်ဗျားက သူများတကာကို အရမ်းလျှောက် မစွပ်စွဲဘဲ အကျိုးအကြောင်း သိချင်တယ်ဆိုရင်တော့ ပြောပြပါမယ်'

ကိုသန်းအောင်ခမျာကား သူ့ခံပြင်းမှုကို မနည်းကြိုးစား၍ ချုပ်တည်းမျိုသိပ်ထားလိုက်ရပုံရလေသည်။

'ခင်ဗျား ကျုပ်ကို လူလည်မလုပ်ပါနဲ့ ကိုတင်မောင်ဆွေ၊ သေနတ်ပစ်မှုမှာ ခင်ဗျားပါနေတယ်လို့ ခင်ဗျားကိုယ်တိုင်ဝန်ခံထားပြီး ဖြစ်တော့ ကျုပ်မေးတာတွေ မဖြေရင် ခင်ဗျားကို ဖမ်းချုပ်ရမှာပဲ'

'ဒီမှာ ကိုသန်းအောင်၊ ခင်ဗျားရဲအုပ် ဖြစ်လာရတာ မကြာ သေးပါဘူး။ ခင်ဗျား ကျုပ်ကိုဖမ်းချုပ်လိုက်ရင် ခင်ဗျားရဲကြပ်ဘဝ ကို ပြန်ဆင်းသွားရလိမ့်မယ်။ ခင်ဗျားဆရာ ရဲမှူးကြီး ကိုသောင်းဖေ ကတောင် ကျုပ်အပေါ်မှာ ဘယ်ကလောက် ခံပြင်းပြင်း ကျုပ်ကို ခင်ဗျားလို ဖမ်းချုပ်မယ်လို့ အရမ်းမခြိမ်းခြောက်ဖူးခဲ့ပါဘူး'

ရဲအုပ်ကိုသန်းအောင်ကား သည်တစ်ခါတော့ ဘယ်လိုမှ ပြန်မဖြေနိုင်အောင်ဖြစ်သွားကာ အောင့်သက်သက်နှင့်သာ တင်မောင် ဆွေအား ကြည့်နေလိုက်ရလေတော့သည်။ တင်မောင်ဆွေအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုတာကာင်းသောလည်း သူကသိထားပြီးဖြစ်နေ၏။ ရန်ကုန်မြို့မစုံ သောက်အခွဲ့ခု ရဲဝန်ထောက်ကိုရန်ကင်း အစရှိသောအရာရှိကြီးများ အားလုံးက တင်မောင်ဆွေအား လေးလေးစားစား ဆက်ဆံနေကြ သည်ကို သူက နားလည်ထားပြီးဖြစ်နေရ၏။

တင်မောင်ဆွေမှာလည်း ကျောင်းမှန်းကန်မှန်း သိသွား အောင် ပြောလိုက်ရပြီဖြစ်ရကား မျက်နှာကိုတင်းမာထားရာမှ ပြန် ချိုလိုက်ပြီး လေပြည်ပြန်ထိုးလိုက်ရလေတော့သည်။

'ကဲပါလေ… တကယ်တော့ ကျုပ်နဲ့ ခင်ဗျားဟာ တစ် ယောက်ကိုတစ်ယောက် အကြောင်းမဲ့ရန်လုပ်နေစရာ မလိုပါဘူးဗျာ၊ ခုနကဖြစ်ပုံကို ကျုပ်ပြောပြပါမယ်… ကျုပ်က ကိစ္စတစ်ခုနဲ့ ဟောဟို တိုက်ကိုလာပြီး ပြန်ထွက်အလာမှာ နှာခေါင်းရှည်ရှည်နဲ့ ကျုပ် တစ်ခါ မှ မမြင်ဖူးတဲ့လူက ကျုပ်နောက်ကို လိုက်လာပြီး သေနတ်ဆွဲထုတ် ပစ်တော့တာပါပဲ'

'ပြီးတော့ ဒီလူကထွက်ပြေးသွားရာမှာ သူ့ကိုလိုက်ဖမ်းတဲ့ သူငယ်ကလေးတစ်ယောက်ကိုလည်း သေနတ်နဲ့ ပြန်ပစ်လို့ လက်မှာ ထိသွားခဲ့တယ်… ဒဏ်ရာကတော့ သိပ်မကြီးပါဘူး… '

'ခင်ဗျားဒီကိုလာတဲ့ ကိစ္စဆိုတာက ဘာလဲ'

'ကျုပ်အမှုကိစ္စတစ်ခုပါ ကိုသန်းအောင်'

'ဘယ်လို အမှုကိစ္စပါလဲ'

'ဘယ်လိုအမှုကိစ္စဆိုတာကို ကျုပ်က ခင်ဗျားကို ပြောပြရ စရာ အကြောင်းမရှိဘူး ကိုသန်းအောင်၊ ဒါပေမဲ့ ခင်ဗျားက ဒါကို သိချင်တယ်ဆိုရင်လည်း ပြောပြရမှာပေါ့… အမျိုးသမီးတစ်ဦးရဲ့ ပျောက်နေတဲ့သားကို လိုက်ရှာပေးရတဲ့အမှုကိစ္စတစ်ခုပါပဲ၊ ဒီထက်



www.burmeseclassic.com

www.burmeseclassic.com


ပိုပြီးတော့ ကျုပ်က မပြောပြနိုင်ပါဘူး…'

ကိုသန်းအောင်ကား ကျေနပ်ဟန်မတူ။ သေနတ်မှန်သွားခဲ့သော လူရှုယ်ကိုခေါ်ကာ စစ်နေပြန်သည်။ ပြီးလျှင် ကားထဲသို့ဝင်၍ ဝိုင်ယာလက်နှင့် ဌာနချုပ်သို့ အစီရင်ခံပြီးနောက် ကျေနပ်သောအမူအရာနှင့် ပြန်ထွက်လာကာ တင်မောင်ဆွေရှေ့တွင် ရပ်လိုက်လေသည်။

'ကဲ… ကိုတင်မောင်ဆွေ၊ ခင်ဗျားကို ဆရာကိုသောင်းဖေကိုယ်တိုင် မေးချင်သေးတယ်တဲ့၊ ဒီတော့ ခင်ဗျားဟောဒီက သူငယ်ရော ကျုပ်နဲ့အတူ ဟက်ကွာတားစ်(ဌာနချုပ်)ကို လိုက်ခဲ့ပေတော့'

တင်မောင်ဆွေလည်း ငြင်းနေလို့ အရာမရောက်မည်ကို သိရကား ကိုသောင်းဖေနှင့် လိုက်တွေ့ရခြင်းကပင်အကောင်းဖြစ်မည်ဟု သူ့ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ရလေ၏။

စုံထောက်ဌာနချုပ်သို့ ရောက်သွားကြလျှင်ကား ကိုသောင်းဖေသည် သူ့ရုံးခန်းထဲမှနေ၍ အဆင်သင့်စောင့်နေသည်ကို တွေ့ကြရလေသည်။ ကိုသန်းအောင်က သူသိခဲ့သမျှ အကြောင်းတွေကို ပြန်လည်အစီရင်ခံလိုက်သည့်နောက် ကိုသောင်းဖေက မျက်မှောင်ကုတ်ကာ ခပ်ဆတ်ဆတ်ကလေး ပြန်မေးလိုက်လေသည်။

'သေနတ်နဲ့ပစ်သွားတဲ့လူကို မင်းဖမ်းမိသလား…'

'မမိပါဘူးဆရာ… ကျွန်တော်တို့လည်း အော်ဒါကျကျချင်း ချက်ချင်းလိုက်သွားတာပါပဲ…' ဟု ကိုသန်းအောင်က မျက်နှာငယ်ကလေးဖြင့် ပြန်ဖြေလိုက်လေသည်။

'ဒါပေမဲ့ ဟိုကျတော့ သူတို့နှစ်ယောက်ကိုသာ တွေ့ရတော့တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းဖေသည် သေနတ်ဒဏ်ရာတွင် လက်ကိုင်ပုဝါ စီးထားသော လူရွယ်ဘက်သို့ လှည့်လာ၏။

'မင့် ဒဏ်ရာက တော်တော်ကြီးသလားကွ…'

'ကိစ္စမရှိပါဘူးဆရာ… ရှပ်ထိသွားတာပါ'

လူရွယ်သည် သူ့လက်မှ ဒဏ်ရာကို ဂုဏ်ယူနေဟန်နှင့် ရင်ကော့ကာ ပြန်ဖြေလိုက်လေသည်။

'ဒီသူငယ်ဟာ တော်တော် သတ္တိရှိတာပဲ ကိုသောင်းဖေ' ဟု တင်မောင်ဆွေကလည်း ဝင်ပြောလိုက်လေသည်။

'ကျုပ်ကို ဟိုကောင်က သေနတ်နဲ့ ပစ်ပြေးသွားတဲ့နောက် လူတွေအများကြီး ရှိနေရတဲ့ ကြားထဲက သူကပဲ သေနတ်သမားကို ဝင်ဆွဲခဲ့တာပဲဗျ… သေနတ်သမားက ပြန်ပစ်တော့မှ သူ့ခမျာ လွှတ်ပေးလိုက်ရတာ ကလား…'

လူရွယ်ကား တင်မောင်ဆွေအား ကျေးဇူးတင်စွာ လှည့်ကြည့်လိုက်ရှာ၏။

'သေနတ်သမားကို မင်းသေသေချာချာတွေ့လိုက်ရမှာပေါ့ ဘယ်လိုလူမျိုးလဲကွ'

'ဗျို ဆရာပြောတဲ့အတိုင်း အရပ်ရှည်ရှည်နဲ့ နှာခေါင်းရှည် ရှည် လူတစ်ယောက်ပါပဲဗျာ… ကြည့်ရတာတော့ ကုလားကပြား လိုပဲ၊ ကျွန်တော်ကတော့ သူ့ကိုပြန်တွေ့ရရင် မှတ်မိနိုင်ပါလိမ့်မယ်'

'ကဲ… မင်းနာမည်နဲ့ လိပ်စာကို ဟောဒီက ရဲအုပ်ကို ပေးထားပြီး ပြန်နိုင်ပါပြီကွာ… ဪ… မင်းဒဏ်ရာ ဆေးထည့် ရအောင်လည်း ဆေးရုံကို ရဲကြပ်တစ်ယောက်က လိုက်ပို့ပါလိမ့်မယ်'

လူရွယ်ထွက်သွားပြီး အခန်းထဲတွင် ကိုသန်းအောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေသာ ကျန်ရစ်ခဲ့သည့်အခါတွင်မှ ကိုသောင်းဖေက မျက်နှာတည်တည်ကြီးထားကာ တင်မောင်ဆွေအား စိုက်ကြည့်လိုက်လေသည်။

'ကဲ… တင်မောင်ဆွေ… မင်းကိစ္စကို ဆိုစမ်းပါဦး။ မင်းဟာက တော်တော့်ကို မရှင်းမရှင်းနိုင်တာပဲကိုး။ မိန်းမကြီး တစ်ယောက်ရဲ့ ပျောက်နေတဲ့သားကို ရှာပေးဖို့ မင်းကသွားရာမှာ မင်းတစ်ခါမှ မမြင်ဖူးတဲ့လူက မင်းကိုအကြောင်းမဲ့ သေနတ်နဲ့ ပစ်သွားတယ်ဆိုတာကို တို့က ဘယ်လိုလက်ခံနိုင်မှာတဲ့လဲ'

'ခင်ဗျား လက်ခံနိုင် မခံနိုင်တာကို အပထားလိုက်ပါ၊ ဖြစ်ရတာကတော့ အဲဒီအတိုင်းပဲ ကိုသောင်းဖေ'

တင်မောင်ဆွေက မျက်နှာကို တည်တည်ကြီး ထားလိုက်ကာ ပြန်ဖြေလိုက်လေသည်။

ကိုသောင်းဖေကတော့ တင်မောင်ဆွေလာပြီဆိုလျှင် ပြောရမည်မဟုတ်မှန်းကို အတွေ့အကြုံက သင်ခန်းစာပေးထားပြီး ဖြစ်နေလေရကား၊ ဟင်းခနဲ သက်ပြင်းကြီးချလိုက်ရှာလေသည်။

'မဟုတ်သေးပါဘူးလေ… မင်းက ပျောက်နေတဲ့သားကို လိုက်ရှာပေးနေရတဲ့ အမျိုးသမီးကြီးက ဘယ်သူလဲဆိုတာကိုတော့ ပြောဦးမှပေါ့ကွာ… '

'ဒေါ်မြသွေးဆိုတာပါပဲ၊ သူက ကျုပ်ဆင်းလာတဲ့အိမ်ခန်းထဲမှာ နေတာပဲ'

'သူ အဲဒါကို ကျွန်တော့ကို မပြောခဲ့ပါဘူးဆရာ'

ဟု ရဲအုပ်ကိုသန်းအောင်က မကျေမနပ် ဝင်ပြောလိုက်ပြန်သည်။ ကိုသောင်းဖေကတော့ ၎င်းကို ဂရုမစိုက်။ တင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဆွေကိုသာ ဆက်၍ မေးခွန်းထုတ်နေလိုက်၏။

'အဲဒီ ဒေါ်မြသွေးရဲ့ ပျောက်နေတဲ့သားနဲ့ မင်းသေနတ် အပစ်ခံရတာနဲ့ အဆက်အသွယ်များရှိနေသလားကွာ...'

'ဒါတော့... ကျုပ်မသိဘူး ကိုသောင်းဖေ'

'ဒီလိုဆို မင်းက ဘာများသိထားရသလဲကွ...'

'ကျုပ်သိရသရွေ့ကို ခင်ဗျားတို့ကို ကျုပ်ပြောခဲ့ပြီးပကော ကိုသောင်းဖေ...'

ကိုသောင်းဖေလည်း ပါးစပ်ထဲသို့ မီးငြိမ်းနေသော ဆေးပြင်းလိပ်တိုကြီးကို ကိုက်ကာ တမြုံ့မြုံ့ဝါးရင်းက တင်မောင်ဆွေအား တွေတွေကြီး စိုက်ကြည့်နေလိုက်လေသည်။ တင်မောင်ဆွေကလည်း စတိုင်ပါပါနှင့်ပင် သူ့ရှေ့စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ ပါးစပ်တွင်တပ်လိုက်ပြီး မီးညှိလိုက်ရာက မီးခိုးများကို ကွင်းငယ်ကလေးတွေဖြစ်အောင် မှုတ်ထုတ်နေလိုက်၏။

ကိုသောင်းဖေ ခုမှာကတော့ ဟင်းခနဲ သက်ပြင်းကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်၏။

'ကဲ... ထားလိုက်ပါတော့၊ အခုလောလောဆယ်ဆယ်မှာတော့ မင်းပြောပြသမျှနဲ့ပဲ တို့ကျေနပ်လိုက်ပါ့မယ်။ မင်းကို သေနတ်နဲ့ ပစ်တဲ့လူနဲ့၊ မင်းအမှုက အဆက်အသွယ်ရှိချင်လည်းရှိမယ်။ မရှိချင်လည်း မရှိဘူးဘဲထားလိုက်ပါတော့။ တို့တစ်တွေဟာ နေပြည်တော်ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ထမ်းနေရတဲ့ ပုလိပ်တွေဆိုတော့ မင်းအတွက် တို့ကို အရေးစိုက်စရာမရှိဘူးလို့ပဲ ထားလိုက်ပါတော့ကွာ...'

'ကိုသောင်းဖေ ခင်ဗျားက ကျုပ်ကိုငေါ့မနေစမ်းပါနဲ့ဗျာ...'



www.burmeseclassic.com

www.burmeseclassic.com


ဟု ထိုအခါမှ တင်မောင်ဆွေကလည်း ပြုံးလျက် ပြန်ဖြေလိုက်လေသည်။

'ကျုပ်ဟာ ခင်ဗျားတို့ ရဲအဖွဲ့နဲ့ အမြဲတမ်း ပူးပေါင်းဆောင်ရွက်ခဲ့တယ်ဆိုတာကို ခင်ဗျားလည်း အသိပါပဲ'

'အေးပါလေ… မင်းအမှု ကိစ္စတစ်ခု အဆုံးသတ်ခါနီးလို့ အကူအညီလိုလာမှ မင်းဟာ တို့နဲ့ ပူပေါင်းဆောင်ရွက်တတ်တယ်ဆိုတာကို ငါလည်း အသိပါပဲကွ'

'ဘယ်လိုပဲဖြစ်ဖြစ်လေ… ခင်ဗျားတို့က ကျုပ်လိုက်ရတဲ့ အမှုတွေမှာ ဝင်ကူညီပေးရလို့လည်း ခင်ဗျားတို့ဟာ ထိုက်သင့်သလောက်တော့ နာမည်ရခဲ့တယ် မဟုတ်လားဗျ။ ပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်လို့ စကားစပ်မိတုန်း ကျုပ် ခင်ဗျားကို တစ်ခု မေးပါရစေ… အရပ်ရှည်ရှည် နှာခေါင်းရှည်ရှည်နဲ့ ပိုင့် ၃၂-ဘို့ သေနတ်ကိုကိုင်တဲ့ လူဟာ ခင်ဗျားတို့ လူဆိုးစာရင်းမှာ ပါချင်ပါနေမှာပေါ့။ အဲဒါ ခင်ဗျားတို့ ချက်ကင်လုပ်ပြီးရင် ကျုပ်ကိုလည်း အသိပေးစမ်းပါလားဗျာ…'

ကိုသောင်းဖေကား မျက်မှောင်ကြီး ကုတ်လျက် တင်မောင်ဆွေအား အောင့်သက်သက် ပြန်ကြည့်လိုက်လေသည်။

'အေးလေ… ထုံးစံအတိုင်းပဲပေါ့ကွ၊ မင်းက မင်းသိထားတာတွေကိုတော့ မင်းပြောချင်တဲ့ အချိန်ကျမှ တို့ကိုပြောပြပြီး မင်းသိချင်သမျှကိုတော့ တို့ဆီက နှိုက်ထုတ်မယ်ဆိုပါတော့ကွာ ဟုတ်လား…'

'အေးလေ… ခင်ဗျားတို့ ချက်ကင်လုပ်ပြီးရင်သာ ကျုပ်ဆီ အကြောင်းကြားလိုက်ပါတော့ဗျာ… ဟုတ်လား…'


www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ပြောပြီး တင်မောင်ဆွေက အကျော့သားထွက်သွား တော့သည်ကို ကိုသောင်းဖေမှာ ဦးခေါင်းကို ယမ်းခါ၍ မချင့်မရဲ ကြည့်လျက် ကျန်နေရစ်ခဲ့ရလေတော့၏။

ဆူးလေဘုရားလမ်းရှိ သူ့တိုက်ခန်းသို့ ပြန်ရောက်လာသည့် အခါတွင်ကား၊ ည ၁၀-နာရီကျော်နေပြီ ဖြစ်လေသည်။ ၄-ထပ် တိုက်ကြီးတစ်ခု၏ အလယ်ထပ်တွင်ရှိသော သူ့အလုပ်တိုက်ခန်းတွင် ကား မီးများပိတ်ကာ တံခါးသော့ခပ်ထားပြီး ဖြစ်နေသည်ကို တွေ့ရ လေသည်။ အမှုကိစ္စ အရေးတကြီး ဖြစ်နေသည့်အချိန်များတွင်မှာ တင်မောင်ဆွေသည် သူ့တပည့် ချစ်လှိုင်ကလေးကို ဂျူတီချထား လျက် အလုပ်တိုက်ခန်းကို ညလုံးပေါက် ဖွင့်ထားတတ်လေသည်။

အလုပ်တိုက်ခန်း၏ အထက်ထပ်တွင်တော့ တင်မောင်ဆွေ တစ်ကိုယ်ရေတစ်ကာယတည်း နေထိုင်နေသော သီးသန့်တိုက်ခန်းက ရှိနေရာ ယခု တင်မောင်ဆွေက ထိုတိုက်ခန်းဆီသို့ တက်လာခဲ့လေ၏။

တင်မောင်ဆွေက သူ့တိုက်ခန်းတံခါးက သော့ဖွင့်လျက် ဝင်လာခဲ့သည့်အခါတွင် ဧည့်ခန်းထဲ၌ သူမြင်ဖူးခဲ့သမျှတွင် အဝဆုံး သော လူကြီးတစ်ယောက်က သူ၏ အကျယ်ဆုံးသော ဆိုဖာကြီး ပေါ်တွင် ငုတ်တုတ်ထိုင်လျက်သား သူ့အား စောင့်စားနေသည်ကို တွေ့လိုက်ရလေ တော့၏။

• • •

www.burmeseclassic.com

www.burmeseclassic.com

## - ၂ -

တင်မောင်ဆွေက သူ၏ဧည့်ခန်းထဲသို့ ဖြည်းညင်းစွာ ဝင်လာရာတွင် လူဝကြီးသည် ထိုင်ရာမှ အားယူ၍ထလိုက်ကာ စည်ပိုင်းကြီးတစ်လုံး လိမ့်လာသည့်အလား သူ့ဆီသို့ အိပဲ့အိပဲ့နှင့် လျှောက်လာလေ၏။ သည်လောက် ဝဖီးလှပြီး အဆီတွေအိမ့်နေသည့် လူစားမျိုးကို တင်မောင်ဆွေ၏ တစ်သက်တွင် မမြင်ဖူးသေးတော့ချေ။ လူကြီး၏မျက်နှာမှာ ဖိုးလမင်းကြီးလိုပင် ဝိုင်းဝိုင်းစက်စက် ရှိကာ မေးစေ့က သုံးထပ်တိတိရှိနေ၏။ ဗိုက်ကြီးကား စူထွက်ပြီး အောက်သို့ အိတ်ကြီးတစ်လုံးဆွဲထားလိုက်သလိုပင် အိကျနေလေသည်။ ခြေပေါင်တံတစ်လုံးတစ်လုံးကလည်း သစ်ပင် ပင်စည်တစ်လုံးနီးပါးခန့်မျှ ရှိမည်ဟုထင်ရလေ၏။ အရပ်ကလည်း အတော်ပင် ထွားကြိုင်းကာ ကိုယ်အလေးချိန်ကတော့ အနည်းဆုံး ပေါင် ၂၅ဝ-ခန့် ရှိမည်ဟု ခန့်မှန်းရလေ၏။

လူဝကြီး၏ ညာဘက်လက်တွင်တော့ ပိုင့် ၃၈-စမစ်အင်ဒ်ဝက်ဆင် ခြောက်လုံးပြူး သေနတ်တစ်လက်ကို ဆုပ်ကိုင်ထားကာ

www.burmeseclassic.com


သူ့လက်ကြီးက လက်ကိုင်တစ်ခုလုံးကိုပင်မက ယမ်းတောင့်အိမ် တစ်ဝက်နီးပါး အုပ်ကိုင်ထားနေလေရကား သေနတ်မှာ ကလေး ကစားစရာ တစ်ခုလိုပင် ဖြစ်နေရလေ၏။

လူဝကြီးသည် ထိုသေနတ်နှင့်ပင် ဖော်ရွေသောအမူအရာနှင့် တင်မောင်ဆွေအား ကုလားထိုင်တွင် ထိုင်ရန် ယမ်းပြလိုက်လေသည်။

'ကဲ... ထိုင်ပါဦးဗျာ... စီးကရက် သောက်ချင်လည်း သောက်ပါဦး၊ အရေးကြီးတာက ခင်ဗျားက ကျုပ်ကို ဘာမှ ပြန်လုပ်ဖို့ စိတ်မကူးဖို့ပါပဲ...'

လူဝကြီး၏အသံမှာ လူကောင်ကြီးသလောက် သေးသေး ငယ်ငယ် ကလေးသာဖြစ်နေရာ အကယ်၍ တခြားတစ်နေရာ တခြား အခြေအနေတွင် တွေ့ကြုံရမည်ဆိုပါလျှင် တင်မောင်ဆွေက ရယ်ချ လိုက်မိမည် ဖြစ်လေ၏။ ယခုတော့ သူသည် ကုလားထိုင် တစ်လုံး တွင်သာ ဝင်ထိုင်လိုက်ကာ ၄င်းကိုသာ အကဲခတ်နေလိုက်ရသည်။ ၄င်းကား ၃၀-မှ ၅၀-အတွင်း ရှိမည်ဟု ခန့်မှန်းရကာ ဟာဝေယံ ရှပ် လက်တိုပွပွကြီးနှင့် ဘောင်းဘီပွပွကြီးကို ဝတ်ဆင်ထားလေ၏။ လူဝကြီးတွေ ထုံးစံအတိုင်း သူ့တစ်ကိုယ်လုံးချွေးတွေ ရွှဲနေပုံလည်း ရလေသည်။

'ခင်ဗျားကြည့်ရတာ အတော်အိုက်နေပုံရပါတယ်။ တစ်ခုခု အအေးသောက်ပါလား... ဘီယာကြိုက်တတ်ရင်လည်း ဘီယာ ရနိုင်ပါတယ်'

တင်မောင်ဆွေက ခပ်အေးအေးပင် ပြောလိုက်ရာ လူဝကြီး က နှုတ်ခမ်းကို လျှာနှင့်ရက်လိုက်လေသည်။

'အေး... ဘီယာရေခဲစိမ်ကလေး သောက်ရရင်တော့



www.burmeseclassic.com

www.burmeseclassic.com



အကောင်းသားပဲဗျာ'

'ဒီလိုဆို မီးဖိုချောင်ထဲကို ကျွန်တော် ဝင်ရလိမ့်မယ်။ မီးဖိုချောင်ထဲမှာ ရီဖရီဂျရိတ်တာ ရှိနေတာဗျ'

'ဒီလိုဆိုလည်း ခင်ဗျားနောက်ကို ကျုပ်လိုက်ခဲ့ရမှာပေါ့ ကိုတင်မောင်ဆွေရာ…'

တင်မောင်ဆွေကို ရှေ့ထား၍ သူတို့နှစ်ယောက်သည် မီးဖိုခန်းထဲသို့ ဝင်ခဲ့ကြကာ ရီဖရီဂျရိတ်တာရေခဲသေတ္တာထဲမှ ဘီယာနှစ်ပုလင်းကို တင်မောင်ဆွေက ဆွဲထုတ်၍ အိမ်ရှေ့ခန်းသို့ ရှေ့သွားနောက်လိုက် ပြန်ထွက်လာပြီး ကုလားထိုင်ကိုယ်စီတွင် ပြန်ထိုင်လိုက်ကြလေ၏။ တင်မောင်ဆွေသည် ဘီယာဖန်ခွက်ကို လူဝကြီးဆီသို့ မြှောက်ပြလိုက်လေသည်။

'ကဲ… ခင်ဗျားကို ကျုပ်က အလေးပြုပါတယ်။ ဒါနဲ့ ခင်ဗျားကို ကျုပ်က ဘယ်လိုခေါ်ရမှာလဲ… ကိုပိန်သေးလို့ ခေါ်ရမှာလား…'

တင်မောင်ဆွေ၏ မဆန်းလှသော ပြက်လုံးကို အင်မတန်သဘောကျသွားဟန်နှင့် တခစ်ခစ် ရယ်နေလိုက်လေသည်။ ပြီးမှ…

'ဟဲ… ဟဲ… ကျုပ်နာမည်ကတော့ ခူပ်ယဉ်ယဉ်ပါပဲ ကိုညွန့်ဟန်တဲ့'

'ကဲ… ကိုညွန့်ဟန်၊ ခင်ဗျားကို ကျုပ်က ဘယ်လိုအကူအညီများပေးနိုင်ပါသလဲ'

လူဝကြီးကား သူ့ညာလက်မှ ခေါက်လုံးပြူးကို ဘယ်ဘက်သို့ ပြောင်းကိုင်လိုက်ကာ ညာလက်ထဲသို့တော့ ဘီယာဖန်ခွက်ကို ထည့်လိုက်လေသည်။ ပြီးလျှင် ဘယ်လက်က သေနတ်



www.burmeseclassic.com

www.burmeseclassic.com



မောင်းတံက အနည်းငယ် ကြွတက်လာသည်အထိ မောင်းဆွဲခလုတ်ကို အသာအယာ ဆွဲထားလိုက်ပြီးမှ ဘီယာကို အားရပါးရမော့ချလိုက်လေသည်။ ဘီယာဖန်ခွက်ထဲတွင် ဘီယာတစ်ဝက်လောက် ကျသွားတော့မှ သူသည် ဖန်ခွက်ကို ပြန်ချလိုက်ကာ တင်မောင်ဆွေအား ပြုံးပြုံးကြီး ကြည့်နေလိုက်လေ၏။

'ခင်ဗျားဟာ လွယ်လင့်တကူ ကြောက်လန့်တတ်တဲ့လူတစ်ယောက် မဟုတ်ပါကလား ကိုတင်မောင်ဆွေရဲ့၊ အဲဒါကိုပဲ ကျွန်တော်က သဘောကျမိတာပါပဲလေ၊ ဒါပေမယ့် ဒီအတွက်ကြောင့်လည်း ကျူပ်တာဝန်ကတော့ နည်းနည်းကိုခက်သွားရမယ် ထင်မိပါရဲ့'

'ကျွန်တော့ကို အချောက်တိုက်လည်း အထင်ကြီးမနေနဲ့ ကိုညွန့်ဟန်။ ကျွန်တော်ဟာ အပြင်ပန်းက ခင်ဗျားကို ဘယ်လိုပဲရင်ဆိုင်နေနေ အထဲမှာတော့ ဘယ့်ကလောက် ဖင်တုန်အောင်ကြောက်နေရတယ် ဆိုတာကို ခင်ဗျားသိမှမသိဘဲ။ ဒါကထားလိုက်ပါတော့လေ… ခင်ဗျားတာဝန်ဆိုတာက ဘာများလဲခင်ဗျ'

လူဝကြီးသည် သူ့ကိုယ်ကြီးကို ရှေ့သို့အနည်းငယ်ကိုင်းလိုက်ပြီးမှ ပြန်ဖြေလိုက်လေသည်။

'ခင်ဗျားဟာ ဒီကနေ့ညနေမှာ ဒေါ်မြသွေးဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက်ကို သွားတွေ့ခဲ့တယ်မဟုတ်လား။ သူက ခင်ဗျားကို အင်မတန်ခက်ခဲပြီး သိမ်မွေ့တဲ့ အလုပ်တာဝန်တစ်ခု ပေးလိုက်တယ်မဟုတ်လား။ ဒီတာဝန်ဟာ သူတစ်ယောက်တည်းအနေနဲ့ ဘယ်နည်းနဲ့မှ လုပ်နိုင်မယ်မဟုတ်ဘဲ ခင်ဗျားလို အလွတ်စုံထောက် တစ်ယောက်ကသာ ဆောင်ရွက်ပေးနိုင်မယ့် အလုပ်မျိုးတစ်ခုပဲ မဟုတ်ဘူးလားဗျ…'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက အင်းမလှုပ် အဲမလှုပ်သာ လုပ်နေလိုက်တာ ဘီယာကိုသာ စုတ်နေလိုက်လေ၏။

'အင်း… ခင်ဗျားဟာ သတ္တိရှိရုံတင်မကဘူး နှုတ်လည်းလုံတဲ့ လူတစ်ယောက်ပဲ။ ဒီအရည်အချင်းတွေဟာ ချီးမွမ်းစရာကောင်းတာ အမှန်ပါပဲ…'

'ကဲပါလေ… ကိုညွန့်ဟန် ဝေ့လည်ကြောင်ပတ်လုပ်မနေစမ်းပါနဲ့… ခင်ဗျားလိုချင်တဲ့ ကိစ္စကိုသာ ပြောပြစမ်းပါ…'

'ခင်ဗျားသိချင်ရင် ပြောပြရမှာပေါ့… ဒါပေမယ့် ကျုပ်လိုချင်တဲ့ ကိစ္စမဟုတ်ပါဘူး… ခင်ဗျားရမယ့်ကိစ္စတစ်ခုပါ'

'ကျုပ်ရမှာ… ဟုတ်လား… ဘာရမလဲဗျ'

'စက္ကူစိမ်းစိမ်း အချပ် ၅၀-ပါပဲ'

'ငွေငါးထောင်… ဟုတ်စ'

'ဟုတ်ပါတယ် ကိုတင်မောင်ဆွေ၊ ငွေငါးထောင်တိတိပါပဲ… ဘယ်နှယ့်လဲ… မလိုချင်ဘူးလားဗျ'

'ငွေရမယ်ဆိုရင် ဘယ်သူမဆို လိုချင်တာပဲပေါ့ဗျ'

လူဝကြီးသည် ခေါင်းတစ်ချက်ညိတ်လိုက်ရာက ဘယ်လက်ဖြင့် ကြမ်းပြင်ပေါ်တွင် ချထားသော လက်ဆွဲသားရေအိတ်ပြားပြားကြီး တစ်လုံးကို ကောက်ယူကာအိတ်ကို ဆွဲဖွင့်လိုက်ပြန်ပြီး အထဲမှ ငွေစက္ကူစိမ်းစိမ်းအထပ်လိုက်ကို ထုတ်ယူလိုက်လေ၏။

'ဒီစက္ကူတွေ ကျုပ်ရဖို့ ကျုပ်က ဘာလုပ်ပေးရမှာလဲ…'

ကိုညွန့်ဟန်သည် ငွေစက္ကူတွေကို သားရေအိတ်ထဲသို့ ပြန်သည့်လိုက်ပြီးနောက်မှ တင်မောင်ဆွေကို စိုက်ကြည့်ကာ ဖြည်းညင်းစွာ ပြန်ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ခေါ်ခြသေ့ဆိုတဲ့ မိန်းမကြီးကို ခင်ဗျား သွားတွေ့ခဲ့တာကို တစ်ခါတည်း မေ့ပစ်လိုက်ဖို့ပါပဲ ကိုတင်မောင်ဆွေ… ပြီးတော့ ခင်ဗျား သူ့ဆီက ကြားခဲ့ရတဲ့အကြောင်းအရာတွေကိုလည်း ခင်ဗျား ခေါင်းထဲက တစ်ခါတည်း ဖျောက်ပစ်လိုက်ရမယ်… ခင်ဗျားလုပ်ရမှာကလွယ်ပါတယ် ကိုတင်မောင်ဆွေရာ…'

တင်မောင်ဆွေလည်း ဘီယာလက်ကျန်ကို မော့ချလိုက်ကာ စဉ်းစားနေသကဲ့သို့ တွေးနေလိုက်ပြီးနောက်မှ ကိုညွန့်ဟန်အား ဆတ်ခနဲ ကြည့်လိုက်လေ၏။

'ကောင်းပြီလေ… ကိုညွန့်ဟန်… '

လူဝကြီးကား တင်မောင်ဆွေ၏ မျက်နှာကို ခေတ္တမျှ စိုက်ကြည့်နေလိုက်လေသည်။ ပြီးမှ ခတ်လှောင်လှောင်အပြုံးကလေး က သူ့နှုတ်ခမ်းတွင် တွန့်လာကြလေသည်။

'အင်း… ခင်ဗျားဟာ အခုလောက် စိတ်လွယ်လှလိမ့်မယ်လို့ ကျွန်တော်မထင်မိဘူး ကိုတင်မောင်ဆွေ… အင်းလေ လူတွေဟာ ဒီလိုပါပဲ… တန်ဖိုးအသီးသီးတော့ ရှိကြတာပဲမဟုတ်လား… '

'ဒါတွေကို ဘေးချိတ်ထားလိုက်ပါလေ… ငွေပေးမယ်ဆိုတာက ဘယ်မှာလဲ'

လူဝကြီးသည် အထင်သေးသောအပြုံးမျိုးကို ပြုံးပြီးမှ တင်မောင်ဆွေအား ပြန်ဖြေလိုက်လေသည်။

'ကျုပ် သားရေအိတ်ကို ဒီမှာပဲ ထားပစ်ခဲ့ပါ့မယ်။ စိတ်မပူပါနဲ့၊ သားရေအိတ်က ခင်ဗျားအတွက် အပိုလက်ဆောင်ဆိုပါတော့ ဗျာ။ ကျုပ် ခင်ဗျားဆီက အထွက်မှာ ခင်ဗျားလက်ထဲကို ထည့်ပေးခဲ့မှာပေါ့… '



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေလည်း မကျေမနပ်ဖြစ်ဟန်နှင့် ထိုင်ရာမှ ထလိုက်လေသည်။

'ဒီလိုဘာရမလဲ ကိုယ့်လူ… ခင်ဗျား ကျုပ်ကို တစ်ပတ်ရိုက်သွားရင် ဘယ့်နှယ့်လုပ်မလဲ… ခင်ဗျားပေးမယ်ဆိုတဲ့ ငွေကို ကျုပ် ကြည့်ပါရစေ။ ငွေအစစ်ဟုတ် မဟုတ်ကို ကျုပ် ဘယ့်နှယ့် လုပ်သိနိုင်မှာလဲ'

လူဝကြီးလည်း ခေတ္တမျှ စုံ့ဆိုင်းနေလိုက်ပြီးနောက်မှ တင်မောင်ဆွေ၏အလိုကို လိုက်လျောလိုက်လေသည်။

'ကောင်းပြီလေ… သားရေအိတ်ကို ကျုပ် ဟောဒီမှာ ချထားမယ်၊ ခင်ဗျားကောက်ယူပေတော့၊ ကဲ… ကဲ ကောက်ယူပေ တော့လေ'

ကိုညွန့်ဟန်သည် သားရေအိတ်ကို သူ့ရှေ့တွင် ချထားလိုက်ရာက လက်ထဲမှသေနတ်နှင့် ညွှန်ပြလျက် ပြောနေလိုက်လေသည်။ တင်မောင်ဆွေလည်း ရှေ့သို့တိုးလာရာက ကိုယ်ကိုကုန်းကာ သားရေအိတ်ကို လက်နှစ်ဖက်နှင့် ကောက်ယူလိုက်လေသည်။ ပြီးလျှင် ဆတ်ခနဲ ကိုယ်ကိုပြန်မတ်ရာက လက်ထဲမှ သားရေအိတ်ကို ရုတ်ဘရက် လူဝကြီးမျက်နှာဆီသို့ တအားထိုးသွင်းလိုက်လေတော့သည်။

လူဝကြီးသည် သူ့ကိုယ်ကြီးကို နောက်သို့ ဆတ်ခနဲတွန့်ကာ တိုးဝင်လာသော သားရေအိတ်ကြီးကို ရှောင်ရန်အတွက်လည်း သူ့မျက်နှာကို တစ်ဖက်သို့ လှည့်ပစ်လိုက်ရလေသည်။ ထိုအချိန်မှာပင် တင်မောင်ဆွေကလည်း သူ၏ညာလက်ဝါးစောင်းနှင့် လူဝကြီး၏ သေနတ်ကိုင်လက်ကောက်ဝတ်ကို ဆတ်ခနဲရိုက်ချ လိုက်ရာတွင် ၎င်း၏လက်ထဲမှ သေနတ်သည် ဒေါက်ခနဲကျသွားရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေလည်း သေနတ်ကိုခြေနှင့် တက်နင်းထားလိုက်ကာ သူ့လျှာခါအော်တိုမက်တစ်သေနတ်ကို ဆွဲထုတ်လိုက်လေသည်။

'ကဲ… ကိုညွန့်ဟန်၊ အခုမှ ခင်ဗျားနှင့် ကျွန်တော်တကာယ်တန်း စကားပြောကြရအောင်လား'

လူဝကြီးကား တင်မောင်ဆွေအား ဘယ်လိုမှ အညှိုးမထားဟန်နှင့် ပြုံး၍သာ ကြည့်လိုက်လေသည်။

'အင်း… ခင်ဗျားက တော်တော်လာတဲ့ လူပဲကိုး ကိုတင်မောင်ဆွေ… အင်မတန်မှ ရိုးနေတဲ့နည်းနှင့် ကျုပ်ကိုဆော်ထည့်လိုက်တာပါပဲ'

'ဒါတွေကို ထားလိုက်ပါလေ… အခု ခင်ဗျားနှင့်ကျုပ်က အခြေအနေချင်းပြောင်းနေရပြီဆိုတော့ ကျုပ် မေးတာတွေကိုသာ ခင်ဗျား ဖြေစမ်းပါ။ ခင်ဗျားနာမည် ညွန့်ဟန်ဆိုတာအမှန်ပဲလား'

'ကျုပ်နာမည်ကို လိမ်မပြောတတ်ပါဘူး… ကိုတင်မောင်ဆွေရဲ့'

'ခင်ဗျားနာမည်ကို ကျုပ်သိရပြီ… ခင်ဗျား ဘယ်ကလာတာလဲ… ဒီကို ဘယ်သူက လွှတ်လိုက်တာလဲ'

သည်တစ်ခါတော့ လူဝကြီးသည် ဘယ်လိုမှ ပြန်မဖြေတော့ပဲ တင်မောင်ဆွေအား တိတ်ဆိတ်စွာ မော့ကြည့်နေလေတော့၏။

'ကဲ… ကိုညွန့်ဟန် မတ်တတ်ထရပ်ပြီး ခင်ဗျားလက်နှစ်ဖက်ကို မြှောက်ထားလိုက်စမ်း'

လူဝကြီးက တိတ်ဆိတ်စွာပင် တင်မောင်ဆွေ၏အမိန့်ကို



www.burmeseclassic.com

www.burmeseclassic.com



နာခံလိုက်လေသည်။ တင်မောင်ဆွေလည်း သူ၏အော်တိုမက်တစ် သေနတ်ပြောင်းဝကို ၄င်း၏ရွှဲအိနေသော ဗိုက်ကြီး၌ တေ့ထားလိုက်ပြီး၊ ၄င်း၏ အင်္ကျီအိတ်များထဲသို့ လက်နှိုက်ရှာဖွေကာ ဖောင်းကြွနေသော သားရေပိုက်ဆံအိတ်တစ်အိတ်ကို ဆွဲထုတ်လိုက်လေသည်။

သားရေအိတ်ထဲတွင်ကား ငွေတစ်ဆယ်တန် အချပ်များ တစ်ကျပ်တန်စက္ကူအနည်းငယ်နှင့် မော်တော်ကားဒရိုင်ဘာ လိုင်စင် တစ်ခု ကပ်ထားသည်ကိုတွေ့လိုက်ရ၏။ ကားလိုင်စင်ပေါ်တွင် ၄င်း၏ဓာတ်ပုံနှင့်တကွ မောင်ညွန့်ဟန် အသက် ၃၄-နှစ် လှည်းကူး မြို့ဟု ရေးထားသော အချက်အလက်များကို တင်မောင်ဆွေက ဖတ်ကြည့်နေလိုက်ပြန်သည်။

'ကဲ… ကိုညွန့်ဟန်… ခင်ဗျားကို ကျုပ် နောက်ထပ် မေးဦးမယ်။ ဒီတစ်ခါတော့ ခင်ဗျားရေငုံမနေရင်ကောင်းလိမ့်မယ်… ခင်ဗျားက ကျုပ်ကို ဒေါ်မြသွေးရဲ့ ကိစ္စကို ဘာပြုလို့ မေ့ပစ်စေချင် ရတာလဲ'

လူဝကြီးသည် မြှောက်ထားသောသူ့လက်နှစ်ဖက်ကို ဖြည်းညှင်းစွာ ပြန်ချလိုက်ပြီးနောက် ကြမ်းပြင်ပေါ်တွင် ကျနေသည့် သူ့ သားရေအိတ်ကြီးကို ကောက်ယူကာ လက်တစ်ဖက်ဆုပ်ပြီး တင် မောင်ဆွေအား ခပ်တည်တည် ပြန်ကြည့်လိုက်လေသည်။

'ခင်ဗျားကို ကျုပ်ဘာမှ ပြောမပြနိုင်ဘူး ကိုတင်မောင်ဆွေ။ ခင်ဗျားက ကျုပ်လာစေ့စပ်တာကို သဘောမတူဘူးဆိုရင် ကျုပ်ပြန် ရရုံ ရှိတော့မှာပဲ'

'ကျုပ်ကို မှိုင့် ၃၂-သေနတ်နှင့် ချောင်းပစ်ပြီး ထွက်ပြေး သွားတဲ့ နှာခေါင်းရှည်လူတစ်ယောက်နဲ့ ပတ်သက်လို့ကော ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ဘာသိသေးသလဲ'

တင်မောင်ဆွေကမူ လူဝကြီးရှေ့မှ ကာဆီး ရပ်ထားလျက် ကပင် မေးခွန်းထုတ်လိုက်ပြန်၏။

လူဝကြီးကတော့ လေးလေးကြီးပင်… ပြန်ဖြေလိုက်၏။

'ကျုပ် ဘာမှမသိပါဘူး… ကဲ… ကျုပ်သွားတော့မယ်'

လူဝကြီးသည် ပြောပြောဆိုဆိုပင် တင်မောင်ဆွေ့လက်ထဲက သေနတ်ကို ဘယ်လိုမှ ဂရုမစိုက်ဘဲ ဘေးကကွေ့လျက် တံခါးဝဆီသို့ လျှောက်သွားလေတော့၏။ တင်မောင်ဆွေလည်း အသာပင် ကြည့်နေလိုက်ကာ ၄င်းတံခါးဝသို့ ရောက်သွားသည့်အခါမှ နောက်ကနေ လှမ်းခေါ်လိုက်လေသည်။

'သြော်… ကိုညွှန့်ဟန်'

လူဝကြီးက လှည့်ကြည့်လိုက်မှ…

'ခင်ဗျားသေနတ်ကို ယူသွားဦးလေ'

ပြောပြောဆိုဆို တင်မောင်ဆွေက ကြမ်းပေါ်မှ လူဝကြီး၏ သေနတ်ယူကာ ဆေဖ့်တီကက်(ချ) မောင်းထိန်းခလုပ်ချလိုက်ပြီးမှ ၄င်းထံသို့ ပစ်ပေးလိုက်၏။ လူဝကြီးကလည်း လက်တစ်ဖက်နှင့် ကျင်လည်စွာပင် သေနတ်ကို ဖမ်းယူလိုက်ကာ တင်မောင်ဆွေအား ဦးခေါင်းတစ်ချက်ညိတ်၍ နှုတ်ဆက်ပြီးနောက် အခန်းတံခါးကို ဆွဲဖွင့်လိုက်ပြီးနောက် ထွက်သွားလေတော့၏။

လူဝကြီးကို လှေခါးမှ ဆင်းသွားဖို့ အချိန်ပေးလိုက်ပြီးနောက်မှ တင်မောင်ဆွေက တယ်လီဖုန်းရှိရာသို့ လျှောက်ကာ ပထမဦးစွာ ဦးမြတ်သာကျော်၏အိမ်ဖုန်းနံပါတ်ကို တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲ၌ ရှာကြည့်လိုက်လေသည်။ ပြီးလျှင် ထိုနံပါတ်အတိုင်း ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ တစ်ဖက်မှ ယောကျ်ားသံတစ်ခုက ပြန်ဖြေလိုက်လေ၏။

တင်မောင်ဆွေက လူဝကြီး၏ သေးငယ်စူးရှသော အသံမျိုးနှင့်တူအောင် ကြိုးစားလုပ်လိုက်ကာ 'ကိုညွန့်ဟန် စကားပြောနေပါတယ်' ဟု စကားပြောခွက်ထဲသို့ ပြောကြည့်လိုက်ကာ ဘာစကားပြန်လာလိမ့်မည်နည်းဟု စောင့်နေလိုက်လေသည်။ သူမျှော်လင့်မိသည့်အတိုင်းပင် တစ်ဖက်မှလည်း အဖြေတစ်ခုထွက်ပေါ်လာ၏။

'ဩော်… ဟုတ်ကဲ့ ခဏစောင့်ပါဦးခင်ဗျာ… ။ ခင်ဗျားစကားပြောချင်တဲ့လူကို သွားခေါ်ပေးမယ်။ သူကလည်း မှာထားပါတယ်… ခဏစောင့်နေဦးနော်… '

'အင်း… '

နောက်တစ်မိနစ်အတွင်းမှာပင် လိုင်းတစ်ဖက်မှ အသံတစ်ခုက ထွက်ပေါ်လာ ပြန်လေတော့သည်။ သည်တစ်ခါတော့ အသံမှာ မိန်းမသံကလေး ဖြစ်လေသည်။

'ကိုညွန့်ဟန် ဟုတ်လား'

'ဟုတ်ပါတယ်'

တင်မောင်ဆွေက လူဝကြီး၏ အသံမျိုးလုပ်လျက် ပြန်ဖြေလိုက်၏။

'ဘယ်နှယ့်လဲ ကိုညွန့်ဟန် ဟန်ကျရဲ့လား'

'အင်း… ကျွန်တော် တွေ့ရမယ့်လူနဲ့ တွေ့ပြီးပါပြီ'

'အင်းပါလေ… ဟန်ကျရဲ့လားလို့ မေးနေတယ်'

'အဲဒါ ကျွန်တော်နဲ့ ခင်ဗျားနဲ့တွေ့ရမှဖြစ်မယ်၊ အခုလောလောဆယ် တွေ့ချင်တယ် ဘယ်ကိုလာတွေ့ရမလဲ'

တစ်ဖက်မှ မိန်းမသံကလေးက ရုတ်တရက်ပြန်မဖြေချေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ပြန်လည်ထွက်ပေါ်လာပြန်၏။

'ဘာဖြစ်လို့ ညတွင်းချင်း တွေ့ချင်နေရတာလဲ ကိုညွန့်ဟန်၊ မနက်ဆို မဖြစ်ဘူးလား'

'ဟိုလူကိစ္စနဲ့ပတ်သက်ပြီး အရေးတကြီး ပြောပြစရာရှိနေလို့ပါ'

'ဒီလိုဆိုလည်း ကောင်းပြီလေ၊ နာရီဝက်အတွင်းမှာ ကျွန်မပန်းဆိုးတန်း ဂရင်းဟော်တယ်ကို လာခဲ့မယ်။ ရှင် အဲဒီကစောင့်နေပေတော့'

တစ်ဖက်မှ ကလစ်ခနဲ တယ်လီဖုန်း ပြန်ချိတ်လိုက်သံကို ကြားရသည့်နောက် တင်မောင်ဆွေက သဘောကျစွာ ပြုံးလိုက်မိလေသည်။ လူ့ဝကြီးကိုညွန့်ဟန်အား ဒေါ်မြသွေး၏ ကိစ္စကို မေ့ပစ်ရဖို့ မိမိကိုငွေ ၅၀၀၀-လာ၍ လာဘ်ထိုးခိုင်းခဲ့သူကား ဦးမြတ်သာကျော်နှင့် ပတ်သက်နေသော လူတစ်ယောက်ယောက် ဖြစ်ရမည်ဟူသော သူ၏တွက်ကိန်းကား ယခုဆိုလျှင် မှန်နေရပြီ ဖြစ်လေသည်။ ပြီးတော့လည်း နာရီဝက်အတွင်းမှာပင် ထိုသူသည် မည်သူမည်ဝါ ဖြစ်သည်ကို သူက ဂရင်းဟော်တယ်၌ သွားရောက် တွေ့ရှိရတော့မည်ဖြစ်၏။

တင်မောင်ဆွေကလည်း ရှပ်အင်္ကျီ အသစ်တစ်ထည်နှင့် သက္ကလပ် ဘောင်းဘီရှည်တစ်ထည်ကို လဲဝတ်လိုက်ကာ အပေါ်ကကုတ်အင်္ကျီ အနက်ရောင် တစ်ထည် ထပ်ဝတ်လိုက်ပြီးနောက် ပန်းဆိုးတန်းသို့ ထွက်ခဲ့ရပြန်လေသည်။ လမ်းပေါ်သို့ ရောက်လာလျှင် သူ၏ လက်ပတ်နာရီကို ကြည့်လိုက်ရာ၌ ချိန်းထားသောအချိန်သို့ မိနစ်၂၀-တိုင်တိုင် လိုနေသေးသည်ကို တွေ့ရသော်၊ ဂရင်း



www.burmeseclassic.com

www.burmeseclassic.com


ဟော်တယ်သို့ ခြေလျင်ပင် လျှောက်လာခဲ့လေ၏။

ဂရင်းဟော်တယ် အပေါ်ထပ် ခန်းမကြီးကား ညစာစားကြသူတွေနှင့် တော်တော်ကြီးပင် စည်ကားလျက်ရှိနေရာ တင်မောင်ဆွေက ဘွိုင်ကုလားတစ်ယောက်ကို လာဘ်ထိုးပြီး ထောင့်ကျကျ စားပွဲတစ်ခု အရယူလျက် အခန်းတံခါးဝကြီးကို စောင့်ကြည့်နေလိုက်လေ၏။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

- ၃ -

နာရီဝက် လွန်မြောက်ခဲ့၍မိနစ်အနည်းငယ် ကြာသည့်အခါတွင်ကား တံခါးမကြီးမှ အမျိုးသမီးတစ်ဦးက ပျာရိပျာရာ ဝင်လာကာ ခန်းမကြီးထဲတွင် တစ်စုံတစ်ယောက်ကို ရှာဖွေနေဟန်နှင့် လှည့်ပတ်ကြည့်ရှုနေလိုက်လေသည်။ တင်မောင်ဆွေကတော့ သူမအားမြင်လိုက်သည်နှင့် တစ်ပြိုင်နက်ပင် လူဝကြီးကိုညွှန်ပြဟန်အား ချိန်းခဲ့သည့် အမျိုးသမီးဖြစ်နေမှန်းကို သိလိုက်ရလေသည်။ အကြောင်းကားသူမသည် ဦးမြတ်သာကျော်၏ နာမည်ကြီးသမီး ဖြူဖြူကျော် ဖြစ်နေသောကြောင့်ပေတည်း။

သူမကား နာမည်ကြီးသလောက် ရုပ်ကလည်း လှနေ၏။ ဖြူဝင်းသောအသားအရည်သည် စိုပြည်လန်းဆန်းနေ၏။ မို့မောက်လုံးကျစ်သော ရင်အစုံ၊ ထွားဆိုင်ခါးနှင့် ကားတက်ပြည့်တင်းသောတင်ပါးဆုံများက သူမ၏ ကိုယ်လုံးကိုယ်ပေါက်ကို စွဲမက်စရာကောင်းနေစေ၏။

သူမသည် အပေါက်ဝနားတွင်ရပ်လျက် အခန်းထဲသို့ ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ဟန်ကို မတွေ့ရလျှင် မျက်မှောင်ကလေးကိုကုတ်ကာ ဘိုင်ကုလား တစ်ယောက် ပျာပျာသလဲလာ၍နေရာချပေးသော စားပွဲတွင် ဝင်ထိုင်လိုက်လေသည်။ ထိုအခါ တင်မောင်ဆွေကလည်း သူ့စားပွဲမှ ထလာကာ သူမဆီသို့ လျှောက်လာခဲ့လေ၏။

သူမရှေ့သို့ရောက်သွားလျှင် တင်မောင်ဆွေက စားပွဲကိုမှီ၍ ရပ်လိုက်ကာ သူမအား ခပ်ပြုံးပြုံး ငုံ့ကြည့်လိုက်လေသည်။ ဖြူဖြူကျော်ကလည်း ဤသည်၌ သူ့အားအနှောင့်အယှက်လာပေးသော လူတစ်ယောက်ကို ကြည့်ဟန်နှင့် မျက်မှောင်ကလေးကုတ်လျက် ရဲဝံ့စွာ ပြန်ကြည့်လိုက်လေသည်။

'ဒီစားပွဲကို ရီဇတ်လုပ်ထားတယ်ရှင့်… ကျွန်မမိတ်ဆွေတစ်ယောက် ရောက်လာလိမ့်မယ်… '

'ဟုတ်ကဲ့ ကျွန်တော်သိပါတယ်… ' ဟု တင်မောင်ဆွေကလည်း ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်လေသည်။

'အင်မတန် ဝလှတဲ့ ကိုညွန့်ဟန်ဆိုတဲ့လူ မဟုတ်လား။ ငွေ ၅၀၀၀ဝ-ပါတဲ့ လက်ဆွဲသားရေအိတ်ကြီးနဲ့ ကိုညွန့်ဟန်လေ…'

ဖြူဖြူကျော်ကား တော်တော်ပင် ဣန္ဒြေကောင်းလှသည်ဟုဆိုရမည်ဖြစ်လေသည်။ မျက်ခုံးကလေးတစ်ဖက်ကို မသိမသာကလေးပင့်လိုက်ပြီး သူမ၏ လက်ကိုင်အိတ်ကိုဖွင့်ကာ အထဲမှ ရွှေစီးကရက်ဘူးကလေးကို ထုတ်ယူလိုက်လေသည်။ ပြီးလျှင် ဖိလစ်မောရစ်အမေရိကန် စီးကရက်တစ်လိပ်ကို ဘူးထဲမှထုတ်လိုက်ကာ သူမ၏နီရဲသောပါးစပ်တွင် တပ်လိုက်ရာ တင်မောင်ဆွေက သူ၏ ရွှန်ဆွန်ဓာတ်မီးခြစ်ကလေးကို ကပျာကယာထုတ်လျက် မီးညှိပေးလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com


'အဲဒီ ကိုညွှန့်ဟန်ဆိုတာ ဒီကိုလာမှာမဟုတ်ပါဘူး ဖြူဖြူ၊ ဒီတော့ ကျွန်တော့ကို စားပွဲမှာ ဝင်ထိုင်ခွင့်ပြုပါလားခင်ဗျာ…'

ဖြူဖြူသည်ပါးစပ်မှ စီးကရက်ကလေးကို ဖြုတ်လိုက်ကာ တင်မောင်ဆွေအား ခပ်တည်တည်ပင် ပြန်ကြည့်လိုက်၏။

'ဘာပြုလို့ ရှင်က ဒီစားပွဲမှာ ထိုင်ရမှာလဲ…'

'သြော်… ဖြူဖြူ့ကို ပြောပြစရာကလေးတွေ ရှိနေရလို့ပေါ့…'

'ဘာများ ပြောစရာရှိနေရလို့လဲ…'

'ဥပမာဆိုရင် ကျွန်တော့အကြောင်းဆိုပါတော့ဗျာ…'

'ဘာပြုလို့ ရှင့်အကြောင်းကျွန်မကို ပြောပြချင်ရတာလဲ…'

'ကျွန်တော်ဟာ တင်မောင်ဆွေပါပဲ ဖြူဖြူ…'

ဖြူဖြူကျော်သည် ပါးစပ်တွင် စီးကရက်ပြန်တပ်လျက် မီးခိုးများကို ရှိုက်သွင်းကာ မျက်ခုံးကလေးတစ်ဖက်ကို ဟန်ပါပါ ပင့်လိုက်ပြန်လျက် တင်မောင်ဆွေအား ကြည့်လိုက်ပြန်၏။

'ရှင်… တင်မောင်ဆွေ ဆိုတာဟာ ကျွန်မအတွက် ဘယ်လိုများ အဓိပ္ပာယ်ရှိနေရလို့လဲ'

တင်မောင်ဆွေကလည်း တမင်သက်သက် စပ်ဖြီးဖြီး လုပ်လိုက်ကာ ပြန်ဖြေလိုက်လေသည်။

'ဟုတ်ကဲ့… နှာခေါင်းရှည်ရှည်နှင့် လူတစ်ယောက်က ကျွန်တော့်ကို သေနတ်နဲ့ ချောင်းပစ်ရတဲ့အထိ ကျွန်တော့် နာမည်ကတော့ တစ်ယောက်ယောက်အတွက် အဓိပ္ပာယ်ရှိနေရတာက အသေ ပါပဲ ဖြူဖြူ။ ပြီးတော့ ဖြူဖြူ့မိတ်ဆွေ ကိုညွှန့်ဟန်ဆိုတဲ့ လူကြီးက ကျွန်တော့်ကို တစ်စုံတစ်ခုလုပ်ရအောင် ငွေငါးထောင် လာပေး


www.burmeseclassic.com

www.burmeseclassic.com


တာလည်း ကျွန်တော်ဟာဖြင့် တစ်ယောက်ယောက်အတွက် တော်တော်ဘဲ အမိပ္ပာယ်ရှိနေရတာကို ထောက်ခံနေတော့တာပဲ မဟုတ်လား'

ဒီတစ်ခါတော့ ဖြူဖြူအမူအရာမှာ တစ်မျိုးပြောင်းလာလေသည်။

'အဲဒါတွေကို ကျွန်မက ဘာပြန်ပြောရမှာလဲ ကိုတင်မောင်ဆွေ...'

'ဖြစ်နိုင်ရင်တော့ မှန်တဲ့ အကြောင်းအရာတွေပဲပေါ့... ဒါမှမဟုတ် မှန်တာကိုပြောမှာ ဖြူဖြူ့အတွက် တော်တော်ပဲ ဝန်လေးနေရသလား'

ဖြူဖြူကလည်း သည်တစ်ခါတော့ စီးကရက်မီးခိုးများကို တင်မောင်ဆွေ၏ မျက်နှာထဲသို့ ဖြေးညင်းစွာ မှုတ်ထုတ်လျက်ခ့လိုက်လေသည်။ ပြီးမှ...

'မှန်တာတွေဆိုတာက ဘာတွေကိုပြောတာလဲ ကိုတင်မောင်ဆွေရဲ့...'ဟု ထပ်မေးလိုက်ပြန်လေသည်။

'ကျွန်တော့်ကို သေနတ်နှင့် ပစ်သွားတဲ့ နှာခေါင်းရှည်လူအကြောင်းဆိုပါတော့'

'ဒါတော့ ကျွန်မကိုယ်တိုင်လည်း ဘယ်လိုမှ နားမလည်ပါဘူးရှင်...'

ဖြူဖြူကျော်၏ မျက်နှာမှာ တင်မောင်ဆွေအတွက် ဘယ်လိုအကဲခပ်၍ မရသော မျက်နှာဖုံးတစ်ခုသာ ဖြစ်နေရလေသည်။ သူမသည် ဤစကားတွေ လိမ်ပြောလိုက်သလား၊ မှန်သည့်အတိုင်းပြောခြင်းပဲလားဟု ဘယ်လိုမှမဆုံးဖြတ်တတ်အောင် ဖြစ်နေရလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

'ကဲ… ဒီလိုဆိုလည်း ငွေငါးထောင် ကျွန်တော့်ကို လာပေးတဲ့ လူကြီးကိုညွှန်ပြန်အကြောင်းကိုတော့ ဖြူဖြူက ပြောပြနိုင်မှာပေါ့'

သည်တစ်ခါတော့ ဖြူဖြူကျော်က ရုတ်ခြည်းပင် စိတ်ဝင်စားမှု ပျောက်သွားဟန်နှင့် နီရဲသော ပါးစပ်ကလေးကိုဟ လက်ဝါးနှင့်ပိတ်လိုက်ကာ သမ်းဝေဟန် ပြုလိုက်လေသည်။ ပြီးလျှင် သူမသည် လက်ကိုင်အိတ်ကို စားပွဲပေါ်မှ ကောက်ယူကာ ထိုင်ရာမှ ထရပ်လေ၏။

'ကဲ… ရှင်နဲ့ ကျွန်မပြောစရာအကြောင်းတွေ မရှိတော့ဘူးဆိုတာ ထင်ရှားနေပြီမဟုတ်လား၊ ဒီတော့ ကျွန်မကို သွားခွင့်ပြုပါဦးရှင်'

တင်မောင်ဆွေကလည်း သူ့ပခုံးများကိုသာ တွန့်ပြလိုက်လေသည်။

'ဒီလိုဆိုတော့လည်း ပြီးတာပေါ့လေ… ကျွန်တော့်အတွက်ကတော့ ဒီကိစ္စတွေကို စုံထောက်ဌာနချုပ်က ကျွန်တော့်မိတ်ဆွေ စုံထောက်အရာရှိတွေနှင့် သွားတွေ့ ဆွေးနွေးရဖို့ပဲ ရှိတော့တာပါပဲ'

ဖြူဖြူကျော်ကား တင်မောင်ဆွေအား ခေတ္တမျှ စူးစိုက်ကြည့်နေလိုက်လေသည်။ ပြီးမှ ရုတ်တရက် မေးခွန်းတစ်ခု ထုတ်လိုက်လေသည်။

'ကိုတင်မောင်ဆွေ… ရှင်ဟာ ပရိုက်ဗိတ် ဒီတက်တစ်တစ်ယောက်မဟုတ်လား'

'မှန်ပါတယ် ခင်ဗျား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင် ရှင် ကျွန်မအတွက် အလုပ်တစ်ခုလုပ်ပေးနိုင်မှာလား'

'ဆိုစမ်းပါဦးလေ… ဖြူဖြူ့အတွက် ကျွန်တော်ဘာလုပ်ပေးနိုင်မယ်ဆိုတာ'

'ဒေါ်မြသွေးက ဘာတွေ ကြံစည်နေတယ်ဆိုတာကို စုံစမ်းပေးဖို့ပါပဲ'

'ဖြူဖြူဟာ အလွတ်စုံထောက်တစ်ယောက်ရဲ့ ကျင့်ဝတ်သိက္ခာတွေကို ကောင်းကောင်း နားလည်ဟန်မတူသေးပါဘူး'

ဤတွင် ဖြူဖြူက နှုတ်ခမ်းကလေးကို တွန့်လိုက်လေ၏။

'ဩ… အလွတ်စုံထောက်ဆိုတာမှာ ကျင့်ဝတ်သိက္ခာဆိုတာ ရှိနေရသေးသတဲ့လား… ကျွန်မ နားလည်ထားရသလောက်ဆိုရင်တော့ အလွတ်စုံထောက် ဆိုတာမျိုးဟာ ငွေရရင်ပြီးရော ကိုယ်နှင့် မဆိုင်တဲ့ကိစ္စတွေမှာ ဝင်ရှုပ်ပေးနေတတ်တဲ့ လူစားမျိုးတွေပဲမဟုတ်လားရှင်'

တင်မောင်ဆွေကတော့ သူမ၏စော်ကားလိုက်သော စကားသွေကို ဘယ်လိုမှ ခံပြင်းပုံမပြ၊ ကုလားထိုင်တွင် ကျောမှီလိုက်ကာ သူမအား ခပ်ပြုံးပြုံးပင် မော့ကြည့်လိုက်လေ၏။

'ဖြူဖြူက… ကျွန်တော့်အလုပ်ကို အထင်မကြီးဘူးထင်ပါရဲ့'

'နို့ အလွတ်စုံထောက်အလုပ်က အထင်ကြီးစရာလားရှင်ရဲ့'

'ဟုတ်ကဲ့… ဒါကတော့ လူတစ်ကိုယ် အမြင်တစ်မျိုးစီရှိတာပါပဲ ဖြူဖြူ… ကျွန်တော့်အနေနှင့်လည်း ဖြူဖြူလို မိန်းမစားမျိုးကို ဘယ်လိုမှ အထင်မကြီးနိုင်တာကို ပြောပြပါရစေ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဖြူဖြူဟာ ဂုဏ်ရှိတာ၊ ရုပ်လှတာကလွဲလို့ မိန်းမတို့ဣန္ဒြေ ကင်းမဲ့ပြီး ကိုယ်လိုချင်တာရှိရင် ကိုယ်က အထင်သေးတတ်တဲ့ အလွှတ်စုံထောက်ကိုပဲဖြစ်ဖြစ် ညှုတုတု လုပ်ရမှာကိုတောင် ဝန်မလေးတတ်တဲ့ ဖောက်ပြန်တဲ့ အထက်တန်းစား မိန်းမတစ်ယောက် ဖြစ်နေတာကလား'

ဖြူဖြူကျော့၏ မျက်နှာကလေးကား နီမြန်းတက်လာရာက လက်သီးကလေးများကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ တင်မောင်ဆွေအား အစိမ်းလိုက် ဝါးစားချင်ဟန်နှင့် ကြည့်လိုက်ရှာ၏။

'ကျွန်မကို... ဘယ်သူကမှ... ဒီလိုမပြောဝံ့ကြပါဘူး'

'ဟုတ်ကဲ့... အခု တင်မောင်ဆွေဆိုတဲ့အလွှတ်စုံထောက် တစ်ယောက်က ဒီအတိုင်းပဲ ပြောနေပါတယ်ခင်ဗျား'

'ရှင်ဟာ ကျွန်မကို ဒီလိုနောက်ထပ်မပြောဖို့ကို ကျွန်မသတိပေးလိုက်ပါရစေ'

'ခင်ဗျား သတိပေးချက်ကို... နာမယူဘူးဆိုရင်ကောဗျာ'

'ဘာဖြစ်မလဲဆိုတာ ရှင်သိရမှာပေါ့လေ... ရှင်ဟာ တခြားသူတွေအပေါ်မှာ ဒီလိုလူပါးဝလို့ရပေမယ့် ဖြူဖြူကျော့အပေါ်မှာတော့ မရဘူးဆိုတာကို နားလည်ထားလိုက်စမ်းပါရှင့်'

'ဘာလဲ... ဖြူဖြူက ဒီစကားတွေကို အာဏာရှိသြဇာရှိသူဌေးမင်း ဖြူဖြူဒက်ဒီ ဦးမြတ်သာကျော်ကို အားကိုးပြီး ပြောနေတာထင်တယ်... ဟုတ်စ'

'ကိုတင်မောင်ဆွေ၊ ရှင့်ကို ကျွန်မက အလွှတ်စုံထောက် တစ်ယောက်အနေနဲ့ ကျွန်မရဲ့ကိစ္စကိုဆောင်ရွက်ပေးဖို့ငှားခဲ့တာကလွဲလို့၊ ရှင်ကို ကျွန်မက တခြားပြောစရာအကြောင်း ဘာမှမရှိပါဘူး...



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ရှင်က ကျွန်မပြောတာကို သဘောတူမယ်ဆိုရင် ရှင် ကျေနပ်အောင် ကျွန်မက ငွေပေးပါ့မယ်။ ငွေတင်မကသေးဘူး လေ… ရှင့်ကို ကျွန်မက ကျေးဇူးဆပ်တဲ့အနေနဲ့၊ ရှင် ကျေနပ် အောင်ပြုစုပါ့မယ်၊ ဘယ်နှယ့်လဲ'

ဖြူဖြူလိုမိန်းမမျိုးက သူ့အား ဤမျှလောက် အောက်ကျခံ နေခြင်းမှာ သူမ၏ကိစ္စသည် အင်မတန်မှ အရေးပါနေရခြင်းကြောင့် သာ ဖြစ်ရမည်ဟု တင်မောင်ဆွေက တွေးလိုက်မိလေသည်။ သူ သည် သူမအား ပြုံး၍ကြည့်လိုက်ကာ ခေါင်းကို ယမ်းခါပြလိုက်လေ သည်။

'ဆောရီးပဲဖြူဖြူ… ကျွန်တော် လက်မခံနိုင်ပါဘူး…'

ဖြူဖြူသည် တစ်စုံခု ပြောမည်ကဲ့သို့ ပါးစပ်ဟလိုက်ပြီး နောက်မှ ဘာမှမပြောတော့ဘဲ အခန်းဝဆီသို့သာ လှည့်ထွက်သွား လေသည်။ တင်မောင်ဆွေက ထိုစားပွဲမှာပင် ထိုင်လျက် ကြည့်နေ လိုက်ရာ ဖြူဖြူသည် တံခါးဝသို့မရောက်ခင် အထဲသို့ဝင်လာသော အသက် ၄၀–ကျော်အရွယ်ရှိ ဘောင်းဘီ၊ နက်ကတိုင်၊ ရှပ်လက်ရှည်၊ ကုတ်အင်္ကျီများ ဝတ်ဆင်ထားသော လူတစ်ယောက်နှင့် တွေ့ကြပြီး တစ်စုံတစ်ရာ ပြောနေကြသည်ကို တွေ့လိုက်ရလေသည်။

ဘောင်းဘီဝတ်လူကြီးသည် ဖြူဖြူက သူ့အား တစ်စုံတစ်ခု ပြောလိုက်သည့်နောက် တင်မောင်ဆွေဘက်သို့ လှည့်၍ စူးစူးစိုက် စိုက် တစ်ချက်လှည့်ကြည့်လိုက်လေသည်။ ပြီးလျှင် သူတို့နှစ်ယောက် သည် အတူတကွအခန်းထဲမှ ထွက်သွားကြသည်ကို တင်မောင်ဆွေ က တွေ့လိုက်ရလေသည်။

'ဘယ့်နှယ် ကိုတင်မောင်ဆွေ ခင်ဗျားကတော့ ဧပြည်



www.burmeseclassic.com

www.burmeseclassic.com


တော်ကြီးက အသက်တန်းအကျဆုံး ဇယ်ကလေးတွေနဲ့ တွဲနေတော့ တာပဲကိုး… ခုနက ထသွားတာ ဖြူဖြူကျော်ဟုတ်လား'

တင်မောင်ဆွေ၏ပခုံးကို လာပုတ်လျက် ပြုံးဖြီးဖြီးကြီး ပြောလိုက်သူကား သတင်းထောက် ကိုအေးကျော်ပင် ဖြစ်နေလေသည်။ ကိုအေးကျော်သည် ရန်ကုန်မြို့၏ အလျင်ဆုံးသတင်းထောက် တစ်ဦးဖြစ်ကာ တင်မောင်ဆွေ၏ ရောင်းရင်းမိတ်မိတ်ဆွေတစ်ဦး လည်း ဖြစ်လေသည်။

'ဖြူဖြူကျော်ထွက်သွားတော့ ခင်ဗျား တွေ့လိုက်ရတယ် မဟုတ်လား ကိုအေးကျော်။ ဒါကိုထောက်ရင် ခင်ဗျားထင်သလို ကျွန်တော်ဟာ သူနဲ့မစွံဘူးဆိုတာ ခင်ဗျားသိရပါလိမ့်မယ်၊ ဒါနဲ့ ဖြူဖြူကျော်နဲ့ စကားပြောပြီး အတူထွက်သွားတဲ့ (….) က ဘယ်သူ လဲ ကိုအေးကျော်ရဲ့…'

'ဟဲ… ဟဲ… ခင်ဗျားသူ့ရှေ့မှာတော့ ဒီလိုသွားမခေါ်နဲ့ ကိုယ့်လူ။ ဒီလူက အခုဆိုရင် ပြည်တော်သာမြို့တော်ကြီးရဲ့ နံပါတ် ဝမ်းလူစွာကြီးဖြစ်နေတာဗျ၊ ခင်ဗျားမကြားဖူးဘူးလား။ ဥက္ကာဆိုတာ ဒီကောင်ပဲပေါ့။ အခုတော့ သူက အဆင့်အတန်းမြင့်လာပြီး ရန်ကုန် နေပြည်တော်ကြီးမှာလာပြီး လူစွာလုပ်နေလေချည်ရဲ့'

တင်မောင်ဆွေက အံ့သြမှုကိုပြဟန်နှင့် လေတစ်ချက်ချွန် လိုက်ရာ ကိုအေးကျော်က ပြုံးလျက် ခေါင်းညိတ်လိုက်လေသည်။

'ခင်ဗျား လေချွန်ထိုက်တဲ့ လူတစ်ယောက်ပါပဲ ကိုဆွေ။ ဥက္ကာဟာ လူစွာဖြစ်ရုံတင်မကဘူး မြာလည်း အတော်စွံတယ်။ ကျွန်တော် သိသမျှတော့ ရန်ကင်းမှာ သူ့မြာကိစ္စအတွက် အင်မတန် မှ စိတ်ချရတဲ့ တိုက်ခန်းတစ်ခန်း စပယ်ရှယ်ထားနေ့ လူတစ်


www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ'

'ဒီအကြောင်းကို ဦးမြတ်သာကျော်ကသာ သိရင် သူ့သမီး ဒီလူနဲ့တွဲနေတာကို ရင်လေးမိရှာမှာပဲ၊ ဒါမှမဟုတ် သိရဲ့သားနဲ့ တမင်လွှတ်ထားတာများလား… '

'ဘယ်လိုပဲဖြစ်ဖြစ် ဥက္ကာလက်ထဲက ဖြူဖြူကျော်ကို ခင်ဗျား ကယ်တင်ဖို့ ကြိုးစားချင်တယ်ဆိုရင်တော့ စိတ်ချရတဲ့ အကာအကွယ်များ ယူသွားပါဦးလို့ ခင်ဗျားကို ကျွန်တော်အကြံပေးချင်ပါတယ် ကိုဆွေ'

'ဆိုစမ်းပါဦး… ဘယ်လို အကာအကွယ်များ ယူသွားရမှာလဲ… '

'ခင်ဗျားပခုံး စလွယ်အိတ်ထဲမှာ ထည့်ယူသွားတတ်တဲ့ အကာအကွယ်မျိုးကိုပြောတာပေါ့ ကိုဆွေရဲ့'

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

- ၄ -

နောက်တစ်နေ့ နံနက်စောစောတွင် တင်မောင်ဆွေသည် ဒေါ်မြသွေး၏ အနှစ် ၂၀-ကျော်အဆက်ပြတ်နေရသည့် သားအား ခြေရာခံစုံစမ်းသည့်အလုပ်ကို စတင်ခဲ့လေသည်။ ၄င်းအား ခြေရာခံနိုင်ဖို့ ပထမဦးစွာ ၄င်းအား မွေးစားဖို့ကိစ္စကို စီစဉ်ပေးခဲ့သော ဆရာမ ဒေါ်စောမေအား စုံစမ်းရန် ဖြစ်လေသည်။

ဤကိစ္စ၌ တင်မောင်ဆွေက မျှော်လင့်ထားသကဲ့သို့ ခက်ခဲခြင်းမရှိဘဲ အင်မတန်မှ လွယ်ကူခဲ့သည်ကို တွေ့ကြုံရလေ၏။ ပထမဦးစွာ ကန်တော်ကလေးဆေးရုံသို့သွားပြီး ဆရာမ ဒေါ်စောမေ အကြောင်းကို စုံစမ်းကြည့်ရာ ထိုဆေးရုံတွင် ဒေါ်စောမေ မရှိတော့သော်လည်း သူမ၏တူမက ဝမ်းဆွဲဆရာမဖြစ်နေသည်ကို တင်မောင်ဆွေက တွေ့ခဲ့ရ၏။

သူမကပင် ဒေါ်စောမေသည် အလုပ်မှ အနားယူသွားပြီဖြစ်သော်လည်း ဗိုလ်တထောင်၌ နေထိုင်နေကြောင်းကို ညွှန်ပြောလိုက်လေသည်။ ဒေါ်စောမေအား တင်မောင်ဆွေက ဗိုလ်တထောင်



www.burmeseclassic.com

www.burmeseclassic.com



၌ပင် ရှာတွေ့ခဲ့လေရာ လွန်ခဲ့သောအနှစ် ၂၀-က မမြသွေးဆိုသော မိဘမဲ့တစ်ကောင်ကြွက် အပျိုမကလေး၏ လင်ကောင်မပေါ်ဘဲ မွေးခဲ့ရသော သားအကြောင်းကို သူမကပင် တင်မောင်ဆွေအား စုံစေ့စွာ ပြန်လည်ပြောပြနိုင်ခဲ့လေသည်။

ယခုတော့ တင်မောင်ဆွေမှာ သူ၏ကားနီကလေးကို အင်းစိန်ဘက်သို့ မောင်းနှင်လာလျက်ရှိနေ၏။ ဒေါ်စောမေက ပြောပြလိုက်ချက်အရဆိုလျှင် ဒေါ်မြသွေး၏ ဖအေမပေါ်ခဲ့သော သားရင်နှစ်ကို မွေးစားခဲ့သည့်လင်မယားကား ယခုဆိုလျှင် အင်းစိန် ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးအနီးမှ လမ်းကလေးတစ်ခုထဲရှိ သူတို့၏ ခြံကြီးထဲတွင် အေးအေးဆေးဆေး နေထိုင်လျက် ရှိနေကြပေ၏။ ထိုလင်မယားကား ဦးဘဒွေးနှင့် ဒေါ်မိန်းခလေးဟူသော မြေပိုင်ရှင်များ ဖြစ်ကြသည်ဟု ဒေါ်စောမေကဆိုခဲ့လေသည်။

တင်မောင်ဆွေကား ထိုလင်မယားဆီသို့ ရောက်သွားရလျှင် ဒေါ်မြသွေးတွေ့ချင်နေသော သားအကြောင်းကို လုံးဝဥဿုံသိရတော့မည်ဟု မျှော်လင့်ထားနေမိလေသည်။ တကယ်တော့ ဒေါ်မြသွေး၏ အမှုကား လူဝကြီး ကိုညွှန့်ဟန်နှင့် ဦးမြတ်သာကျော်၏သမီး ဖြူဖြူကျော်တို့ကသာဝင်ရှုပ်မနေကြပါလျှင် ဘယ်လိုမှ မဆန်းလှသည့် လွယ်ကူလှသော သာမန် အမှုကလေးတစ်ရပ်သာဖြစ်နေရလေ၏။

ဒေါ်စောမေ လမ်းညွှန်လိုက်သည့်အတိုင်း တင်မောင်ဆွေကား အင်းစိန်ရွာမရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးအနီးမှ မြေနီလမ်းကလေးအတိုင်း သူ့ကားကိုချိုးဝင်ခဲ့ရာတွင် လမ်းဆုံးနား၌ ဦးဘဒွေး၊ ဒေါ်မိန်းကလေးတို့၏ ခြံဝကိုတွေ့လိုက်ရလေသည်။ ခြံကား တော်တော်ပင်ကျယ်ဝန်းကာ ပိန္နဲပင်၊ သရက်ပင်၊ မန်ကျည်းပင်



www.burmeseclassic.com

www.burmeseclassic.com


တို့က စိမ်းလန်းစွာ အုပ်ဆိုင်းနေပြီး ခြံအလယ်တွင်တော့ သပ်သပ်ယပ်ယပ်ရှိလှသော ဖျော့ထောင်ကာ သွပ်မိုး တစ်ထပ်အိမ်ကလေး တစ်လုံးက ရှိနေလေ၏။

တင်မောင်ဆွေလည်း ကားကို အိမ်ကလေး၏ ဝရန်တာ ဆောင်အနားတွင် ထိုးရပ်ပြီး ကားပေါ်မှ ဆင်းလာလေသည်။ ထိုအချိန်အထိ အိမ်ကလေးအတွင်း၌ ဘယ်လိုလှုပ်ရှားမှုကိုမှ မတွေ့ရသေး။ ကားသံကြား၍ ဘယ်သူကမှ ထွက်ကြည့်မလာခဲ့။ တင်မောင်ဆွေက အိမ်ရှေ့လှေကားငါးထစ်ကို ကျော်တက်ကာ ဝရန်တာပေါ်သို့ ရောက်လာလျှင် အိမ်ရှေ့တံခါးကိုအတွင်းမှ ကလန့်ချလျက် ပိတ်ထားနေသည်ကို တွေ့လိုက်ရလေသည်။ သို့ရာတွင် တံခါးကြီးအောက်၌ သံဇကာတပ်ထားသော ပြတင်းပေါက်တစ်ခုက ရှိနေရာ ထိုပြတင်းပေါက်မှ နေ၍ အတော်အတန် ကျယ်ဝန်းလျက် လူရှင်းနေသော ဧည့်ခန်းကြီးကို တွေ့ရနိုင်၏။

တင်မောင်ဆွေလည်း ယခုထက်တိုင် ဘယ်သူကမှ ထွက်မလာသေးရကား ပိတ်ထားသော တံခါးကို တဒေါက်ဒေါက်နှင့် ခပ်ကျယ်ကျယ် ခေါက်လိုက်ရလေ၏။ ထိုအခါမှ အိမ်ထဲ၌ တစ်စုံတစ်ယောက် လျှောက်လာသောခြေသံများကိုကြားရကာ တံခါးသည် ဂျက်ခနဲ ပွင့်သွားလျက် အသက် ၆၀-ကျော်ခန့်ဟု ခန့်မှန်းရမည့် ထိပ်ပြောင်ပြောင် အဘိုးကြီးတစ်ယောက်က တင်မောင်ဆွေအား မျက်ခုံးပင့်ကာ ကြည့်နေလိုက်လေသည်။

'ကျွန်တော့်နာမည် တင်မောင်ဆွေပါ ဦး။ ကျွန်တော်က ဦးဘဒွေးကို တွေ့ချင်လို့ပါ'

'ဦးဘဒွေးဆိုတာ ကျုပ်ပါပဲ မောင်ရ'


www.burmeseclassic.com

www.burmeseclassic.com



'ဦးဘဆွေးရဲ့သားကိုစွ ဆိုပါတော့ဗျာ…'

အဘိုးကြီး၏မျက်နှာအမူအယာမှာ တစ်မျိုးတော့ ထူးခြားသွားသည်ဟု တင်မောင်ဆွေက ထင်မှတ်လိုက်မိလေသည်။ ပြန်၍သတိမရချင်သော အတိတ်ကအကြောင်းအရာတစ်ခုကို ပြန်၍ သတိပေးခြင်း ခံလိုက်ရသူ တစ်ဦး၏ အမူအရာမျိုးပင်ဖြစ်နေ၏။

အဘိုးကြီးသည် ဘယ်လိုမှ ပြန်မဖြေဘဲ တင်မောင်ဆွေကိုသာ ခေတ္တမျှတွေတွေကြီး ငေးကြည့်နေလိုက်လေသည်။ ပြီးမှ ရုတ်တရက် ခေါင်းကိုဆတ်ခနဲ လှည့်လိုက်ကာ 'မမိန်းကလေးရေ… မမိန်းကလေးရေ… ဒီကိုလာ လာစမ်းပါဦးကွဲ့…' ဟုအိမ်အတွင်းသို့ လှမ်းခေါ်လိုက်လေသည်။ သူကိုယ်တိုင်ကတော့ အပေါက်ဝတွင် ရပ်မြဲရပ်နေ၏။

အရပ်ပုပုနှင့် ခပ်ဖိုင့်ဖိုင့် မိန်းမကြီးတစ်ယောက်သည် အိမ်အတွင်းခန်းဘက်မှ ကပျာကရာထွက်လာကာ အဘိုးကြီးဘေးတွင် ဝင်ရှပ်လိုက်လေသည်။ သူမကား အသက် ၅၀-ကျော်ခန့်ဟု ခန့်မှန်းရကာ ကြင်နာတတ်သော စိတ်သဘောရှိပုံရလေသည်။

'ဘာလဲ ကိုဆွေး… ဘာဖြစ်လို့လဲ' ဟု သူမက နူးညံ့သိမ်မွေ့သောအသံကလေးနှင့် အဘိုးကြီးကို မေးလိုက်လေ၏။

'ဒီသူငယ်က မောင်တင်မောင်ဆွေတဲ့ကွယ့်၊ သူက တို့သားကလေးနဲ့ ပတ်သက်ပြီး ပြောစရာရှိလို့တဲ့'

ဤတွင် ဒေါ်မိန်းကလေး၏ မျက်လုံးများ၌ ရုတ်တရက် မျက်ရည်တွေက ရစ်သီလာကြလေသည်။ သို့ရာတွင် သူမသည် တည်ငြိမ်သော အသံကလေးနှင့်ပင် ပြန်ဖြေလိုက်လေ၏။

'ဒီလိုဆိုရင် အိမ်ထဲကို ခေါ်လိုက်စမ်းပါ ကိုဘဆွေးရယ်…



www.burmeseclassic.com

www.burmeseclassic.com


လာ... မောင်ရင် ထိုင်ပါဦး'

အဘိုးကြီး အဘွားကြီးက ခေါင်းဆောင်ကာ သူတို့သုံးဦး သားလည်း အိမ်တွင်းထဲသို့ ဝင်လာခဲ့ကြလေသည်။ ဧည့်ခန်းကား ကောင်းသေစ် ခပ်လတ်လတ် အိမ်ထောင်ပရိဘောဂများနှင့် သပ်သပ်ရပ်ရပ်ကြီး ပြင်ဆင်ထားလေသည်။ အဘွားကြီးက တင်မောင်ဆွေအား ကုလားထိုင်တစ်လုံးကို ညွှန်ပြလိုက်ပြီးနောက် သူမနှင့် အဘိုးကြီးကတော့ ဆက်တီနှစ်ယောက်ထိုင် ကုလားထိုင်ရှည်ကြီး တစ်လုံးတွင် ဘေးချင်းယှဉ်လျက်သား ထိုင်ချလိုက်လေ၏။

တင်မောင်ဆွေကား မည်သို့မှ မပြောသေးဘဲ အိမ်၏အခြေအနေကို လှည့်ပတ်ကြည့်နေလိုက်ပြန်သည်။ အခန်းထောင့်မှ ကျွန်းစားပွဲကလေးပေါ်တွင် အဖိုးတန်လျက် တော်တော်ပင် သစ်သော ဘွတ်ရှာရေဒီယိုကြီးတစ်လုံးက ရှိနေသည်။ ဦးဘဒွေးနှင့် ဒေါ်မိန်းကလေးတို့ လင်မယားကား ချမ်းသာကြွယ်ဝခြင်းမရှိသည့်တိုင်၊ တော်တော်ပင် ချောင်လည်သောသူများ ဖြစ်နေကြပုံရလေ၏။

တင်မောင်ဆွေလည်း သူ၏မျက်လုံးများကို ... မှ လင်မယားဆီသို့ လွှဲပြောင်းလိုက်ကာ စကားစလိုက်လေသည်။

'ကျွန်တော်ဟာ ရန်ကုန်က အလွတ်စုံထောက်တစ်ယောက် ပါပဲခင်ဗျာ... ကျွန်တော်ဟာ ဒေါ်မြသွေးကိုယ်စား ကိစ္စတစ်ခုကို လိုက်စုံစမ်းပေးနေရပါတယ်'

ဒေါ်မြသွေးဟူသော နာမည်ကို ကြားလိုက်ရလျှင် အဘွားကြီးသည် ရုတ်တရက် အသံကလေးတစ်ခု ပြုလိုက်ပြီးနောက် နှုတ်ခမ်းကိုကိုက်လျက် ချုပ်တည်းထားလိုက်ပုံလေ၏။ ဦးဘဒွေးကတော့ ငုတ်တုတ်ကြီးသာထိုင်နေကာ မျက်စိမျက်နှာပင် မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရှိနေရလေသည်။

'ဦးနဲ့ ဒေါ်ဒေါ်တို့က လွန်ခဲ့တဲ့အနှစ် ၂၀-လောက်က၊ မွေးခဲ့တဲ့ ဒေါ်မြသွေးရဲ့ သားကလေးကိုယူမွေးစားခဲ့ကြတယ် မဟုတ်လား…'

လင်မယားနှစ်ယောက်မှာ ဦးခေါင်းကိုသာ ပြိုင်တူညိတ်ပြလိုက်ကြလေ၏။ တင်မောင်ဆွေကတော့ စကားဆက်ပြန်လေ၏။

'အခု ဒေါ်မြသွေးဟာ သူ့သားဟာ သူနဲ့မဆိုင်တော့မှန်းကို နားလည်ထားပါတယ်… သားဖြစ်သူနဲ့ ပြန်ပြီးဆက်သွယ်ရဖို့ကိုလည်း သူက မလိုလားပါဘူး…'

'ဒီ… ဒီ… လိုဆိုရင်… ဒီမိန်းမက ဘာပြုလို့ လွန်ခဲ့တဲ့ အနှစ် ၂၀-လောက်က ဖြစ်ခဲ့ရတဲ့ ကိစ္စကို ပြန်ပြီး အစဖော်ချင်နေရတာလဲ မောင်ရင်ရယ်…'

ဒေါ်မိန်းကလေးက စိတ်မငြိမ်မသက်နှင့် လက်နှစ်ဖက်ကို ပွတ်သပ်နေရာမှ ခပ်ဆိုင်းဆိုင်း ပြန်မေးလိုက်ခြင်းဖြစ်လေ၏။

'ဒေါ်မြသွေးက သူမွေးထုတ်ခဲ့ရတဲ့ သားကလေးဟာ အခုအချိန်မှာ အသက်ရှင်လျက် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ရှိနေရဲ့လားဆိုတာကို သိချင်ရှာတာတစ်ခုပါပဲ ဒေါ်ဒေါ်ရယ်… ပြီးတော့လည်း သူမသေခင်မှာတော့ သူ့သားကို တစ်ခါလောက် မြင်ဖူးတွေ့ဖူးသွားချင်ရှာသတဲ့'

သည်တစ်ခါတော့ ဦးဘဒွေးက မျက်မှောင်ကုတ်ကာ မေးခွန်း ပြန်ထုတ်လိုက်၏။

'ဒီမိန်းမဟာ… လွန်ခဲ့တဲ့ အနှစ် ၂၀-လောက်က သူ့ကြည်ကြည်ဖြူဖြူပေးလိုက်ပြီး သူ့အတွက် သူစိမ်းဖြစ်နေတဲ့ သား

www.burmeseclassic.com



ကလေးကို ဘယ်လိုနည်းနှင့် ပြန်တွေ့ချင်သတဲ့လဲ မောင်ရင်… ဖြစ်နိုင်မယ် မထင်ပါဘူး'

'သူဟာ သူငယ်ကလေးရဲ့ အမေအရင်းဖြစ်မှန်းကို အသိပေးဖို့ မလိုပါဘူး… ဦး၊ ဒီအတွက် စိတ်မပူပါနှင့်… သူစိမ်းတရံစာ မိန်းမကြီး တစ်ယောက်အနေနဲ့ပဲ သူ့သားကို သူတွေ့ရရင် ဒေါ်မြသွေးက ကျေနပ်ပါပြီ။ သူ့ခမျာဟာ တကယ်တော့ သံယောဇဉ် ငြိတွယ်စရာဆိုလို့ လောကကြီးမှာ တစ်ယောက်တလေမှ မရှိရှာတဲ့ မိန်းမတစ်ယောက်ပါ ဦးတို့ရယ်… သူ့ရဲ့ နောက်ဆုံးဆန္ဒကို ဦးတို့က ဖြည့်ဆွမ်းပေးလိုက်ရင် ကုသိုလ်တောင် ရပါသေးတယ်'

'အေးကွယ်… ဒီလို ကြားရတော့ ဦးတို့လည်း စိတ်မကောင်းမိတာ အမှန်ပါပဲ။ ဖြစ်နိုင်ရင်တော့ ဦးတို့ကလည်း ဆောင်ရွက်ပေးချင်ပါတယ်'

'ဖြစ်နိုင်ရင်တော့ ဆိုတာက ဘယ်လိုပါလဲ ဦး'

ဦးဘဒွေးသည် အင်မတန်မှ စိတ်ပင်ပန်းလာဟန်နှင့် သူ့နဖူးကို လက်နှင့်အုပ်လိုက်ကာ သက်ပြင်းကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်လေသည်။ ပြီးမှ အက်ကွဲသောအသံကြီးနှင့် တင်မောင်ဆွေ၏ မေးခွန်းကို ပြန်ဖြေလိုက်လေ၏။

'ဦးတို့ သားကလေးဟာ… ဆုံးသွားပါပြီကွယ်'

'သူ့ခမျာ… သက်ဆိုးမရှည်ရှာပါဘူး မောင်ရယ်'

ဒေါ်မိန်းကလေးကလည်း တုန်ရီသော အသံကလေးနှင့် ပြန်ဖြေလိုက်ရှာ၏။

'ကျွန်တော် ဝမ်းနည်းပါတယ်ဒေါ်ဒေါ်… သူ… သူ ဘယ်တုန်းက ဆုံးသွားခဲ့တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိန်းကလေးကား သည်တစ်ခါတော့ ပြန်မဖြေနိုင်။ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်ရှာ၏။ ဦးဘဒွေးကမူ သူ့မယား၏ သိမ့်သိမ့်ခါနေသော ပခုံးများအား လှမ်းဖက်ထားလိုက်လျက် တင်မောင်ဆွေအား စိတ်ဆိုးစွာ ကြည့်လိုက်လေ၏။

'မောင်ရင်က ဦးတို့ကို ဘာပြုလို့ ခုလိုလာပြီး စိတ်ညှဉ်းပန်းနေတာလဲ၊ ဦးတို့ဟာ ဒီကလေးအတွက် တော်တော်ပဲ စိတ်ဒုက္ခခံစားနေကြရပါပြီ'

တင်မောင်ဆွေကလည်း အားနာစွာနှင့်ပင် ၄င်းကို ပြန်ကြည့်လိုက်မိလေ၏။

'ကျွန်တော်လည်း ဦးတို့ကို လွန်ပြီးတဲ့ကိစ္စတွေ လာပြန်ဖော်ပေးနေရတာကို ဝမ်းနည်းပါတယ် ဦးရယ်။ ဒါပေမယ့် ဒီကိစ္စဟာ ထိုအပ်နေပါတယ်… ဒီကလေးဘယ်တုန်းကဆုံးသွားရတယ်ဆိုတာကို သူ့မိခင်အရင်း ဒေါ်မြသွေးကလည်း သိချင်ရှာမှာပဲ'

'သူ့ကလေးဟာ… အသက် ၆-နှစ် အရွယ်ကပဲ ဆုံးသွားရှာပါတယ်ကွယ်… သူ့ကို ဦးတို့က သားအရင်းလိုပဲ ချစ်ခဲ့ကြပါတယ်'

တင်မောင်ဆွေကား အဘိုးကြီး၏ တုန်ရီစွာ ပြောနေသောစကားတွေကို နားထောင်နေရာက သူ့မျက်လုံးများကတော့ အဘိုးကြီးနောက်ဘက်ရှိ အိမ်တွင်းခန်း ပြတင်းပေါက်ဆီသို့ ရောက်ရှိနေကြကာ အံ့အားသင့်စွာနှင့် ပြူးကျယ်လာနေကြလေသည်။ ထိုတံခါးဝတွင် အသက် ၂၅-နှစ်ခန့်ရှိ မိန်းမရွယ်တစ်ယောက်က ရပ်နေ၏။ သူ့မှာ အသားကလေး ညိုစိမ့်စိမ့်နှင့် အညာဆန်ဆန်ချောကာ ကျစ်လစ်၍



www.burmeseclassic.com

www.burmeseclassic.com



အချိုးအစားကျသော ကိုယ်လုံးကိုယ်ပေါက်ရှိနေ၏။ သူမ၏မျက်လုံးများကား စက်ဆုတ်ရွံရှာလှစွာနှင့် တင်မောင်ဆွေ၏ မျက်နှာကို စိုက်ကြည့်နေတာ သူမ၏လက်နှစ်ဖက်မှာတော့ နှစ်လုံးပြူးသေနတ်တစ်လက်ကို ကိုင်ကာ တင်မောင်ဆွေ၏ ရင်ဘတ်တည့်တည့်သို့ ချိန်ရွယ်ထားလျက်ရှိနေလေသည်။

သူမသည် ရှေ့သို့ တိုးလာကာ ပြတ်တောင်းသော အသံကလေးနှင့် အမိန့်ပေးလိုက်လေသည်။

'ရှင်… အခုချက်ချင်း ထွက်သွားပါ'

သူမ၏စကားများကို တင်မောင်ဆွေက သဘောမကျမိသော်လည်း အသံကလေးကိုတော့ စိတ်ထဲက နှစ်ခြိုက်လိုက်မိ၏။ သူမ၏ ညီစိမ့်သောအသားနှင့် တစ်မျိုးပင် လိုက်လှသောအသံပြာတာတာကလေးဖြစ်ကာ စွဲမက်စရာ ကောင်းနေလေသည်။ တင်မောင်ဆွေက ကုလားထိုင်ပေါ်မှ ဖြည်းညင်းစွာ ထလိုက်ကာ သူမအား မျက်နှာချိုသွေးလျက် ကြည့်လိုက်ရလေသည်။

'ကျွန်တော်ဟာ ဒီကို ငြိမ်းချမ်းတဲ့ ကိစ္စတစ်ခုအတွက်နဲ့ လာတာပါခင်ဗျာ… ဓားပြတိုက် အနုကြမ်းစီးမယ့်လူတစ်ယောက် မဟုတ်ပါဘူး'

နှစ်လုံးပြူး မိန်းမရွယ်ကတော့ အထင်သေးရွံရှာသောအပြုံးကလေးမျိုးကို ပြုံးလိုက်လေ၏။

'ရှင် ဘယ်သူ ဘယ်ဝါဖြစ်ပြီး ဘယ်ကလာတယ်ဆိုတာကို ကျွန်မ မသိပေမယ့် ဘယ်လိုအစားထဲကဆိုတာကိုတော့ ကျွန်မ နားလည်ပါတယ်လေ။ ဘကြီးဒွေးနဲ့ ကြီးကြီးမမိန်းကလေးတို့ ရှင်တို့လို ရန်ကုန်လူလည်တွေ နောက်ထပ်လာမနှောင့်ယှက်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တတ်နိုင်သမျှ ကာကွယ်ပေးရမှာပဲ။ ဒီတော့ ရှင်နောက်ထပ် စကားရှည်မနေဘဲ ဒီကထွက်သွားရင် ကောင်းပါလိမ့်မယ်'

'ကျွန်တော့်နာမည်က တင်မောင်ဆွေပါ ခင်ဗျာ… ရန်ကုန်လူလည်တစ်ယောက် ဟုတ်မဟုတ်ဆိုတာကတော့ ကျွန်တော့်ကို ကြည့်မြင်တဲ့ လူအပေါ်မှာတည်နေတာပါပဲ… ကျွန်တော့် အလုပ်ကတော့ အလွတ်စုံထောက်ပါပဲ… ကျွန်တော် ဒီကိုလာတာဟာ ကျွန်တော့် တရားဝင်အမှုသည် တစ်ယောက်ရဲ့ ပျောက်ဆုံးနေတဲ့ သားအကြောင်းကို စုံစမ်းရဖို့ပါပဲ။ ဒီသားကို ဟောဒီက ဦးတို့လင်မယားက မွေးစားခဲ့ပြီး ကလေးဟာ ငယ်ငယ်ကတည်းက သေရပြီး၊ ဆိုတာကို ကျွန်တော်သိသွားပါပြီ။ ကျွန်တော် နားမလည်တာက ဒီကိစ္စကလေးအတွက်နဲ့ ခင်ဗျားတို့က ဘာပြုလို့များ ဒါလောက်တောင် ထိတ်ထိတ်လန့်လန့် ရှုပ်ရှုပ်ရှက်ရှက် ဖြစ်နေကြသလဲဆိုတာပါပဲ… ဒါနဲ့ ခင်ဗျားနာမည်က ဘယ်သူ…'

'မစိန်းကြည်တဲ့…' ဟု နှစ်လုံးပြူးနှင့် မိန်းမရွယ်က သွတ်ခနဲ ပြန်ဖြေလိုက်ပြီးမှ ချစ်စရာကောင်းသော မျက်မှောင်ကလေး ကုတ်ကာ ရန်တွေ့လိုက်ပြန်သည်။

'ရှင် ကျွန်မနာမည်ကို ဘာပြုလို့ သိချင်ရပြန်တာတုန်း…'

'ဩော်… ကျွန်တော့်ကို သေနတ်နဲ့ ချိန်ပြီး ခြိမ်းခြောက်နေတဲ့လူဟာ ဘယ်သူဘယ်ဝါဆိုတာကိုတော့ သိချင်မိသေးသပေါ့ဗျာ…'

'ကျွန်မဟာ ဘကြီးဒွေးတို့ကို ဆွေမျိုးအရင်းအချာလိုပဲ ချစ်ခင် စောင့်ရှောက်နေသူတစ်ယောက်ပါပဲ၊ အလုပ်ကတော့ ကျောင်းဆရာမ… ကဲ… ရှင် ဒါတွေသိရတော့ ဘာလုပ်ချင်သေးသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အို··· အို··· ဘာမှ မလုပ်ဝံ့ပါဘူးခင်ဗျာ··· အင်း··· ခင်ဗျား က ကျောင်းဆရာမကိုး··· ဒါကြောင့် လူတစ်ဖက်သားကို ညြဏာပေးရဖို့ ဝါသနာပါနေတာနဲ့ တူပါတယ်'

'အခုရှင့်ကို ကျွန်မထပ်ပြီး ညြဏာပေးနေပါတယ်လေ··· ရှင် အခုချက်ချင်း ထွက်သွားပါတော့။ ရှင်တို့ ဒီလို ဒီအဘိုးကြီး အမယ်ကြီးကို ခဏခဏလာပြီး နှောင့်ယှက်နေဖို့ကို ကျွန်မ ခွင့်မပြု နိုင်ဘူး'

မစိန်းကြည်က မျက်နှာထား တင်းတင်းမာမာကလေးနှင့် ပြောနေသည့်တိုင် တင်မောင်ဆွေကတော့ နေရာမှ မလှုပ်သေး။

'ကျွန်တော့်အပြင် ဒီကိစ္စကို ဘယ်သူကများ လာမေးခဲ့ လို့လဲ၊ ဒါကိုတော့ ကျွန်တော်သိသွားပါရစေ မစိန်းကြည်··· '

'လူတစ်ယောက်ပေါ့ရှင်··· ဆောင့်ကြွားကြွားနဲ့ စကားပြော တာက သိပ်အာဏာသံပါတာပဲ··· ဒီလူနဲ့စာရင်တော့ ရှင်က တော် ပါသေးတယ်။ ဒါပေမယ့် ရှင့်ကိုလည်း သူက လွှတ်လိုက်တာပဲ မဟုတ်လား'

'ဘုရားစူးရပါစေရဲ့ဗျာ၊ ကျွန်တော် ဒီအကြောင်းကို ခုမှ သိရတာပါ။ ဒီလူ့နာမည်ကို ပြောသွားသေးသလား··· ဒီလူ ဘယ် တုန်းကလာခဲ့တာလဲ'

'သူ့ကိုယ်သူ ဥက္ကာလို့တော့ ပြောသွားတာပဲ။ လာတာ ကတော့ မနေ့က ညနေကပဲ'

တင်မောင်ဆွေ၏ မေးခွန်းကို ဦးဘဒွေးက ဝင်ဖြေလိုက်ခြင်း ဖြစ်လေ၏။

'ဒီတုန်းက ငါ့တူမကြီး မရှိပါဘူးကွယ်။ ဒါပေမဲ့ ဒီလူ



www.burmeseclassic.com

www.burmeseclassic.com


စကားပြောပုံက သိပ်မာတော့ ဦးတို့လည်း စိုးရိမ်မကင်းဖြစ်ပြီး သူ့ကို ပြောထားခဲ့ရတာပါ'

တင်မောင်ဆွေလည်း ခေါင်းကို ဖြည်းညှင်းစွာ ညိတ်လိုက်ပြီးနောက် မစိန်းကြည်ဆီသို့ ပြုံး၍ ကြည့်လိုက်လေသည်။

'ခင်ဗျား လက်ထဲမှာ သေနတ်ကြီး ကိုင်ထားရတာ ညောင်းရောပေါ့ မစိန်းကြည်… ကျွန်တော်ဟာ ဥက္ကာလို လူစားမျိုး မဟုတ်ပါဘူး… သူ့ရဲ့ မိတ်ဆွေတစ်ယောက်လည်းမဟုတ်ပါဘူး။ ကဲ… ဦးတို့ ဒေါ်ဒေါ်တို့ကို ကျေးဇူးတင်ပါတယ်။ လာပြီး အနှောင့်အယှက်ပေးမိတာကိုလည်း ဝမ်းနည်းပါတယ်…။ ကဲ… မစိန်းကြည် ကျွန်တော်သွားပါတော့မယ်။ နောက်ကို ခင်ဗျားလက်ထဲမှာ သေနတ်ကိုင်လျက်သားနဲ့ မဟုတ်ဘဲတော့ တွေ့ချင်ပါသေးတယ်ဗျာ… ကျွန်တော်ဟာ တကယ်တော့ ခင်မင်တတ်တဲ့ လူတစ်ယောက်ပါဗျ…'

တင်မောင်ဆွေက ခပ်ပြုံးပြုံးပြောလျက် ထွက်သွားသည့်တိုင်အောင်ပင် မစိန်းကြည်မှာတော့ လက်ထဲက နှစ်လုံးပြူးသေနတ်ကြီးကို ချိန်မြဲချိန်ထားလေ၏။ သို့ရာတွင် သူမ၏ မျက်နှာကလေးကတော့ ပြုံးစေ့စေ့ကလေးပင် ဖြစ်နေရလေ၏။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

- ၅ -

တင်မောင်ဆွေသည် ဆူးလေဘုရားလမ်းရှိ သူ့တိုက်ခန်းသို့ နံနက် ၁၁-နာရီကျော်ကျော်လောက်တွင် ပြန်ရောက်လာရလေသည်။

အလုပ်တိုက်ထဲတွင် မေစီတစ်ယောက်သာရှိနေကာ အမှုသည်တစ်ယောက်ထံသို့ ပေးစရာရှိသည့် အစီရင်ခံစာကို လက်နှိပ်စက်နှင့် တဖျောက်ဖျောက်ရိုက်နေ၏။ တင်မောင်ဆွေက သူမအား မေးကလေးပစ်လျက် ချစ်စနိုး နှုတ်ဆက်လိုက်ပြီးနောက် ဒေါ်မြသွေး၏ကိစ္စကို ပြောပြကာ သူမ၏ဖုန်းနံပါတ်ကို သူက စပယ်ရှယ် စုဆောင်းထားသော ဖုန်းနံပါတ်စာရင်းတွင် ရှာခိုင်းလိုက်လေသည်။ ဖုန်းနံပါတ်ရလျှင် သူ့သီးသန့်အခန်းထဲမှ ဖုန်းနှင့် ဆက်သွယ်လိုက်လေသည်။

'တင်မောင်ဆွေ စကားပြောနေပါတယ်။ ဒေါ်ဒေါ် စုံစမ်းခိုင်းတဲ့ကိစ္စကို သိခဲ့ရပါပြီ'

'အို… ဟုတ်လား ဘယ်လို… ဘယ်လို… သူ…'

ဒေါ်မြသွေး၏အသံသည် တစ်ဖက်မှ လှုပ်ရှားလှစွာနှင့်

www.burmeseclassic.com



ပေါ်ထွက်လာ၏. . . ။

'ဟုတ်ကဲ့ဒေါ်ဒေါ်. . . သူ့ကို မွေးစားတဲ့ လင်မယားကို ကျွန်တော် စုံစမ်းသိရပြီး ကျွန်တော်ကိုယ်တိုင် သွားခဲ့ပါတယ်. . . အင်းစိန်ရွာမမှာနေတဲ့ ဦးဘဒွေးနဲ့ ဒေါ်မိန်းကလေးဆိုတဲ့ လင်မယား ပါပဲ'

'ဟုတ်လား. . . ဒို့ သူ့ကိုကော မောင်တွေ့. . . '

'ဦးဘဒွေးတို့ လင်မယားက ပြောပါတယ်။ သူ့ကို သူတို့ သားအရင်းနဲ့မခြား ချစ်ပါတယ်။ ကလေးကို ၆-နှစ်အရွယ်မှာ ဆုံး သွားရတဲ့အတွက် သူတို့ဟာ အင်မတန်မှ စိတ်ထိခိုက်နေကြပါတယ်'

တင်မောင်ဆွေက ဤစကားများကို ဖြေးညင်းစွာပြောလိုက် လေသည်။ တစ်ဖက်မှ အသံကား ခေတ္တ လုံးဝတိတ်ဆိတ်သွားလေ တော့၏။ တင်မောင်ဆွေကား မျက်စိထဲတွင် ဒေါ်မြသွေး၏ မျက်နှာ ကို မြင်ယောင်လာမိကာ သူပြောလိုက်သည့် သတင်းသည် သူမ အတွက် မည်မျှ စိတ်ထိခိုက်ဖွယ်ရာ ဖြစ်ရလိမ့်မည်ကို ကိုယ်ချင်းစာ မိလျှက် ကရုဏာတသိမ့်သိမ့် ခံစားလာရလေတော့၏။

ခေတ္တကြာမှ ဒေါ်မြသွေး၏အသံ ခပ်အက်အက်ကလေး ထွက်ပေါ်လာ၏။

'သူ. . . သူ. . . သေသွားပြီ ဆိုတော့ ဒေါ်ဒေါ်. . . ဒေါ်ဒေါ်. . '

'ကျွန်တော် အခုလို သတင်းမျိုးပြောရတာ အင်မတန် ဝမ်းနည်းမိပါတယ် ဒေါ်ဒေါ်. . . ကျွန်တော်သူတို့ ပြောသမျှကို ပြန်ပြောပြရတာပါပဲ'

'အေး. . . ဒေါ်ဒေါ် နားလည်ပါတယ်ကွယ်. . . ' ဟု တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်မှ ဒေါ်မြသွေးအသံက လေးတွဲ့တွဲ့ပေါ်လာပြီး နောက်မှ ရုတ်တရက် ဘင်္ခေါင်းဆွဲ စကားအဓိပ္ပာယ်ကို နားလည်လာမိဟန်ဖြင့်…

'သူတို့ ပြောသမျှဆိုတာက ဘာလဲ မောင်ရယ်… မောင်ဘာဆိုလိုတာလဲ။ သူတို့က ဒေါ်ဒေါ်သားကလေး သေပြီလို့ ပြောလိုက်တာ မမှန်ဘူး… လို့များ ဆိုလိုတာလားကွဲ့'

'ဒီလိုလဲမဟုတ်ပါဘူး ဒေါ်ဒေါ်… သူတို့ပြောလိုက်တာ မှန်တယ် မမှန်ဘူးရယ်လို့ ကျွန်တော်(ချက်ကင်) လုပ်မကြည့်ရသေးတာကတော့ အမှန်ပါပဲ'

'အို… ဒီလိုဆိုရင် ဒေါ်ဒေါ်သားလေး သေပြီဆိုတာ ဟုတ်ချင်မှ ဟုတ်မှာပေါ့နော်… သူတို့က တမင်သက်သက်…'

တစ်ဖက်မှ ဒေါ်မြသွေး၏အသံမှ မျှော်လင့်ချက်တွေ တက်လာပြီး တက်ကြွလာ၏။

'သိပ်လည်း မျှော်လင့်ချက်ကြီးတော့ မထားပါနဲ့ ဒေါ်ဒေါ်၊ ဒါပေမယ့် ဒီကိစ္စမှာ ဘဝင်မကျစရာကလေးတွေက ရှိနေသေးပါတယ်… ဒါတွေကို ကျွန်တော်က ဆက်စုံစမ်းကြည့်ဖို့ကိုတော့ ကြံရွယ်ထားနေတာပါပဲ…'

'ဒီ ဦးဒွေးနဲ့ ဒေါ်မိန်းကလေးတို့ ဆိုတာတွေက ဖြောင့်မတ်ကြတဲ့လူတွေ မဟုတ်ပါဘူးလားမောင်ရဲ့'

'ကျွန်တော်မတွေ့ခဲ့ရသမျှ ဆိုရင်တော့ ဒီလင်မယားနှစ်ယောက်ဟာ ရိုးရိုးတန်းတန်း နေနေကြတဲ့ လူတွေလို့သာ ယူဆခဲ့တာပါပဲ ဒေါ်ဒေါ်… ဒါပေမယ့် လူကောင်းတွေကိုယ်တိုင်မှာလည်း တစ်ခါတစ်ခါတော့ လိမ်လည်ပြောဆိုစရာ အကြောင်းတွေဟာ ရှိနေတတ်တာကလား။ ကျွန်တော်က ဒီအကြောင်းတွေ ရှိနေသလား



www.burmeseclassic.com

www.burmeseclassic.com


ဆိုတာကို လိုက်စုံစမ်းကြည့်ရမှာပါပဲ။ ဘယ့်နှယ်လဲ ဒေါ်ဒေါ်၊ ကျွန်တော် ပြောတာကို ဘယ်လိုသဘောရသလဲ'

'ကောင်းပါတယ် မောင်...'

'ဒါပေမယ့် ကျွန်တော်ဒီလို စုံစမ်းပေးရတဲ့အတွက် ကုန်ကျစရိတ်တွေကို ဒေါ်ဒေါ်က ခံဖို့မလိုပါဘူး ဆိုတာကို ကျွန်တော် ပြောချင်ပါတယ်။ ဒီလို လိုက်စုံစမ်းတာဟာ ကျွန်တော်ကိုယ် တိုင်က ဒီကိစ္စကို စိတ်ထဲက မကျေမနပ် ဖြစ်နေရတဲ့အတွက်ပါပဲ။ ဒီတော့ ကျွန်တော် စိတ်ကျေနပ်မှုအတွက် ကျွန်တော် လိုက်စုံစမ်းရာမှာ ဒေါ်ဒေါ်က စရိတ်စက ဝင်ခံဖို့အကြောင်းမရှိပါဘူး'

'အို... မဟုတ်တာဘဲ မောင်ရယ်... ဒီကိစ္စကို မောင်က ဘယ်လို အကြောင်းကြောင့် ဆက်စုံစမ်းရပါစေ၊ ကိစ္စက ဒေါ်ဒေါ့်ကိစ္စ ဖြစ်နေရတာပဲ၊ ကုန်ကျသမျှကို ဒေါ်ဒေါ်ကပေးပါ့မယ် မောင်ရယ်... ဘီလ်တင်လိုက်ပါ'

'ကောင်းပြီလေ... ဒါပေမယ့် တင်လိုက်တဲ့ ဘီလ်မှာ ဂဏာန်းများများတော့ ပါမှာမဟုတ်ဘူး ဒေါ်ဒေါ်'

'ကျေးဇူးပါပဲ မောင်ရယ်... မောင်ဟာစိတ်ကောင်းရှိတဲ့ လူတစ်ယောက်ပါပဲ၊ ဒေါ်ဒေါ့်ကို ဒီကိစ္စနှင့် ပတ်သက်ပြီး အကြောင်း ထူးလာရင် ဆက်ဆက် အကြောင်းကြားပါဦးကွယ်နော်'

'စိတ်ချပါ ဒေါ်ဒေါ်...'

တင်မောင်ဆွေလည်း တယ်လီဖုန်းကို ပြန်ချလိုက်ကာ အရေးအကြောင်းရှိလျှင် သူ ခေါ်ယူ အသုံးပြုတတ်သည့် တပည့် တစ်ဦးဖြစ်သူ အီစမိုင်ကြီးထံ ဖုန်းဆက်လိုက်ပြန်လေ၏။ သူသည် အီစမိုင်ကြီးအား လူဝကြီး ကိုညွှန့်ဟန်၏ ပုံပန်းသဏ္ဌာန်နှင့် နေရပ်


www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပြောပြလိုက်ကာ ၎င်းနှင့်ပတ်သက်၍ သိရှိနိုင်သမျှသော အကြောင်းအရာများကို အမြန်စုံစမ်းပေးရန် တာဝန်လွှဲအပ်ပေးလိုက်လေ၏။

ပြီးလျှင် မေစီအားခေါ်ကာ နံနက်စာ ပြန်စားဖို့ အခွင့်ပေးလိုက်ပြီး သူ့အတွက်လည်း အောက်ထပ်ရှိ ဟော်တယ်မှ ထမင်းပွဲပေးပို့ရန် ဝင်မှာဖို့ ခိုင်းလိုက်လေသည်။ မေစီ ထွက်သွားပြီးနောက် အထက်ခန်းတစ်ခုလုံးတွင် သူတစ်ယောက်တည်းသာ ကျန်နေရစ်ခဲ့ရလေသည်။ သူသည် စီးကရက်တစ်လိပ်ကို မီးညှိကာ ခေါင်းထဲတွင် အချိန်ယူစဉ်းစားစရာ ရှိနေသမျှ အချက်တွေကို အေးအေးဆေးဆေး သုံးသပ်ဝေဖန်နေလိုက်လေသည်။

အပြင်မှ ခြေသံလိုလို ရုတ်တရက် ကြားလိုက်ရသည့်အခါတွင်ကား တင်မောင်ဆွေက အောက်ထပ်ဟော်တယ်မှ သူ့အတွက် ထမင်းပွဲလာပို့ခြင်းဖြစ်မည်ဟု အထင်နှင့် တံခါးပေါက်ဝသို့ ကြည့်နေလိုက်မိလေသည်။ သို့ရာတွင် တံခါးသည် သူထင်မှတ်သလို ရိုးရိုးပွင့်မလာဘဲ တစ်စုံတစ်ယောက်က အတွင်းသို့ ချောင်းကြည့်နေသည့်အလား ဖြည်းဖြည်းချင်း ပွင့်ဟ၍လာနေရာ တင်မောင်ဆွေ၏ လက်တစ်ဖက်က အံဆွဲထဲတွင် ထည့်ထားသော သူ့သေနတ်ဆီသို့ ရောက်သွားလေသည်။

'ချောင်းကြည့်မနေပါနှင့်လေ… တံခါးတွန်းဖွင့်ပြီး ဝင်လာခဲ့ပါ'

သေနတ်ဒင်ကို လက်တစ်ဖက်ဖြင့် အသင့်ဆုပ်ကိုင်ထားကာ တင်မောင်ဆွေက လှမ်းပြောလိုက်သည့်အခါတွင်ကား တံခါးသည် ပွင့်လာပြီးအခန်းထဲသို့ လူရွယ်တစ်ယောက် ဝင်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ၄င်းလက်ထဲတွင် ဘယ်လိုလက်နက်မှ ပါမလာရာ တင်မောင်ဆွေကလည်း သူ့သေနတ်ကို ပြန်လွှတ်လိုက်လေသည်။ သို့ရာတွင် အံဆွဲကိုတော့ လိုလိုမယ်မယ် အဆင်သင့် ဖွင့်ထားလိုက်လေ၏။

ဝင်လာသူ လူရွယ်ကား အသက် ၂၀-ကျော်ရုံမျှသာရှိမည်ဟု ခန့်မှန်းရလေသည်။ အဲရီးရှပ်လက်ရှည် အပြာနုရောင်၊ ဂါဘဒင်းဘောင်းဘီရှည်နှင့် စမတ်ကျကျဝတ်ဆင်ထားကာ ညာလက်တွင် ရိုးလက်စ် ရွှေလက်ပတ်နာရီကို ပတ်ထားပြီး၊ ရှပ်အင်္ကျီ ရင်ဘတ်အိတ်ကပ်တွင်တော့ ပတ်ကား ၅၁-ဖောင်တိန်က တစ်ချောင်းချိတ်လျက်သားရှိနေရာ တော်တော်ပင် အဆင့်အတန်း မြင့်သောကျောင်းသားလူငယ်ထဲက ဖြစ်မည်ဟု ခန့်မှန်းစရာဖြစ်နေရ၏။

လူရွယ်သည် ရှေ့သို့တိုးလာရာက လက်နှစ်ဖက်ကို တင်မောင်ဆွေ စားပွဲပေါ်တွင် ထောက်လိုက်ရာမှ တင်မောင်ဆွေအား စူးစိုက်ကြည့်လိုက်လေသည်။

'ကျွန်တော်ဟာ ဦးမြတ်သာကျော်ရဲ့သား ဖိလစ်သာကျော်ပါပဲ... ခင်ဗျားဟာ မနေ့ညက ကျွန်တော့်နှမ ဖြူဖြူကျော်ကို စော်ကားခဲ့တယ်... ဖြူဖြူဟာ ခင်ဗျားကမှာလို့ ခင်ဗျားကိုလာတွေ့ခဲ့ရာမှာ ခင်ဗျားဟာ လူကြီး လူကောင်း မပီသတဲ့ အပြုအမူနဲ့ ကျုပ်နှမကို ရိုင်းရိုင်းစိုင်းစိုင်းပြောလွှတ်လိုက်တယ် မဟုတ်လား...'

'ဒီမှာ... မောင်ဖိလစ် မင်းဟာ လူတစ်ဖက်သားကို ဒီလို အရမ်းမစွပ်စွဲထိုက်ပါဘူး... ငါဟာ အမှုတစ်ခုမှာလိုက်ပြီး ဆောင်ရွက်နေရတယ်။ မင်းနှမက တခြားအမှုတစ်ခုငါ့ကိုအပ်တယ်။ ငါက လက်မခံနိုင်လို့ ငြင်းလွှတ်လိုက်တာပဲ... မင်းကို သူကငါ့ဆီကို



www.burmeseclassic.com

www.burmeseclassic.com



လာဖို့ လွှတ်လိုက်တော့ ဒီအကြောင်းတွေကို ပြောပြလိုက်ရဲ့လား'

'ကျုပ်ကို ဖြူဖြူက လွှတ်လိုက်တာမဟုတ်ဘူး။ သူက ခင်ဗျားနဲ့ ညကတွေ့ရတုန်းက ဘာဖြစ်ခဲ့တယ်ဆိုတာကိုသာ ပြောပြခဲ့တာ… ဒီတော့ ကျုပ်အတွက်ခင်ဗျားကို ဆုံးမဖို့ လိုက်လာစရာ အကြောင်းက ပေါ်ခဲ့ရတော့တာပဲ'

တင်မောင်ဆွေက ဤတွင် ဖိလစ်သာကျော်အား ပြုံးပြုံး ကြီးကြည့်ကာ ပြန်ဖြေလိုက်လေ၏။

'ကဲ… ဒီလိုဆိုလည်း မင်း ငါ့ကို ဆုံးမတော့ပေါ့ကွာ။ ငါ မင်းရှေ့မှာ ထိုင်နေတဲ့ ဥစ္စာပဲ'

ဖိလစ်သာကျော်၏မျက်နှာသည် ရုတ်တရက်နီမြန်းလာရာ ကား၊ ညာလက်သီးကို အားရပါးရဆုပ်လိုက်ကာ တင်မောင်ဆွေ၏ မေးစေ့ဆီသို့ ပင့်တင်လိုက်လေသည်။ သို့ရာတွင် တင်မောင်ဆွေ က သူ့ကိုယ်ကို အသာအယာ နောက်သို့လှန်လျက် လက်နှစ်ဖက် ဖြင့် ၎င်း၏လွှဲဝင်လာသော လက်ကောက်ဝတ်ကို ဖမ်းဆုတ်လိုက်ကာ တရှိန်ထိုးတည်းနှင့်ပင် ချိုးလိမ်ထားလိုက်လေ၏။ ဖိလစ်မှာ ထိုးလိုက် သောအရှိန်နှင့် ကိုယ်တစ်ပိုင်းက စားပွဲပေါ်သို့ ယိမ်းထိုးကျလာကာ တင်မောင်ဆွေက လက်ကို ချိုးလိမ်ထားပြန်ရာ၌ ရှေ့ကုန်းကော့လိန် ကြီး ဖြစ်နေတော့သည်။ တင်မောင်ဆွေက ၎င်း၏လက်ကို အနည်း ငယ်အားစိုက်၍ ဖိလိမ်ပေးလိုက်လျှင်ကား အီး… အီး… ဟု ညည်းသံကြီးပင် ထွက်လာရှာလေ၏။

ဤတွင်မှ တင်မောင်ဆွေက ၎င်း၏လက်ကို ဖက်ခနဲ လွှတ်ပေးလိုက်ကာ ဘယ်လက်ဝါးနှင့် ၎င်း၏ နသယ်ကို ဆုပ်၍ လိုက်ပြန်ရာ ငနဲသားမှာ ဘေးသို့ ယိုင်ဆင်းသွားလေသည်။ ၎င်းက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အရှိန် ပြန်မသပ်နိုင်စဉ်မှာပင် တင်မောင်ဆွေက စားပွဲနောက်မှ ထွက်လာကာ လက်သီးနှစ်ဖက်ကို ဆက်ကာဆက်ကာ သွင်းလိုက်ရာ ဖိလစ်သာကျော်ခမျာမှာ သူ့ဗိုက်ကို လက်နှစ်ဖက်နှင့် ပိုက်လျက် ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်ကျသွားရလေတော့သည်။

'ကဲ... လူတစ်ယောက်ကို ဆုံးမရအောင်ဆိုပြီး ဘုမသိဘမသိ လိုက်လာမယ်ဆိုရင်၊ ပထမ လူဟာ ကိုယ် ဆုံးမနိုင်တဲ့လူမှ ဟုတ်ရဲ့လားဆိုတာကို အရင်ချင့်ချိန်ကြည့်ရတယ်ကွ။ ဒီသင်ခန်းစာကို မင်း ကောင်းကောင်းမှတ်သွားပေတော့...'

တင်မောင်ဆွေက ၄င်းကိုပြောရင်းကပင် ကြမ်းပြင်ပေါ်မှ ထူလိုက်ကာ တံခါးဝဆီသို့ ဆွဲခေါ်လာခဲ့၏။

'နောက်တစ်ခါကျရင် ကိုယ့်နှမစကားကိုချည်းပဲ မယုံဘဲ ဘယ်လိုဖြစ်ရတယ်ဆိုတာကို ကာယကံရှင်နှစ်ယောက်စလုံးကို မေးကြည့်ဦးကွ... ပြီးတော့ မင်းဟာ ငယ်ပါသေးတယ်ကွာ... လူကြီးအလုပ်ကို မလုပ်ချင်စမ်းပါနဲ့'

ဖိလစ်သာကျော်၏ လတ်တလောပေါ်လာသော ပြဿနာကို တင်မောင်ဆွေက ဤသို့ဖြေရှင်းလိုက်ပြီးသည့်နောက် အောက်ဆပ် ဟော်တယ်မှလာပို့သော နံနက်စာကို စားသောက်နေစဉ်မှာ အီစမိုင်ကြီး၏ အစီရင်ခံချက်က သူ့ထံသို့ ဖုန်းမှတစ်ဆင့် ရောက်လာရှေလသည်။ အီစမိုင်ကြီးကား ရန်ကုန်တွင် ဂျပိုးအကျနိုင်ဆုံးသော သူတစ်ယောက်ဖြစ်ကာ အဆက်အသွယ်တွေကလည်း များလှသည်ဖြစ်ရကား တင်မောင်ဆွေပေးလိုက်သော တာဝန်မှန်သမျှကို ဤသို့သော လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်သူတစ်ဦး ဖြစ်နေလေ၏။

'ကိုဆွေ သိချင်တဲ့လူက လှည်းကူးသားဆိုတော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com


လှည်းကူးဘက်က အဆက်အသွယ်တွေဆီ ပြေးပြီး တီးခေါက်ကြည့် ရတာပေါ့။ ကိုဆွေ့လူက တကယ်တော့ ဆွေကြီးမျိုးထဲကပဲဗျ… လှည်းကူးက ငါးသူဌေးဦးစံကျော်ရဲ့ တူတော်တယ်ဗျ… ဒါပေမဲ့ ဒီလူက ငယ်ငယ်ကတည်းက ပွေခဲ့တယ်တဲ့။ ဦးစံကျော် စီးပွားပျက် သွားတော့ ရန်ကုန်ကိုဆင်းလာပြီး ဟိုယောင်ယောင် သည်ယောင် ယောင် လုပ်နေခဲ့ရာက ရန်ကုန်က အထက်တန်းစားတွေထဲ ဝင်ဆန့် သွားတယ်တဲ့… နိုင်ငံရေးသမားတချို့နဲ့လည်း အဆက်ဖြစ်နေတယ်။ ပြီးတော့ ကစားသမားဝါရင့်ကြီးတစ်ယောက်လည်း ဖြစ်နေတယ်… ‘ရန်ကုန် အထက်တန်းစား လောကထဲက ကစားသမားတွေမှန်သမျှက သူ့ကို သိနေကြတာကလား’

‘နောက် ဘာများ ထူးထူးခြားခြားသိခဲ့ရသေးသလဲ’

‘ခုထက်ထိတော့ ဒါလောက်ပဲ စုံစမ်းလို့ရသေးတာပဲ ကိုဆွေ… ကျွန်တော် ဆက်စုံစမ်းကြည့်ဦးမယ်လေ’

‘အေး… ထူးခြားတာရှိရင် ငါ့ကို ချက်ချင်း ရီပို့လုပ်ပါ ကွာ’

အီစမိုင်ကြီးက ဖုန်းပြတ်သွားသည့်နောက် ၅-မိနစ်အတွင်း ဝယ်ပင် တင်မောင်ဆွေ၏ စားပွဲပေါ်မှ ဖုန်းက နောက်တစ်ကြိမ် အသံမြည်လာ ပြန်လေတော့သည်။ တင်မောင်ဆွေက ကောက်ယူ နားထောင်လိုက်သည့်အခါတွင်ကား သူမကြားဖူးသေးသော အသံကို ကြားလိုက်ရလေ၏။

‘အလွတ် စုံထောက်… ဦးတင်မောင်ဆွေပါလားခင်ဗျား’

‘ဟုတ်ပါတယ်’

‘ကျွန်တော်က အခုဒေါ်မြသွေးကိုယ်စား စကားပြောနေ


www.burmeseclassic.com

www.burmeseclassic.com



ပါတယ်… ဒေါ်မြသွေးက ခင်ဗျားကိုတွေ့ချင်လို့တဲ့။ ဒါပေမဲ့ သူ့အိမ်ကိုတော့ ခင်ဗျားမလာစေချင်ဘူးတဲ့'

တင်မောင်ဆွေကား ထိုစကားများ နားထောင်ရင်းက အဓိပ္ပာယ်ပါပါနှင့် တစ်ယောက်တည်း မျက်ခုံးပင့်လိုက်မိလေသည်။

'ဟုတ်လား… သူက ကျွန်တော့်ကို ဘယ်မှာတွေ့ချင်တာတဲ့လဲ'

'ခင်ဗျား… ကန်တော်ကြီး ပတ်လိန်းလမ်းကို သိတယ်မဟုတ်လား… အဲဒီလမ်းအတိုင်းလာပြီး တာမွေလမ်းထိပ်ကျတော့ သူ့ကိုတွေ့ရမှာပါပဲ။ အချိန်ကတော့ ၅-နာရီခွဲပေါ့။ ဆက်ဆက်လာဖြစ်အောင်လာပါနော်…'

'လာခဲ့ပါမယ်လေ… ဒါနဲ့ အဲဒီမှာ ခင်ဗျားကောရှိမှာလား'

'ဟင့်အင်း… ကျွန်တော်က ဒီကိစ္စမှာ ကြားက သက်သက်ဝင်ဆောင်ရွက်ပေးရတာပါ'

'ဩ… ဩ… နို့ ဒေါ်မြသွေးက ကျွန်တော့်ကို ဘာပြုလို့ တွေ့ချင်တယ် ဆိုတာကိုရော သိသလားဗျာ…'

'ဒါလည်း ကျွန်တော်မပြောတတ်ပါဘူး။ တော်တော်အရေးကြီးတယ်လို့တော့ ပြောတာပဲ'

တင်မောင်ဆွေလည်း စဉ်းစဉ်းစားစား အမူအရာနှင့် တယ်လီဖုန်းကို ပြန်ချိတ်ထားလိုက်လေသည်။ ထိုလူပြောခဲ့သည့် အရာအား မှန်ချင်လည်း မှန်နေပေမည်။ သို့မဟုတ် သူ့အတွက် ထောင်ချောက်ဆင်ခြင်းလည်းဖြစ်နိုင်၏။ တကယ် ဟုတ်မဟုတ်သိရန်မှာ ဒေါ်မြသွေးဆီ ဖုန်းဆက်ကြည့်ခြင်းဖြစ်သည်။ သို့ရာတွင် ဒေါ်မြသွေးဖုန်းက မည်သို့မှ ပြန်၍မဖြေပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြသွေးကား အိမ်တွင်ရှိပုံမရ။ အပြင်ထွက်နေဟန်တူ၏။

တင်မောင်ဆွေလည်း ဘာပဲဖြစ်ဖြစ် ချိန်းထားသည့်နေရာသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်လေသည်။ အကယ်၍ ချိန်းဆိုချက်သည် ထောင်ချောက် ဖြစ်နေပါက ကြိုတင်ပြင်ဆင်သွားသည်ဖြစ်ရကား ထောင်ချောက်မှ ရုန်းထွက်နိုင်ပြီး မိမိ၏ရန်သူတွေ မည်သူမည်ဝါဖြစ်သည်ကိုပင် သိနိုင်ဦးမည်ဟု သူက ယုံကြည်မိလေ၏။

ညနေ ၅-နာရီခွဲခန့်တွင် တင်မောင်ဆွေသည် ချိန်းဆိုရာသို့ အဆင်သင့် ရောက်လာခဲ့လေသည်။ သူ့ကုတ်အင်္ကျီအောက်မှ ပခုံးလွယ်အိတ်ထဲတွင်ကား လူဂါအောတိုမက်တစ်သေနတ်က ကျည်ဆံကပ်အပြည့် မောင်းတင်ပြီးသား အသင့်ပါလာလေသည်။

ထိုနေရာတစ်ဝိုက်တွင် လူက တော်တော်ပြတ်နေ၏။ တစ်ခါတစ်ခါတွင်သာ ကားတစ်စီးတလေ ဆိုက်ကား တစ်စီးတလေက ဖြတ်သန်းသွားတတ်လေသည်။ ချိန်းဆိုထားသော ဒေါ်မြသွေးကိုကား အနီးအနားတွင် အရိပ်အရောင်ကိုမှ မတွေ့ရသေးပေ။

တင်မောင်ဆွေက တာမွေလမ်းထိပ်တွင်ရပ်လျက် စောင့်စားနေရာ မကြာမီပင် ထိုနေရာ၌ မှောင်ရိပ်သန်းလာရလေ၏။ ထိုစဉ်၌မှာပင် ရုတ်တရက် လမ်းဘေးမှ လူတစ်ယောက် သူ့ဆီသို့ခပ်သုတ်သုတ် လျှောက်လာနေသည်ကို သူကတွေ့လိုက်ရလေသည်။ ထိုလူကား ဒေါ်မြသွေးအိမ်ရှေ့၌ သူ့အားသေနတ်နှင့်ပစ်သွားသော နှာခေါင်းရှည်ရှည်နှင့်လူပင် ဖြစ်နေ၏။ သို့ရာတွင် ၎င်းလက်ထဲ၌ ဘာလက်နက်မှ ပါမလာပေ။

တင်မောင်ဆွေက ၎င်းကိုပင် သတိထား၍ ကြည့်နေလိုက်မိ၏။ ဤသည်မှာပင် သူ့အမှား ဖြစ်နေရတော့သည်။ သူက သူ့ဆီကို



www.burmeseclassic.com

www.burmeseclassic.com



ချဉ်းကပ်လာနေသူကိုသာ ဂရုစိုက်၍ ကြည့်နေလိုက်စဉ်မှာပင် သူ့ဆားမှ ခြေသံတစ်ခုကို ကြားလိုက်ရကာ သူ့မျက်နှာ၌ အဝတ်တစ်ခုက ရုတ်တရက်လာ၍ ဖုံးလွှမ်းသွားလေ၏။ စူးရှစိမ်းရွှေသော အနံ့ကြီးကား ကလိုရိုဖောင်းမေ့ဆေးပင်ဖြစ်သည်ဟု သူက နားလည်ရပြီးသည်၏ အခြားမဲ့တွင် သူသည် တခြား ဘာကိုမှ မသိလိုက်ရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

- ၆ -

ခေါင်းတွေအုံခဲလျက် တင်မောင်ဆွေ ပြန်သတိရလာသည့် အခါတွင်ကား သူသည် အခန်းတစ်ခု၌ ရောက်နေကြောင်းကို တွေ့ လိုက်ရလေသည်။ ထောင်ချောက်ဆင်ထားမှန်း သိရလျက်နှင့် ထို ထောင်ချောက်ထဲ၌ ကျဖြစ်အောင်ကျခဲ့ရသော မိမိအဖြစ်ကို တင်မောင် ဆွေက မချင့်မရဲ ဖြစ်မိရာကပင် သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှု လိုက်မိလေသည်။

အခန်းကလေးကား အတော်ပင်ကျဉ်းကာ ခုတင်တစ်လုံး နှင့် ပက်လက်ကုလားထိုင်တစ်လုံးသာ ရှိနေ၏။ သူကတော့ ထို အရာနှစ်ခုစလုံးပေါ်၌ ရောက်မနေဘဲ ကြမ်းပြင်ပေါ်တွင်သာ စန့်စန့် ကြီး လဲနေရခြင်းဖြစ်လေသည်။

ခုတင်ပေါ်တွင်တော့ လူတစ်ယောက်က ရှိနေရ၏။ ထို လူသည် ညစ်ထေးသော ခေါင်းအုံးတစ်ခုပေါ်တွင် ခေါင်းတင်ကာ ပက်လက်ကလေး ငြိမ်သက်နေ၏။ တင်မောင်ဆွေက ဒယီးဒယိုင်



www.burmeseclassic.com

www.burmeseclassic.com



ထသွား၍ သေသေချာချာ ငုံ့ကြည့်လိုက်သည့်အခါတွင် ထိုလူမှာ ရုပ်ကလပ်တစ်ခုသာ ကျန်ရှိနေခြင်းဖြစ်သည်ကို တွေ့ရလေသည်။

ထိုလူ၏ ဦးခေါင်း နောက်ဖက်တစ်ခုလုံးနီးပါးမှာ ပွင့်ကာ ဦးနှောက်တွေပင် ထွက်ကျနေရ၏။ သို့ရာတွင် ထိုလူကား သူ၏ ခိတ်ဆွေဟောင်းကြီး ကိုနှာခေါင်းရှည်ပင်ဖြစ်လေ၏။

တင်မောင်ဆွေသည် အလောင်းကို ခေတ္တမျှတွေကြည့်နေပြီး နောက်မှ အလောင်း၏အကျီအိတ်ကို နှိုက်၍ရှာဖွေလေသည်။ တော်တော်ပင် ဖောင်းကြွနေ သော ခပ်နွမ်းနွမ်း သားရေပိုက်ဆံအိတ်ကို ငုံ့ကြည့်လိုက်ရာ၌ အထဲမှ ဖောက်ပြီးသား စာအိတ်လေးငါးအိတ်၊ ဘဲဆိပ်ခေါင်းသစ်လေးလုံးနှင့် မိန်းမပုံ့တစ်ယောက်၏ လေးလက်ခါတ်ပုံကလေးတစ်ချပ်က ထွက်လာကြလေသည်။ စာအိတ်များ အထဲတွင်ကား ဘာတွေကိုမှ မတွေ့ရ။ စာအိတ်တွေအပေါ်မှ လိပ်စာနှင့် နာမည်များကတော့ တစ်မျိုးတည်းသာ ဖြစ်နေကြလေသည်။ ကိုရွှေမောင်းဟူသောနာမည်ဖြစ်ကာ လိပ်စာကတော့ တာမွေထဲမှ လမ်းတစ်လမ်းဖြစ်နေ၏။

ထိုအရာများအပြင် ပိုက်ဆံအိတ်တွင် ငွေစက္ကူတော်တော်များများကလည်း ရှိနေလေသည်။ တင်မောင်ဆွေက ပိုက်ဆံအိတ်ထဲ အရာတွေကို ပြန်ထည့်နေစဉ် တစ်စုံတစ်ခုမာကြောသော အရာကလေးကို စမ်းမိပြန်ကာ ထုတ်ကြည့်လိုက်သည့်အခါတွင် သော့တစ်ချောင်းဖြစ်နေသည်ကိုတွေ့ရ၏။ တင်မောင်ဆွေက သော့ကိုတော့ သူ့အိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

တင်မောင်ဆွေက ခုတင်မှ ပြန်လှည့်လာသည်တွင် ကြမ်းပြင်ပေါ်မှ တစ်စုံတစ်ခုသောအရာကို သူခြေထောက်တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



သွားကန့်သွားမိလေသည်။ ငုံ့ကြည့်လိုက်သည့်အခါတွင်ကား သူ၏ အောက်တိုမက်တစ်သေနတ်ဖြစ်နေသည်ကို တွေ့လိုက်ရပြန်၏။ သေနတ်ကို ကောက်ယူလျက် ပြောင်းဝကို နမ်းကြည့်လိုက်ရာတွင် ယမ်းနံ့ ကသောင်းနေ၏။ ကျည်ဆံကပ်ကိုတုတ်၍ စစ်ကြည့်ပြန်သည့်အခါ တွင်လည်း ယမ်းတောင့်တစ်တောင့်ပစ်ပြီးသားဖြစ်နေသည်ကို တွေ့ရ လေသည်။

တင်မောင်ဆွေကား တစ်ကိုယ်တည်း မချင့်မရဲနှင့် ကျိန်ဆဲ လိုက်မိလေသည်။ ကိုရွှေမောင်းခေါ် နှာခေါင်းရှည်နှင့်လူကို မိမိ သေနတ်နှင့် ပစ်သတ်ခဲ့ပြီး မိမိကို အလောင်းနှင့် ထားပစ်ခဲ့ခြင်းကား ဉာဏ်ကြီးရှင်တစ်စု၏ ပိုင်လှသော အကြံပင်ဖြစ်သည်ဟု နားလည် လိုက်မိသောကြောင့် ဖြစ်လေသည်။

တင်မောင်ဆွေက ထိုသို့တွေးလိုက်မိစဉ်မှာပင် ရဲဝိုင်ယာ လက်ကား၏ ဥသြသံများက တဖြည်းဖြည်းနီးကပ်လာနေသည်ကို ရုတ်တရက် ကြားလိုက်ရပြန်လေသည်။ တင်မောင်ဆွေကား ကပျာ ကရာ သူ့လျှို့ဝှက်သေနတ်ကို ခါးကြားထဲသို့ထိုးလိုက်ကာ အခန်းတံခါး ဆီသို့ ပြေးလာခဲ့လေသည်။ ထို့ကြောင့် ခုတင်ခေါင်းရင်းရှိ ပြတင်း ပေါက်သို့ လှည့်ပြေးရကာ ပြတင်းပေါက် တံခါးကိုတွန်းဖွင့်လျက် ၆–ပေနီးပါး ကွာနေသော မြေကြီးပေါ်သို့ ခုန်ချလိုက်ရလေ၏။

တစ်ဖန် အိမ်ဘေးလမ်းကြားထဲမှနေ၍ မကြာမီမှာပင် ဥသြ သံတညံညံနှင့် ဝါယာလက်စ်ကားတစ်စီးက လမ်းထိပ်တွင် ထိုးရပ် လိုက်ကာ ရဲသားတစ်စု ကပျာကရာဆင်းလာလေသည်။ တင်မောင် ဆွေက အိမ်တစ်အိမ်အမိုးအောက်တွင် မယောင်မလည် ငုံ့ကပ်၍ ကြည့်နေလိုက်ရာ ရဲသားတစ်စုကို ရဲအုပ်ကိုသန်းအောင်က ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လာပြီး သူဆင်းလာခဲ့သော အိမ်ပေါ်သို့တက်လျက် ပိတ်ထားသော တံခါးကို တဒုံးဒုံးထုနေသံ ကြားလိုက်ရလေသည်။

တင်မောင်ဆွေက စောင့်ဆိုင်း၍ မနေတော့။ ထိုနေရာသို့ ဝိုင်းအုံစုပြုံလာနေကြသော အရပ်သူအရပ်သားတွေနှင့် ရောနှောလိုက်ကာ ဆိုက်ကားတစ်စီးကို ခေါ်လျက် ထိုအရပ်မှ အမြန်ဆုံးလစ်ထွက်လာခဲ့ရလေ၏။ မြို့ထဲသို့ ပြန်ရောက်လာလျှင် တင်မောင်ဆွေသည် သူ့တိုက်ခန်းသို့ တိုက်ရိုက်တက်လာလေသည်။ ရေမိုးချိုးပစ်လိုက်မှ သူ့ဦးခေါင်းသည် တော်တော်လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာရလေသည်။

အဝတ်အစားလဲပြီးလျှင်ကား တင်မောင်ဆွေက နှာခေါင်းညည်ရွှေမောင်း၏ အလောင်းမှရခဲ့သော သော့ကလေးကို ထုတ်ကြည့်ကာ စဉ်းစားခန်း ဝင်နေလိုက်လေသည်။ ရွှေမောင်း၏လိပ်စာမှာ တာမွေအရပ်ထဲရှိ လမ်းတစ်လမ်းဖြစ်နေရာ ဤသော့သည် ရွှေမောင်းနေထိုင်ရာ အိမ်ခန်းရှိ သော့တံဖြစ်မည်ဟု သူ တွေးလိုက်မိသည်။ တင်မောင်ဆွေလည်း ချက်ချင်းပင် စိတ်ဆုံးဖြတ်လိုက်ကာ တိုက်ခန်းထဲမှ ပြန်ထွက်လာလေသည်။ သည်တစ်ခါတော့ သူ့ကားကလေးကိုယူလာခဲ့ရာ ၁၅-မိနစ်အတွင်း တာမွေမှ သူသွားလိုသော လမ်းကလေးထဲသို့ ရောက်လာရလေသည်။ အိတ်မှ လိပ်စာအတိုင်းဆိုလျှင် ရွှေမောင်းနေထိုင်ရာမှာ ၄ ခန်းတွဲ သွပ်ကာ အိမ်တန်းလျားကလေးဖြစ်နေ၏။ အိမ်တန်းလျား၏ ညာဘက်စွန်းအခန်းကား မှောင်ကျနေကာ တံခါးပိတ်လျက် သော့ခလောက်ကြီး တွဲလောင်းခတ်ထားနေလေသည်။

တင်မောင်ဆွေလည်း ကားကလေးကို ထိုအိမ်တန်းလျား



www.burmeseclassic.com

www.burmeseclassic.com



ကို ကျော်ခေါင်းခဲ့လျက် လမ်းဘေးတွင် ထိုးရပ်ထားလိုက်ပြီးနောက် ကားပေါ်မှဆင်းကာ ခပ်တည်တည်ပင် ထိုအခန်းတံခါးဝသို့ လျှောက်လာခဲ့ လှမ်းတက်ပြီး အိတ်ထဲမှ သော့နှင့် သော့ခလောက်ကြီးကို ဖွင့်ကြည့်လိုက်လေသည်။ သော့ခလောက်မှာ အလွယ်တကူပွင့်သွားရလေတော့ရာ တင်မောင်ဆွေလည်း တံခါးကို အသာအယာတွန်းဖွင့်လျက် မှောင်နေသော အခန်းထဲသို့ ဝင်ခဲ့လေသည်။ တံခါးပြန်ပိတ်လိုက်ပြီးမှ ဓာတ်မီးခလုတ်ကို ရှာဖွေကာ ဖွင့်လိုက်သည်တွင် ကျဉ်းမြောင်းပြီး အိမ်ထောင်ပရိဘောဂဆို၍ ကုလားထိုင်စုတ်နှစ်လုံးနှင့် စားပွဲယိုင်နဲ့နဲ့ တစ်လုံးသာရှိသော အခန်းထဲသို့ သူရောက်နေသည်ကို တွေ့လိုက်ရလေသည်။ တံခါးပေါက်တစ်ခုကား အတွင်းခန်း ရှိနေသေးသည်ကို ညွှန်ပြနေ၏။

တင်မောင်ဆွေက ထိုတံခါးပေါက်မှ ဝင်ခဲ့ရာတွင် ပိတ်လှောင်နေသော အိပ်ခန်းထဲသို့ ရောက်သွားလေသည်။ အခန်း၏ အတွင်းဖက်နံရံတွင် ကွပ်ပျစ်ကြီး တစ်လုံးကရှိနေကာ နှစ်ယောက်အိပ်ရန် ပြင်ဆင်ထားခြင်းကိုတွေ့ရလေ၏။ သို့ရာတွင် တင်မောင်ဆွေကား ဤအချင်းအရာများတွင် စိတ်မဝင်စားမိ။ ကွပ်ပျစ်အောက်မှ ထိုးထွက်နေသော ခြေထောက်နှစ်ချောင်းကိုသာ ကြည့်နေလိုက်မိ၏။ ပြီးမှ ကပျာကယာင့်ကာ ခြေထောက်နှစ်ဖက်ကို ဆွဲထုတ်လိုက်ရလေသည်။

ထိုအလောင်းကတော့ ရွှေမောင်းထက်ပင် အသေဆိုးခဲ့၏။ လည်ပင်းတွင် သွပ်ကြေးနန်းတစ်ခုက တင်းကြပ်စွာ ရစ်နှောင်ထားကာ လျှာတစ်လစ်ထွက်ပြီး မျက်လုံးကြီးများ ပေါက်ထွက်လုမတတ် ပြူးနေ၏။ လူမှာ ခပ်သေးသေးပင်ဖြစ်ကာ အသက်နှစ်ဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်သာ ရှိဦးမည်ဟု ခန့်မှန်းရလေ၏။

ကုတ်အင်္ကျီအကြားနှင့် အောင်းဘီရှည်ဝတ်ဆင်ထားရာ ဘောင်းဘီခါးကြားတွင်တော့ ရှုံ့မ်းဓားမြှောင်တစ်ချောင်းကို ထိုးထားလေသည်။ ကုတ်အင်္ကျီ၏ အတွင်းဘက်အိတ်ဆီတွင်ကား မောင်သန်းနွဲ့ဟု မင်နီဖြင့်ရေးထားသော အဝထ်ဖြူကလေးကို ချုပ်ထား၏။ အတွင်းအိတ်ထဲရှိ ပိုက်ဆံအိတ်တွင်မူကား နာမည်သာမက ပဲခူးမြို့မှ လိပ်စာအပြည့်အစုံကိုပါ တွေ့ရပြန်၏။

တင်မောင်ဆွေလည်း အခန်းထဲရှိ သူကိုင်တွယ်မိသော အရာဝတ္ထုများကို လက်ကိုင်ပုဝါနှင့် ပွတ်သပ်ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့၏။ အပြင်ဘက်တွင် လူရိပ်လူခြေကို အကဲခတ်ပြီးမှ သူသည် အိမ်ခန်းထဲမှ ထွက်လာပြန်ကာ တံခါးကို သော့ခလောက်ပြန်ခတ်ပြီး ခပ်သုတ်သုတ် သူ့ကားဆီသို့ ပြန်လျှောက်လာခဲ့လေသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

- ၇ -

နောက်တစ်နေ့ နံနက်စောစောမှာပင် တင်မောင်ဆွေက သူ့ကားကလေးနှင့်ပင် ပဲခူးသို့ ထွက်လာခဲ့၏။ မောင်သန်းနွဲ့၏ လိပ်စာကား ပဲခူးဘူတာရုံနှင့် မလှမ်းလှသည့် ချက်အရက်ဆိုင်နှင့် တွဲထားသော အိမ်ခန်းတစ်ခုပင် ဖြစ်နေ၏။

အိမ်ခန်းဟုသာ ဆိုရသော်လည်း ဆေးလိပ်ကွမ်းယာရောင်းသောဆိုင်က အိမ်ခန်းတစ်ဝက်မျှ ရှိနေသည်။ ထိုဆိုင်တွင် နေထိုင်သူကား အသက် ၂၅-၃၀ ခန့် ရှိမည်ဟု ခန့်မှန်းရသော အမောက်ထောင် နှုတ်ခမ်းရဲနေအောင်ဆိုးလျက် ပေါင်ဒါအဖွေးသား မျက်နှာနှင့် အပေါစားတစ်ယောက်ဖြစ်မှန်း လွယ်ကူစွာ သိသာနိုင်သည့် မိန်းမတစ်ယောက်ဖြစ်နေသည်။

တင်မောင်ဆွေက ဆိုင်ရှေ့တွင် ဝင်ရပ်လိုက်လျှင် ထိုမိန်းမသည် ရဲတင်းသော မျက်လုံးများနှင့် သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးနောက် မျက်နှာလေးက ပြုံးစိစိ ဖြစ်လာ၏။

'ဘာများအလိုရှိပါသလဲ အစ်ကိုကြီး . . . '



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဒီမှာနေဖူးတဲ့ မောင်သန်းနွဲ့ ဆိုတာနဲ့ တွေ့ချင်လို့ပါပဲ'

ထိုနာမည်ကို ကြားလိုက်ရလျှင် ဆိုင်ရှင်မိန်းမ၏ မျက်နှာပေးမှာ တစ်မျိုးပြောင်းသွား၏။ သူမ၏မျက်လုံးများက တင်မောင်ဆွေအား ကျနစွာ အကဲခတ်လာကြ၏။

'မောင်သန်းနွဲ့ဟုတ်လား… အစ်ကိုကြီးက သူ့ကို ဘာလုပ်ဖို့တွေ့ချင်တာလဲ'

'ဩော်… ကိစ္စလေးတစ်ခုရှိလို့ပါ'

'ဒီမောင် ဒီမှာ မနေဘူးရှင့်။ ဒီကထွက်သွားတာ ၃-လလောက်ရှိသွားပြီ၊ ကျွန်မနဲ့ ခင်မင်တာတစ်ခုပါ ဘာမှမတော်ပါဘူး'

'ဒီလိုဆို ကျွန်တော်လာတာ အလကားဖြစ်သွားရပါပြီ၊ သူဘယ်သွားတယ်ဆိုတာကို သိသလားဗျာ'

မိန်းမရွယ်က တင်မောင်ဆွေအား အကဲခတ်သလိုပင်ကြည့်နေရာ တင်မောင်ဆွေကား သူ့ပိုက်ဆံအိတ်ကို ထုတ်ယူလိုက်လေသည်။ ပိုက်ဆံအိတ်ကို တွေ့ရသည်၌ မိန်းမရွယ်၏မျက်လုံးများမှာ ပြူးကျယ်လာသည်ကို တင်မောင်ဆွေ သတိထားလိုက်မိလေသည်။ တင်မောင်ဆွေလည်း ပိုက်ဆံအိတ်ကို ဖွင့်ကာအထဲမှ ၁၀/-တန်အထပ်လိုက်ကို ငွေမြင်သာအောင် ပြလျက် ၁၀/-တန်တစ်ချပ်ဆွဲနုတ်ယူလိုက်ပြီး 'ဗီယာတစ်ဘူးပေးပါဗျာ… ' ဟု ပြောလိုက်၏။ ပြီးမှ ဆက်လက်၍…

'အေးဗျ… သန်းနွဲ့နဲ့ ကျွန်တော် တွေ့စရာအကြောင်းရှိနေတယ်။ သူ ဘယ်နေရာမှာနေတယ်ဆိုတာကို သိရရင်တော့ ကျေးဇူးပါပဲ။ ဒါမှမဟုတ်လည်း သူ့အဖေ ရွှေမောင်းဆိုတာကိုရော ဒီက



www.burmeseclassic.com

www.burmeseclassic.com



နှမ သိမှာပေါ့'

'ရွှေမောင်းနဲ့သန်းနွဲ့ တွဲနေတတ်တာပဲ'

'ရွှေမောင်းနဲ့ တွေ့ရင်လည်း အစ်ကိုကြီးကိစ္စပြီးနိုင်တာပါပဲ၊ အစ်ကိုကြီးကို ဒီကနှမက မကူညီနိုင်ဘူးလား။ ခုနကပေးလိုက်တဲ့ ငွေတစ်ဆယ်ကိုလည်း ပြန်အမ်းမနေပါနဲ့တော့လေ။ ရွှေမောင်းနဲ့ သန်းနွဲ့တို့အကြောင်း နှမ့်လေး သိသလောက် ပြောပြမယ်ဆိုရင် ကျေးဇူးပါပဲ'

'ဟဲဟဲ… အစ်ကိုကြီးကိစ္စက တော်တော်ကိုအရေးကြီးပုံ ရနေတယ်နဲ့တူပါရဲ့။ ဟုတ်ကဲ့၊ အစ်ကိုကြီးက စေတနာရှိလို့ပေးရင် လည်း ညီမလေးတို့က ဒီငွေကိုးကျပ်ကို ယူထားလိုက်ရတာပေါ့လေ'

ဆိုင်ရှင်မိန်းမသည် ကြာပါပါ ပြန်ဖြေလိုက်ပြီးနောက်မှ ရှေ့သို့တိုးလာကာ တင်မောင်ဆွေ မျက်နှာအနီးသို့ သူမ၏မျက်နှာ ကို တိုးကပ်လိုက်၏။

'သန်းနွဲ့နဲ့ ရွှေမောင်းတို့ဟာ ဘယ်လိုလူစားတွေဆိုတာ အစ်ကိုကြီး သိထားပါရဲ့နော်…'

'သိထားတန်သလောက်တော့ သိထားရပါရဲ့ ညီမလေး'

'ဒီလိုဆိုရင်… သူတို့ နေတတ်တဲ့ နေရာတစ်ခုကို ညီမ လေးက ပြောပြရမှာပေါ့။ တစ်ခါတစ်ခါ သူတို့နှစ်ယောက်က လူတွေ့ မခံချင်ဘူးဆိုရင်ဖြင့် ဒီအနီးအနားက ရွာတစ်ရွာမှာ သွားရှောင်နေ တတ်လေရဲ့ အစ်ကိုကြီး… အဲဒီရွာကို ကျွန်မ အတိအကျတော့ မသိပါဘူး…ဒါပေမဲ့ သိတဲ့လူတစ်ယောက်ကတော့ ရှိပါတယ်…'

'ဟုတ်လား… ဘယ်သူများလည်း ညီမလေးရဲ့…'

'ဈေးနားက သိပ်ဟာ လက်ဘက်ရည်ဆိုင်မှာ ဒီလူအမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုလို ရှိနေတတ်ပါတယ်… နာမည်ကတော့ ယာကွတ်တဲ့… ဇေဒဗာရီ ကုလားကပြောထဲကပဲ အစ်ကိုကြီး…'

'ကျေးဇူးတင်ပါတယ်… ညီမလေးရယ်…'

'ဪ… အစ်ကိုကြီး ယာကွတ်နဲ့ တွေ့ရင် သတိထားနော်… သူက ရွှေမောင်းတို့ထက်တောင် ပိုမိုက်တဲ့အကောင်ရှင့်… လူကတော့ ခပ်ပုပုပါပဲ။ ဒါပေမဲ့ သိပ်အားကောင်းတယ်… သူ့ဆီမှာ သေနတ်ပုန်းတစ်လက်လည်း ဆောင်ထားတတ်တယ်တဲ့…'

တင်မောင်ဆွေသည် သူမအား ပြုံး၍ နှုတ်ဆက်လိုက်ကာ ဘေးနားမှ သီဟ လက်ဘက်ရည်ဆိုင်ဆီသို့ ထွက်လာခဲ့လေသည်။ သီဟလက်ဘက်ရည်ဆိုင်က တော်တော်ပင်ကြီးကာ လက်ဘက်ရည်နှင့်အလှကုန်ပစ္စည်းများကိုပါ ပူးတွဲရောင်းချသော ဆိုင်တစ်ဆိုင်ဖြစ်၏။

ထွေသိမ်းသော စားပွဲခုံအနီးမှ စားပွဲလွတ်တစ်လုံးတွင် တစ်ယောက်တည်း ထိုင်နေသော အရပ်ပုပု အဝါနုရောင် ရှပ်လက်ရှည်ဘန်ဘောက်အပြာနုရောင်နှင့် ဆံပင်ကို ပိပြားနေအောင် ဖီးထားသူကား ယာကွတ်ပင် ဖြစ်ရမည်ဟု တင်မောင်ဆွေက တွက်မိလိုက်ကာ ထိုစားပွဲသို့ လျှောက်လာခဲ့လေ၏။ ယာကွတ်ကား ကုလားထိုင်ကို အနည်းငယ် နောက်သို့ ရွှေ့လိုက်ရုံမျှအပ မတုန်မလှုပ်နှင့်သာ သူ့အား ကြည့်နေလိုက်လေသည်။

'ခင်ဗျား နာမည် ယာကွတ်မဟုတ်လား'

'ဟုတ်တယ်လေ… ကျွန်တော်ကတော့… မိတ်ဆွေကို မသိရပါကလား'

'ကျွန်တော် ရွှေမောင်း သို့မဟုတ် သန်းနွဲ့နှင့် တွေ့ချင်လို့ပါ။ သူတို့ နေနေကျအိမ်မှာ ဝင်ရှာခဲ့တာ ပြောင်းသွားတာ သုံးလေးလ



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိပြီလို့ ပြောလိုက်တယ်… တစ်ခါတစ်ခါ သူတို့ဟာ ဒီမြို့နားက ရွာတစ်ရွာမှာ သွားနေတတ်တယ်လို့လည်း သိခဲ့ရတယ်။ အဲဒီရွာကို ခင်ဗျား ညွှန်နိုင်သလားဗျာ'

ယာကွတ်သည် ရုတ်တရက်ပြန်၍မဖြေ။ တင်မောင်ဆွေအား ခြေအဆုံးခေါင်းအဆုံးကြည့်လိုက်ပြီးနောက်မှ မေးခွန်းတစ်ခု ထုတ်လိုက်လေသည်။

'ခင်ဗျားကို ကျွန်တော်ဒီမြို့မှာ တစ်ခါမှ မတွေ့ဖူးသေးပါဘူးနော်'

'ဟုတ်တယ်… ကျွန်တော်က ရန်ကုန်ကပဲဗျ'

'ရန်ကုန်က… ဟုတ်လား၊ ရွှေမောင်းတစ်ယောက် ရန်ကုန်ကို ထွက်သွားခဲ့တာ သုံးလေးလလောက် ရှိနေပြီပဲ။ ခင်ဗျားက သူ့ကို ဒီမှာလာရှာနေတာ တော်တော်ဆန်းနေတာပဲ'

ယာကွတ်က မသင်္ကာသလို ပြောလိုက်ခြင်းဖြစ်ရာ တင်မောင်ဆွေက သူ့စကားကို ကပျာကယာပြန်ပြင်လိုက်ရလေသည်။

'ကျွန်တော်က ရန်ကုန်ကဆိုပေမယ့် အခုလေးငါးခြောက်လအတွင်း ခရီးထွက်နေခဲ့တယ်ဗျ… ကဲဗျာ… ရွှေမောင်းကို ဘယ်မှာ တွေ့နိုင်မလဲ… ခင်ဗျားပြောမပြနိုင်ဘူးလား'

တင်မောင်ဆွေသည် မတ်တတ်ရပ် စကားပြောနေရာမှ ယာကွတ်ရှေ့က ကုလားထိုင်လွတ်တွင် ဝင်ထိုင်လိုက်ကာ ကွမ်းယာဆိုင်မှ ဝယ်ခဲ့သည့် စီးကရက်ဘူးကို ထုတ်တည်လိုက်လေသည်။ ယာကွတ်က စီးကရက် တစ်လိပ်ကို ထုတ်သောက်လိုက်ပြီး နောက်မှ မေးခွန်းတစ်ခု ထုတ်လိုက်လေသည်။

'ခင်ဗျားက… ရွှေမောင်းကို ဘာပြုလို့တွေ့ချင်ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စတစ်ခု ရှိနေလို့ပေါ့ မိတ်ဆွေ… သူရော ကျူပ်ပါ အကျိုးရှိမည့် ကိစ္စတစ်ခုပါပဲ'

'ခင်ဗျားက ပုလိပ်တော့ မဟုတ်ပါဘူးနော် ဟဲဟဲ… '

'မဟုတ်ပါဘူး… '

'ကောင်းပြီလေ… ဒီမြို့နားက ကွင်းပြောင်ဆိုတဲ့ ရွာက တော့ ရွှေမောင်းရဲ့ဇာတိပဲ မိတ်ဆွေ… အဲဒီမှာ သူ့အိမ်ကလေး တစ်လုံးရှိတယ်။ ရွှေမောင်းဟာ အလုပ်ပါးတဲ့အခါ၊ ဒါမှမဟုတ်… အဲ… လူတွေ့မခံချင်တဲ့အခါမျိုးဆိုရင် အဲဒီရွာ သွားနေလေ့ရှိတာ ပဲ…'

'ကျေးဇူးပါပဲ မိတ်ဆွေရာ… အဲဒီကွင်းပြောင်ရွာကို ကား လမ်းပေါက်သလားဗျ… '

'ပေါက်ပါတယ်… ကားလမ်းနားမှာပဲ ရှိတာပဲ'

ယာကွက်က ပြောပြောဆိုဆို တင်မောင်ဆွေအား ကွင်း ပြောင်ရွာသို့သွားရန် ခရီးကို ကျကျနန ညွှန်ကြားလိုက်လေသည်။

'တကယ်လို့ အဲဒီမှာ ရွှေမောင်းကို တွေ့ရရင် ကျွန်တော် က နှုတ်ဆက်လိုက်တယ်လို့ ပြောပါဗျာ… ဟုတ်လား… '

ယာကွက်က တင်မောင်ဆွေ ထွက်သွားမည်အပြုမှာပင် မှာလိုက်ခြင်းဖြစ်လေသည်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

- ၈ -

ကွင်းပြောင်ကား ပဲခူးမှ ၁၄-မိုင်မျှ ကွာဝေးကာ ပဲခူးရိုးမတောင်ခြေရှိ ရွာကလေးဖြစ်လေသည်။ ယာကွတ် ညွှန်ကြားလိုက်သည့်အတိုင်း တင်မောင်ဆွေက လိုက်ခဲ့ရာ တစ်နာရီအတွင်း ထိုရွာကလေးသို့ ရောက်လာရလေသည်။

ယာကွတ် ညွှန်ကြားလိုက်သည့်အတိုင်းဆိုပါက ရွှေမောင်း၏အိမ်မှာ ရွာမြောက်ဘက်စွန်းတွင်ရှိကာ ကိုယ့်ဝင်းခြံနှင့်ကိုယ် သီးသန့်ဖြစ်နေ၏။ အိမ်ကလေးမှာတော့ ကျူထရံကာ ဓနိမိုးဖြစ်ကာ တော်တော်ပင် သပ်သပ်ရပ်ရပ်ရှိလေသည်။ တင်မောင်ဆွေ ခြံထဲသို့ ဝင်ကာ အိမ်ပေါ်သို့ လှမ်းတက်မည်ပြုစဉ်မှာပင် အိမ်တွင်းမှ ရတ်တရက် မိန်းမပျိုတစ်ယောက်က လှမ်းထွက်လာလေသည်။ သူမကား ရွှေမောင်း၏ပိုက်ဆံအိတ်ထဲတွင် တွေ့ခဲ့ရသော ဓာတ်ပုံထဲမှ မိန်းမပျိုကလေးပင်ဖြစ်နေသည်။

'ကျွန်တော့်နာမည်က တင်မောင်ဆွေပါပဲ။ ကျွန်တော် ရန်ကုန်ကပါ' ဟု တင်မောင်ဆွေက သူမအား လှမ်း၍ မိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေသည်။ မိန်းမပျိုသည် တင်မောင်ဆွေအား တစ်ချက်မျှ ငူးစိုက်ကြည့်လိုက်ပြီးနောက် မျက်နှာကလေးတွင် ဖော်ရွေသော အပြုံးက ယှက်သန်း၍ လာလေသည်။

'အိမ်ပေါ်ကို တက်ပါဦးလားရှင်… ကျွန်မဆီ ဧည့်သည် မလာတာ ကြာလှပါပြီကော… လာပါ… လာပါ'

မိန်းမပျိုကလေးနောက်မှ တင်မောင်ဆွေက ဝင်လိုက်ခဲ့ရာ တွင် အိမ်ကလေး၏ တော်တော်ပင် ခေတ်မီသပ်ရပ်စွာ ပြင်ဆင်ထား သော ဧည့်ခန်းထဲသို့ ရောက်လာရလေသည်။ ကုလားထိုင်သုံးလုံး နှင့် စားပွဲတစ်လုံးကရှိနေရာ အခန်းနံရံတွင်တော့ အမေရိကန် မဂ္ဂဇင်း များမှ ဖြဲဆုတ်ထားသော ရုပ်ပုံကားချပ်များကို ဘောင်သွင်း၍ ချိတ်ထားလျက် အခန်းထောင့်တွင် တော်တော်ပင် သစ်သေးသော ခုတ်စက်တစ်လုံးက ရှိနေ၏။

သူမက တင်မောင်ဆွေအား ကုလားထိုင် တစ်လုံးတွင် ထိုင်ရန် ညွှန်ပြလျက် သူမကိုယ်တိုင်ကလည်း မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဒူးနှစ်လုံးချိတ်လျက် ထိုင်လိုက်လေသည်။ ပြီးတော့ တင်မောင်ဆွေအား ရဲရဲတင်းတင်းကြီး စိုက်ကြည့်လိုက်လေသည်။

'ရန်ကုန်က ဧည့်သည်ဆိုလို့ ကျွန်မသိပ်ဝမ်းသာမိတာပဲ။ ကျွန်မလည်း ရန်ကုန်ဇာတိပါပဲ။ ဒါပေမဲ့ ရန်ကုန်မရောက်တာ သေးနှစ်လောက်ရှိနေပါပြီ။ အခြေအနေအရ ဒီရွာမှာလာပြီး သောင် တင်နေရတာပဲ ဆိုပါတော့'

တင်မောင်ဆွေအား ဒါကြောင့်ပင် ဤမိန်းမရွယ်က ရွာက လေးနှင့်မလိုက်အောင် ခေတ်မီ ရဲတင်းနေခြင်းပဲလို့ဟု တွေးလိုက် မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆိုစမ်းပါဦးရှင့်… အစ်ကိုကြီးကိစ္စ ဘယ်လိုပါလဲ'

'ကျွန်တော်က ရွှေမောင်းရဲ့ ဆွေမျိုးသားချင်းတွေနဲ့ တွေ့ချင်လို့ပဲ ဆိုပါတော့'

မိန်းမပျိုကလေးကား အံ့သြသွားဟန်တူလေသည်။

'ကိုရွှေမောင်းမှာ ဆွေမျိုးသားချင်းရယ်လို့ မရှိပါဘူး အစ်ကိုကြီး၊ ကျွန်မတစ်ယောက်သာ ဆိုပါတော့၊ နေပါဦး အစ်ကိုကြီးရဲ့ ကိုရွှေမောင်းက ဘာများဖြစ်နေရပြန်ပြီလဲ'

'ဒီက နှမက သူနဲ့ ဘာတော်ပါသလဲ'

'သူ့ မိန်းမလို့ပဲ ဆိုကြပါစို့ရှင်…'

မိန်းမပျိုကလေးက သိပ်ပြီး အရေးမစိုက်ဟန်နှင့် ပခုံးကလေးများကို မသိမသာတွန့်လိုက်လေ၏။ တင်မောင်ဆွေလည်း သူမအား တစ်ချက်စူးစိုက်ကြည့်လိုက်ပြီးနောက် ရုတ်တရက် ရွှေမောင်းအကြောင်းကို ပြောပြလိုက်လေသည်။

'ရွှေမောင်းတော့ သေရှာပြီ'

မိန်းမပျိုကလေးကား တင်မောင်ဆွေအား မျက်လုံးကလေးများ ပြူးကြည့်နေ၏။ ကုလားထိုင် လက်ရမ်းနှစ်ဖက်ကို သူမ၏ လက်ကလေးများက တင်းကြပ်စွာ ဆုပ်ကိုင်လိုက်ကြသည်မှအပ သူမသည် အခြား ဘယ်လိုမှသော စိတ်လှုပ်ရှားမှုမျိုးကိုမှ မပြ…

'ကျွန်တော်အခုလို တုံးတိကြီး ပြောလိုက်ရတာကို ခွင့်လွှတ်ပါနော်'

မိန်းမပျိုသည် တင်မောင်ဆွေ၏ တောင်းပန်ချက်ကို ကြား ရဟန်မတူ။

'ကိုရွှေမောင်းတို့လိုလူစားမျိုးဟာ ဒီလိုပဲ စောစောသေ



www.burmeseclassic.com

www.burmeseclassic.com



တတ်တာပဲလေ… ဟုသာ ဖြည်းဖြည်းရေရွတ်လိုက်ရှာ၏။ သူမသည် ခေတ္တမျှ နှုတ်ခမ်းကလေးကို ကိုက်လိုက်ကာ တွေနေလိုက်ပြီးနောက်မှ တင်မောင်ဆွေအား လှမ်းကြည့်လိုက်ပြန်လေသည်။

'ကျွန်မ စိတ်မကောင်းမိတာတော့ အမှန်ပါပဲ အစ်ကိုကြီး… ဒါပေမဲ့ သူဟာ တစ်နေ့ ဒီလိုဖြစ်ရမယ်ဆိုတာကို သိထားရတော့လည်း ကြိုးစားပြီး ဖြေရတော့မှာပဲ။ ကိုရွှေမောင်းဟာ ဘယ်လိုလူစား မျိုးပဲဖြစ်ဖြစ် ကျွန်မအပေါ်မှာတော့ ကောင်းရှာခဲ့ပါတယ်… သူဘယ် လိုသေရတာလဲ အစ်ကိုကြီး… တစ်ယောက်ယောက်က ဖြောင်ပစ်လိုက်တာ မဟုတ်လား'

'ဟုတ်တယ်… ရွှေမောင်းဟာအသတ်ခံရတာပါပဲ။ သူ့ကို ဘယ်သူသတ်သွားတယ်ဆိုတာကို အစ်ကိုကြီး လိုက်စုံစမ်းနေပါတယ်'

'ဩ… အစ်ကိုကြီးက ဒီလိုဆိုရင် ပုလိပ်ဘက်ကပေါ့…'

'ပုလိပ်မဟုတ်ပါဘူး… အလွတ်စုံထောက်ပါ'

မိန်းမရွယ်ကား တင်မောင်ဆွေအား စိတ်ဝင်စားလာဟန်ဘူလေ၏။

'အလွတ်စုံထောက် ဟုတ်လား… ရှင်က ဘယ်သူ့အတွက် စုံထောက်ပေးနေတာလဲ'

တင်မောင်ဆွေလည်း သူမအား ပြောပြသင့်သမျှ အချက်အလက်အချို့ကို ပြောပြလိုက်လေ၏။ ပြီးနောက် သူမအား မေးခွန်းတစ်ခု ထုတ်လိုက်ပြန်၏။

'ရွှေမောင်းဟာ ပဲခူးကနေ ရန်ကုန် ဘာလို့ ထွက်သွားခဲ့တာလဲ'



www.burmeseclassic.com

www.burmeseclassic.com


'ကိုရွှေမောင်းဟာ လွန်ခဲ့တဲ့ သုံးလလောက်က ရန်ကုန်က ကြီးကြီးမာစတာ တစ်ယောက်အတွက် အလုပ်လုပ်ဖို့ဆိုပြီး ထွက်သွားခဲ့တာပဲ အစ်ကိုကြီး…'

'အဲဒီ ကြီးကြီးမာစတာဆိုတာက ဘယ်သူလဲ ညီမလေး ပြောမပြနိုင်ဘူးလား'

မိန်းမပျိုသည် နှုတ်ခမ်းကလေးကိုကိုက်ကာ မျက်နှာကလေး အောက်ချလျက် တွေနေလိုက်ပြီးနောက်မှ ရုတ်တရက် စိတ်ပိုင်းဖြတ်လိုက်ဟန်နှင့် တင်မောင်ဆွေ၏ မေးခွန်းကို ပြန်ဖြေလိုက်လေ၏။

'အရင်တုန်းက ဒီနယ်မှာ တော်တော်တွင်ကျယ် သွားခဲ့တဲ့ လူဆိုးကြီးဥက္ကာ ဆိုတာပါပဲ အစ်ကိုကြီး။ သူက ရန်ကုန်ကို ဆင်းသွားတာပဲ။ ဟိုမှာ ကစားဝိုင်းတွေထောင်ပြီး စီးပွားရှာနေတယ်လို့ သတင်းကြားရပြီး ကိုရွှေမောင်းလည်း သူ့ဆီမှာ အလုပ်လုပ်ရအောင် လိုက်သွားခဲ့တော့တာပါပဲ…'

တင်မောင်ဆွေကား ကျေနပ်စွာပင် ခေါင်းညိတ်လိုက်မိလေသည်။ ကွင်းဆက်ကလေးတွေကား တဖြည်းဖြည်း ပြည့်စုံလာကာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်လာနေမိကြလေပြီ။ သို့တစေလည်း လိုနေသော ကွင်းဆက်တွေကလည်း ရှိနေရသေးပေသည်။

'ကဲ… အစ်ကိုကြီး နောက်ထပ် ဘာသိချင်သေးလဲ'

'တော်ပါပြီ ညီမလေး… ဒါလောက်နဲ့ပဲ လုံလောက်ပါပြီ'

'ကျွန်မနာမည်ကိုတောင် မသိချင်တော့ဘူးလား အစ်ကိုကြီးရယ်'

'ဟုတ်သားပဲ၊ ညီမလေးနာမည်ကိုတောင် အစ်ကိုကြီးအခုထက်ထိ မသိရသေးပါကလားနော်…'


www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက သူမအား ခပ်ပြုံးပြုံး ကြည့်လျက် ပြောလိုက်ရလေသည်။

'ကျွန်မနာမည်က သောင်းသောင်း…တဲ့ အစ်ကိုကြီး'

တင်မောင်ဆွေကား လူမိုက် ရွှေမောင်းတစ်ယောက်ကိုသာ အားကိုးနေခဲ့ရရာမှ ယခုတော့ အားကိုးရာမဲ့ဖြစ်နေရရှာသူ သောင်းသောင်းဆိုသော မိန်းမပျိုကလေးအား ကရုဏာမကင်းနိုင်ဘဲ ဖြစ်သွားရလေသည်။ သို့တစေလည်း သူကဘာမှ ပြန်မဖြေနိုင်ခင် သူ့နောက်က ရုတ်တရက် အမိန့်ပေးလိုက်သံတစ်ခုက ထွက်ပေါ်လာလေ၏။

'ကဲ… ရန်ကုန်က စုံထောက်ကြီး ခင်ဗျားလက်နှစ်ဖက်ကို အသာ အပေါ် မြှောက်ထားလိုက်စမ်းဗျာ… ခင်ဗျားကို ကျုပ်က သာတီးအိတ်တစ်လက်နဲ့ ချိန်ထားနေတယ်ဗျို့… ဒီကျည်ဆံကို ခုနေ ပစ်ထည့်လိုက်ရရင် ကျောကဝင်ပြီး ရင်ပွင့်ထွက်သွားနိုင်တယ်'

တင်မောင်ဆွေက လက်နှစ်ဖက်ကို ဖြည်းညင်းစွာ မြှောက်လျက် ခပ်ဖြည်းဖြည်းပင် လှည့်ကြည့်လိုက်ရာတွင် အိမ်တံခါးဝ၌ လက်ထဲတွင် ပွိုင့် ၃၈-ဘိုလ်(ဗ်) ခြောက်လုံးပြူးသေနတ်ကို သူ့ရင်ဝသို့ ချိန်လျက်ရပ်နေသည့် ယာကွတ်သည် အခန်းထဲသို့ ဖြည်းညင်းစွာ ဝင်လာရာက တင်မောင်ဆွေအား ခပ်လှောင်လှောင် ပြုံးပြလိုက်လေ၏။

'ဘယ်နှယ်လဲ စုံထောက်ကြီးရဲ့… ရန်ကုန်သားဆိုပြီး ကော်တော်လည်း ထူသေးပါလား'

သောင်းသောင်းက ရုတ်တရက် ထိုင်ရာမှ ထလိုက်ကာ ယာကွတ်အား မုန်းတီး စက်ဆုပ်လှစွာ ကြည့်လိုက်လေ၏။

www.burmeseclassic.com



'ကုလား ဘာလုပ်တာလဲ… အမြန်ထွက်သွားလိုက်ပါ… ဘာမှတ်လို့လဲ'

ယာကွတ်ကား နှုတ်ခမ်းကို တင်းကြပ်စွာ စေ့ကာ သောင်းသောင်းအား မျက်မှောင်ကြီး ကုတ်လျက် ပြန်ကြည့်လိုက်လေသည်။ သူ့မျက်လုံးတွေက ကြောက်ရွံ့စရာ ကောင်းအောင်ပင် တလက်လက် တောက်ပြောင်လာကြ၏။

'ငါ ဘာလုပ်မလဲဆိုတာ နင် မကြာခင်သိရမှာပေါ့… နင့်ကို ဟောဒီ ရန်ကုန်က စုံထောက်စုတ်လိုတော့ ပစ်မသတ်ပါဘူး… ဟဲ… ဟဲ…'

သောင်းသောင်းသည် အံကလေးကိုကြိတ်လိုက်ကာ ရဲတင်းစွာနှင့်ပင် ယာကွတ်ဆီသို့ ပြေးသွား၏။ သို့ရာတွင် သူမ၏လက်သည်းများက ယာကွတ်၏မျက်နှာကို မကုတ်ခြစ်လိုက်နိုင်မှာပင် ယာကွတ်က သူမ၏ဆံစပ်ကို ခြေတစ်ဖက်နှင့် ဆီးကန်ချလိုက်လေသည်။ သူမခမျာ ဆီးစပ်ကို လက်နှင့်နှိပ်လျက် လဲကျသွားသည်တွင် ယာကွတ်က အားနေသောလက်နှင့် သူမ၏ဆံပင်များကို ဆွဲဆောင့်ပြီး မျက်နှာကို ဒူးနှင့်တိုက်လိုက်ပြန်၏။ တစ်ချိန်လုံးတွင် ၄င်း၏ မျက်လုံးများကတော့ တင်မောင်ဆွေထံတွင်သာ စိုက်နေပြီး သေနတ်ပြောင်းဝကလည်း ရင်ဝဆီသို့ တည့်မတ်စွာ ချိန်ထားလျက်ရှိနေရာ တင်မောင်ဆွေ ဘယ်လိုမှ မလှုပ်သာဘဲ ရှိနေရလေ၏။

သောင်းသောင်းမှာ ကြမ်းပြင်ပေါ်တွင် ပုံလျက်သားကလေး လဲကျလျက် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ တဟင့်ဟင့်ရှိုက်နေတော့မှ ယာကွတ်က တင်မောင်ဆွေအား စကားစလာပြန်၏။

'ဘယ်နှယ်လဲ စုံထောက်ကြီး၊ ခင်ဗျား ရွှေမောင်းကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်ဆို… မကြာခင် တွေ့ရတော့မှာပါပဲ။ ရွှေမောင်းကို ကျုပ်ပို့လိုက်တဲ့ နေရာဆီကို ခင်ဗျားပါ လိုက်သွားရတော့မှာကိုး… ဟဲ… ဟဲ… ဟဲ’

‘ရွှေမောင်းကို မင်းကပဲ သတ်ပစ်ခဲ့တယ်ပေါ့ကွာ ဟုတ်စ…’

‘ဟုတ်တယ်လေ… ဒီအတွက် ကျုပ်က ငွေတစ်ထောင်ကိုတို ရခဲ့တာကလား။ ကျုပ် ရန်ကုန်မှာ တစ်ညတည်းနေခဲ့ပြီး ိုးလင်းလင်းချင်း ပဲခူးကိုပြန်ခဲ့တာကလား။ ရွှေမောင်းကို ပစ်သတ်ခဲ့တာကလည်း ခင်ဗျား သေနတ်နှင့်ဆိုတော့ ပုလိပ်တွေက ကျုပ်ကို ခူးမှာ လာရှာနေတော့မှာ မဟုတ်ပါဘူးဗျနော်’

ယာကွတ်ကား သူ့အား ပြောင်စပ်စပ် ပြောနေရာ တင်မောင်ဆွေက အံကြိတ်လျက် ပြန်ဖြေလိုက်လေ၏။

‘ပုလိပ်တွေကို မင်းအကြောင်း ငါပြန်ပြောပြတဲ့ အခါကျတော့ မင်းကိုလာဖမ်းကြပါလိမ့်မယ် ယာကွတ်ရာ မပူပါနဲ့’

‘ဟား… ဟား… ဒီမှာ ကိုယ့်လူရဲ့… ခင်ဗျားဟာဘယ်သူ့ကိုမှ ဘယ်လိုမှ ပြန်ပြောနိုင်တော့မှာ မဟုတ်ပါဘူး… ဟား …ဟား…ဟား’

တင်မောင်ဆွေကတော့… ရင်တထိတ်ထိတ် ခုန်လာမိသည်။ ယာကွတ်၏ စကားများသက်သက်ကြောင့်သာ မဟုတ်။ ခြောဒ္ဓ… ယာကွတ်က ကျောပေးထားနေသော သောင်းသောင်းနေပုံကို တွေ့နေရ၍လည်း ဖြစ်လေသည်။ သူမသည် ကြမ်းပြင်ပေါ်တွင် ခွေလဲနေရာမှ အားယူ၍ ထလာနေကာ ယာကွတ်ဆီသို့ သွား၍ ချဉ်းကပ်လာနေ၏။ တင်မောင်ဆွေကတော့ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် ယာကွတ်ဘာ သူမအား လှည့်မကြည့်မိစေရန် ကြိုးစားအားထုတ်လိုက်ရလေသည်။

'ယာကွတ်… မင်းလို နှစ်ပြားတန် လူမိုက်ပေါက်စတစ်ယောက် မပြောနဲ့။ ရန်ကုန်က တကယ့်ထိပ်သီး လူမိုက်ကြီးတွေကတောင် ငါ့ကို မသတ်နိုင်ခဲ့ကြသေးပါဘူးကွာ'

'ဘာ… နှစ်ပြားတန်လူမိုက်ဟုတ်လား… အေး… နှစ်ပြားတန်လူမိုက်အကြောင်း အခုမင်း သိရောပေါ့ စုံထောက်စုတ်ရာ…'

ယာကွတ်က အံကြိတ်၍ပြောရာက တင်မောင်ဆွေ၏ ရင်ဝတည့်တည့်သို့ ချိန်ထားသော သူ့သေနတ်ကို မောင်းဖြုတ်ချလိုက်လေတော့သည်။ တစ်ချိန်တည်းမှာပင် သောင်းသောင်းကလည်း ယာကွတ်၏ ခြေတစ်ဖက်ကို လှမ်းဆွဲချလိုက်လေသည်။ ထို့ကြောင့်ပင် ယာကွတ်သည် သေနတ်မောင်းဖြုတ်ချချိန်၌ နောက်လန်ကျသွားလေရကား သေနတ်မှာ အပေါ်ထောင်လျက်သား ကျည်ဆံထွက်သွားရလေသည်။ လျှပ်တစ်ပြက်အတွင်း၌ပင် တင်မောင်ဆွေကလည်း ဘေးသို့ ခုန်လိုက်ကာ တစ်ချိန်တည်းမှာပင် သူ၏ လျှိုဝှက်အော်တိုမက်တစ်သေနတ်ကလည်း သူ့လက်ထဲသို့ ရောက်လာလျက် နှစ်ချက်ဆင့်ကာ မောင်းဖြုတ်ချလိုက်ပြီး ဖြစ်နေတော့၏။

ယာကွတ်၏ မျက်နှာဝယ် အံ့အားသင့်သော အမူအရာပေါ်လွင်လာပြီးနောက် ၎င်းသည် အရုပ်ကြိုးပြတ်ကျသွားသည့်ပမာ ကြမ်းပြင်ပေါ်သို့ ခွေလျက်ကျသွားပြီး ငြိမ်သက်နေလေ၏။

တင်မောင်ဆွေလည်း ယာကွတ်ကို ဂရုမစိုက်တော့။ နှစ်လုံးသားတည့်တည့်သို့ ကျည်ဆံနှစ်ခု ပစ်သွင်းလိုက်ပြီး ဖြစ်ရကား



www.burmeseclassic.com

www.burmeseclassic.com



၄င်းသည် အသက်ပျောက်နေရပြီ ဖြစ်ကြောင်းကို သိရပြီးဖြစ်နေ၏။ ထို့ကြောင့် ပြန်၍ ခွေလဲကျနေသော သောင်းသောင်းဆီသို့သာ ပြေးသွားကာ သူမအား ပွေ့ထူလိုက်လေ၏။

'သောင်းသောင်း ညီမလေး… ဘာဖြစ်သွားသေးသလဲ ဟင်…'

သောင်းသောင်းလည်း တင်မောင်ဆွေ့ ရင်ခွင်ထဲမှနေ၍ အားယူ၍ ပြုံးပြလိုက်ရှာ၏။

'ဘာမှမဖြစ်ပါဘူး အစ်ကိုကြီးရယ်… ဟိုကောင်…'

'ဒီကောင် ဘယ်သူ့ကိုမှ ဒုက္ခမပေးနိုင်တော့ပါဘူး'

'ကျွန်မ ဝမ်းသာပါတယ် အစ်ကိုကြီး… ကိုရွှေမောင်း အတွက် ကျွန်မ လက်စားချေလိုက်ရတာပေါ့'

'အေး…' ဒါပေမဲ့ သူ့တစ်ယောက်နဲ့ မပြီးသေးဘူး ညီမလေး၊ ရွှေမောင်းကိုသတ်ဖို့ အမိန့်ပေးခဲ့တဲ့လူက ရန်ကုန်မှာရှိ နေလေရဲ့ ဒီလူနောက်ကို အစ်ကိုကြီး လိုက်ရဦးမယ်။ ပထမ ဒီ ယာကွတ် သေရတာကို အစ်ကိုကြီး ပုလိပ်ဘက်ကို အကြောင်းကြားရဦးမယ်'

သောင်းသောင်းကား တင်မောင်ဆွေ၏ရင်ခွင်ထဲမှ ဆတ်ခနဲ ထထိုင်လိုက်လေသည်။

'ဖြစ်ပါ့မလား အစ်ကိုကြီးရယ်… တော်ကြာ ပုလိပ်တွေက အစ်ကိုကြီးကို ဖမ်းထားကြလိမ့်ဦးမယ်'

'ကိစ္စမရှိပါဘူး၊ ကိုယ့်အသက်ကို ကာကွယ်ရင်း ဒီကောင် ကို ပစ်သတ်ရတာပဲ။ ညီမလေးက သက်သေခံရင် အစ်ကိုကြီးကို သူတို့ မဖမ်းနိုင်ကြပါဘူး'

'ညီမလေး သက်သေခံပါ့မယ်…'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေလည်း ကြင်နာယုယစွာနှင့် သူမ၏ ခေါင်းကလေးကို လက်တစ်ဖက်နှင့် သပ်ပေးလိုက်မိလေသည်။

'ညီမလေးလည်း ရှေ့ရေးအတွက် ပူမနေနဲ့တော့… တကယ်တော့ ညီမလေးဟာ ခုနက အစ်ကိုကြီး အသက်ကို ကာကွယ်လိုက်တာပဲ။ ညီမလေးရှေ့ရေးကို အစ်ကိုကြီး တာဝန်ယူပါ့မယ်'

ထိုအခါမှပင် သောင်းသောင်းသည် စိတ်ချုပ်ထိန်းထားသမျှ ပြိုကျလာဟန်နှင့် တင်မောင်ဆွေ့ ရင်ခွင်ထဲတွင် ခေါင်းထိုးကာ တအစ်အစ် ငိုရှိုက်နေလိုက်လေတော့၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

- ၉ -

ယာကွတ်ကို သတ်ခဲ့ရသည့်ကိစ္စကို ပဲခူးရဲအဖွဲ့ ကျေနပ်အောင် ရှင်းပြလိုက်နိုင်သည့်နောက် တင်မောင်ဆွေက ရန်ကုန်သို့ အမြန်ပြန်လာခဲ့လေသည်။ သောင်းသောင်းကိုကား ကိစ္စပြီးလျှင် ရန်ကုန်သို့ ခေါ်ယူမည်ဟုမှာကြားကာ ကွင်းပြောင်မှာပင်ထားခဲ့ရ၏။

လမ်းတွင် သူသည် ဖြစ်ပျက်ခဲ့ရသမျှသော ကိစ္စတွေကို ခေါင်းကရက် တစ်လိပ်ပြီးတစ်လိပ်သောက်လျက် စဉ်းစား ဝေဖန်၍လာခဲ့၏။ သူ့အတွက် မရှင်းလင်းသေးသော အချက်တစ်ခုက ရှိနေခဲ့ရလေသည်။ ဒေါ်မြသွေးက သူ့အား အကူအညီတောင်းခဲ့သော ကိစ္စကို ဖြူဖြူကျော်က မည်သို့မည်ပုံ သိသွားခဲ့ရသလဲ ဆိုသည့် အချက်ပင် ဖြစ်နေရ၏။ ထိုပြဿနာကို ဖြေရှင်းနိုင်ပါက မရှင်းလင်းရသေးသော အချက်တွေ တော်တော်ပင် ရှင်းလာရမည်ဟုလည်း ယုံကြည်နေမိလေသည်။

ဆူးလေဘုရားလမ်းရှိ အလုပ်တိုက်သို့ ရောက်လာရလျှင် သူ့အား မေစီက သတင်းတစ်ခုကို ဆီးပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုဆွေ ပြန်ရောက်လာလာချင်း ကိုသောင်းဖေက သူ့ဆီ ကိုလာဖို့ မှာထားလေရဲ့… ခဏခဏ ဖုန်းဆက်နေပုံထောက်တော့ တော်တော် အရေးကြီးနေပုံပဲ။ အဲဒါ ကိုဆွေ သူ့ကို အမြန်ဆုံး သွားတွေ့လိုက်ရင် ကောင်းလိမ့်မယ်…'

'သင့်(က်စ်)အစီ… ကိုဆွေ သွားတွေ့လိုက်ပါ့မယ်၊ ဒါပေ မဲ့ အဝတ်လဲလိုက်ပါ့ရစေဦးနော်…'

တင်မောင်ဆွေက သူ့အား စိုးရိမ်မကင်း ပြောနေသည့် မေစီ၏ ပုခုံးကလေးကိုဖျစ်ကာ ခပ်ပြုံးပြုံးပြန်ဖြေလိုက်ပြီးနောက် အပေါ်ထပ်ရှိ သူ့တိုက်ခန်းသို့ ကပျာကရာ တက်ခဲ့ရလေသည်။ တိုက်ခန်းထဲတွင်ကိုယ်လက်ဆေးကြောပြီးနောက် မျက်နှာ သစ်နေစဉ် မှာပင် အိမ်ရှေ့ခန်းထဲမှ တယ်လီဖုန်းသံက တဂျင်ဂျင်မြည်လာလေ သည်။ တယ်လီဖုန်းဆက်သူကား သူ့မိတ်ဆွေ သတင်းထောက် ကိုအေးကျော်ပင် ဖြစ်နေလေသည်။

'ကိုဆွေဟာ အမျိုးသမီးကြီး တစ်ယောက်ရဲ့ ကြာမြင့်လှစွာ ပျောက်ဆုံးနေသော သားကို လိုက်ရှာပေးနေရတယ်လို့ကြားတယ်… အဲဒါ ဟုတ်သလား…'

တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်လိုက်ကြပြီးသည့် နောက်၌ ကိုအေးကျော်က မေးလိုက်ခြင်းဖြစ်လေသည်။

'ဟုတ်တယ်ဆိုပါတော့… နေပါဦး… ကိုယ့်လူက ဒီ သတင်းကို ဘယ်ကရတာလဲ…'

'ဟဲ… ဟဲ… သတင်းထောက် ဆိုတာမျိုးဟာ သတင်းရ တဲ့နည်း အမျိုးမျိုးရှိတာပေါ့လေ…'

'အချင်းချင်း အထင်ကြီးအောင် လိမ့်မနေစမ်းပါနဲ့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



လူရာ… ခင်ဗျားကို တစ်ယောက်ယောက်က ပြောတာဖြစ်ရမယ်… ကိုသောင်းဖေဆီက ခင်ဗျားကြားရတာမဟုတ်လား…'

'သိရင်လည်း ဘာလို့မေးနေရတာလဲ ကိုဆွေရဲ့'

'ကိုသောင်းဖေက ဘာတွေပြောသေးသလဲ ကိုအေးကျော်…'

'ကိုသောင်းဖေက ပြောတော့ နှာခေါင်းရှည်နဲ့လူမိုက်တစ်ယောက်က ခင်ဗျားကို သေနတ်နဲ့ ချောင်းပစ်ခဲ့တယ်တဲ့… အဲဒီလူမိုက်ကို နောက်ကျတော့ ရဲအုပ်ကိုသန်းအောင်က အိမ်တစ်အိမ်မှာ ရှာတွေ့ခဲ့ပေမယ့် သူ့ခမျာ လောကကြီးကို ကျောခိုင်းသွားခဲ့ရှာပြီတဲ့… ဒါတင်မကဘူး ဒီလူနေတဲ့အိမ်ကို လိုက်ကြည့်ပြန်တော့ အိပ်ခန်းထဲမှာ သူ့အဖော်တစ်ယောက်ကလည်း ထိုနည်းငှင်းပဲ လောကကြီးကို စွန့်ခွာသွားခဲ့ရတာကို တွေ့ခဲ့ရပြန်သတဲ့။ သူတို့နှစ်ယောက်စလုံးကို စေတနာရှင်တစ်ယောက်ယောက်က နတ်ပြည်ကို ပို့လိုက်ခဲ့တာပဲ။ အလောင်းတွေကို ကျွန်တော် ကိုသန်းအောင်နဲ့ကပ်ပြီး ဓာတ်ပုံတောင်ရိုက်ခဲ့ရသဗျ… ဒီသတင်းတွေ ကျွန်တော် လိုက်ယောက်ရင်းနဲ့ ကိုသောင်းဖေနဲ့ တွေ့ရပြီး၊ ခင်ဗျားရဲ့ ပျောက်သောသား အမှုအကြောင်းကို သူက ပြောပြခဲ့တာပါပဲ။ အဲဒါကို ကျွန်တော် သိရတော့ တော်တော်ပဲ စိတ်ဝင်စားလာမိခဲ့ရတယ် ကိုဆွေရဲ့'

'အလို… ဘာပြုလို့ ခင်ဗျားက စိတ်ဝင်စားရတာလဲ'

'လွန်ခဲ့တဲ့ တစ်ပတ်လောက်က ကျွန်တော်တို့ သတင်းစာမှ ပါလာခဲ့ရတဲ့ ကြော်ငြာကလေးတစ်ခုကြောင့်ပါပဲ၊ အဲဒီကြော်ငြာကို ကျွန်တော်ဖတ်ပြရမလား…'

'လုပ်စမ်းပါဦး ဘာတဲ့လဲ…'



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ကိုအေးကျော်၏အသံသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီး နောက်မှ ပြန်ပေါ်လာပြန်၏။

'၁၉၃၆-ခုနှစ်တွင် ကန်တော်ကလေးဆေးရုံ၌ မွေးဖွားခဲ့သော မြေသွေး၏သားယောက်ျားကလေးကို ယူငင်မွေးစားခဲ့သူ အမည်မသိ အိမ်ထောင်ရှင်များသည် အောက်ပါလိပ်စာနေ ဒေါ်မြသွေးထံသို့ အမြန်ဆုံးလာရောက် ဆက်သွယ်စေလိုပါကြောင်း သို့မဟုတ် ၎င်းအိမ်ထောင်ရှင်များကို သတင်းပေးနိုင်သူရှိပါကလည်း လာရောက်ဆက်သွယ်နိုင်ပါကြောင်း တဲ့'

တင်မောင်ဆွေက မည်သို့မှ မပြောဘဲ ဖုန်းကိုသာကိုင်လျက် တိတ်ဆိတ်နေရာတွင် တစ်ဖက်မှ ကိုအေးကျော်၏အသံကို အားမလိုအားမရ ထွက်ပေါ်လာလေ၏။

BURMESE CLASSIC

'ဘယ်နှယ့်လဲ ကိုဆွေ... ဒီအမှုကို ခင်ဗျား ကိုင်နေတယ်မဟုတ်လား။ ဘာများ ထူးခြားသလဲဗျ။ သတင်းထူးတစ်ခု ဖြစ်လာနိုင်သလား။ တကယ်လို့ ထူးလာရင် ကျွန်တော့်ကို စကုပေးဖို့ဖို့တော့ မမေ့ပါနဲ့ဗျာ... ဟုတ်လား...'

တင်မောင်ဆွေလည်း ဤကိစ္စမှာ မပြီးပြတ်သေးကြောင်း အကယ်၍ ပြီးပြတ်က သတင်းထူးဖြစ်လာရပါက ၎င်းကိုသာ အရင်ဦးဆုံးပေးမည် ဖြစ်ကြောင်းနှင့် ကတိပြုလိုက်လေ၏။

တယ်လီဖုန်းကို ပြန်ချိတ်ထားလိုက်ပြီးနောက် တင်မောင်ဆွေသည် ခေတ္တမျှ စဉ်းစားခန်း ဝင်နေလိုက်ပြန်လေသည်။ ပြီး၍သူသည် ရန်ကုန်မြို့၏ လူတွင်ကျယ်သူဌေးမင်း ဦးမြတ်သာဇော်နှင့် တွေ့ဆုံရဖို့ အချိန်ကျလာပြီဟု ဆုံးဖြတ်လိုက်ကာ တိုက်ထဲမှ ပြန်ထွက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သာကျော်ကား ငွေရှင်ပီပီသူ၏ စံဂေဟာကို ရန်ကုန်မြို့၏ သီးသန့်အကျဆုံး ရပ်ကွက်တစ်ခုဝယ် ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ထားခဲ့၏။ အဝါရောင်နှစ်ထပ်တိုက်ကြီးသည် သပ်ရပ်လှပသော ဝန်းခြံကျယ်ကြီးနှင့် လိုက်လျောလှစွာ ဟိန်းနေ၏။ ပထမဦးစွာ တင်မောင်ဆွေသည် ဦးမြတ်သာကျော်၏ အတွင်းရေးမှူးဆိုသော ကိုယ်လုံးကိုယ်ထည် တောင့်တောင့်ခိုင်ခိုင် လူတစ်ယောက်နှင့် တွေ့ဆုံရကာ သူ့အမည်နှင့် အလုပ်အကိုင်ကို ၄င်းကတစ်ဆင့် ဦးမြတ်သာကျော်ထံသို့ ယူဆောင်သွားခဲ့လေသည်။

မကြာမီအတွင်း ထိုလူက ပြန်ထွက်လာကာ

'ဝမ်းနည်းပါ တယ်ဗျာ… ဦးမြတ်သာကျော် အပြင်ထွက်သွားပါတယ်'

'ဒီလိုဆိုလည်း ဖြူဖြူကျော်နဲ့ ကျွန်တော် တွေ့ပါရစေ'

ဟု… တင်မောင်ဆွေက ပြောလိုက်ပြန်သည်၌ ထိုလူသည် တိုက်အတွင်းခန်းသို့ ဝင်ရောက် ပျောက်ကွယ်သွားပြန်လေသည်။ သည်တစ်ခါ ၄င်းပြန်ထွက်လာသည့်အခါတွင်ကား ဖြူဖြူကျော်က တင်မောင်ဆွေအား အပေါ်သို့ကြွခဲ့ပါဟူသော ဖိတ်ခေါ်ချက်ကို ပြန်ယူလာလေသည်။

ဖြူဖြူကျော်ကား တိုက်အပေါ်ထပ်မှ တဖိတ်ဖိတ်တောက်နေသော ကြမ်းပြင်ကျယ်ကြီးရှိရာ အခန်းတစ်ခုအတွင်းမှ စောင့်နေလေသည်။

'ရှင်က ဘာပြုလို့ ကျွန်မ ဒက်ဒီနှင့် တွေ့ချင်ရတာလဲ'

ဟု သူမက တင်မောင်ဆွေအား ဆီးမေးလိုက်လေသည်။

'ဖြူဖြူ့ရဲ့ ဒက်ဒီနှင့် ရင်းရင်းနှီးနှီး တိုင်ပင်ဆွေးနွေးစရာ



www.burmeseclassic.com

www.burmeseclassic.com


အကြောင်း ရှိနေလို့ပေါ့ဗျာ'

'ဒီတော့ ရှင်တွေ့ရလို့ ဘာအကြောင်း ထူးနိုင်မှာတဲ့လဲ'

'ထူးမှာပေါ့လေ... ဥပမာဆိုရင် အခုတစ်လော သူနှင့် ပတ်သက်လို့ ဖြစ်ပျက်နေရတဲ့ အကြောင်းအရာတွေဟာ ရှင်းလင်း သွားနိုင်တာပေါ့'

ဖြူဖြူကျော်ကား သက်ပြင်းကလေး တစ်ချက်ကို ချလိုက် ၏။

'ကိုတင်မောင်ဆွေ... ရှင်ဟာ တော်တော်ခေါင်းမာတဲ့ လူတစ်ယောက်ပဲနော်'

'ဟုတ်ကဲ့... ဒါကို အခုလောက်ရှိ ဖြူဖြူလည်း သိသင့်ပါ ပြီ။ ငွေငါးထောင်လာဘ်ပေးလို့လည်းမရ၊ လူသတ်မှုနှစ်မှုမှာ ဓားစာခံ လုပ်ပြီး ခြောက်တွန်းလို့လည်းမရတဲ့ ကျွန်တော်ဟာ တကယ်တော့ ခေါင်းမာလှတဲ့ အလွတ်စုံထောက် တစ်ယောက်ဆိုတာကို ဖြူဖြူဟာ နားလည်လောက်ပြီလေ'

'ရှင်ဟာ ဘာတွေပြောနေတာလဲ... ရှင့်ကို ဘယ်သူက လူသတ်မှုနှစ်မှုမှာ ဓားစာခံလုပ်ပြီး ခြောက်တွန်းခဲ့လို့လဲ။ ကျွန်မ နားမလည်ပါဘူးလေ'

'ဒါကို ထားလိုက်ပါလေ... ဒါပေမဲ့ ကိုညွန့်ဟန်ကတစ် ဆင့် ကျွန်တော့်ကို ငွေငါးထောင် ပေးလိုက်တဲ့လူဟာတော့ ဖြူဖြူပဲ မဟုတ်လား'

ဖြူဖြူက တင်မောင်ဆွေထံမှ သူမ၏မျက်နှာကလေးကို လွှဲပစ်လိုက်လေသည်။

'ဒါကို ကျွန်မ ဝန်မခံသေးပါဘူး... ဒါပေမဲ့ ရှင်နားလည်


www.burmeseclassic.com

www.burmeseclassic.com


ရအောင် ကျွန်မတစ်ခုတော့ ပြောချင်ပါတယ်။ အခု ရှင်လိုက်စုံစမ်းနေတဲ့ ဒေါ်မြသွေးရဲ့ကိစ္စဟာ ကျွန်မတို့ ဆွေမျိုးတွေအတွက် လက်ခံနိုင်စရာအကြောင်းတွေက ရှိနေပါတယ်··· ကျွန်မတို့ရဲ့ ဂုဏ်သိက္ခာအတွက် အရေးပါအရာရောက်လှတဲ့အကြောင်းအရာတွေပါပဲ ကိုတင်မောင်ဆွေ···'

'ဖြူဖြူအတွက် သက်သက်သာ အရေးပါ အရာရောက်နေရတဲ့ အကြောင်းအရာတွေ မဟုတ်ဘူးလား'

ဖြူဖြူကတော့ တင်မောင်ဆွေက စကားဝင်ဖြတ်ပြောလိုက်ခြင်းကို လုံးဝမကြားရသည့် အလားသာ သူမ၏စကားများကို ဆက်နေလိုက်၏။

'ဒီအကြောင်းအရာတွေဟာ ဘယ်လိုလဲ ဆိုတာကိုတော့ အခုနေအခါမှာ ထုတ်ဖော်ပြောလို့ မဖြစ်နိုင်သေးပါဘူး။ ဒါပေမဲ့ ဒီအကြောင်းအရာတွေဟာ တကယ်ပဲ အရေးကြီးလှတယ်ဆိုတာကိုတော့ ကိုတင်မောင်ဆွေ ယုံကြည်စေချင်ပါတယ်··· တကယ်တော့ ကျွန်မလို မိန်းကလေးတစ်ယောက်ဟာ ရာဇဝတ်ပြစ်မှုနှင့် မကောင်းတာတွေကို လုပ်မယ့်လူမျိုးလည်း မဟုတ်ပါဘူးလေ'

'မပြောနိုင်ဘူးလေ ဒီထက်ဆန်းတာတွေက ဖြစ်ခဲ့ရပြီပဲ။ ဖြူဖြူဟာ ဒီကိစ္စမှာ ရာဇဝတ်မှုနှင့် မကောင်းတာတွေကို မလုပ်ဘူးဆိုသမယ့် ဖြူဖြူမောင့် ဖိလစ်တောင် ကျွန်တော့်ကို ဆုံးမဖို့ လွှတ်လိုက်သေးတယ် မဟုတ်လား···'

'ဖိလစ်ကို ကျွန်မ လွှတ်လိုက်ရတာ မဟုတ်ပါဘူး။ ရှင်နဲ့ကျွန်မ ဂရင်းဟော်တယ်မှာ တွေ့တုန်းက ပြောဆိုခဲ့ကြတာတွေကို ကျွန်မက သူ့ကို ပြန်ပြောမိတော့ သူက ဒေါ်ပွပြီး ရှင့်ဆီကို သူသွားတာ


www.burmeseclassic.com

www.burmeseclassic.com



သူ လိုက်လာခဲ့တာပါပဲ။ တကယ်တော့ ကျွန်မအစ်ကိုက သူ့နှမကို စော်ကားတာကို ငြိမ်ခံနေမယ့်လူစားမျိုးမှ မဟုတ်တာဘဲလို့'

'အဲ့ဒီတွေပြောမနေပါနှင့် ဖြူဖြူရယ်··· တကယ်တော့ ဖြူဖြူ့ကို အစ်ကိုဖြစ်သူက ကာကွယ်ပေးဖို့ မလိုပါဘူး၊ တခြား အားကိုးစရာလူတွေက အများကြီး ရှိနေသေးတယ် မဟုတ်လား··· တကယ်တော့ ဖြူဖြူဟာ ကျွန်တော့ဆီကို ဖိလစ်ကို လွှတ်မယ့်အစား ဖြူဖြူ့မိတ်ဆွေကြီး ဥက္ကာကိုလွှတ်တာက ပိုထိရောက်မှာပါပဲ'

ဖြူဖြူကား ရုတ်တရက် ဒေါသထွက်လာဟန်နှင့် ထိုင်ရာမှ ခုန်ထလိုက်လေသည်။

'ရှင်နဲ့ကျွန်မ စကားပြောလို့ မဖြစ်ပါဘူး··· ရှင်ဟာ ကျွန်မနဲ့တွေ့တိုင်း ကျွန်မကို အမြဲစော်ကားနေတာပဲ။ ဒီတော့ ရှင် ထွက်သွားပါတော့'

တင်မောင်ဆွေကလည်း သူ့ပခုံးများကို တွန့်လိုက်ကာ အခန်းဝဆီသို့ လျှောက်လာခဲ့လေသည်။ သို့ရာတွင် တံခါးဝသို့ ရောက်မလာရခင် တံခါးကို ရုတ်တရက်အပြင်မှ ဖွင့်ကာ လူတစ်ယောက်က ဝင်လာလေသည်။ ထိုလူကား လူမိုက်ကြီး ဥက္ကာပင် ဖြစ်နေလေ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com

## - ၁၀ -

ဥက္ကာသည် ညကတွေ့ခဲ့ရစဉ်ကအတိုင်းပင် ဥရောပတိုက်သားဝတ်စုံကို စမတ်ကျကျ ဝတ်ဆင်ထားလေသည်။ သူသည် တံခါးဘေးတွင်ရပ်နေသော တင်မောင်ဆွေအား ဗြုန်းခနဲသတိမပြုမိသေးဘဲ ဖျူဖျူကျော်အားသာ ပြုံးပြုံးကြီးကြည့်ကာ အခန်းထဲသို့ ဝင်လာသည်။

'ကိုဥက္ကာ... ကျန်းမာရဲ့နော်... ခင်ဗျားကို ပဲခူးက ခင်ဗျားတပည့်တစ်ယောက်က နှုတ်ဆက်လိုက်ပါတယ်'

တင်မောင်ဆွေက ၎င်းကို ပြောလိုက်မှ သူသည်လှည့်လာသော စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေပုံရလေသည်။

'ဩော်... ဟုတ်ကဲ့... ခင်ဗျားကို ကျွန်တော် မသိပါဘူး...'

'ခင်ဗျား ကျွန်တော့် မသိဘူးဆိုရင် တော်တော်အံ့ဩစရာကောင်းတာပဲ... ဘာပြုလို့လဲဆိုတော့ မနေ့ညနေကပဲ ခင်ဗျားရဲ့တပည့်နှစ်ယောက်က ကျွန်တော့်ကို ခင်ဗျားအမိန့်အရ သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com


အရခေါ်သွားရကြသေးတာကလား။ ဒါပေမယ့် သူတို့ ခင်ဗျားဆီ ကရတဲ့ ဆုကတော့ သေခြင်းပါပဲ'

'ခင်ဗျား ဘာတွေပြောနေတယ်ဆိုတာ ကျုပ်နားလည်ရရင် တော့ တော်တော် ကောင်းမှာပဲ ကိုယ့်လူ'

ဥက္ကာသည် တင်မောင်ဆွေအား မျက်မှောင်ကြီးကုတ်ကာ အောင့်သက်သက် လေသံနှင့် ပြောလိုက်လေသည်။ ဤတွင် ဖြူဖြူ ကျော်ကလည်း ထိုင်ရာမှ ထလာလျက် ဝင်တွန်းပေးလိုက်၏။

'ဥက္ကာ… ဒီလူဟာ တော်တော့်ကို လူပါးဝတယ် ရှင့်… ခုနကလေးတင်က သူဟာ ဖြူ့ကိုစော်ကားတဲ့စကားတွေ ပြောခဲ့ တယ်'

ဥက္ကာကား လူမိုက်ပီပီ လျှင်မြန်လှတော့သည်။ ဖြူဖြူကျော့် စကားအဆုံးမှာပင် သူက တင်မောင်ဆွေမျက်နှာဆီသို့ လက်သီး တစ်လုံး ပစ်သွင်းလိုက်လေသည်။ သာမန်လူ ဆိုရင်တော့ ၎င်း၏ လက်သီးချက်နှင့် ဗိုင်းခနဲလဲ ကျသွားရဖို့သာရှိလေသည်။ သို့ရာတွင် အပွဲပွဲနွှဲလာခဲ့ပြီ ဖြစ်သော တင်မောင်ဆွေကတော့ သူ့ထက်လျင်မြန် လှပေတော့သည်။

ဥက္ကာက သူ့လက်သီးကို အားယူ၍ လွှဲလိုက်စဉ်မှာပင် တင်မောင်ဆွေက ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ကာ သူ့ညာဘက် လက်မောင်းဖြင့် ၎င်း၏ ဝင်လာသော လက်သီးချက်ကို ကာထား လိုက်၏။ တစ်ချိန်တည်းမှာပင် သူ့လက်သီးက တည့်မတ်လှစွာဖြင့် ဥက္ကာ၏ ပါးစပ်ကို ဖတ်ခနဲထိုးထည့်လိုက်လေသည်။ ဥက္ကာ၏ ပါးစပ်မှသွေးတွေ [illegible]ာနဲ့ကျသွားကာ ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လျက် ကျသွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်စမ်း… ရှင် ကျွန်မသည့်သည်ကို ဘယ်လိုလုပ်လိုက်တာလဲ'

ဖြူဖြူကျော်က ကပျာကရာ ဥက္ကာအား ပြေးထူကာ တင်မောင်ဆွေအား ဆတ်ဆတ်တုန် ရန်တွေ့လိုက်လေသည်။

'သူ ကျွန်တော့်ကို လုပ်လိုက်သလို ပြန်လုပ်လိုက်တာပဲ ပေါ့ ဖြူဖြူ… သူက ဖြူဖြူ မြှောက်ပေးတာကို အဟုတ်မှတ်ပြီး သူ့ကိုယ်သူ ဘောက်ကဆာကြီး အောက်မေ့သွားတယ်ထင်ပါရဲ့'

'ရှင်… ရှင်… ထွက်သွား… '

ဖြူဖြူက တံခါးဝကို လက်ညှိုးညွှန်ကာ အသံကလေးညှစ် အော်လိုက်လေသည်။ တင်မောင်ဆွေကလည်း ပခုံးများကိုတွန့်လျက် တံခါးဝဆီသို့ လျှောက်လာလေ၏။

'တင်မောင်ဆွေ… မင်းနဲ့ငါ နောက် တွေ့ကြသေးတာပေါ့ ကွာ'

တင်မောင်ဆွေက တံခါးဝမှ ထွက်မည်အပြု နောက်မှ နေ၍ ဥက္ကာက လှမ်းကြိမ်းလိုက်ခြင်းဖြစ်လေသည်။ တင်မောင်ဆွေ ကလည်း ၎င်းကို လှည့်ကြည့်လျက် ဦးညွှတ်လိုက်လေသည်။

'ကျွန်တော်ကတော့ အဆင်သင့်ပါပဲ ကိုဥက္ကာ။ ပြီးတော့ သည်း ကျွန်တော့်ကို ခင်ဗျားကမသိဘူးဆိုပြီး အခုကျွန်တော့်နာမည်ကို ခေါ်လို့ အသိအမှတ်ပြုတာကို ကျွန်တော်ဝမ်းသာပါတယ်။ ကဲ… အားလုံးပဲ သွားလိုက်ပါဦးမယ်နော်… '

တင်မောင်ဆွေက အလုပ်တိုက်ခန်းသို့ ပြန်ရောက်လာရာ တွင် သူ့သီးသန့်အခန်းထဲ၌ စုံထောက်ရဲမှူးကြီးကိုအောင်းဖေက အခန်း အားထိုင်၍ စောင့်စားနေသည်ကိုတွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခေါ်ကတစ်ဆင့် မင်း ရောက်လာလာချင်း ငါ့ဆီကိုလာခဲ့ဖို့ မှာထားခဲ့တာ အခုတော့ မင်းကို ငါလာတွေ့နေရပါကလား တင် မောင်ဆွေ။ မင်းရဲ့ ပူးပေါင်းဆောင်ရွက်မှုဆိုတာက ဒါမျိုးလားကွ…'

'အေးဗျာ… ကျွန်တော်လည်း ခင်ဗျားကို လာတွေ့မလို့ပါပဲ။ ဒါပေမဲ့ ကိစ္စတွေ များနေလို့ပေါ့ဗျ။ အခု ခင်ဗျားနဲ့ ကျွန်တော် တွေ့ရပြီပဲဗျ။ ခင်ဗျား မေးစရာရှိတာတွေကို မေးပေတော့…'

တင်မောင်ဆွေမှာ ကိုသောင်းဖေအား ချော့ရမည့်အချိန်အခါမျိုးဖြစ်နေ၍ ပြန်၍ဘုမမှုတ်ဘဲ လိုက်လိုက် လျောလျော ပြန်ဖြေလိုက်ရလေ၏။

'မင်းကို ငါမေးစရာကတော့ အများကြီးပါပဲ။ ဒါပေမဲ့ ပထမဦးဆုံး သိချင်တာကတော့ ညက အသတ်ခံကြရတဲ့ ရွှေမောင်နဲ့ သန်းနွဲ့ဆိုတဲ့ လူမိုက်နှစ်ယောက်နဲ့ ပတ်သက်ပြီး မင်းဘာတွေ သိထားရသလဲ ဆိုတာပါပဲ'

တင်မောင်ဆွေလည်း ထိုကိစ္စကို ကိုသောင်းဖေအား ထိမ်ချန်ထားလို့ မဖြစ်တော့မှန်း နားလည်မိရကား ညက သူ့အား ပတ်လိန်း၍ မေ့ဆေးပေးပြီး ဖမ်းခေါ်သွားကြပုံနှင့် ပြန်သတိရလာသည့်အခါတွင် ရွှေမောင်း၏အလောင်းတွေ့ခဲ့ပုံမှ စတင်ကာ သူပဲခူးကို လိုက်သွားပြီး ယာကွတ်နှင့် တွေ့ခဲ့ရပုံတွေကိုပါ ပြောပြလိုက်လေ၏။

'အေး… ညက တို့ဌာနချုပ်ကို လှို့ဝှက်ပြီးပေးတဲ့ သတင်းတစ်ခုက ရောက်လာခဲ့ရတယ်ကွ။ ဗဟန်းက အိမ်တစ်အိမ်မှာ ရွှေမောင်းဆိုတဲ့လူ အသတ်ခံထားရပြီး အလွတ်စုံထောက်တင်မောင်ဆွေကိုပါ လက်ပူးလက်ကြပ် ဖမ်းမိလိမ့်မယ်ဆိုတဲ့ သတင်းပါ



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ငါ့ရဲအုပ်သန်းအောင်ကို လွှတ်လိုက်တော့ ရွှေမောင်း အလောင်းကိုသာတွေ့ပြီး မင်းကိုတော့ မတွေ့ရဘူးပေါ့။ သန်းအောင်ခမျာခင်းကိုမတွေ့ခဲ့ရတာကို တော်တော်စိတ်ပျက်ခဲ့ရှာတယ်လေ…'

'စိတ်ပျက်မှာပေါ့ ကိုသောင်းဖေ၊ ခင်ဗျားလူက ကျုပ်ကို အလားကားမုန်းနေတာပဲ'

ကိုသောင်းဖေအား တင်မောင်ဆွေက ပခုန်းတွန့်လျက် ပြန်ပြောလိုက်ရာတွင် ၎င်းက မျက်မှောင်ကြီးကုတ်လိုက်လေ၏။

'သန်းအောင်ဟာ တာဝန်ကျေပွန်တဲ့ ရဲအရာရှိပါကွ။ ဘာပဲဖြစ်ဖြစ်လေ…ရွှေမောင်းရဲ့အလောင်းကိုစစ်ဆေးကြည့်တော့ သူဟာမှိုင်သာတီးအိတ် လျူဂါအော့တိုမက်တစ်ပစ္စတိုကျည်ဆံနဲ့ အပစ်ခံရတာဆိုတာကို တွေ့ခဲ့ရတယ်…'

'ဟုတ်လား… နို့ ကျည်ဆံကို ခင်ဗျားစစ်ဆေးပြီးပလား ဘယ်သူ့ လျူဂါသေနတ်ဆိုတာကို ခင်ဗျား သိရပြီလား…'

'ကျည်ဆံကို စစ်ဆေးကြည့်လို့ မရသေးဘူးကွ'

တင်မောင်ဆွေက သက်ပြင်းတစ်ချက်ချလိုက်ရာ ကိုသောင်းဖေက သူ့အားပြုံးကြည့်လိုက်လေသည်။

'ဒီကောင်တွေကို သတ်သွားတဲ့ တကယ့်တရားခံတွေကို နောက်တစ်ရက် နှစ်ရက်အတွင်း တစ်ယောက်ယောက်က ဖော်ထုတ်ပေးနိုင်မယ် ဆိုရင်တော့ ဒီသေနတ်ကျည်ဆံကို စစ်ဆေးနေဖို့ လိုမယ်မထင်ပါဘူးလေ… ဘယ့်နှယ်လဲကွ…'

'အင်းလေ… နောက်တစ်ရက် နှစ်ရက်အတွင်းမှာတော့ ခင်ဗျားပြောသလိုပဲ ခင်ဗျားလိုချင်တဲ့ တရားခံကို တစ်ယောက်ယောက်က ဖော်ထုတ်ပေးနိုင်ပါလိမ့်မယ်လို့ မျှော်လင့်ရတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းဖေလည်း ကျေနပ်သွားဟန်နှင့် ခေါင်းတစ်ချက် ညိတ်လိုက်ပြီးမှ ကိုယ်ကိုရှေ့သို့ ကိုင်းကာ တင်မောင်ဆွေအား မေးခွန်းတစ်ခု ထုတ်လိုက်လေ၏။

'တင်မောင်ဆွေ ဒီကိစ္စတွေနဲ့ ပက်သက်ပြီး မင်းဘာမှ အိုင်ဒီယာ မရသေးဘူးလားကွ…'

'ဟာ… ကိုသောင်းဖေ ကျွန်တော်ရထားတဲ့ အိုင်ဒီယာတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ တစ်ခုတော့ ပြောနိုင်တယ်။ မနေ့ညက ကျွန်တော့်ကို ဟိုကောင်နှစ်ယောက်က ဖမ်းခေါ်သွားကြတာဟာ ဉက္ကာရဲ့ လက်ချက်သာ ဖြစ်ရမယ်။ ပြီးတော့ ဉက္ကာကပဲ ဒီကောင်နှစ်ကောင်ကို ရှင်းပစ်ပြီး ကျုပ်ကို မားစားခံလုပ်ဖို့ ကြံခဲ့တာပဲဗျ။ သူဟာ အကြောင်းတစ်ခုခုကြောင့် ကျုပ်ကို ဒေါ်မြသွေးရဲ့ အမှုလိုက်နေတာကို မလိုလားနိုင်အောင် ဖြစ်နေရတာပဲ'

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## - ၁၁ -

စုံထောက် ဌာနချုပ်မှထွက်ခဲ့သည့် အခါတွင် တင်မောင်ဆွေသည် ဦးမြတ်သာကျော်၏ ၂-ထပ်တိုက်ဝါကြီးဆီသို့ တစ်ဖန်ပြန်၍ ဦးလှည့်လာရပြန်လေသည်။ သူ့အတွက် ဦးမြတ်သာကျော်နှင့် တွေ့ဖို့အချိန်ကား အင်မှတန်မှ တန်နေရပြီဖြစ်လေသည်။ ပထမတစ်ခေါက် သွားတွေ့ဆုံခဲ့စဉ်က ဖြူဖြူကျော်နှင့်သာ ရင်ဆိုင်ကာ သူ့ရည်ရွယ်ချက် မပြည့်ဝဘဲ ပြန်လာခဲ့သည်ဖြစ်ရာ သည်တစ်ခါတော့ ဦးမြတ်သာကျော်နှင့် ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ကောင်းပါရဲ့ဟု မျှော်လင့်ထားလိုက်မိလေသည်။

ဦးမြတ်သာကျော်နှင့် တွေ့ဆုံရဖို့အရေးမှာ တော်တော်နှင့်လွယ်ကူလှကြောင်းကို တင်မောင်ဆွေကတွေ့ရပြန်လေသည်။ ပထမဦးစွာ ဝင်းတံခါးမကြီးဝယ် လက်နက်ကိုင်ဒရဝမ်၏ စစ်ဆေးခြင်းကိုခံရကာ နောက်တစ်ခါ အိမ်တံခါးဝတွင်လည်း အစေခံ တစ်ယောက်အား သူလာရောက်ရသည့်ကိစ္စကို ပြောပြရပြန်သည်။

အစေခံထားခဲ့သော အခန်းထဲတွင် ၅-မိနစ်ခန့် ထိုင်စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေပြီးနောက်မှ ဦးမြတ်သာကျော်၏ အတွင်းရေးမှူးဆိုသူ လူတစ်ယောက်က ရောက်လာပြန်ကာ သူ့ကိစ္စသည် ဦးမြတ်သာကျော်ကိုယ်တိုင်နှင့် တွေ့ရမှ ပြီးမည်လားဟု မေးနေပြန်တော့သည်။ တင်မောင်ဆွေမှာ စိတ်မရှည်နိုင်တော့ဘဲ…’

‘ဒီမှာ အတွင်းရေးမှူးဆရာ… ခင်ဗျား ဘော့(စ်)ကို ပြောလိုက်ပါ၊ သူ့ကို လာတွေ့နေတဲ့လူဟာ အလွတ်စုံထောက် တင်မောင်ဆွေပါလို့။ လာတွေ့ရတဲ့အကြောင်းလည်း သူနဲ့ တိုက်ရိုက်ပတ်သက်နေရတဲ့ ကိစ္စတစ်ခုပါလို့။ အတွေ့ခံရင် အကျိုးထူးလိမ့်မယ်လို့…’

အတွင်းရေးမှူးသည် ဦးမြတ်သာကျော်ထံ သွား၍ အစီရင်ခံပြီးနောက် ၅-မိနစ်အတွင်း ပြန်ရောက်လာလေသည်။

အတွင်းရေးမှူးသည် တင်မောင်ဆွေအား တိုက်အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေသည်။ ခန်းမကြီးတစ်ခုကို သူတို့က ဖြတ်ကျော်လာခဲ့ရာတွင် တဖိတ်ဖိတ်တောက်နေသော ကြမ်းပြင်၊ ခမ်းနားသော အိမ်ထောင်ပရိဘောဂများနှင့် တစ်အိမ်လုံးတွင် ဆင်ပြင်ထားမှုတို့က အရင်းရှင်လောကတွင် ထိပ်တန်းသို့ ရောက်နေရသော သူဌေးကြီး ဦးမြတ်သာကျော်၏ အဆင့်အတန်းမြင့်ပုံကို ဖော်ပြနေသလိုရှိနေရတော့၏။

သူတို့ နှစ်ယောက်သည်တဖိတ်ဖိတ်တောက်အောင် ဆေးသုတ်ထားသော တံခါးကြီး တစ်ခုရှေ့သို့ ရောက်လာလျှင် အတွင်းရေးမှူးက ရပ်လိုက်ကာ တံခါးပြင်က မရဲတရဲနှင့် တဒေါက်ဒေါက်ခေါက်လိုက်လေသည်။

‘ဝင်ခဲ့လေ…’

အခန်းတွင်းမှ ဝင်ခွင့်ပြုလိုက်သံက မတိုးမကျယ်ပြန်ပေါ်



www.burmeseclassic.com

www.burmeseclassic.com


လာသည့်အခါတွင်မှ အတွင်းရေးမှူးသည် အခန်းတံခါး၏ ကြေးဝါရောင် လက်ကိုင်ဘုကို ဆွဲလှည့်ကာ တွန်းဖွင့်လိုက်ပြီး တင်မောင်ဆွေအား အတွင်းသို့ ဝင်ရန် လက်ပြလိုက်လေသည်။

တင်မောင်ဆွေက ပွင့်သွားသော တံခါးမှနေ၍ အတွင်းသို့ တစ်ယောက်တည်း ဝင်ခဲ့ရာတွင် သပြေသီးမှည့်ရောင် ကျွန်းသားကြမ်းပြင်သားရေဖုံးဆိုဖာကုလားထိုင်ကြီးများ၊ မဟော်ဂနီစားပွဲကြီးတစ်ခုလုံး၌ နံရံတစ်ဖက်တွင် လူတစ်ရပ်ကျော် မြင့်မားသည့် စာအုပ်ဗီရိုကြီးများနှင့် ခမ်းနားသပ်ရပ်စွာဖြင့် ဆင်ထားသော အခန်းကြီးတစ်ခုအတွင်းသို့ ရောက်ရှိလာရလေသည်။ နောက်မြင့် ကုလားထိုင်ကြီး တစ်လုံးတွင်ကား လူတစ်ယောက်က အခန့်သား ထိုင်လျက်ရှိနေလေ၏။

ဦးမြတ်သာကျော်ကား အသက် ၅၀-ကျော်ခန့် ရှိနေပြီဖြစ်သည့်တိုင် ရုပ်ရည်ကတော့ ချောမောခန့်ငြားနေတုန်းသာ ဖြစ်သည်ကို တင်မောင်ဆွေက တွေ့ရလေသည်။ ဆံပင်ပါးပါးကို ပိပြားနေအောင်ဖြီးကာ ကျယ်ဝန်းသော မဟာနဖူး၊ စူးရှသည့်မျက်လုံး၊ ဖြောင့်စင်း၍ အနည်းငယ်ရှည်သောနှာတံနှင့် စေ့စပ်ပါးလျပ်သော နှုတ်ခမ်းအစုံတို့သည် သူ၏ ထင်ရှားသော ရုပ်လက္ခဏာများ ဖြစ်ကြလေသည်။

တင်မောင်ဆွေသည် ဘယ်လိုမှ ကျိုးရိုသည့် အမူအယာကိုမပြဘဲ စားပွဲကြီး ရှေ့ရှေ့တည့်တည့်တွင် ဝင်ရပ်လိုက်ကာ ဦးမြတ်သာကျော်အပေါ် ကစီးလျက် ငုံ့ကြည့်လိုက်လေသည်။ ဦးမြတ်သာကျော်ကလည်း စူးရှတောက်ပြောင်သော မျက်လုံးအစုံနှင့် သူ့အား မော့ကြည့်လိုက်ကာ ခတ်ဆတ်ဆတ်အသံက သူ့နှုတ်ခမ်းပါးများ


www.burmeseclassic.com

www.burmeseclassic.com



ကြားမှ ရုတ်တရက် ထွက်ပေါ်၍လာ၏။

'ဘဲ… မောင်က… ဘာပြုလို့ တွေ့ချင်ရတာလဲ'

ဦးမြတ်သာကျော်၏အသံကား အမြဲတမ်း အထက်ကစီး၍ ပြောနေရခြင်းကို အကျင့်ပါနေသော အသံမျိုး ဖြစ်သည်ဟု တင်မောင်ဆွေက ကြိတ်ကာမှတ်ချက်ချလိုက်မိလေသည်။ ထိုအသံသည် မြောက်မြားစွာသော လူတွေကို ခြိမ်းချောက်အော်ငေါက်ခဲ့ဖူးပြီလည်း ဖြစ်နေ၏။ ထိုလူတွေသည် ဦးမြတ်သာကျော်၏ ထိုသို့သောအသံကို ဒူးတုန်တုန် ရင်တခုန်ခုန်နှင့် နားထောင်ခဲ့ကြရ၏။ ထိုသည်မှာလည်း ထိုသူတို့သည် သူတို့၏ သားမယားကို ထမင်းဝအောင် ကျွေးနိုင်ရန်အတွက် သို့တစေလည်း တင်မောင်ဆွေက သူ့အတွက်မှာတော့ ဦးမြတ်သာကျော်အား ဘယ်လိုမှ ကျိုးနွံနေစရာမလိုဟု ယူဆထားနေမိလေ၏။

ထို့ကြောင့်လည်း သူသည် ဦးမြတ်သာကျော်၏ မေးခွန်းကို ရုတ်တရက်ပြန်၍မဖြေ။ ဦးမြတ်သာကျော်ထံမှ ခွင့်ပြုချက်မရသေးဘဲနှင့်ပင် စားပွဲရှေ့မှ ဆိုဖာတစ်ခုပေါ်တွင် အခန့်သား ထိုင်ချလိုက်ကာ စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိလိုက်လေသည်။ ပြီးမှ စီးကရက် မီးခိုးကလေးများကို ဖြည်းညှင်းစွာ မှုတ်ထုတ်လိုက်ရင်းက ဦးမြတ်သာကျော်အား စေ့စေ့စိုက်စိုက် လှမ်းကြည့်လိုက်လေ၏။

'ဦးဟာဖြင့် ရန်ကုန်မှာ တော်တော်ပဲသြဇာရှိပြီး လူတွေက တော်တော်ကြောက်နေရတယ်လို့ ကျွန်တော်ကြားရပါတယ်။ ကျွန်တော်ကတော့ စောစောပဲပြောပါရစေတော့၊ ဦးကို တခြားသူတွေက ဘယ်လောက်ပဲ ဖင်တုန်အောင် ကြောက်နေကြရပါစေ၊ ကျွန်တော့်အနေနှင့်တော့ ဦးကို လူလူချင်းလိုသာ ဆက်ဆံချင်တာပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သာကျော်၏ နှုတ်ခမ်းပါးများသည် ပြုံးတော့မလိုလို နှင့် အနည်းငယ်တွန့်လာကြလေသည်။ ပြီးနောက် ရုတ်တရက်ဆို သလိုပင် သူ၏တင်းမာနေသော အမူအရာသည် ပျော့ကျသွားကာ ကုလားထိုင်တွင် ကျောမှီချလိုက်ရာက တင်မောင်ဆွေအား အသံ ခပ်ပျော့ပျော့နှင့် ပြန်ဖြေလိုက်၏။

'အင်း… မောင့်ကို ဦးသဘောကျသလိုလို ဖြစ်မိပါပြီ။ မောင်ဟာ တစ်ခါတစ်ခါမှာဖြင့် လူတစ်ဖက်သားကို မထီလေးစား ကလေး လုပ်ပေးရလိမ့်မယ်လို့ ယုံကြည်နေတဲ့ သူတစ်ယောက် ဖြစ်ဟန်တူပါတယ်။ အခုလိုဆို ဦးမြတ်သာကျော်ဆိုတဲ့ ကြီးကြီး မာစတာကြီးနဲ့ မောင်လာတွေ့ရာမှာ မောင်ဟာ အထူးသဖြင့် ပိုပြီး မထီလေးစားလုပ်ပေးရလိမ့်လို့ ယူဆနေတယ်နဲ့ တူပါတယ်'

'မှန်ပါတယ် ဦးမြတ်သာကျော်၊ ကျွန်တော်က ဒီလိုပဲ ယူဆနေမိပါတယ်…'

'အင်း… အခုလို အချိန်အခါမျိုးမှာ မောင့်လိုလူမျိုးကိုတော့ ဦးက တော်တော်ပဲ တွေ့ရခဲလှပါတယ်'

'ဒါက သိပ်မဆန်းပါဘူး ဦးရယ်… ဦးဟာ ဦးကျင်လည်ရ တဲ့ ပတ်ဝန်းကျင်မှာ မင်းမူနေရတဲ့ လူစားမျိုးတစ်ယောက် ဖြစ်နေ တယ် မဟုတ်လား'

ဦးမြတ်သာကျော်သည် သူ့လက်နှစ်ဖက်ကို ယှက်ကာ မေးထောက်ပြီး တင်မောင်ဆွေအား စူးစိုက်၍ ကြည့်လိုက်လေသည်။ ပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်လေသည်။

'မောင်ပြောတာတွေဟာ တော်တော်ပဲ မှန်နေပါတယ်။ ကဲပါလေ… ဒါတွေထားလိုက်ပါတော့၊ မောင့်ကိစ္စကို ဆိုစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com


'ကျွန်တော့် ကိစ္စကတော့ တော်တော်ပဲ လေးနက်နေပါတယ်ဦး… သထေမဦးဆုံး ဦးသမီးနဲ့ ပတ်သက်နေပါတယ်'

ဦးမြတ်သာကျော်၏ မျက်လုံးများသည် ဤအခါ၌ မသိမသာ ပြန့်လည် မာကျောလာကြလေ၏။

'ဦးသမီး ဟုတ်လား… ဆိုစမ်းပါဦး… မောင်ဟာ ဦးသမီးနဲ့ ပတ်သက်ပြီး ငွေညှစ်ဖို့လာတဲ့ လူတစ်ယောက်တော့ ဟုတ်လိမ့်မယ်လို့ ဦးမထင်မိပါဘူး'

'ဦးသမီး ဖြူဖြူဟာ ဥက္ကာဆိုတဲ့ လူဆိုးလူမိုက်တစ်ယောက်နဲ့ တော်တော် ရင်းရင်းနှီးနှီး ဆက်သွယ်နေပါတယ်…'

သည်တစ်ခါတွင်ကား ဦးမြတ်သာကျော်၏ မျက်နှာကြီးမှာ သိသိသာသာကြီး တင်းမာ၍ လာလေသည်။ သူ့မျက်လုံးတွေကလည်း ဒေါသဖြင့် ပြောင်လက်၍လာကြ၏။ သူသည်ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ကာ ပြတ်တောင်းတင်းမာသော အသံကြီးနှင့် ပြောလိုက်လေသည်။

'ဒီအကောင်ကို ဦးသမီးနဲ့ လာပြီးမရောနိုင်အောင် မောင်က ကာကွယ်တားဆီးပေးစမ်းပါ… '

'ဘယ်လိုကာကွယ် တားဆီးရမှာလဲ ဦးမြတ်သာကျော်…'

'မောင်ဟာ အလွတ်စုံထောက် တစ်ယောက် မဟုတ်လား ဘယ်လိုတားဆီးရမယ်ဆိုတဲ့ နည်းလမ်းတွေဟာ မောင့်ဆီမှာ ရှိနေမှာပါပဲ။ ဒီအတွက် ဦးက မောင့်ကို ငွေနှစ်ထောင်ပေးပါ့မယ်။ အခုပဲ ချက်လက်မှတ်ရေးပေးလိုက်ပါ့မယ်လေ… မောင်ကသာ ဒီ… ဥက္ကာဆိုတဲ့ ဂျပိုးလိုဟာစုတ်က ဦးသမီးနဲ့လာအရောဝင်နေတာကို တစ်နည်းနည်းနဲ့ တားမြစ်ပေးပါတော့… '


www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေကတော့ စိတ်အားထက်သန်စွာ ပြုံးလျက်ပြောနေသော ဦးမြတ်သာကျော်အား နှုတ်ခမ်းများ တွန့်ပြပြန်ဖြေလိုက်လေသည်။

'ဦးရဲ့ သမီးဖြူဖြူဟာ ကျွန်တော့်ကို ဒီထက်လွယ်တဲ့ အလုပ်တစ်ခုကို လုပ်ဖို့အတွက် ကိုညွန့်ဟန်ဆိုတဲ့ လူဝကြီးတစ်ယောက်ကတစ်ဆင့် ငွေ ၅၀၀၀/- ပေးခဲ့ပါတယ်'

ဦးမြတ်သာကျော်သည် ခေါင်းကို ရှေ့သို့ ငုံ့လာရာမှ ကပျာကရာ ပြန်မေးလိုက်လေသည်။

'ဖြူဖြူက မောင့်ကို ငွေ ၅၀၀၀/-ပေးပြီး ဘာလုပ်ခိုင်းခဲ့တာလဲ… '

'အင်မတန် ခင်မင်စရာကောင်းတဲ့ မမြသွေးဆိုတဲ့ အမျိုးသမီးကြီး တစ်ယောက်အတွက် ကျွန်တော်က လိုက်စုံစမ်းပေးနေရတဲ့ကိစ္စကို ဆက်ပြီးမစုံစမ်းဖို့ပါပဲ ဦးမြတ်သာကျော်'

တင်မောင်ဆွေက ဖြည်းညှင်းစွာ ပြန်ဖြေလိုက်သော စကားများသည် ဦးမြတ်သာကျော်အား ပြင်းထန်စွာ ထိခိုက်သွားစေပုံရလေသည်။ သူ့မျက်နှာသည် ရုတ်တရက် ဖြူရော်သွားကာ မျက်လုံးကြီးများက ပြူးကျယ်လာခဲ့ပြီး တင်မောင်ဆွေအား စူးစိုက်ကြည့်ရှုလိုက်လေသည်။

'မမြသွေး ဟုတ်လား… ဘယ်က မမြသွေးလဲ… '

'လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်သောက်က ဦးချစ်မြတ်နိုးခဲ့တဲ့ မမြသွေးပါပဲ'

'မောင်ဘာတွေ ပြောနေတာလဲ၊ မမြသွေးဆုံးခဲ့တာ ကြာလှပါပကော… '



www.burmeseclassic.com

www.burmeseclassic.com



'ဦးမှားနေပါပြီ၊ မမြသွေးဟာ အခုထက်ထိ အသက်ရှင်နေတုန်းပါပဲ။ အခုတော့ ဒေါ်မြသွေးအဖြစ်နဲ့ သူဟာ တစ်ကိုယ်တည်း အားကိုးရာမဲ့ နေနေရရှာပါတယ်'

ဦးမြတ်သာကျော်ကား မယုံကြည်နိုင်ဖွယ်ရာ ဝမ်းသာစရာ သတင်းကောင်းတစ်ခုကို ကြားလိုက်ရသလိုသာ ဖြစ်နေလေသည်။ သူသည် ဝေတေတေ အမူအရာနှင့် နဖူးကို လက်နှင့်သပ်ကာ တင်မောင်ဆွေအားသာ စူးစိုက်ကြည့်နေ၏။ ပြီးမှ ခေါင်းကို ဖြည်းညှင်းစွာယမ်းကာ လေသံခပ်သဲ့သဲ့နှင့် ရေရွတ်လိုက်ပြန်လေသည်။

'ဟုတ်ကဲ့လား မောင်ရင်ရယ်... ဦးကို မကျီစားပါနဲ့ သူတို့ကပြောတော့ မမြသွေးသေရှာပြီတဲ့...'

'ကျွန်တော် ဒီစကားတွေကို အတည်ပြောနေတာပါ'

ဤတွင် ဦးမြတ်သာကျော်က ဆတ်ခနဲ ထိုင်ရာမှ ထလိုက်ကာ လက်နှစ်ဖက် စားပွဲပေါ်တွင် ထောက်ပြီး ကိုယ်ကိုရှေ့သို့ ကိုင်းလျှက် တုန်ရီနေသော အသံကြီးနှင့် မေးလိုက်ပြန်၏။

'မမြသွေး အသက်ရှင်နေသေးမှန်း မောင်က ဘယ်လို သိရတာလဲ...'

ဤတွင် တင်မောင်ဆွေက ဒေါ်မြသွေးနှင့် သူစတင်တွေ့ခဲ့ရပုံတွေကအစ ဒေါ်မြသွေးထံမှ သူသိခဲ့ရသမျှတွေအားလုံးကို လုံးစေ့ပတ်စေ့ ပြန်လည် ပြောပြလိုက်လေတော့၏။

ဦးမြတ်သာကျော်လည်း တင်မောင်ဆွေပြောသမျှကို စူးစိုက်နားထောင်နေပြီးနောက် တင်မောင်ဆွေက နိဂုံးချုပ်လိုက်သည့် အခါတွင်မှ–

'သူ့ကို ဦးတွေ့ချင်တယ် မောင်... ဘယ်မှာတွေ့နိုင်မလဲ'



www.burmeseclassic.com

www.burmeseclassic.com


ဟု စိတ်အား ထက်သန်လှစွာ မေးလိုက်ပြန်၏။

'ဒါတော့ ကျွန်တော် မပြောနိုင်ဘူး ဦးမြတ်သာကျော်'

ဟု တင်မောင်ဆွေက ပြန်ဖြေလိုက်လျှင် ၄င်းသည် လက်သီးနှစ်ဖက်ဆုပ်ကာ တင်မောင်ဆွေအား စားတော့ဝါးတော့မလို မျက်လုံးကြီးများ ပြူးလျက် ကြည့်လိုက်လေ၏။ ပြီးမှ ၄င်းသည် စိတ်ကိုကြိုးစား၍ ချုပ်တည်းလိုက်ရဟန်နှင့် သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်ကာ ကုလားထိုင်တွင် ပြန်ထိုင်လိုက်လေသည်။

'မောင် မပြောနိုင်တာက မမြသွေးရဲ့သဘောကို မသိရသေးလို့ မဟုတ်လား။ သူ··· သူက ဦးကိုတွေ့ချင်တဲ့စိတ် ရှိချင်မှ ရှိတော့မယ်လို့ မောင်က ဆိုလိုတာပေါ့··· ဟုတ်စ···'

'ဟုတ်ပါတယ်··· ဦးကို သူနဲ့ သွားတွေ့ရဖို့ဆိုတာက ခေါ်မြသွေးအပေါ်မှာသာ တည်နေတာလား'

'ဒီလိုဆိုလည်း ဦးက မောင်ကနေတစ်ဆင့် သူ့ကိုတစ်ခုမှာလိုက်ပါရစေလားကွယ်'

'ဒါတော့··· ကျွန်တော်···ဆောင်ရွက်ပေးနိုင်ပါတယ်···'

ဦးမြတ်သာကျော်သည် ခေါင်းကို ကျေနပ်စွာညိတ်လိုက်လေသည်။ ပြီးလျှင် ထိုင်ရာမှထပြီး ဘီရိုကလေးတစ်ခုထဲမှ ငွေနှင့်ဝါကား ဝီစကီပိုင့်တစ်ပုလင်းနှင့် ဖန်ခွက်တွေကို ထုတ်ယူလာ၏။ ဦးမြတ်သာကျော်က တင်မောင်ဆွေအား လှမ်းကြည့်လိုက်ကာ ၄င်း၏ ခေါင်းညိတ်ပြချက်ကို တွေ့ရလျှင် ဝီစကီလက်သုံးလုံးခန့်ကို ဖန်ခွက်တစ်ခွက်စီတွင် ငှဲ့ထည့်လိုက်လေသည်။

အသီးသီး ဝီစကီအရက်ကို တစ်ကျိုက်စီ ကျိုက်ချလိုက်ပြီးသည့်အခါတွင်ကား တင်မောင်ဆွေက ဦးမြတ်သာကျော်အား


www.burmeseclassic.com

www.burmeseclassic.com


ရှုးစိုက်ကြည့်လျက် မေးခွန်းတစ်ခု ထုတ်လိုက်လေသည်။

'ဦးရဲ့သား ဖိလစ်သာကျော်ဟာ တကယ်တော့ ဒေါ်မြသွေးရဲ့သားပဲ မဟုတ်လား'

ဦးမြတ်သာကျော်က သူ့ခေါင်းကို လေးလံစွာညိတ်ပြလိုက်လေသည်။ သူ့မျက်လုံးများသည် အနည်းငယ် ဝေတေတေ ဖြစ်နေကြသည်ဟု ထင်မှတ်ရ၏။

'ဒီအကြောင်းကို ဖိလစ်ကိုယ်တိုင်က သိသလား'

'မသိပါဘူး… '

'နို့… ဖြူဖြူကျော်ကတော့ သိနေမှပေါ့'

ဤအခါတွင်တော့ ဦးမြတ်သာကျော်မှာ စိတ်ဝေခွဲ၍ မရဟန် ဖြစ်သွားပုံရလေ၏။

'ဒါတော့ ဦးလည်း အသေအချာ မပြောတတ်ပါဘူး။ ဦးအထင်တော့ ဖိလစ်အကြောင်းကို ဖြူဖြူမတော်တဆ သိသွားရှာတာနဲ့တူပါတယ်… တကယ်တော့ သူဟာ ဖိလစ်အကြောင်းကို သိထားရမှပဲလေ… ဒါကြောင့်မို့သာ မမြသွေးရဲ့ သားပျောက်ကြော်ငြာကို တွေ့ခဲ့ရတော့ သူက စိတ်ဝင်စားခဲ့တာဖြစ်မှာပေါ့'

'ဖိလစ်ကို ဦးဆီမှာခေါ်ထားဖို့အတွက် သူ့ကိုပထမ မွေးစားထားခဲ့ကြရတဲ့ ဦးဘဖွေးတို့ လင်မယားကို ဦးက ငွေဘယ်လောက်ပေးခဲ့ရသလဲ'

ဦးမြတ်သာကျော်သည် ဝီစကီတစ်ကျိုက် ကျိုက်ချလိုက်ပြီးမှ တင်မောင်ဆွေ၏ မေးခွန်းကို ပြန်ဖြေလိုက်လေသည်။

'ဦးသားရှိနေမှန်းကို သိရတော့ ဦးဟာ ဦးဆီမှာခေါ်ထားဖို့ကို ဦးဘဖွေးတို့ လင်မယားနဲ့ စီစဉ်ခဲ့ပါတယ်။ သူတို့လင်မယား၏


www.burmeseclassic.com

www.burmeseclassic.com



လည်း ဖိလစ်က သွေးသားရင်းလိုပဲ သံယောဇဉ် ငြိနေတာကို ဦး သိခဲ့ရတယ်။ ဒါနဲ့ ဦးလည်း ဖိလစ်ဟာ ဦးလက်ထဲမှာဆိုရင် ကြီးပွား လာနိုင်ကြောင်းကို သူတို့ကို တရားချပြီး သူတို့ကိုလည်း ဦးက ငွေတစ်သောင်းတိတိ ရင်းနှီးစားဖို့ ထုတ်ပေးခဲ့ပါတယ်။ ဒါတွင်မက သေးပါဘူး။ သူတို့လင်မယား အသက်ရှင်နေသရွေ့ ကာလပတ်လုံး တစ်လနှစ်ရာကျပ် ထောက်ပံ့ဖို့ကိုလည်း ကတိပေးထားခဲ့ပါတယ်'

'သူတို့ဟာ အဲဒီတုန်းကတော့ တော်တော်ဆင်းရဲနွမ်းပါးနေခဲ့ ကြတာကလား... ဦးဟာ ခုထက်တိုင်အောင် ဦးကတိအတိုင်း သူတို့ကိုပေးကမ်း ထောက်ပံ့ထားခဲ့ပါတယ်... ဒါပေမဲ့ ဒီအစီအစဉ် ကို ဦးရဲ့ အတွင်းရေးမှူးတောင်မှ မသိပါဘူး... သူတို့ဆီကို လစဉ် ပို့ရတဲ့ငွေကို ဦးရဲ့ ပရိုက်ဗိတ်အကောက်(ကိုယ်ပိုင်စာရင်း) ထဲကနေ ပို့ပေးခဲ့ပါတယ်... ဒါပေမဲ့ သူတို့ကို ဦးက လူကိုယ်တိုင် သွား မတွေ့တာကတော့ ဦးဆီကို ဖိလစ် ရောက်လာပြီးကတည်းက ဆိုပါ တော့ကွယ်'

တင်မောင်ဆွေသည် ဦးမြတ်သာကျော်က ရှင်းပြနေသည် တို့ကို နားထောင်နေရာကပင် သူ့ဦးနှောက်ထဲ၌ မရှင်းသေးသော ပြဿနာတစ်ရပ်၏ အဖြေတစ်ခုကို ရုတ်တရက် ရရှိလာရလေသည်။ သို့ရာတွင် ထိုအဖြေကို သူက ဦးမြတ်သာကျော်အား ပြောပြရန် အချိန်မဟုတ်သေးဟု ကိုယ့်ဘာသာကိုယ် ကြိတ်၍ ဆုံးဖြတ်ချက် ချလိုက်လေသည်။

တင်မောင်ဆွေလည်း ဖန်ခွက်ထဲမှ ဝီစကီကို ကုန်အောင် သျှိုက်ချလိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်လေ၏။

'ကဲ... ဦး... ကျွန်တော်သွားပါဦးမယ်... ဦးမှာတာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော် ဒေါ်မြသွေးကို ကိုယ်တိုင်သွားပြောပါ့မယ်… ဦးဟာ ကျွန်တော်ထင်သလောက် မဆိုးလှတာကို တွေ့ရလို့လည်း ကျွန်တော် ဝမ်းသာပါတယ်… ’

‘ဦးကလည်း မောင့်ကို သဘောကျမိပါတယ်…မောင်ဟာ လေးစားထိုက်တဲ့ လူငယ်တစ်ယောက်ပါပဲ… ’

သူတို့နှစ်ယောက်သည် လက်ဆွဲနှုတ်ဆက်လိုက်ပြီးနောက် တင်မောင်ဆွေက အခန်းတံခါးဆီသို့ လှည့်ထွက်ခဲ့လေသည်။ ဤတွင် ဦးမြတ်သာကျော်က သူ့နောက်ကနေ၍ တစ်စုံတစ်ရာပြောလိုက်၏။

‘ဒါနဲ့ မောင်တင်မောင်ဆွေ… ဦးသမီးကို ဖျက်ဆီးနေတဲ့ ဥက္ကာဆိုတဲ့ အကောင်ကိစ္စကိုလည်း မောင်က တာဝန်ယူမလား’

‘ကျွန်တော် တာဝန်ယူပါတယ် ဦး’

တင်မောင်ဆွေလည်း ဦးမြတ်သာကျော်၏ တိုက်ကြီးထဲမှ ထွက်လာခဲ့ပြီးနောက် သူ့ကားကလေးကို မြို့ထဲသို့ တိုက်ရိုက်ပြန်မောင်းလာခဲ့လေသည်။ မြို့ထဲမှ ဟိုတယ်ဆိုင်တစ်ဆိုင်တွင် ဟာနေ သောဝမ်းကို ဖြည့်ခဲ့ပြီးနောက် တင်မောင်ဆွေက သူ့တိုက်ခန်းသို့ ပြန်ကာ အနည်းဆုံး (၈) နာရီလောက်တော့ အားရအောင်အိပ်ပစ် လိုက်မည်ဟု စိတ်ကူးထားလိုက်မိလေသည်။

သို့ရာတွင် သူ့တိုက်ခန်းသို့ ပြန်ရောက်သွားရသည့်အခါ မမျှော် လင့်သော ဧည့်သည်တစ်ယောက် ရောက်ရှိနေသည်ကို တင်မောင်ဆွေ က တွေ့လိုက်လေသည်။ ဧည့်သည်ကား ဦးဘဒွေးတို့ ဇနီးမောင်နှံ၏ အိမ်တွင် တွေ့ခဲ့ရသော ကျောင်းဆရာမလေး မစိန်းကြည်ပင် ဖြစ်နေ လေသည်။ သူမသည် ဧည့်ခန်းထဲတွင် ဆိုဖာကြီးတစ်လုံးပေါ်၌ အိပ်နေရာက တင်မောင်ဆွေက တိုက်ခန်းတံခါးကို သော့ဖွင့်ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဓာတ်မီးခလုတ်ကို ဖွင့်လိုက်သည့်အခါတွင် ဆတ်ခနဲ လန့်နိုး လာရှာလေ၏။

'ဟင်… မစိန်းကြည်ပါကလား… ခင်ဗျား ကျွန်တော့် တိုက်ခန်းထဲ ဘယ်လိုရောက်နေတာလဲ၊ ဘာလာလုပ်တာလဲ'

'ရှင့် စက္ကရီတေရီက ကျွန်မကို ရှင့်ကိုတွေ့ချင်ရင် ဒီက စောင့်နေရမယ်ဆိုပြီး ထားပစ်ခဲ့တာပဲ' ဟု မစိန်းကြည်သည် ကပျာ ကရာ ထိုင်ရာမှ ထကာ စိတ်တိုစွာ ပြန်ဖြေလိုက်လေသည်။

'ဘာလာ လုပ်တယ်ဆိုတာလဲ ရှင်က ကျွန်မကို ပြန်မေးနေ သေးသလား… ရှင်အရေးတကြီး ခေါ်လို့သာ ကျွန်မလိုက်လာခဲ့ရပြီး ဒီကျတော့ ရှင်က သွားချင်ရာသွားနေတယ်… ဘာလဲ ရှင်က ကျွန်မကို သက်သက် နှောင့်ယှက်တာလား'

သူ့အား စိတ်တိုစွာ ရန်တွေ့နေသော ကျောင်းဆရာမလေး ကို တင်မောင်ဆွေက အံ့သြစွာ ပြန်၍ကြည့်နေလိုက်မိလေသည်။ ဤမိန်းမပျိုနှင့် သူတွေ့ရတိုင်း သူမက သူ့အပေါ် အမြဲအထင်လွဲ စိတ်ဆိုး နေရဖို့ကိုသာ ဖန်တီးနေရခြင်းကိုလည်း တင်မောင်ဆွေက တွေးကာ စိတ်ထဲတွင် ရယ်ချင်မိသလိုလို ဖြစ်လာရ၏။

'ဟို… ဟို… နေပါဦး၊ မစိန်းကြည် ခင်ဗျားကလည်း ကျွန်တော့်ကိုတွေ့ရတိုင်း ဒေါသကြီးနေတော့တာပဲကိုး…ကျွန်တော် ခင်ဗျားကို ခေါ်တယ်ဆိုတာ ကျွန်တော်တောင် အခုမှသိရတာပဲ'

'ဒီလိုဆိုရင် ဒီစာကို ရှင်ရေးတာမဟုတ်ဘူးလား'

မစိန်းကြည်က မျက်လုံးပြူး မျက်ဆံပြူး ပြောကာ သူမ၏ သက်ကိုင်အိတ်ထဲမှ စာရွက်ခေါက်ကလေးကို ထုတ်လျက် တင် မောင်ဆွေအား လှမ်းပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



*'မစိန်းကြည်ခင်ဗျား…'*

*ကျွန်တော့်ကို ပူးတွဲပါလိပ်စာအတိုင်း အမြန်လာတွေ့လည်ပါ၊ အင်မတန်အရေးကြီးသော ကိစ္စတစ်ခုပေါ်ပေါက်လာပါသည် ဘယ်သူ့ကိုမှလည်း အသိမပေးပါနှင့်… '*

*တင်မောင်ဆွေ (အလွတ်စုံထောက်)*

တင်မောင်ဆွေသည် လက်ရေးစောင်းစောင်းနှင့် ရေးထားသော ထိုစာကလေးကို ဖတ်ကြည့်ပြီးနောက် ရင်လေးလာ၏

'ဒီစာကို ကျွန်တော်ရေးတာမဟုတ်ပါဘူး မစိန်းကြည်'

'ရှင်ရေးတာ မဟုတ်ဘူး၊ နို့… စာရွက်ကလည်း ရှင့်လက်တားပက်ဒ်နဲ့ တူတယ်ရှင့်'

'လက်တားပက်ဒ်မှာ ကျွန်တော့်နာမည် ခေါင်းစီးနဲ့ လိပ်စာပါပေမယ့် ကျွန်တော့်စာရေးစက္ကူလည်း မဟုတ်ပါဘူး။ ခင်ဗျားကို လည့်စားရအောင် အတုရိုက်ထားတာပဲ။ ဘယ်သူက လာပေးတာလဲ ဘယ်တုန်းက ခင်ဗျားထွက်လာသလဲ'

'ည ၆-နာရီကျော်လောက်က လူတစ်ယောက်လာပေးသွားတာပဲ။ ရှင့်လက်ထောက်ပါလို့ ပြောသွားတာကလား။ ကျွန်မလည်း ချက်ချင်း ဦးလေးဒွေးတို့နဲ့ တိုင်ပင်ပြီးလိုက်လာခဲ့တာပဲ။ အခု ရှင်ရေးတာ မဟုတ်ဘူးဆိုတော့ ဒီစာကိုဘယ်သူကရေးတာလဲ၊ ဘာသဘောနဲ့ ဒီလိုလည့်စားရလဲ'

'ကဲ… မစိန်းကြည် ဘာသဘောလဲဆိုတာက ရှင်းနေတာပဲ… လာ အချိန်မရှိတော့ဘူး။ ဦးလေးဒွေးတို့ဆီကို ကျုပ်တို့ အမြန် လိုက်သွားကြရမယ်'

• • •

www.burmeseclassic.com

www.burmeseclassic.com

# - ၁၂ -

တင်မောင်ဆွေလည်း မစိန်းကြည်နှင့်အတူ သူ့ကားကလေး ကို အင်းစိန်သို့ အမြန်မောင်းနှင်လာခဲ့လေသည်။ မစိန်းကြည်ကား ဦးဘဒွေးတို့ ဇနီးမောင်နှံအတွက် စိုးရိမ်လှစွာနှင့် တစ်လမ်းလုံး ရက်နှာငယ်ကလေးနှင့် မျက်ရည်တလည်လည် ဖြစ်နေရှာ၏။

အင်းစိန်ဘူတာရုံလမ်းမှနေ၍ ရွာမဘက်ထွက်ခဲ့ကာ ခရစ် ယာန်ဘုရားရှိခိုးကျောင်း၏ ဘေးလမ်းကြားကလေးထဲသို့ ချိုးဝင်လာ ချင်းက တင်မောင်ဆွေသည် နောက်ကျမနေရပါစေနဲ့ဟု ဆုတောင်း နေသည်။ ဦးဘဒွေးတို့ ဇနီးမောင်နှံနှစ်ယောက်တည်းက ၎င်းတို့၏ အိမ်ကလေးတွင် ကျန်ရစ်ရအောင် ဆရာမ မစိန်းကြည်အား အပြင်သို့ ချည့်ထုတ်ခဲ့ခြင်း၏ ရည်ရွယ်ချက်ကား ၎င်းဇနီးမောင်နှံကို မလိုလား သူတွေက ရန်ရှာရန် အကြံနှင့်သာ ဖြစ်ရမည်ဟု သူက တစ်ထစ်ချ တွက်ထားမိသောကြောင့် ဖြစ်လေ၏။

ခြံကလေးထဲသို့ ဝင်လိုက်သည့်အခါတွင် မောင်မိုက်တိုင်ခါ ပေါ်လျက် ရှိနေသည်ကို သူတို့က တွေ့ရလေ၏။ ကားပေါ်မှ

www.burmeseclassic.com



ဆင်း၍ သူတို့သည် အိမ်ပေါ်သို့ သွက်လက်သော ခြေလှမ်းများနှင့် တက်ခဲ့ကြလေသည်။ အိမ်တံခါးဝကြီးကား ဟောင်းလောင်းပွင့် နေကာ လေတိုက်တိုင်း တကျွီကျွီမြည်နေလေသည်။

တင်မောင်ဆွေသည် သူ့ပုခုံးစလွယ်အိတ်ထဲမှ သေနတ်ကို အသင့်ထုတ် ကိုင်ထားလိုက်လေသည်။ မစိန်းကြည်ကတော့ သူ့ကို နောက်မှဆွဲ၍ တုန်ရီစွာ ကပ်လိုက်လာသည်။ သူတို့သည် ပွင့်နေ သော တံခါးကြီးမှပင် အိမ်ရှေ့ခန်းထဲသို့ သတိထား၍ ဝင်ခဲ့ကြရာ မီးရောင်ကင်းမဲ့နေသည်ကို တွေ့ကြရလေ၏။

'မစိန်းကြည် ဓာတ်မီးခလုတ်ရှိရင် ဖွင့်လိုက်စမ်းပါ'

တင်မောင်ဆွေက တီးတိုးပြောလိုက်သဖြင့် မစိန်းကြည် သည် ဓာတ်မီးခလုတ်ကို ချောက်ခနဲ ဖွင့်လိုက်ရာ ဖယောင်းတိုင် ၆ဝ-အားရှိသည့် မျက်နှာကြက်မှ ဓာတ်မီးတစ်ပွင့်က ထိန်လင်း၍လာ လေသည်။

ထိုအလင်းရောင်ဖြင့် အခန်းထောင့်တွင် တွေ့မြင်လိုက်ရ သော အခြင်းအရာကား စိတ်မချမ်းသာဖွယ်ရာ ကောင်းလှတော့ သည်။

'မစိန်းကြည် မကြည့်နဲ့'ဟု တင်မောင်ဆွေက လှမ်းတား လိုက်သော်လည်း သူမသည် ထိုနေရာသို့ လှမ်းကြည့်ပြီးသားဖြစ် နေကာ မျက်လုံးတွေက ပြူးထွက်လာကြပြီး ရင်အုံကိုလက်နှင့် ဖိအုပ်ကာ ကိုယ်ကလေးယိမ်းယိုင်သွားရာ တင်မောင်ဆွေက ဝင်ဆဲ ထားလိုက်ရလေသည်။ သူမမှာ မျက်နှာကလေး ဖြူပတ်ဖြူရော် ဖြစ်နေပြီး စကားမပြောနိုင်အောင်ဖြစ်နေရာ တင်မောင်ဆွေက ကုလား ထိုင်တစ်လုံးဆီသို့ တွဲပို့လိုက်ရလေ၏။ ဤတွင်မှ မစိန်းကြည်သည်



www.burmeseclassic.com

www.burmeseclassic.com



ချက်နှာကို လက်ဝါးနှင့်အုပ်လိုက်ကာ တဟင့်ဟင့် ငိုရှိုက်နေရှာလေသည်။

တင်မောင်ဆွေကတော့ သူမကိုဂရုမစိုက်နိုင်။ အခန်းထောင့်တွင်ရှိနေသော ဦးဘဒွေးတို့ ဇနီးမောင်နှံဆီသို့သာ ကပျာကရာသွမ်းခဲ့ရလေသည်။ သို့ရာတွင် ၎င်းတို့အတွက် ဘာမှလုပ်ပေးနိုင်စရာမရှိတော့သည်ကို သူကတွေ့လိုက်ရလေသည်။

ဒေါ်မိန်းကလေးသည် ကြိမ်ကုလားထိုင်တစ်လုံးပေါ်တွင် ငုတ်တုတ်ကလေးထိုင်ကာ အသက်ပျောက်နေရှာသည်။ ကြမ်းပြင်ပေါ်တွင် ဦးဘဒွေးခမျာက ပက်လက်ကလေးလဲကျနေ၏။ အလောင်းနှစ်လောင်းစလုံးပင် တောင့်တင်းမာကျောစပြုနေသည်ကို တွေ့ရ၍ အသတ်ခံရသည်မှာ အတော်ပင်ကြာခဲ့ရပြီဖြစ်ကြောင်းကို သိသာနိုင်၏။ မိမိက ဦးမြတ်သာကျော်နှင့်သွားပြီးစကားပြောနေကတည်းကပင် ဤဇနီးမောင်နှံသည် ပြိုင်တူ သေပွဲဝင်ခဲ့ရကြဟန်ရှိလေသည်။

နှစ်ယောက်စလုံးပင် အားအတော်ကြီးသည့် သေနတ်ဖြင့် အနီးကပ်၍ ပစ်သတ်သွားခြင်းခံကြရခြင်းလည်း ဖြစ်နေသည်။ တင်မောင်ဆွေသည် ကံဆိုးကြရှာသည့် လင်မယားကို စိတ်မချမ်းမသာနှင့် ငုံ့ကြည့်နေလိုက်မိစဉ်မှာပင် ရုတ်တရက်ဆိုသလို အိမ်အတွင်းခန်းဘက်မှ အသံခပ်သဲ့သဲ့တစ်ခုကို ကြားလိုက်ရကာ လက်ထဲကသေနတ်ကို ဆတ်ခနဲမလျက် ချာခနဲလှည့်ကြည့်လိုက်မိလေသည်။

အတွင်းခန်းထဲသို့ ဝင်သွားကာ အပေါက်၌ ကာထားသောခန်းစီးကန့်လန့်ကာကြီးသည် တလှုပ်လှုပ်ဖြစ်နေသည်ကို သူကတွေ့လိုက်ရလေသည်။ သူသည် လက်ထဲက သေနတ်ကို အပေါက်ဆီသို့ချိန်လျက် ပုန်းနေသောသူကို ထွက်လာရန် အမိန့်ပေးမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ဟလိုက်စဉ်မှာပင် ကန့်လန့်ကာနောက်မှ လူဝကြီးတစ်ယောက်က ဒရီးဒယိုင်နှင့် အပြင်ခန်းသို့ လျှောက်လာလေသည်။

လူဝကြီးကား တစ်ခါကသူ့ဆီသို့ ငွေ ၅၀၀၀ိ/- လာ၍ လာဘ်ထိုးခဲ့သူ ဖြူဖြူကျော်၏ ကိုယ်စားလည်း ကိုညွှန့်ဟန်ပင်ဖြစ်နေကာ၊ ၎င်း၏ရင်ဘတ်တွင် သွေးတွေနီရဲအိုင်ထွန်းလျက် ရွဲလှသော ဝမ်းဗိုက်ကြီးဆီသို့ တစ်စက်စက်ယိုစီးကျနေပြီး ၎င်း၏ညာဘက်လက်ထဲတွင်တော့ သေနတ်တစ်လက်ကို တွဲလောင်းချ၍ ကိုင်ထားနေလေသည်။

တင်မောင်ဆွေသည် ၎င်းကို အံ့သြစွာ ကြောင်ကြည့်နေစဉ်မှာပင် လူဝကြီးသည် မျက်ဖြူများ လန်တက်လျက် ဒူးများညွတ်ခွေကျသွားပြီး ပက်လက်လန် လဲကျသွားလေတော့၏။ တင်မောင်ဆွေက ၎င်းကို ကပျာကရာပွေ့ထူလိုက်ရာတွင် ခေါင်းမှီလျက် မျက်လုံးများကို ဖွင့်ကြည့်လိုက်လေ၏။ သူ့မျက်လုံးများကား ထူးထူးခြားခြားကြည်လင်တောက်ပနေသည်ကို တင်မောင်ဆွေကတွေ့လိုက်မိသော်လည်း ၎င်းသည် မိနစ်အနည်းငယ်အတွင်း အသက်ကုန်တော့မည် ဖြစ်သည်ကိုတော့လည်း နားလည်လိုက်မိလေသည်။

ကိုညွှန့်ဟန်က ပါးစပ်ကြီးကို အားယူ၍ဟကာ လေသံကလေးဖြင့် စကားပြောလိုက်လေသည်။

'ကို… တင်မောင်ဆွေ… သူတို့ကို ကျုပ်သတ်တာ မဟုတ်ပါဘူး'

'ဘယ်သူသတ်သွားတာလဲ ကိုညွှန့်ဟန် မြန်မြန်ပြောစမ်း'

ကိုညွှန့်ဟန်သည် မျက်နှာကြီး တစ်ချက်မဲ့သွားပြီးနောက် အားခဲ၍ပြောလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖြူဖြူက… ကျုပ်ကို ဒီလင်မယားနဲ့ လာတွေ့ခိုင်းတယ်။ သူတို့လင်မယား အသတ်ခံရပြီးပြီးချင်းပဲ ကျုပ်လည်း ရောက်လာခဲ့တာပဲ။ ကျုပ်ကို… ဒီ… ဒီ… ခွေးသားက အသင့်စောင့်နေတာကလား'

'ဘယ်သူလဲ ကိုညွန့်ဟန်'

ကိုညွန့်ဟန်၏ ပါးစပ်တွင်းမှ သွေးကြောင်းကလေးတစ်ကြောင်း စီးကျလာရာကပင် အားခဲ၍ပြောလိုက်ပြန်သည်။

'ဗလကောင်းကောင်းနဲ့ လူတစ်ယောက်၊ ကတုံးဆံတောက်နဲ့ အသားမည်းမည်း အသက် ၃၀-ကျော်လောက်၊ သူ့… သူ့ကို ကျုပ် တစ်ခါမှ မတွေ့ဖူးပါဘူး။ ဒါပေမဲ့ သူက… သူက… ကျုပ်ကို မြင်မြင်ချင်း… '

ကိုညွန့်ဟန်သည် စကားဆက်မပြောနိုင်တော့ဘဲ မေးတစ်ချက်ထိုးကာ ဟပ်ခနဲ အသက်ထွက်သွားခဲ့လေတော့၏။ တင်မောင်ဆွေလည်း ၄င်း၏ ကိုယ်ခန္ဓာကြီးကို ကြမ်းပြင်ပေါ်တွင် ပြန်ချထားလိုက်ရာက ဖြည်းလေးစွာထကာ မစိန်းကြည်အား လှည့်ကြည့်လိုက်လေသည်။ မစိန်းကြည်ကား မျက်နှာကလေး ဖြူပတ်ဖြူရော်ဖြစ်ကာ တုန်တုန်ရီရီ ဖြစ်နေသည်ကလွဲ၍ သူမ၏ စိတ်ကိုပြန်လည်ထိန်းသိမ်းထားလိုက်နိုင်ပြီဖြစ်နေ၏။

'ကျွန်မတို့ ဘယ့်နှယ်လုပ်ကြမလဲ ကိုတင်မောင်ဆွေ'

ဟု သူမက အားငယ် ကြောက်ရွံ့နေသံကလေးနှင့် တင်မောင်ဆွေအား မေးမိလိုက်ရှာသည်။

'အရင်ဦးဆုံး ပုလိပ်ဘက်ကို အကြောင်းကြားရမှာပေါ့၊ မစိန်းကြည် အနီးအနားမှာ တယ်လီဖုန်းရှိသလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအိမ်မှာတင်ပဲ ရှိပါတယ် ကိုတင်မောင်ဆွေ။ ဘယ်လို ဆက်ရမှာလဲ'

'ထုံးစံအတိုင်းကတော့ ဂါတ်ကိုတိုင်ရမှာပေါ့။ ဒါပေမဲ့ ဒေ-သုံးလုံးကနေ တစ်ဆင့် စုံထောက်ရဲမှူး ကိုသောင်းဖေကို တစ်ဆင့် တိုင်လိုက်တာက ကောင်းပါတယ်။ မစိန်းကြည်ပဲ ဖုန်းဆက်လိုက် ပါနော်။ ကိုသောင်းဖေကို လူသတ်မှုဖြစ်နေတဲ့အကြောင်းနဲ့ ဒီမှာ ကျွန်တော် ရောက်နေကြောင်းကိုသာ ပြောပြလိုက်ပါ။ သူလိုက်လာ ပါလိမ့်မယ်'

မစိန်းကြည်က ရဲအဖွဲ့သို့ ဖုန်းဆက်နေသည့်အတွင်း တင် မောင်ဆွေက အိမ်အတွင်းခန်းကလေးထဲမှ တွေ့ရသော စားပွဲတစ်လုံး မှ အံဆွဲတွေကို ဖွင့်ကာ ရှာကြည့်နေလိုက်မိလေသည်။ အံဆွဲတစ်ခု အတွင်းမှ သံသေတ္တာကလေးတစ်လုံးတွင် ဦးဘဒွေး၏ အသက် အာမခံ စာချုပ်များ ဓာတာများနှင့်ဟောင်းနွမ်းနေသောစက္ကူအိတ် ကလေးတစ်ခုအတွင်းမှ သေလက်မှတ်တစ်စောင်ကို တင်မောင်ဆွေ ကတွေ့လိုက်ရလေသည်။ ထိုသေလက်မှတ်ကို အင်းစိန် ဒိစတြိတ် ကောင်စီ ကျန်းမာရေးဌာနဘက်မှ ထုတ်ပေးခဲ့ကာ၊ ရှမောင်ခင်မောင် ထွေး၊ အသက် ၆ နှစ်ဟု အမည်ရေးထားပြီး သေရခြင်းအကြောင်း ကို နူမိုးနီးယား(အဆုတ်ယောင်ရောဂါ)ဟု ဖော်ပြထားလေသည်။ သေဆုံးသောနှစ်ကား ၁၉၄၁ ခုနှစ်၊ စက်တင်ဘာလအတွင်းဝယ် ဖြစ်ခဲ့လေ၏။

တင်မောင်ဆွေလည်း ထိုစက္ကူအိတ်ကို သူ့ကုတ်အင်္ကျီ အတွင်းအိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

ညသန်းခေါင် ကျော်သွားတော့မှ တင်မောင်ဆွေသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့တိုက်ခန်းသို့ ပြန်ရောက်လာခဲ့ရလေသည်။ တင်မောင်ဆွေကား ထိုအချိန်တွင် တော်တော်ပင်ပင်ပန်းလှပြီ ဖြစ်လေရကား အဝတ်များ လဲပြီးသည်နှင့် တစ်ပြိုင်နက်ပင် အိပ်ယာထဲသို့ ထိုးလှဲချပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားရလေတော့သည်။

နောက်တစ်နေ့ နံနက်စောစောတွင်ကား တင်မောင်ဆွေ၏ ဦးခေါင်းထဲတွင် အကြံအစည်တစ်ခုက ပေါက်ပွားလာခဲ့ရပြီဖြစ်လေသည်။ သူသည် ဒေါ်မြသွေးထံသို့ အိပ်ယာမှ နိုးနိုးချင်းပင် ဖုန်းလှမ်းဆက်လိုက်လေသည်။

'ဒေါ်ဒေါ်… ကျွန်တော် ဒေါ်ဒေါ့်ကို နောက်နာရီဝက်အတွင်း လာခေါ်မယ်… ကျွန်တော်နဲ့အတူ လိုက်နိုင်ပါ့မလား'

'ဘယ်လိုလိုက်ရမှလဲ မောင်ရယ်…'

'ဦးမြတ်သာကျော်ကို သွားတွေ့ရဖို့ပါပဲ ဒေါ်ဒေါ်'

'အို…'

ဒေါ်မြသွေး၏ အာမေဋ္ဍိတ်သံ ကလေးက လိုင်းတစ်ဖက်မှ ပေါ်လာပြီးနောက် သူမ၏ပြင်းပြစွာ အသက်ရှူနေသံကိုသာလျှင် တင်မောင်ဆွေက ကြားနေရလေတော့သည်။ တင်မောင်ဆွေကလည်း သူကထပ်ပြောစရာအကြောင်း ဘာမှမရှိတော့ဟု ဆုံးဖြတ်လိုက်မိကာ သူမက ဘယ်ကဲ့သို့ပြန်ဖြေမည်ကိုသာ စောင့်စားလိုက်ရလေတော့၏။

ဒေါ်မြသွေးကား အဆင်သင့် ပြင်ဆင်ပြီးသားစောင့်နေရှာ၏။ သူမသည် ပဒုမ္မာအင်္ကျီ လက်ရှည်နှင့် ရေညှိရောင် ဘန်ကောက်သမီကို ရိုးသားသေသပ်စွာ ဝတ်ဆင်ထားကာ အစိမ်းနုရောင် ပုဝါအလေးကို ခြုံထားနေ၏။ သူမ၏မျက်နှာကလေးကား ဘာ နှစ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



နပျိုစိုပြည်နေလေတော့သည်။

တင်မောင်ဆွေသည် သူမကို သူ့ဘေးတွင်ထားလိုက်ပြီး ကားကလေးကို ဦးမြတ်သာကျော်၏ တိုက်ကြီးဘက်သို့ အရှိန်ခပ်မြန်မြန်နှင့် မောင်းနှင်ခဲ့လေသည်။ နှစ်ဦးသား အတွေးကိုယ်စီနှင့် တိတ်ဆိတ်နေကြပြီးနောက်မှ တင်မောင်ဆွေက ရုတ်တရက် သူမအား မေးစရာတစ်ခုကို သတိရလေ၏။

'ဒေါ်ဒေါ်သား ကိစ္စနှင့်ပက်သက်ပြီး ဒေါ်ဒေါ်က သတင်းစာထဲမှာ ကြော်ငြာထည့်ခဲ့တာကို ဒေါ်ဒေါ်က ကျွန်တော့ကို ပြောမပြခဲ့ဘူးနော်'

'ဟုတ်လား…ဒေါ်ဒေါ် မပြောမိဘူးလား…အေးကွယ် ဒေါ်ဒေါ်က ဒါကိုပြောပြဖို့ လိုမယ်လို့မထင်မိခဲ့ဘူးကွဲ့…'

'အဲဒီ ကြော်ငြာထည့်ပြီး ဒေါ်ဒေါ့်ကို လာဆက်သွယ်တဲ့ လူများရှိခဲ့သေးလား'

ဒေါ်မြသွေးသည် ရှေ့တည့်တည့်သို့ ငေးစိုက်ကြည့်နေရာက တင်မောင်ဆွေအား လှည့်ကြည့်လိုက်လေသည်။

'လူတစ်ယောက်တည်းကသာ ဒေါ်ဒေါ့်ကို ဆက်သွယ်ခဲ့ပါတယ်၊ သူက လူကိုယ်တိုင်တော့ မလာခဲ့ပါဘူး၊ ဖုန်းနဲ့သာ ဆက်သွယ်ခဲ့တာပါပဲ၊ နာမည်ကတော့ တော်တော်ပဲဆန်းတာပဲ ကိုဥက္ကာဆိုလား…ဘာလားပဲ'

'ကိုဥက္ကာ ဟုတ်လား…ဥက္ကာမဟုတ်ဘူးလား…ဒေါ်ဒေါ်ရဲ့…'

'အေး…ဟုတ်တယ် ဟုတ်တယ်… ဥက္ကာတဲ့၊ သူ့ကို မောင်က သိလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'သိပါတယ် ဒေါ်ဒေါ်…သူက ဒေါ်ဒေါ့်ကို ဘာတွေပြော သေးသလဲ… '

'ထူးထူးထွေထွေရယ်လို့တော့ မဟုတ်ပါဘူးကွယ်၊ ဒေါ်ဒေါ် ကြော်ငြာတဲ့ သားကို သူသိချင်သိပါလိမ့်မယ်တဲ့၊ ဒါနဲ့ ဒေါ်ဒေါ်က အကျိုးအကြောင်းကို နည်းနည်းပါးပါး ပြောပြတော့မှ သူကသိတဲ့လူ မဟုတ်ပါဘူးတဲ့'

'နောက်ကော ဘာပြောသေးသလဲ… '

'ဒေါ်ဒေါ့်ကို မကူညီနိုင်တာ ဝမ်းနည်းပါတယ်တဲ့။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒေါ်ဒေါ်က ဘာလုပ်ဖို့ စိတ်ကူးထားသလဲတဲ့။ ဒါနဲ့ ဒေါ်ဒေါ်ကလည်း အလွတ်စုံထောက်တစ်ယောက်ငှားပြီး စုံစမ်းခိုင်း ထားတယ်လို့ ပြောတော့၊ သူက အလွတ်စုံထောက်ဆိုတာမျိုးဟာ ယုံရတာ မဟုတ်လို့ သတိထားပြီးငှားပါလို့ ပြောပြီး အကြံဉာဏ်ပေး တယ်။ ဒါနှင့် ဒေါ်ဒေါ်က မောင့်ကိုငှားမယ်လို့ ပြောလိုက်ပါတယ်'

'အင်း…ဒါကြောင့် သူက ကျွန်တော်ဟာ ဒေါ်ဒေါ့်ကိစ္စ ကို ဆောင်ရွက်ပေးနေကြောင်း ကြိုတင်သိနေခဲ့တော့တာကိုး… '

တင်မောင်ဆွေက ဤသို့ရေရွတ်လိုက်ပြီး နောက်မှ ဒေါ်မြ သွေးအား မေးလိုက်မိပြန်လေသည်။

'ဒေါ်ဒေါ်ဟာ ဥက္ကာဆိုတဲ့လူနဲ့ တစ်ခါမှ လူချင်းမတွေ့ခဲ့ သေးဘူးပေါ့ ဟုတ်လား ဒေါ်ဒေါ်… '

'မတွေ့ဘူးခဲ့ပါဘူးမောင်ရယ်…ဒေါ်ဒေါ့်အတွက် သူ့ကို တွေ့ဖို့ လိုသတဲ့လား… '

'ဥက္ကာဆိုတဲ့လူဟာ တကယ်တော့ ဒေါ်ဒေါ်နှင့် သက်ဆိုင် နေတဲ့ လူတစ်ယောက်ပါပဲ၊ ဒေါ်ဒေါ်ဟာ ဖုန်းနဲ့စကားပြောရတုန်းက



www.burmeseclassic.com

www.burmeseclassic.com


သူ့အသံကို မမှတ်မိခဲ့ဘူးလား…'

တင်မောင်ဆွေက ဖြည်းညင်းစွာ မေးလိုက်ခြင်းဖြစ်ရာ ဒေါ်မြသွေးက မျက်မှောင်ကလေးကုတ်လျက် ခေါင်းခါပြလိုက်လေသည်။

'မမှတ်မိခဲ့ပါဘူးကွယ်… ဒေါ်ဒေါ်နဲ့ သက်ဆိုင်နေတယ်ဆိုတာက ဘယ်လိုလဲမောင်ရဲ့၊ ဥက္ကာဆိုတာဟာ ဒေါ်ဒေါ်ရဲ့ အသိဟောင်းလို့ မောင်က ဆိုလိုတာလား…'

'ဒေါ်ဒေါ်ဟာ ဒီလူကို လွန်ခဲ့တဲ့ အနှစ် ၂၀လောက်က သိခဲ့ဖူးရမယ်။ ဒေါ်ဒေါ်ကို ကျွန်တော်တစ်ခုမေးပါရစေ… ဒေါ်ဒေါ်ကို ဦးမြတ်သာကျော်က အထင်လွဲသွားခဲ့ရစေတဲ့ ကြားလူ ကိုကျော်တုတ်ဆိုတဲ့ လူရဲ့ပုံပန်းသဏ္ဌာန်ကို ပြောပြနိုင်ပါဦးမလား…'

ဒေါ်မြသွေးသည် ရုတ်တရက် သူမ၏ လက်ကိုင်အိတ်ကလေးကိုဖွင့်လိုက်ကာ ဟောင်းနွမ်းဝါညစ်နေသော ဓာတ်ပုံကားချပ်ကလေး တစ်ခုကို ထုတ်ယူလိုက်လေသည်။

'ဒီဓာတ်ပုံကို ဒေါ်ဒေါ် သိမ်းထားခဲ့တာ အနှစ်နှစ်ဆယ်ကျော်ရှိပါပြီ။ ဒီဓာတ်ပုံဟာ ဒေါ်ဒေါ် အပျိုဘဝတုန်းက မိတ်ဆွေတစ်စုနဲ့အတူ ဝိုင်းရိုက်ထားတဲ့ ဓာတ်ပုံပါပဲ။ ဒီမိတ်ဆွေတွေထဲမှာ ကိုကျော်တုတ်လည်း ပါခဲ့ပါတယ်။ လက်ယာဘက်အစွန်ဆုံးနောက်တန်းက လူပါပဲ မောင်ရယ်…'

တင်မောင်ဆွေကား ဓာတ်ပုံထဲမှ ကိုကျော်တုတ်ဆိုသူ၏ ပုံကို ကားမောင်း နေရင်းကပင် ကြည့်လိုက်လေသည်။ အာရုံစိုက်၍ မကြည့်နိုင်သည့်တိုင်၊ ထိုလူသည် ယခု ဥက္ကာအမည်နှင့် လူမိုက်ခေါင်းဆောင် ဖြစ်ခဲ့ရပြီး၊ ထိုအရှိန်နှင့်ပင် ရန်ကုန်၌လူလည်



www.burmeseclassic.com

www.burmeseclassic.com



လာလုပ်နေသူပင် ဖြစ်ကြောင်းကို သိလိုက်ရလေတော့၏။

သူ၏ယူဆချက်မှန်နေပြီဖြစ်ရကား တင်မောင်ဆွေအတွက် ခေါင်းထဲတွင် ရှိနေရသည့် ပြဿနာတွေ ယခု အားလုံးပြေရှင်းနေပြီဖြစ်လေ၏။ လုပ်စရာတစ်ခုရှိနေရသည်ကို မှန်ကန်စွာ လုပ်ကိုင်နိုင်ပါက ဒေါ်မြသွေး၏ သားပျောက်သော ပြဿနာကြီးသည် မကြာမီပင် လုံးဝဥဿုံ ပြေရှင်းသွားရတော့မည် ဖြစ်လေ၏။

ဦးမြတ်သာကျော်၏ တိုက်ကြီးသို့ ရောက်လာရလျှင်ကား တင်မောင်ဆွေမှာ သူဌေးမင်းနှင့် တွေ့ဆုံရဖို့ ဘယ်လိုမှ အခက်အခဲ မတွေ့ခဲ့ရတော့ချေ။ ၅-မိနစ်အတွင်းဝယ်ပင် သူသည် ဒေါ်မြသွေးကို ဦးမြတ်သာကျော်၏ အခန်းထဲသို့ ခေါ်သွင်းသွားလိုက် နိုင်လေတော့၏။

ဦးမြတ်သာကျော်ကား သူ့စားပွဲကြီးမှာပင် ထိုင်လျက်ရှိနေရာမှ ဒေါ်မြသွေးကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ဆတ်ခနဲ ထိုင်ရာမှထလိုက်လေသည်။ ဒေါ်မြသွေးကိုယ်တိုင်ကလည်း ခြေလှမ်းများ တုံ့ရပ်သွားရာမှ ဦးမြတ်သာကျော်ကို ငေးစိုက်ကြည့်နေလေ၏။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် တစ်မိနစ်မျှ တိတ်ဆိတ်စွာ စူးစိုက်ကြည့်ရှုနေကြပြီးနောက်မှ ဦးမြတ်သာကျော်၏ အသံကြီးက ကွဲပေါက်၍ ထွက်လာသည်ဟု ထင်ရအောင် ပြတ်တောင်းစွာ ပေါ်လာလေသည်။

'မြ...မြ...'

'ကိုသာကျော်...'

ဒေါ်မြသွေးကလည်း တုန်ရီသော အသံကလေးနှင့် ပြန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်နောက် တင်မောင်ဆွေသည် သူ့နေရာ မဟုတ်တော့ဟု နားလည်ကာ ငွေတို့ နှစ်ယောက်ကိုသာ အခန်းထဲတွင် ထားခဲ့ပြီး ပြန်ထွက်လာခဲ့လေတော့၏။

• • •

www.burmeseclassic.com

www.burmeseclassic.com

- ၁၃ -

ထိုနေ့ညနေ ၄-နာရီသာသာလောက်တွင် တင်မောင်ဆွေသည် ရန်ကုန်အလည်မြို့ရှိ ဘားနှင့် ပျော်ပွဲစားရုံတစ်ခုထဲမှထောင့်ကျကျ စားပွဲတစ်လုံး၌ ရှေ့တွင် ဘီယာတစ်ပုလင်းချပြီး ရောက်ရှိနေလေသည်။

ဦးမြတ်သာကျော်ဆီမှ ပြန်လာခဲ့ပြီးနောက် တင်မောင်ဆွေသည် မနေ့ညက ဦးဘဒွေးတို့လင်မယားနှင့် လူဝကြီးကိုညွှန့်ဟန်ကို သတ်သွားခဲ့သည့်လူအား ရှာပုံတော်ကြီး ဖွင့်ခဲ့လေတော့သည်။ ဂျင်မီ ...တ် အမှူးပြုသော သူ့လက်ထောက်အားလုံးတို့ကိုလည်း ရန်ကုန်လူမိုက်လောကအတွင်းသို့ ဆင်းလျက် အသက် ၃၀-ကျော် ရှိ ...ကောင်းကောင်း အသားညိုညို ကတုံးဆံတောက်ရှိသည့်,ဥက္ကာ...သက်ကိုင်တုတ် လူသတ်သမားအကြောင်းကို စုံစမ်းတီးခေါက်ကြည့်ရန် စေလွှတ်ထားခဲ့ပြီ ဖြစ်လေ၏။

ရန်ကုန်မြို့မ စုံထောက်ဌာနကလည်း ကိုသောင်းဖေ အမှူးပြုလျက် ထိုလူသတ်သမားကို ခြေရာခံလိုက်နေကြပြီ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့မှ ထွက်ပေါက်ဟူသမျှကိုလည်း ရဲအဖွဲ့က လုံခြုံစွာ စောင့်ကြည့်နေကြပြီဖြစ်လေရာ လူသတ်သမားသည် ရန်ကုန်မှ ထွက်ပြေးနိုင်တော့ခြင်းမဟုတ်ဘဲ ရန်ကုန်မြို့တွင်းမှ တစ်နေရာတွင်သာ ခိုအောင်းလျက် ရှိနေပေမည်ဟု တင်မောင်ဆွေက တွက်မိခဲ့လေသည်။

ထို့ကြောင့်လည်း တင်မောင်ဆွေသည် သူကိုယ်တိုင်မြို့ထဲသို့ထွက်လျက် သူ့တွင်ရှိနေသော အဆက်အသွယ်များထံတွင် ပုန်းခိုနေသည့် လူသတ်သမားနှင့်ပက်သက်၍ ရရှိနိုင်မည့် သဲလွန်စသတင်းတွေကို စနည်းနာနေခဲ့ပြီး ယခုညနေပိုင်းတွင် ဖော်ပြပါဘားအတွင်းဝယ် ရောက်ရှိနေကာ၊ ဘီယာတစ်ပုလင်းနှင့် အမောဖြေနေခြင်းဖြစ်လေ၏။ သူ စုံစမ်းတီးခေါက်၍ ရခဲ့သော သတင်းတွေဆို၍လည်း ဘာမှ တိတိကျကျ မရှိခဲ့ရပေ။

ဗလကောင်းကောင်း ကတုံးဆံတောက်နှင့် အသက် ၃၀ အရွယ်ရှိ လူသတ်သမားကား ရန်ကုန်မြို့၏ မြေအောက်လောကထဲတွင် တစိမ်းသက်သက် တစ်ယောက်သာဖြစ်နေရဟန်ရှိလေသည်။ ဦးဘဒွေးတို့ ဖနီးမောင်နှံကို အပျောက်ရှင်းရန် စီစဉ်ခဲ့သူသည် ရန်ကုန်မြေအောက်လောကမှ လူမိုက်ကို မငှားရမ်းဘဲ ရန်ကုန်အပြင်ဘက် ရန်ကုန်မြေအောက်လောကနှင့် ဘယ်လိုမှ အဆက်အသွယ်မရှိသည့် လူတစ်ယောက်ကိုသာ တမင်ခေါ်ယူ အသုံးချခဲ့ခြင်းဖြစ်ပုံရလေ၏။

ဥက္ကာ၏ အဆက်ထဲက ဖြစ်နေရပါက ၄င်း တစ်ခါက ကျက်စားမင်းမူခဲ့လေသော ပဲခူးနယ်အတွင်းမှ လူသတ်သမားတစ်ယောက်ဖြစ်ချင် ဖြစ်နေမည်ဟု ယူဆရလေရာ သူက ကိုသောင်းဖေအား ပြောပြချက်အရ ကိုသောင်းဖေကလည်း ထိုလူသတ်သမားနှင့် ပတ်သက်၍ ပဲခူးနယ် ရဲအဖွဲ့ဆီသို့ ကြေးနန်းရိုက် စုံစမ်းထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏။

တင်မောင်ဆွေအတွက် ဤလူသတ်သမားကို ရဲအဖွဲ့က အရှင်ဖမ်းမိသွားရဖို့ကို မလိုလားနိုင်ဘဲ ရှိနေလေသည်။ ရဲအဖွဲ့လက်ထဲသို့သာ လူသတ်သမား ရောက်သွားရပါက တကယ့်တရားခံဖြစ်သူ ဥက္ကာသည် ဥပဒေကျော့ကွင်းကို တစ်နည်းနည်းနှင့် ရှန်းလွတ်သွားနိုင်သည့် အကြောင်းတွေကလည်း ရှိနေရ၏။ လူသတ်သမားကို သူကအရင်တွေ့အောင် ရှာနိုင်မှသာလျှင် ဥက္ကာကို ငွေနှင့်ထိုက်တန်သည့် အပြစ်လက်ငင်း ကျရောက်စေနိုင်သည့် အကြံအစည်တစ်ခုက တင်မောင်ဆွေ့ထံတွင် ရှိနေရလေ၏။

ယခုအတိုင်းသာ ဆိုလျှင်တော့ လူသတ်သမားကို အချိန်မီတွေ့နိုင်ဖို့ကား တော်တော်ပင် ခက်ခဲလျက်ရှိနေရပေပြီဟု တင်မောင်ဆွေက ဘီယာစုတ်ရင်းကပင် တွေးနေလိုက်မိလေသည်။ ထိုစဉ်၌ပင် အရက်ဆိုင်တံခါးကိုတွန်းဖွင့်လျက် အထဲသို့ဝင်လာသည့် လူတစ်ယောက်ကို ရုတ်တရက် သတိပြုလိုက်မိလေသည်။

ထိုလူ၏ ကုတ်ချောင်းချောင်းနှင့် တစ်စုံတစ်ရာကို စိုးရွံ့ထိတ်လန့် နေလေသော အမူအရာကို တင်မောင်ဆွေ၏ ကျင့်သားရနေသော စုံထောက်မျက်လုံးတွေက သတိပြုလာမိပြန်ကာ ထိုလူ့ထံတွင် ပိုမို၍သာ စိတ်ဝင်စားလာမိလေသည်။ ထိုလူသည် အသက် ၃၀-လောက်ရှိကာ အသားညိုပြီး ဇလကလည်း အတော်ကောင်းလေသည်။သို့ရာတွင် ဦးခေါင်း၌ သက္ကလပ် ဦးထုပ်ပျော့ကလေးကို ဆောင်းထားလေရကား ကတုံးဆံထောက် ဟုတ်သည်မဟုတ်သည်ကိုတော့ မသိနိုင်သေးဘဲ ရှိနေရလေသည်။

ထိုလူသည် အပေါက်ဝနားရှိ ထောင့်ကျကျ စားပွဲတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝင်ထိုင်လိုက်ရာက ဘိုင်ကုလားကို ရမ်ဝမ်းပက်ယူခဲ့ရန် မှာကြားလိုက်လေသည်။ ပြီးနောက် သူ့ခေါင်းမှ ဦးထုပ်ကိုချွတ်၍ စားပွဲပေါ်တွင် တင်ထားလိုက်ရာ ကတုံးဆံတောက် ဖြစ်နေသည်ကို တင်မောင်ဆွေက တွေ့လိုက်ရလေတော့၏။

တင်မောင်ဆွေက ရင်တထိတ်ထိတ် ခုန်လာမိလေသည်။ သည်လူသည် လူသတ်သမားဖြစ်ရမည်ဟု မပြောနိုင်သော်လည်း စမ်းကြည့်လို့ အကျိုးမယုတ်နိုင်ဟု တွေးကာ သူ့အီယာဖန်ခွက်ကို လက်တွင် ကိုင်လျက် ထိုလူထိုင်နေရာ စားပွဲသို့ ထလာခဲ့လေတော့၏။

သူသည် ဗလကောင်းကောင်းနှင့်လူ ထိုင်နေရာစားပွဲနှင့် ဘေးချင်း ယှဉ်နေသောစားပွဲတွင် ဝင်ထိုင်လိုက်လေသည်။ ပြီးမှ မတိုးမကျယ် အသံနှင့် ထိုလူ့ကို သူက နှုတ်ဆက်လိုက်လေသည်။

'ဘယ့်နှယ်လဲ ကိုယ့်လူ၊ ဥက္ကာနဲ့ တွေ့ပြီးပလား… '

ဘိုင်ကုလားချထားသော ရမ်အရက် ဖန်ခွက်ကိုလက်တွင် ဆိုပ်ကိုင်ကာ ပါးစပ်သို့ တေ့ယူနေသောတစ်ဖက်စားပွဲမှလူကား တင်မောင်ဆွေက ၄င်းကို လှမ်းစကားပြောလိုက်သည်၌ ဆတ်ခနဲ ကိုယ်ခန္ဓာကြီး တွန့်သွားကာ လက်ထဲကဖန်ခွက်ကလည်း ချလွမ် ခနဲ လွတ်ကျ၍ ကွဲသွားလေတော့၏။ ၄င်းက တင်မောင်ဆွေဘက်သို့ ချာခနဲ လှည့်လာပြီး ၄င်း၏လက်တစ်ဖက်ကလည်း ဘောင်းဘီအိတ်ဆီသို့ ရောက်သွားတော့ရာ တင်မောင်ဆွေက ထိုလက်ကို ဆတ်ခနဲ လှမ်းဆွဲထားလိုက်ရလေသည်။

'ဖြည်းဖြည်း ကိုယ့်လူ… ခင်ဗျား ဘယ်သူဆိုတာကို ဒီဆိုင်ထဲက အကုန်သိရပြီး၊ မကြာမီ ခင်ဗျားဟာ ဂါတ်ထဲကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့မှာပဲ။ ကျုပ် ပုလိပ် မဟုတ်ပါဘူး။ ခင်ဗျားနဲ့ စကားပြော ချင်တဲ့ လူတစ်ယောက်သာပါပဲ။ ဘယ်နှယ့်လဲ ကျုပ်တို့ အေးအေးပဲ စကားပြောကြမှာလား'

ကတုံးဆံတောက်နှင့် လူသည် သူ့လက်ကို စားပွဲပေါ်တွင် ပြန်တင်လိုက်ရာက တင်မောင်ဆွေကို အကဲခတ်သလို စူးစိုက်၍ ကြည့်လိုက်လေသည်။ ပြီးမှ ခေါင်းကိုဆတ်ခနဲ ညိတ်ပြလိုက်၏။

'ဆိုစမ်းပါဦး... ခင်ဗျားက ကျုပ်ကို ဘာပြောချင်တာလဲ ကျုပ်ဒီမှာ ကြာကြာနေနိုင်မှာ မဟုတ်တော့ မြန်မြန်သာပြောပေတော့ ကိုယ့်လူ... '

'ကျုပ် ခင်ဗျားနဲ့ ပြောချင်တာက ဥက္ကာအကြောင်းပါပဲ'

တင်မောင်ဆွေကတော့ ပြောပြောဆိုဆို ထိုင်ရာမှထကာ ကတုံးဆံထောက်နှင့်လူ၏ ကုလားထိုင်နှင့် ဘေးချင်းယှဉ်လျက်သား ဝင်ထိုင်နေလိုက်လေ၏။

'ဥက္ကာအကြောင်း ဟုတ်စ...ခင်ဗျားက သူ့အကြောင်း ဘာတွေများ ပြောစရာရှိလို့လဲ'

ကတုံးဆံတောက်နှင့်လူသည် တင်မောင်ဆွေအား တစ်ချက်မှ အလစ်မပေးဘဲ အကဲခတ်နေရာကပင် အသံခပ်နိမ့်နိမ့်နှင့်ပြန်ဖြေ လိုက်လေ၏။

'ဥက္ကာဟာ သူ့တပည့်နှစ်ယောက်ကို ခိုင်းချင်တာခိုင်းပြီး နောက် တစ်ခါတည်း အပျောက်ရှင်းပစ်လိုက်တာကို ခင်ဗျား သိပြီး သား... '

'ကိုယ့်လူ ခင်ဗျားပြောနေတာတွေဟာ ဘေးအန္တရာယ်ရှိ တဲ့ စကားတွေဘဲ...ဒါကိုသိရင် ဘာလို့လျှောက်ပြောနေရသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားလည်း အဲဒီ လူနှစ်ယောက်နောက် မလိုက်ချင်ရင် ကျုပ်ပြောတာတွေကို ဂရုစိုက်ပြီး နားထောင်ပေတော့'

တင်မောင်ဆွေက စူးရှသော မျက်လုံးအစုံနှင့် ၄င်းကို စူးစိုက်ကြည့်ပြီး ပြောလိုက်သည်တွင် ကတုံးဆံတောက်နှင့်လူသည် မျက်မှောင်ကြီးကုတ်ကာ စိတ်မသက်သာဖြစ်လာပုံရလေ၏။

'ခင်ဗျား ဘာတွေပြောနေတာလဲ ကိုယ့်လူ'

'ခင်ဗျား မနေ့ညက ဘာတွေ လုပ်ခဲ့တယ်ဆိုတာကိုကျုပ် အကုန်သိပြီးပါပြီလေ… ဉက္ကာမှာ တပည့်တွေလက်သပ် မွေးထားတာ ဘယ်လောက်ရှိတယ်ဆိုတာ ခင်ဗျားသိသလား'

'အသိသားပဲ၊ အဲဒါ ဘာဖြစ်သလဲ'

'ခင်ဗျား ကျုပ်ကို မသိဘူးဟုတ်လား'

ကတုံးဆံတောက်နှင့်လူသည် တွေတွေကြီး ဖြစ်နေပြီးနောက်မှ ခေါင်းကိုခါပြလိုက်လေသည်။ သူ့နဖူးတွင်တော့ ချွေးသီးချွေးပေါက်တွေက စို့ထွက်လာနေလေ၏။

'ကျုပ်ဟာ ဉက္ကာရဲ့ လက်ရွေးစင် တပည့်တစ်ယောက်ပဲ…' ဟု တင်မောင်ဆွေက ခပ်တည်တည်နှင့် ဆက်လိမ့်နေလိုက်လေသည်။

'ဉက္ကာက ကျုပ်ကို ခင်ဗျားကို အပျောက်ရှင်းလိုက်ဖို့ တာဝန်ပေးထားခဲ့တယ်။ ဒါပေမဲ့ ခင်ဗျားမစိုးရိမ်ပါနဲ့။ ခင်ဗျားကို အခု ဒါတွေ ဖွင့်ပြောနေတာကို ထောက်ရင် ခင်ဗျား ကျုပ်သဘောကိုသိသင့်ပါပြီ။ ကျုပ်ဟာ ဉက္ကာလုပ်နေတာကို သဘောမကျတော့ဘူး။ သူ့တပည့်ရင်းတွေကို တစ်ယောက်ပြီးတစ်ယောက် အပျောက်ရှင်းနေခဲ့တာ တော်တော် များလာပြီ။ ဘယ်တော့မှာ ကျုပ်အလှည့်



www.burmeseclassic.com

www.burmeseclassic.com


ရောက်လာရမယ် ဆိုတာကို ကျုပ်မပြောနိုင်ဘူး’

‘ဥက္ကာဟာ... သူ့တပည့်ရင်း နှစ်ယောက်ဖြစ်တဲ့ ရွှေအောင်းနဲ့ သန်းနွဲ့တို့ကို စုံထောက်တစ်ယောက်ကို အသတ်ခိုင်းခဲ့တယ်။ ပြီးတော့ ဒီကောင်နှစ်ကောင်ရှိနေရင် သူ့အပေါ် အမှုပတ်လာရစရာအကြောင်းရှိနေတာမို့ ပဲခူးက ယာကွတ်ဆိုတဲ့ လူမိုက်တစ်ယောက်ကိုငှားပြီး ဒီကောင်တွေကို ဖြောင်ပစ်ခဲ့တယ်။အခု ခင်ဗျားဟာလည်း ဥက္ကာခိုင်းတဲ့အတိုင်း ညက လူသုံးယောက်ကို သတ်ခဲ့ပြီးပြီ မဟုတ်သား...ခင်ဗျားနောက်ကို ပုလိပ်တွေ အပူတပြင်းလိုက်နေကြပြီ။ ညက ခင်ဗျားဖြောင်ပစ်ခဲ့တဲ့ လူတစ်ယောက်က မသေခင် ခင်ဗျားအကြောင်းကို တော်တော်ပြောသွားနိုင်တာကိုး။ ဒီတော့ ခင်ဗျားကိုရဲတွေက မိသွားရင် သူ့အတွက် အန္တရာယ်ရှိလာရတော့မှာမို့ ခင်ဗျားကို အပျောက်ရှင်းပစ်ဖို့ အခု ကျုပ်ကို ဥက္ကာက တာဝန် လွှဲခဲ့ပြန်တာပေါ့’

တင်မောင်ဆွေသည် သူပြောနေသည့် စကားများက တစ်ဖက်လူအတွက် တော်တော်ထိရောက်သွားရသည်ကို အကဲခတ်လိုက်ခဲ့လေသည်။ ကတုံးဆံတောက်နှင့်လူသည် အသက်ရှူ မြန်လာရာက စားပွဲပေါ်တွင် တင်ထားနေသော သူ့လက်နှစ်ဖက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားနေလေတော့၏။

‘ဒီတော့ ခင်ဗျား ကျုပ်ပြောနေတာတွေကို မယုံသေးဘူးဆိုရင်တော့ ခင်ဗျားထိုက်နှင့် ခင်ဗျားကံပါပဲ’

တင်မောင်ဆွေက သူ့စကားကို အဆုံးသတ်လိုက်လျှင်ကားကတုံးဆံတောက်နှင့်လူသည် မေးကြောကြီးများ ထောင်တက်လာအောင် အံကြိတ်လိုက်ပြီးနောက် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

'ခင်ဗျားအခုလို…ကျုပ်ကိုပြောပြတာ ကျေးဇူးတင်ပါတယ် မိတ်ဆွေ'

ကတုံးဆံတောက်နှင့်လူသည် တင်မောင်ဆွေအား ဤသို့ ပြောလိုက်ရာက ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ရာ ၄င်း၏ လက်တစ် ဖက်ကို တင်မောင်ဆွေက လှမ်းဆွဲထားလိုက်ရလေသည်။

'နေပါဦးလေ… ခင်ဗျားအခု ဘယ်သွားမလို့လဲ။ ဘာလုပ် မလို့လဲ…ခင်ဗျားရန်ကုန်က ထွက်ဖို့ဆိုတာကလည်း မလွယ်ဘူး နော်… ထွက်ပေါက်တိုင်းကိုပုလိပ်က စောင့်ကြည့်နေတာ'

'ဒါကို ကျုပ်သိပါတယ်လေ…ကျုပ် ဘယ်ကိုမှ မသွားပါ ဘူး…ကျုပ်သွားစရာ နေရာတစ်ခုတည်း ရှိတယ်၊ လုပ်စရာကလည်း တစ်ခုပဲရှိတယ်။ ဥက္ကာဖြစ်ဖြစ် ဘယ်သူကြီးပဲဖြစ်ဖြစ် ကျုပ်အပေါ် ကာလိန်ကျအကောက်ကြံလာရင်တော့ အသက်ချင်းလဲပစ်ဝံ့ပါတယ် မိတ်ဆွေ… ဥက္ကာဟာ ကျုပ်အကြောင်းသိရမှာပဲ၊ ကဲ…ကျုပ်သွား မယ် ခင်ဗျား ကျုပ်ကို အခုလိုသတိလာပေးတာကိုလည်း ကျေးဇူး တင်ပါတယ်၊ ကဲ… ကြုံရင် ခင်ဗျားနဲ့ ကျုပ်တွေ့ကြသေးတာပေါ့ဗျာ'

ကတုံးဆံတောက်နှင့်လူသည် ကတိုက်ကရိုက် အရက်ဆိုင် ထဲမှ ထွက်သွားပြီးသည့်နောက် တင်မောင်ဆွေကား တစ်ကိုယ်တည်း ကျေနပ်အားရစွာ ပြုံးလိုက်မိလေတော့၏။ နောက် တစ်ခဏအတွင်း ဝယ်ကား သူသည်အရက်ဆိုင်အတွင်းမှ ထွက်လာကာ အနီး၌ သူ့မိတ်ဆွေ၏ ကုန်တိုက် တစ်တိုက်မှနေ၍ စုံထောက်ဌာနချုပ်မှ စုံထောက်ရဲမှူးကြီး ကိုသောင်းဖေထံသို့ ဖုန်းဆက်ကာ စကားပြော နေလေတော့၏။

www.burmeseclassic.com



'ကိုသောင်းဖေ ဥက္ကာကို ကျူပ် မကြာခင် ခင်ဗျားလက်ထဲ အပ်ပါ့မယ်လို့ ပြောထားတယ်မဟုတ်လား၊ အေး…အဲဒါ အခု အချိန်ကျလာပြီ။ ဒီကနေ့ညပဲ ခင်ဗျားဟာ ဥက္ကာကို အမိဖမ်းနိုင်တော့မယ်… သေသေချာချာ နားထောင်စမ်း'

'ဆိုစမ်းပါဦး တင်မောင်ဆွေ… မင်းဘာတွေကြံနေပြန်ပြီလဲ' ဟု တစ်ဖက်မှ ကိုသောင်းဖေ၏ အသံ စိတ်အားထက်သန်စွာ ထွက်ပေါ်လာလေသည်။

တင်မောင်ဆွေလည်း ဥက္ကာ၏ လူသတ်သမား ကတုံးဆံတောက်နှင့် လူအား မိမိက အရက်ဆိုင်တွင် တွေ့ခဲ့ရပုံနှင့် ၄င်းကို သူက ဘယ်လို အယုံသွင်းခဲ့သည်တို့ကို စုံစေ့စွာပြောပြလိုက်ပြီးနောက်…

'ဒီတော့ ဖိုးထီဟာ ကျူပ်စကားကို ယုံသွားပြီး ဥက္ကာနဲ့ စာရင်းရှင်းရအောင် သွားလေရော့။ ဒါပေမဲ့ သူဟာ ဥက္ကာဆီကိုတော့ ချက်ချင်း ရောက်ဦးမှာ မဟုတ်ဘူး။ သူလုပ်ချင်တာ လုပ်ရဲအောင် ရဲဆေးတွေဘာတွေ တင်ဦးမှာဆိုတော့ နောက်တစ်နာရီလောက် အနည်းဆုံး ကြာတော့မှ ငနဲဟာ ဥက္ကာဆီကို ရောက်သွားရမှာပဲ။ အဲ…ဒီကောင်နဲ့ ဥက္ကာ တွေ့ကြတဲ့အခါကျတော့ ဘာဖြစ်မယ် ဆိုတာကို ခင်ဗျားတွေးကြည့်ပေတော့'

'အေး… ငါ နားလည်ပြီ တင်မောင်ဆွေ၊ ဥက္ကာရှိတဲ့နေရာကို ငါချက်ချင်းသွားဝိုင်းထားပြီး စောင့်ကြည့်နေလိုက်မယ်။ ဥက္ကာဟာ ဒီအချိန်ဆိုရင် စက်ဆန်းက သူ့အိမ်မှာရှိနေမှာပဲ။ အဲဒီမှာ ကစားဝိုင်းလည်း ဖွင့်ထားတယ်ကွ… သူ့တပည့်တွေနဲ့ တွေ့နေကျ နေရာဆိုတော့ မင်းငနဲဟာ အဲဒီကိုသွားမှာအမှန်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လည်း အခု အဲဒီနေရာကို လိုက်သွားမယ် ကိုသောင်းဖေ… ဒါပေမဲ့ ခင်ဗျားတို့ ဖြုန်းခနဲ အထဲကို ဝင်မလာကြနဲ့ဦးဗျို့… တတ်နိုင်ရင် အငိုက်ဖမ်းပြီး တိတ်တိတ်ကလေး ဝင်ကြပါ။ သက်သေလေးငါးယောက်ကိုလည်း ခေါ်ပါဗျို့… ဟိုငနဲနဲ့ ဥက္ကာတို့ တွေ့ကြတဲ့အချိန်ကျတော့ ပြောကြမယ့် စကားတွေဟာ အရေးပါ အရာ ရောက်လာနိုင်တယ်နော်'

'အေးပါ ငါနားလည်ပါပြီကွာ… မင်းကိုယ်မင်းလည်း သတိ ထားပါဟေ့ တင်မောင်ဆွေ'

'ခင်ဗျားက ကျွန်တော့အတွက် ပူဖော်ရလာတာကို ကျေးဇူး တင်ပါတယ် ကိုသောင်းဖေ…ကဲ ခင်ဗျားနဲ့ ကျွန်တော် ဥက္ကာဆီ မှာ တွေ့ကြတာပေါ့'

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

- ၁၄ -

စက်ဆန်းရှိ ဉက္ကာ၏နေအိမ်ကား တော်တော်ပင် ချောင်ကျကာ တော်တော်လည်းကြီးမားလေ၏။ ဤအိမ်ကြီးတွင် ဉက္ကာက သူရှိထားသော အဆက်အသွယ်တွေကို အကာအကွယ် ယူလျက် ကြေးကြီးကစားဝိုင်းတွေကို ညနေဘက်မှစ၍ ထောင်တတ်ပြီး၊ ၎င်းကစားဝိုင်းများသို့ ရန်ကုန်မြို့တော်၏ ကြီးကြီးမားမားတာ ကစားသမားကြီးများသာမက အနယ်နယ်အရပ်ရပ်မှ နယ်လှည့် ကစားသမားကြီးများပင် ကံစမ်းတတ်ကြရကား ညဘက်၌ဆိုလျှင် အိမ်ကြီးရှေ့၌ ဆလွန်းကားကြီးများ အစီအရီ ထိုးဆိုက်တတ်ကြလေ၏။

တင်မောင်ဆွေက သူ့ကားကလေးနှင့် ထိုအိမ်ကြီးရှေ့သို့ ရောက်လာချိန်တွင်လည်း ဆလွန်းကား လင်းရီဗာကား လေးငါးဆယ်စီးမျှ ထိုးဆိုက်ထားပြီး ဖြစ်နေသည်ကို တွေ့နေလေ၏။

တင်မောင်ဆွေလည်း သူ့ကားကလေးကို ထိုကားကြီးတွေအားတွင် ထိုးရပ်ထားခဲ့လျက် အိမ်ထဲသို့ ခပ်တည်တည်ပင် ဝင်ခဲ့ရာ အပေါက်ဝတွင် သူ့အား ဘောင်းဘီဝတ် လူရွယ်တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းကာ တားလိုက်လေသည်။

'ဘာကိစ္စရှိပါသလဲ မိတ်ဆွေ…'

'ငါ့နာမည် တင်မောင်ဆွေပဲကွ… မင်းတို့ ဆရာက ငါ့ကို တွေ့ချင်ပါလိမ့်မယ်ကွ'

တင်မောင်ဆွေက ဣန္ဒြေမပျက် ခပ်တည်တည်ပင်ပြော လိုက်လေလျှင် ဆီးတားထားသော လူရွှယ်ကလည်း ထူးခြားသော အပြုံးနှင့် သူ့ကို စိုက်ကြည့်ရာက ခေါင်းညိတ်ပြလိုက်လေ၏။

'သြ… ခင်ဗျားက တင်မောင်ဆွေပဲကိုး… ဟုတ်ပါ တယ်.. ဥက္ကာက ခင်ဗျားကို မုချတွေ့ချင်မှာပဲ ကဲ… ကျွန်တော့် နောက် လိုက်ခဲ့ပေတော့… အဲ… ဦးတင်မောင်ဆွေ'

လူရွှယ်သည် အပေါက်ဝမှနေ၍ ခန်းမကျယ်ကြီးတစ်ခုကို ဖြတ်ကာ ခန်းဆီးအစိမ်းကာထားသော တံခါးပေါက်ဝတစ်ခုရှေ့သို့ တင်မောင်ဆွေအား ခေါ်သွားလေ၏။ လူရွှယ်က စေ့ထားသော တံခါးကို အသာခေါက်လိုက်လျှင် အတွင်းဘက်မှ လူတစ်ယောက် က တံခါးမကိုကြည့်ပြီး၊ နှစ်ယောက်က တီးတိုးပြောဆိုနေလိုက်လေ သည်။ ပြီးမှ လူရွှယ်သည် မချိုမချဉ် အပြုံးကလေးနှင့် တင်မောင် ဆွေအား လှည့်ကြည့်ပြီး အခန်းထဲသို့ဝင်ရန် လက်ရမ်းပြလိုက်လေ၏။

'ဝင်သွားပေတော့…ဦးတင်မောင်ဆွေ…ဟဲ…ဟဲ…ဟဲ'

တင်မောင်ဆွေလည်း လူတစ်ကိုယ် ဝင်သာရုံ ဟနေသော တံခါးမှ အတွင်းဘက်သို့ ဝင်ခဲ့လေလျှင် ဆယ်ပေဆယ့်ငါးပေ ကျယ်သည့် အခန်းတစ်ခုအတွင်းသို့ ရောက်သွားပြန်လေသည်။ တံခါးဝနှင့် မျက်နှာချင်းဆိုင်တွင်ကား ပြောင်လက်သော ကျွန်းသား စားပွဲကြီးက ရှိနေကာ ထိုစားပွဲကြီးနောက်မှ ကုလားထိုင်တွင်တော့



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်လက်ရှည် အပြာနုရောင် နက်ကတိုင်လည်စီးနှင့် ဦးဩကာအမည်ခံ တိုကျော်တုတ်က အခန့်သားထိုင်လျက် ရှိနေလေ၏။ တစ်ခုထူးခြား နေသည်ကား သူလက်ထဲတွင် ပိုင့် ၃၂ ပြောင်းတို အော်တိုမက်တစ် သေနတ်ကလေးကို ကိုင်ထားပြီး တင်မောင်ဆွေ၏ ဝမ်းဗိုက် တည့်တည့်ဆီသို့ ချိန်ရွယ်ထားနေခြင်းပင်လေတော့၏။

'ဂွတ်အီးဗနင်း ကိုတင်မောင်ဆွေ…' ဟု ၄င်းက ခပ်ပြုံး ပြုံးပင် တင်မောင်ဆွေကို နှုတ်ဆက်လိုက်လေသည်။

တင်မောင်ဆွေကလည်း ခပ်အေးအေး အမူအရာနှင့်ပင် ရှေ့သို့တိုးလာကာ ၄င်း၏ စားပွဲတွင်မှီလျက် ရပ်နေလိုက်လေသည်။ ဦးဩကာ၏ လက်ထဲမှ သေနတ်ကတော့ ၄င်း၏ဝမ်းဗိုက်သို့ တည့်မတ် စွာသာ ချိန်ရွယ်ထားနေလေ၏။

'ကျုပ်ဟာ…ခင်ဗျား အူထဲကို လွယ်လွယ်ကလေး ကျည် ဆံပစ်သွင်းလိုက်နိုင်ပါတယ် ကိုတင်မောင်ဆွေ၊ ဒီတော့ ကျေးဇူးပြု ပြီး ကျုပ်က ဒီလိုအလျင်စလို မလုပ်မိပါစေနဲ့'

တင်မောင်ဆွေကတော့ ၄င်းကိုသွားဖြီး ပြုံးပြပြီး ပြန်ဖြေ လိုက်လေ၏။

'ခင်ဗျားရဲ့ တံခါးစောင့်ကောလေး တော်တော်လိုတာပဲ ဦးဩကာ…သူက ခင်ဗျားဆီ ကျုပ်ကို ခေါ်လာရာမှာ ကျုပ်ကိုယ် မှာ လက်နက်ပါမပါ မရှာခဲ့ဘူးဗျ။ အခု ကျုပ်ဆီမှာ ကျုပ်ရဲ့လျူဂါ သေနတ်က ရှိနေပါတယ်'

ဦးဩကာ၏ မျက်လုံးများက ရုတ်တရက် ပြူးကျယ်သွားကြ လေသည်။ ပြီးမှ သူ၏ အားနေသော လက်တစ်ဖက်က စားပွဲပေါ် က ခေါင်းလောင်းကလေးကို တစ်ဂျင်ဂျင်မြည်အောင် နှိပ်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲသို့ လူတစ်ယောက်ကဝင်လာ၏။

'ဒီလူ့ဆီမှာ… လက်နက်ရှာစမ်းဟေ့'

ဝင်လာသူက တင်မောင်ဆွေ၏ ပခုံးစလွယ်အိတ်ထဲမှ လျှော်အော်တိုမက်တစ်သေနတ်ကို ရှာတွေ့သွားကာ စားပွဲပေါ်တွင် တင်ပေးလိုက်ပြီး အခြားနေရာများတွင် နှံ့နှံ့စပ်စပ် ရှာဖွေကြည့်ပြန်၏။

ဥက္ကာသည် ပြီးလျှင် ကျေနပ်အားရသော အပြုံးနှင့် တင်မောင်ဆွေအား ကြည့်ရာက ရုတ်တရက် သူ့ဘယ်လက်သီးကိုလွှဲ၍ တင်မောင်ဆွေ နားထင်ကို ထိုးချလိုက်လေသည်။ တင်မောင်ဆွေက လက်သီးဝင်လာသည်ကို သိရသည်နှင့်တစ်ပြိုင်နက် ခေါင်းကို ဘေးသို့ အနည်းငယ် တိမ်းပေးလိုက်သည့်အတွက် သိပ်ပြီးမခံလိုက်ရသော်လည်း ပူခနဲ ဖြစ်သွားရလေသည်။

'တကယ်တော့…ခင်ဗျားဟာ… ကျုပ်ကို တော်တော်… ဒုက္ခပေးခဲ့တာပဲ ကိုတင်မောင်ဆွေ… ဒီတစ်ခါကျတော့ ကျုပ်က ခင်ဗျားကိုပြန်ပြီး ဒုက္ခပေးရတော့မှာပဲ'

'ဆရာ… ဒီကောင့်ကို ကျွန်တော် အကြောင်းနည်းနည်း ပြလိုက်ရမလား… '

ဥက္ကာ၏ တပည့်က လက်သီးပြင်ရင်းက ဝင်ဖားလိုက်ခြင်း ဖြစ်ရာ ၄င်း၏ဆရာက ခေါင်းခါပြလိုက်လေ၏။

'ခုတော့ မလိုသေးပါဘူးကွာ… အလိုရှိတဲ့အခါကျတော့ ငါ မင်းကို ခေါ်လိုက်ပါ့မယ်'

၄င်း၏တပည့်က တင်မောင်ဆွေအား မိုက်ကြည့်ကြည့်ကာ ပြန်ထွက်သွားသည့်အခါတွင်မှ ဥက္ကာက သေနတ်အချိန်မပျက်ပင်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲစွန်းတွင် ဝင်ထိုင်လိုက်ပြီး တင်မောင်ဆွေအား စကားဆက်လိုက်လေသည်။

'ထိုင်ပါဦးလေ… ကိုတင်မောင်ဆွေရဲ့၊ ခင်ဗျားနဲ့ ကျုပ်စကားပြောစရာတွေ အများကြီးရှိနေပါသေးတယ်…'

တင်မောင်ဆွေလည်း သူ့ပခုံးနှစ်ဖက်ကိုတွန့်ကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီးနောက် သူကပင် စတင်၍ပြောလိုက်လေ၏။

'ခင်ဗျားကိုလည်း ကျုပ်အများကြီးပြောစရာ ရှိနေပါတယ်။ ဥက္ကာ ခင်ဗျားဟာ ဒေါ်မြသွေးရဲ့ သားပျောက်ကြော်ငြာကို သတင်းစာထဲမှာ တွေ့ခဲ့တယ်။ ခင်ဗျားဟာ ဦးမြတ်သာကျော်ရဲ့သား ဖိလစ်ကို သိနေတယ်။ ဖိလစ်ဟာ ခင်ဗျားကစားဝိုင်းတွေမှာလာလာပြီး ပိုက်ဆံရှုံးနေကျပဲကိုး။ ခင်ဗျားဟာ ဖိလစ်က တစ်ဆင့်သူ့နှမဖြူဖြူနဲ့ဆက်မိပြီး ကောင်မလေးကို အပိုင်စီးဖို့ကြံခဲ့တာလည်း ကောင်မလေးကလည်း ရှူးရှူးမိုက်မိုက် ဖောက်ပြန်တဲ့ ခနရှင် အသိုင်းအဝန်းမှာကြီးပြင်းလာရပြီး တန်ဖိုးထားပုံတွေကလည်း မှားယွင်းနေလေတော့ ခင်ဗျားလို ဘူတာအရွယ်ရောက်ခါနီး လူပေါ့လူကြောင် ဂျပိုးစိတ်ရှိတဲ့လူကို အဟုတ်မှတ်ပြီး ပြန်ကျခဲ့ရှာတယ်… မဟုတ်လား…'

ဥက္ကာကတော့ သွားများကို စေ့ကာ မုန်းထားသော အပြုံးနှင့် တင်မောင်ဆွေကို ပြန်ဖြေလိုက်၏။

'ပြောလေ ကိုတင်မောင်ဆွေ… ခင်ဗျားပြောဖို့ အချိန်ရတုန်းပြောပေတော့၊ ခင်ဗျားပြောပြီးတော့ ကျုပ်အလှည့်ပေါ့ဗျာ'

'ခင်ဗျားဟာ ဦးမြတ်သာကျော်နဲ့လည်း ငယ်ငယ်ကတည်းက သိခဲ့ရတဲ့လူတစ်ယောက်ပဲ။ ခင်ဗျားဟာ ဦးမြတ်သာကျော်ရဲ့ချစ်သူဒေါ်မြသွေးကို သူနဲ့ကွဲကွာသွားအောင် ကြံဆောင်ပေးခဲ့တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သာကျော်ရဲ့ဆွေမျိုးတွေက ခင်ဗျားကို ငွေအလုံအလောက် ပေးခဲ့ရလို့လည်း ယုံမှားစရာမရှိခဲ့ပါဘူး။ ဒီလို ခင်ဗျား ယုတ်မာခဲ့တဲ့ အဖြစ်တွေဟာ နောင်အနှစ်နှစ်ဆယ်ကြာခဲ့ရတဲ့ အခါကျတော့ ဒေါ်မြ သွေးရဲ့ သားပျောက်ကြော်ငြာကလေးကို ခင်ဗျားတွေ့ခဲ့ရတာကစပြီး ပြန်အစပေါ်လာခဲ့တာကလား။ ဒေါ်မြသွေးဟာ ဦးမြတ်သာကျော်နဲ့ ဒီကြော်ငြာကလေးကို အကြောင်းပြုပြီး ပြန်ပေါင်းထုတ်နိုင်လာကြမယ့် အရေးကို ခင်ဗျားက မြင်လာခဲ့တယ်။ ဦးမြတ်သာကျော်ဟာ အခုဆို ရင် သူဌေးကြီးတစ်ယောက် ဖြစ်နေလေတော့ ခင်ဗျားဟာ စားပေါက် ကြီးတစ်ခုကို တွေ့လာရတော့တာပေါ့။ ခင်ဗျားလုပ်ရမှာက ဦးမြတ် သာကျော်က သူ့သားအဖြစ်နဲ့ မွေးစားထားတဲ့ ဖိလစ်ဟာ တကယ် ကော့ ခင်ဗျားရဲ့သားဖြစ်ပါတယ်လို့သာ ပြောလိုက်ရုံပဲ။ ခင်ဗျားဟာ ဒေါ်မြသွေးခေါင်းပေါ်မှာ ဒီခြိမ်းခြောက်ချက်ကြီးမိုးထားပြီး ဒေါ်မြ သွေးဆီမှာ ငွေညှစ်ဖို့ကို ကြံရွယ်ထားခဲ့တာပေါ့။ ဒါပေမဲ့ ဒေါ်မြသွေး က ကျွန်တော်နဲ့ ဆက်သွယ်ခဲ့တာကို သိခဲ့ရပြန်တော့ ဒီကိစ္စထဲ ကျွန်တော်ဝင်လာရင် ခင်ဗျားအကြံ ပျက်ရချေရဲ့ဆိုပြီး ခင်ဗျားရဲ့ တပည့်လူမိုက်တွေနဲ့ ကျုပ်ဝင်မလာရဲအောင် ခြောက်လှန့်ပစ်ဖို့ ခင်ဗျား ကြိုးစားခဲ့တယ်။ ခင်ဗျားဟာ လူမိုက်အဖြစ် လက်နက် အားကိုးနဲ့ လူတွေပေါ်မှာ ခြောက်လှန့်ခဲ့တဲ့အကျင့်က ဝသီပါနေတာမို့ ကျုပ် ကိုလည်း ကြောက်လန့်သွားလိမ့်မယ်လို့ ခင်ဗျားက ထင်နေခဲ့မှာ ပေါ့... ဟုတ်စ...'

ဥက္ကာကား မျက်မှောင်ကြီး ကုတ်လျက်သာ သူ့ကိုကြည့် နေလေလျှင် တင်မောင်ဆွေက စကားဆက်လိုက်ပြန်၏။

'နောက်ကျတော့ ခင်ဗျားက ခင်ဗျားရဲ့ တပည့်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ရွှေမောင်းနဲ့သန်းနွဲ့ကို ဆက်ထားရင် ခင်ဗျားအတွက် ဘေး အန္တရာယ်ရှိနေတာမို့၊ ပဲခူးက ယာကွတ်ဆိုတဲ့ လူမိုက်တစ်ယောက် ကို ငှားပြီး အဖြောင်ခိုင်းတယ်… ပြီးတော့ ကျုပ်ကိုဓားစာခံလုပ်ဖို့ ခင်ဗျားကြံခဲ့တယ်'

'ခင်ဗျားပြောတာတွေဟာ အားလုံးမှန်ပါတယ် ကိုယ့်လူ… ဒါဟာ ဥက္ကာရဲ့ ကြံစည်ချက်တွေပါပဲ။ ကျုပ် ဝန်ခံပါတယ်… ဒါပေမဲ့ ခင်ဗျားပြောတာတွေကို ဘယ်သူက ယုံမှာလဲ။ ခင်ဗျားက ဘယ်လို သက်သေပြနိုင်မှာလဲ… ခင်ဗျားက သက်သေပြနိုင်တယ်ပဲ ထားလိုက်ပါဦးတော့… ခင်ဗျားဟာ လူလောကနှင့် ကင်းဝေးတဲ့ နေရာကို သွားရတော့မှာမို့… '

ဥက္ကာသည် ခပ်လှောင်လှောင်ပြောနေရာမှ ရုတ်တရက် အားပြတ်သွားလေသည်။ အကြောင်းမူ စားပွဲကြီး ဘေးဘက်နားရှိ အခန်းထရံမှ တံခါးဂျက်ကလေးတစ်ခုက ရုတ်တရက်ပွင့်လာကာ ဖြူဖြူကျော်က အခန်းတွင်းသို့ ဝင်လာခြင်းကြောင့် ဖြစ်လေ၏။

'ဥက္ကာလား၊ လက်စသတ်တော့ ရှင်ဟာ လူယုတ်မာကြီး တစ်ယောက်ပါပဲလား… ရှင်ခုနက ပြောခဲ့တာတွေကို၊ ကျွန်မအကုန် လုံး ကြားခဲ့ရပါပြီ'

'ဖြူဖြူ… ဒီမှာ ဘာလာလုပ်နေတာလဲ… '

တဆတ်ဆတ် တုန်ရီနေသော နှုတ်ခမ်းကလေးများကို ကြိုးစား၍ ထိန်းရင်းက ပြောလိုက်သူဖြူဖြူကို ဥက္ကာက ခပ်ဆတ် ဆတ် ပြန်မေးလိုက်ခြင်းဖြစ်လေ၏။

'ဖိလစ်နှင့်အတူ ကျွန်မလိုက်လာတာပဲ။ ဖိလစ်က အရက်မူး နေလေတော့ ကျွန်မက ရှင့်အခန်းထဲ ခေါ်သိပ်ထားလိုက်ရသောက



www.burmeseclassic.com

www.burmeseclassic.com


လား… ဒီတော့ ခုနက ဒီစုံထောက်ပြောတာတွေနဲ့ ရှင်က ဝန်ခံတာတွေကို ကျွန်မအကုန်လုံးကြားလိုက်ရပါပြီ… ရှင်ဟာ တော်တော်ကို အကြံပက်စက်ခဲ့တာပဲ ဥက္ကာ…'

'ဒီစုံထောက်စုတ်က သူ့စိတ်ကူးနဲ့သူ ရမ်းသမ်းပြီး ပြောနေတာတွေပါ ဖြူဖြူ… အထင်မလွဲပါနဲ့ကွယ်'

'ရှင်ကိုယ်တိုင် ဟုတ်ပါပြီလို့ ဝန်ခံထားခဲ့ပြီပဲ… ကျွန်မက စုံထောက် ကိုတင်မောင်ဆွေကို အခုပြန်ပြီးတောင်းပန်ပါတယ်။ ရှင့်ကို ကျွန်မ ကိုညွှန့်ဟန်ကြီးက တစ်ဆင့် ငွေငါးထောင်ပေးခိုင်းလိုက်တာဟာ… ကျွန်မ မသိရတဲ့ မိထွေးတစ်ယောက်ကို ရလာမှာ စိုးလို့ပါပဲ… အခုလို ဥက္ကာလို… ယုတ်မာတဲ့… စိတ်ထားမျိုးတော့ ကျွန်မမှာ မရှိခဲ့ပါဘူး'

ဥက္ကာသည် အံကြိတ်ကို ကြိတ်လျက် ရှေ့သို့ တိုးလာစဉ် ရုတ်တရက် အခန်းတံခါးက ပွင့်လာကာ အတွင်းသို့ တစ်စုံတစ်ယောက်က ဝင်ရောက်လာလေသည်။ ထိုလူကား ဒရိုးဒယိုင် ဖြစ်နေကာ လက်ထဲတွင် ပွိုင့် ၃၈-ခြောက်လုံးပြူး သေနတ်ကို ကိုင်ထားနေသူ ကတုံးဆံတောက်နှင့် လူသတ်သမားပင် ဖြစ်နေလေတော့၏။

'ဟင်… စိန်တင်၊ မင်း ဘာလာလုပ်တာလဲ'

'ဘာလာလုပ်ရမလဲ၊ ခင်ဗျားကြီးကို ကျုပ် လာသတ်တာပဲပေါ့'

စိန်တင်သည် ပြောပြောဆိုဆိုပင် လက်ထဲက ခြောက်လုံးပြူးသေနတ်ကို ဥက္ကာ၏ ဝမ်းဗိုက်ဆီသို့ ချိန်ရွယ်လိုက်၏။

'ခင်ဗျားက ကျုပ်ကို ရွှေမောင်းနဲ့ သန်းနွဲ့တို့နောက် အလိုက်မခိုင်းခင် ကျုပ်က ခင်ဗျားကို သူတို့ဆီကို အရင်ပို့ပေးလိုက်


www.burmeseclassic.com

www.burmeseclassic.com



ရတော့မှာပဲ'

'ဟော့ကောင်… မင်းဘာတွေပြောနေတာလဲ၊ မင်း အရက်မူးလာရင် အမူးပြေမှ ငါ့ကိုလာတွေ့စမ်း…'

ဥက္ကာက ခပ်တည်တည် ပြန်ဟောက်လိုက်သော်လည်း စိန်တင်သည် ခေါင်းကြီးကို လေးလေးကြီး ရမ်းခါပြလိုက်၏။

'ခင်ဗျားဟာ တော်တော် ယုတ်မာတဲ့လူပဲ။ ခင်ဗျားလို ဘာပည့်တွေအပေါ်မှာ သစ္စာမစောင့်တတ်တဲ့လူတစ်ယောက်ကိုတော့ လောကကြီးမှာ ဆက်ထားနေလို့'

စိန်တင်သည် စကားကို ဆက်မပြောနိုင်ပေ။ အကြောင်းမှု ဥက္ကာသည် သူ့လက်ထဲမှ သေနတ်ကိုရုတ်တရက်ပင့်ကာ ဆက်၍ဆက်၍ မောင်းဖြုတ် ချလိုက်သောကြောင့်ဖြစ်လေသည်။ စိန်တင်ခမျာ မျက်လုံးကြီးများပြူးလျက် တံခါးကိုမှီ၍ ခွေကွေးရပ်နေပြီး နောက်မှ ရှေ့သို့ဝုန်းခနဲ ထိုးလဲကျသွားလေတော့၏။

တင်မောင်ဆွေက သူ့သေနတ်ရှိရာ စားပွဲပေါ်ဆီသို့ ခြေလှမ်းလိုက်သော်လည်း ဥက္ကာက သူ့ဘက်သို့ ဆတ်ခနဲလှည့်၍ သေနတ်ကိုချိန်ထားလိုက်ပြန်၍ အသာရပ်နေလေသည်။

'ကဲ… စုံထောက်စုတ်… ဒီသေနတ်ထဲမှာ ကျန်နေသေးတဲ့ ကျည်ဆံ ၅-တောင့်ဟာ မင်းကို နောက်ဆုံးပိတ် စာရင်းရှင်းပစ်လို့… မင်းဟာ ငါ့ကိစ္စတွေထဲမှာ ဝင်ရှုပ်လို့သာ…'

ဥက္ကာက စကားဆုံးအောင် မပြောနိုင်ခင်မှာပင် ခပ်စောစောက ဖြူဖြူဝင်လာသော တံခါးပေါက်ကလေး ရုတ်တရက် ပွင့်လာပြီး အခန်းတွင်းသို့ ခေါင်းစုတ်ဖွားနှင့် ဖိုလစ်သာကျော်က စင်လာသည်။ ၎င်း၏လက်ထဲတွင်လည်း ဒန်းရောင်လက်နေသော



www.burmeseclassic.com

www.burmeseclassic.com



ပစ္စတိုလ် သေနတ်ကလေးတစ်လက်က ပါလာလေသည်။

'ခင်ဗျားလို လူယုတ်မာကြီးကိုလည်း ကျုပ်က စာရင်းရှင်း ပစ်တော့မယ် ဥက္ကာ'

ဖိလစ်သည် အံကြိတ်၍ပြောကာ သူ့လက်ထဲက သေနတ်ကလေးနှင့် ဥက္ကာဆီသို့ ထိုးပစ်လိုက်လေ၏။ တချိန်တည်းမှာပင် ဥက္ကာလည်း ၄င်းဘက်သို့ လှည့်၍ သေနတ်ကို မောင်းဖြုတ်ချပြန်ရာ သေနတ်နှစ်ခု၏ ပြောင်းဝမှ လိမ္မော်ရောင်တန်းကလေးနှစ်ခုက ပြိုင်တူ ပွင့်ထွက်လာလေ၏။

ဖိလစ်သာကျော်သည် ရုတ်တရက် ပါးစပ်ကလေးတစ်ချက် ဟလိုက်ကာ မျက်ဖြူလန်ပြီး ရှေ့သို့ထိုးလဲကျသွားလေသည်။ ဥက္ကာ၏ လက်မောင်းရင်းတွင်တော့ ရုတ်တရက် သွေးတွေက နီရဲကျလာကာ သေနတ်လည်း လွတ်ကျသွားလေ၏။ ဖြူဖြူကျော်သည် အသံကုန်တစ်ချက် ဟစ်အော်လိုက်ကာ၊ သူမ၏ မောင်အား ပြေးပွေ့ထူနေစဉ်အတွင်း၊ တင်မောင်ဆွေကတော့ ဥက္ကာဆီသို့ ခုန်လွှားကာ လက်သီး တစ်ချက်တည်းနှင့် ထိုးလှဲချလိုက်လေ၏။

သေနတ်သံများကြောင့် တစ်အိမ်လုံးလည်း ရုတ်ရုတ်ရက်ရက် ပြေးလွှားဆူညံနေကြပြီဖြစ်ရာ ကိုသောင်းဖေခေါင်းဆောင်သော အရာ ဝတ်အရပ်စားနှင့် စုံထောက်တွေက ဝင်လာပြီး အုပ်ထိန်းပေးလိုက် ရလေ၏။

နောက်တစ်နေ့ နံနက်တွင် တင်မောင်ဆွေက သူ့တိုက်ခန်း နေ၍ အောက်ထပ်ရှိ အလုပ်တိုက်ခန်းသို့ ဆင်းလာသည့်အခါ ကား၊ မေစီက သူ့ကို စာအိတ်တစ်အိတ် ဆီးပေးလိုက်လေသည်။ စာအိတ်ထဲတွင်ကား ၅၀၀၀ိ/ တန် ချက်လက်မှတ်တစ်စောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စာတိုကလေးတစ်စောင်သာ ပါ၏။

*ကျေးဇူးတင်ပါတယ်။ မောင်တင်မောင်ဆွေကို ပေးလိုက်တဲ့ ချက်လက်မှတ်ဟာ မောင့်ကျေးဇူးတွေကို ကျေနိုင်မှာ မဟုတ်ပါဘူး...။*

*(ပုံ- မြတ်သာကျော်)*

နံနက် ၁၀-နာရီလောက်တွင်ကား ဒေါ်မြသွေးက တင်မောင်ဆွေ့ဆီသို့ ဖုန်းဆက်လိုက်ပြန်လေသည်။

'မောင့်ကို ဒေါ်ဒေါ်ပြောချင်တာတစ်ခု ရှိနေသေးလို့ပါကွယ်... ဒေါ်ဒေါ့်သား ဖိလစ်နှင့်ပက်သက်လို့ပါပဲ။ သူ့ကို ဒေါ်ဒေါ်ဟာ အသက်ရှင်လျက် မတွေ့လိုက်ရပေမယ့်၊ သူဟာ ရဲရဲရင့်ရင့် သေသွားခဲ့ရတာကိုတော့ ဒေါ်ဒေါ် ဂုဏ်ယူမိပါတယ်'

'ဟုတ်ကဲ့ ဒေါ်ဒေါ်... ဖိလစ်ဟာ တော်တော်ရဲရင့်တဲ့ သူငယ်ကလေးတစ်ယောက်ပါပဲ'

တင်မောင်ဆွေက ဖုန်းပြန်ချလိုက်ပြီးနောက် သက်ပြင်းတစ်ချက်ကို လေးလေးကြီး ချလိုက်မိလေသည်။

သူ့တွင် ဒေါ်မြသွေးနှင့် ပက်သက်သော လျှို့ဝှက်ချက်တစ်ခု ရှိနေလေသည်။ သို့ရာတွင် ထိုလျှို့ဝှက်ချက်သည် သူ့တစ်သက်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမှ ဖွင့်မပြောတော့ဟု ယခု သူက ဆုံးဖြတ်၍ သန္နိဋ္ဌာန်ချလိုက်လေသည်။ သူသည် ဦးဘဒွေးအိမ်မှ တွေ့ခဲ့ရသော ခလေးသေ လက်မှတ်ကလေးကို အံဆွဲထဲမှ ထုတ်ယူကာ တွေတွေကြီး စိုက်ကြည့်နေလိုက်မိလေသည်။

ထိုလက်မှတ်ကလေးကား ဦးဘဒွေးတို့ ဇနီးမောင်နှံက မွေးစားခဲ့သော ဒေါ်မြသွေး၏ကလေးပင် အမှန်ဖြစ်နေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တင်မောင်ဆွေက နားလည်ထားလိုက်မိလေ၏။ ဦးမြတ်သာ
ကျော်က သူ့ရင်သွေးကို ဦးဘခွေးတို့ထံ လာတောင်းခဲ့သည့်အခါတွင်
မူကား ဆင်းရဲနွမ်းပါးနေရသော ဦးဘခွေးတို့ ဇနီးမောင်နှံက သူတို့
သားအရင်းကလေးကို ကောင်းစားပါစေတော့ဟု ဦးမြတ်သာကျော်
အား ၎င်း၏သားအဖြစ်နှင့် ပေးလိုက်ခြင်းသာ ဖြစ်လေတော့၏
ထို့ကြောင့် သေဆုံးခဲ့ရသော ဖိုလစ်သာကျော်အား တကယ်
တော့ ဦးမြတ်သာကျော်နှင့် ဒေါ်မြသွေးတို့၏ သားအစစ် မဟုတ်
၍ သူကတော့ နားလည်ထားနေရလေသည်။ သို့ရာတွင် ဇ
အကြောင်းကို ဦးမြတ်သာကျော်ကိုလည်းကောင်း၊ ဒေါ်မြသွေး
လည်းကောင်း ဖွင့်ပြောစရာမလိုတော့ဟု တင်မောင်ဆွေက ဆုံးဖြ
လိုက်မိပြီ ဖြစ်လေသည်။

တင်မောင်ဆွေလည်း ကလေးသေ လက်မှတ်ကလေး
မီးရှို့ပစ်လိုက်ရာက မီးလောင်ကျွမ်းပြီး ပြာဖြစ်သွားသည်ကို ေ
ကြည့်နေလိုက်လေ၏။

မိုးဆေ

www.burmeseclassic.com

www.burmeseclassic.com

# မိန်းမဝက်ကွင်း

'အသံကွဲ' ချစ်တင်ကား ရန်ကုန်မြို့၏ ဥပဒေ နယ်နမိတ် အတွင်းမှ ရာဇဝတ်ကောင်ကြီးတစ်ဦးပင် ဖြစ်လေ၏။ တစ်နည်းအား ဖြင့်ဆိုရလျှင် ၎င်းမှာ ဥပဒေကို မချိုးဖောက်ဘဲ၊ သို့မဟုတ် ဥပဒေ ကို လွတ်အောင် ရှောင်တိမ်းကာ ရာဇဝတ်မှု အမျိုးမျိုးတို့ဖြင့် စီးပွားရှာနေသည့် လူတစ်ယောက်ပင်ဖြစ်၏။ ဤသို့သော စီးပွားရှာ နည်းတွင် ချစ်တင်မှာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ခဲ့သည် ဖြစ်ရကား သူဌေးကလေးဟု အခေါ်ခံနိုင်သည်အထိ စီးပွားတိုးတက်နေကာ ရန်ကုန်မြို့ လူစည်ကားသော အပိုင်းတစ်ခုတွင် 'ချစ်တင်ပျော်ပွဲစားရုံ' ကို ဖွင့်လှစ်လျက် အရေးပါအရာရောက်သော လူတွင်ကျယ်တစ် ယောက်ဖြစ်နေ၏။

အသံကွဲချစ်တင်မှာ ငွေဘယ်လောက်ပဲရှိရှိ ဘယ်လိုလူစား မျိုးတစ်ယောက်ဖြစ်သည်ကို အလွတ်စုံထောက်တင်မောင်ဆွေက သိပြီး ဖြစ်လေ၏။ ထို့ကြောင့်လည်း ချစ်တင်က သူ့ထံသို့ရောက် လာကာ သူ့ထံတွင် အမှုတစ်ခုအပ်ခဲ့သည့်အခါတွင် တင်မောင်ဆွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီးကြီး ငြင်းပယ်မိခဲ့ခြင်းဖြစ်လေ၏။

'ဒီမှာ…ကိုချစ်တင်…ကျုပ်ဟာ အလုပ်နဲ့ ပတ်သက်လို့ အရင်က တရားဥပဒေနှင့် မကင်းလွတ်တဲ့ကိစ္စတွေမှာ ဝင်စွက်ခဲ့ဖူးတာ မှန်ပေမယ့်၊ ဒီလိုဝင်စွက်ခဲ့တာ ကျုပ်ခင်တဲ့ မိတ်ဆွေတွေအတွက်သာ ဖြစ်ခဲ့တယ်။ ခင်ဗျားဟာ ကျုပ်မိတ်ဆွေ တစ်ယောက် မဟုတ်ဘူး၊ ဒီတော့ ခင်ဗျားအမှုကို ကျုပ်ဘယ်နည်းနှင့်မှ လက်ခံနိုင်မှာမဟုတ်ဘူး'

တင်မောင်ဆွေက ဤကဲ့သို့ ခပ်ပြောင်ပြောင်ပင်သူ့သဘောထားကို ဖွင့်ထုတ်ပြလျက် ငြင်းဆိုခဲ့သည့် အခါတွင် ချစ်တင်မှာ အောင့်သက်သက်နှင့် ရယ်လိုက်လေ၏။

'ဟာဗျာ… ကိုဆွေကလည်း ကျွန်တော်နှင့် ပတ်သက်တဲ့ အလုပ်ဆိုရင် တရားဥပဒေနဲ့ ကင်းလွတ်မှာ မဟုတ်ဘူးလို့ ခင်ဗျားက တစ်ထစ်ချ ယူဆနေတော့တာကိုးဗျ'

'နို့… ခင်ဗျားနှင့်ပတ်သက်တဲ့ အလုပ်မှန်သမျှဟာ တရားဥပဒေနှင့်များ ကင်းလွတ်လို့လား ကိုချစ်တင်'

ချစ်တင်လည်း ပေါ့ပေါ့ဆဆ အမူအရာနှင့် သူ့ပခုံးများကို တွန့်လိုက်၏။

'အင်းလေ ထားလိုက်ပါတော့။ ဒါပေမဲ့ ခင်ဗျားဆီက ကျွန်တော်အကူအညီလိုနေတဲ့ ကိစ္စကတော့ ကျွန်တော့်အလုပ်နှင့် ဘယ်လိုမှ မပတ်သက်ပါဘူး။ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုပါ ရှင်းရှင်းပဲ ပြောပါ့မယ်လေ… ကျွန်တော့်မိန်းမနဲ့ ပတ်သက်လို့ပါပဲ…'

ဤတွင် တင်မောင်ဆွေက မျက်ခုံးနှစ်ဖက် ပင့်ကာချစ်တင်



www.burmeseclassic.com

www.burmeseclassic.com



အား အံ့ဩသလိုကြည့်လိုက်၏။

'ခင်ဗျားမိန်းမနဲ့ ပတ်သက်လို့ ခင်ဗျားကို ကျုပ်က ဘယ်လို အကူအညီပေးနိုင်မှာလဲဗျ'

'ကျွန်တော်ပြောရမှာလည်း ရှက်ပါရဲ့ဗျာ' ဟု ချစ်တင်က သူ့မျက်လုံးများကို တင်မောင်ဆွေထံမှ လွှဲလိုက်ရင်း သူ့ကိစ္စကို စကားစလိုက်လေသည်။

'ဒီလိုဗျာ ကျွန်တော့် မိန်းမက ကျွန်တော့်ကို သစ္စာဖောက် နေတယ်ဗျ'

တင်မောင်ဆွေလည်း သဘောကျစွာ အသံထွက်အောင် ရယ်လိုက်၏။ 'ဘာရယ်တာလဲဗျ' ဟုချစ်တင်က ကြောင်တက်တက် နှင့်မေးလိုက်မှ…

'ဩော်… ဘယ်သူ့ကိုမှ သစ္စာမစောင့်ခဲ့တဲ့ ခင်ဗျားကို ခင်ဗျားမိန်းမက သစ္စာဖောက်သွားတယ်ဆိုတော့ ရယ်မိတာပေါ့'

ချစ်တင်၏ မျက်နှာကြီးကား ညိုမဲ၍ သွားတော့သည်။ ပြီးတော့မှ မနည်းကြီးကြိုးစား၍ စိတ်ချုပ်တီးလိုက်ရသည့်ဟန်နှင့် ခပ်သဲ့သဲ့ပြုံးလိုက်ကာ 'အင်း… ခင်ဗျားကတော့ ကျုပ်အပေါ်မှာ အတော့်ကို အထင်သေးနေတာပဲနော်… ဒါပေမဲ့ ကျွန်တော်က ခင်ဗျား အကူအညီကို တကယ်ပဲလိုနေတော့ သည်းခံရတာပေါ့လေ' ဟု အောင့်သက်သက်ပြောလိုက်၏။ ပြီးနောက် ဆက်လက်၍…

'ကဲ… ဘယ်နှယ့်လဲ… ကျွန်တော့်ကို… ကူညီနိုင်မှာ လား…'

ချစ်တင်လို လူမျိုးတစ်ယောက်ကို ၎င်း၏မိန်းမက သစ္စာ ဖောက်နေသည်ဆိုခြင်းကို တင်မောင်ဆွေမှာ စိတ်ဝင်စားသာမိပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့်၊ 'အင်းလေ… ခင်ဗျားမိန်းမက ခင်ဗျားကို ဘယ်လို သစ္စာဖောက်နေတယ်ဆိုတာကို ပြောစမ်းပါဦး' ဟု မတင်မကျပြော လိုက်၏။

'ပြောရမှာလည်း ရှက်ပါရဲ့ဗျာ… ဒါပေမဲ့ မတတ်နိုင် ဘူး… ကျွန်တော့်မိန်းမကို ခင်ဗျားလည်း သိမှာပါပဲလေ။ သူဟာ ခုတစ်လော တခြားယောကျ်ားတွေနှင့် ဖောက်လွဲဖောက်ပြန်လုပ်နေ တယ်ဗျ… ပြောလို့မရဘူး၊ ဒီတော့ ကျွန်တော် သူ့ကိုကွာချင်တယ်'

'ကွာချင် ကွာလိုက်ပါလားဗျာ… ခုခေတ်မှာ လင်မယား ကွာတဲ့ကိစ္စဟာ ငှက်ပျောသီးစားတာထက် လွယ်နေတာပဲ'

'ကျွန်တော်က ကွာဆို တစ်ခါတည်း ပြတ်ပြတ်စဲစဲ ကွာချင် တာဗျ… သူ့တာဝန်တွေကို ကျွန်တော် ဘယ်လိုမှ ဆက်မယူချင် တော့ဘူး… ဒီတော့ သူက ကျွန်တော့်ကို ဆက်ပြီး အနှောင့်အယှက် မပေးနိုင်အောင် သူလော်မာတဲ့အပြစ်တွေကို သက်သေသာဓက ခိုင်ခိုင် လုံလုံနှင့် ဖော်ထုတ်ပြီးမှ ကွာချင်တာ'

'သြ… ခင်ဗျားဆိုလိုတာက ခင်ဗျားမိန်းမ လော်မာ နေတာကို သက်သေသာဓက ခိုင်ခိုင်လုံလုံ ရအောင်ကျုပ်ကိုရှားချင် တယ်ဆိုပါတော့ ဟုတ်လား' ဟုတင်မောင်ဆွေက မျက်မှောင်ကုတ် ၍ မေးလိုက်၏။ ချစ်တင်ကခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ် ကိုဆွေ… ခင်ဗျားက ကျုပ်မိန်းမရဲ့ အသွား အလာတွေကို နောက်ယောင်ခံလိုက်ပြီး၊ သူဘယ် ယောကျ်ားတွေနဲ့ တွေ့ပြီး ဘယ်လိုကမြင်းကျော ထနေတယ်ဆိုတာတွေကို စုံစမ်းပေး ပါပဲ… အထူးသဖြင့် ကျွန်တော့်မိန်းမဟာ သက်ဖေဆိုတဲ့ အကောင် နှင့် ခုတစ်လော အားကြီးတွဲနေတယ်ဗျ… သူတို့နှစ်ယောက် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



မှာတွေ့ပြီး… ဘာတွေလုပ်နေတယ်ဆိုတာကို ကျွန်တော်သိချင်တယ်။ ဘယ်နှယ့်လဲ ကိုဆွေ၊ ဆောင်ရွက်ပေးမယ် မဟုတ်လား။ ကျွန်တော် ခင်ဗျား ကျေနပ်လောက်အောင် ငွေပေးပါ့မယ်'

ချစ်တင်က သူ့စကားများ အဆုံးတွင် တင်မောင်ဆွေကို စိတ်အားထက်သန်စွာ ကြည့်လိုက်လေသည်။

'ဩ… ခင်ဗျားမိန်းမက သက်ဖေနဲ့ ဖောက်ပြန်နေတာကိုး။ ဒီကောင်ကို ကျူပ်သိသားပဲ ကစားသမားသက်ဖေကို ပြောတာ မဟုတ်လား…'

'သူပဲပေါ့ဗျ… ဒီကောင်က အတော်ကို ကျတဲ့အကောင်ပဲ။ ကျူပ်ကစားဝိုင်းတွေမှာ သူလာကစားပြီးငွေတော်တော်များများ နိုင်ခဲ့တယ်။ ဒါကိုသူက မကျေနပ်ဘဲ ကျွန်တော့်မိန်းမကိုပါ ကြာခိုပြန်တယ်'

ချစ်တင်က မကျေမချမ်းပြောလိုက်ရာ တင်မောင်ဆွေလည်း ပြုံးမိလေ၏။ အမှန်ကတော့ ချစ်တင်အတွက်သူထောင်ထားသည့် ကစားဝိုင်းတွင် တစ်စုံတစ်ယောက်ကငွေတော်တော်များများ နိုင်သွားခြင်းကပင် အတော်ကြီး ရင်အောင့်စရာ ဖြစ်နေတော့၏။ ယခု ထိုလူက ၎င်း၏ဇနီးကိုပါ ကြာခိုနေပြန်သည့်အဖြစ်မှာ ၎င်းအတွက် အဘယ်မျှလောက် အခံရခက်စရာ ကောင်းလှမည်ဟု တင်မောင်ဆွေ ခန့်မှန်းကြည့်နိုင်ပေ၏။

'သက်ဖေက ခင်ဗျားမိန်းမကို ကြာခိုနေတယ်ဆိုတာ သေချာရဲ့လား…'

'သူတို့နှစ်ယောက် တပူးပူးတတွဲတွဲ လုပ်နေပြီး သက်ဖေက ကျူပ်ကစားဝိုင်းက နိုင်တဲ့ငွေတွေနဲ့ ကျူပ်မိန်းမအတွက် လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တွေဝယ်ပေး ဘာတွေဝယ်ပေးလုပ်နေတာပဲဗျာ…’ ဟုချစ်တင်က အောင့်သက်သက်အသံကြီးနှင့် ပြန်ဖြေလိုက်လျှင်ကား တင်မောင်ဆွေလည်း ခေတ္တမျှ တိတ်ဆိတ်နေပြီး နောက်မှ…

‘နေပါဦး… ခင်ဗျားက ကျုပ်ကို ဘာလုပ်ပေးစေချင်တာလဲ…’ ဟု မေးလိုက်ပြန်၏။

‘ကျွန်တော် ခုနကပြောတဲ့ အတိုင်းပဲပေါ့ဗျာ… ကျွန်တော့်မိန်းမဟာ ဒီကောင်နဲ့ ဖောက်ပြန်နေတာကို သက်သေသက်ကြာရ ခိုင်ခိုင်လုံလုံ ရှာပေးဖို့ပါပဲ။

သက်သေသက်ကြာရ ခိုင်ခိုင်လုံလုံရတဲ့နောက်တော့ ကျုပ်သူ့ကို ကွာပစ်လိုက်မယ်ဗျာ။ ဒီတော့မှပဲ တေမိဟာ ကျုပ်ကို စားစရိတ်တွေဘာတွေ တောင်းနိုင်တော့မှာမဟုတ်ဘူး။ နို့မဟုတ်ရင် ကျုပ်ဆီက ရသလောက်တော့ ညှစ်ယူသွားဦးမှာဗျ… ဘယ်နှယ့်လည်း ကိုတင်မောင်ဆွေ၊ ခင်ဗျားကျွန်တော့်ကို ကူညီမယ်မဟုတ်လား…’

တင်မောင်ဆွေလည်း ဖြည်းညင်းစွာ ခေါင်းခါပြလိုက်၏။

‘ဆောရီးပဲ ကိုချစ်တင်၊ ကျုပ်ဟာ လင်ကွာ မယားကွာ ကိစ္စတွေထဲမှာ ဝင်ရှုပ်တတ်တဲ့လူတစ်ယောက်မဟုတ်ပါဘူး။ အထူးသဖြင့် ခင်ဗျားလိုလူမျိုးရဲ့ကိစ္စထဲမှာ သာပြီး ဝင်မရှုပ်ချင်ဘူး။ ခင်ဗျားကိစ္စကို ခင်ဗျားတတ်နိုင်သလိုသာ ကြည့်ရှင်းပေတော့ဗျာ၊ ကျုပ်ကတော့ ဘယ်လိုမှ အကူအညီမပေးနိုင်ဘူး’

ချစ်တင်ကား တင်မောင်ဆွေအား ထပ်မံ၍ တောင်းပန်နေသေး၏။ တင်မောင်ဆွေက ခေါင်းမာစွာနှင့်ပင် ငြင်းဆန်နေသဖြင့် နောက်ဆုံးတွင် မျက်နှာမသာမယာနှင့် ဆောင့်ကြီးအောင့်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားတော့လေ၏။

■ ■ ■

ချစ်တင်က သူ့မယားကို ကြာခိုနေပါသည်ဟု စွပ်စွဲသွားခဲ့သည့် သက်ဖေဆိုသူကား တင်မောင်ဆွေ၏ အသိတစ်ယောက်ပင်ဖြစ်လေသည်။ ၄င်းသည် လွန်ခဲ့သည့် တစ်နှစ်လောက်က နယ်တစ်နယ်မှ ရန်ကုန်သို့ ရောက်ရှိခဲ့ပြီးနောက်မှ ပါးရည်နပ်ရည်ရှိလှသဖြင့် ရန်ကုန်မြို့မှ လူလည်များအပေါ်တွင် ဆရာလုပ်နိုင်လာသည့် လူလည်တစ်ယောက်ဖြစ်လာခဲ့သူ ဖြစ်လေ၏။ သို့ရာတွင် ၄င်းမှာ သူ၏အခြေအနေအရ လူလည်တစ်ယောက်ဘဝဖြင့် အသက်မွေးဝမ်းကျောင်းရှာဖွေနေသူ ဖြစ်သော်လည်း စိတ်သဘောထားမှာတော့ ကောင်းမွန်သူတစ်ယောက် ဖြစ်ပြန်ရာ တင်မောင်ဆွေမှာ ၄င်းအား ချစ်တင်နှင့်စာလျှင် ပို၍နှစ်သက်မိလေ၏။ သက်ဖေကိုယ်တိုင်ကလည်း တင်မောင်ဆွေအား ခင်မင်နေကာ ယခင်က တင်မောင်ဆွေ၏အမှုကိစ္စများတွင် အကူအညီဝင်ပေးခဲ့ဖူးသူဖြစ်၍ တင်မောင်ဆွေအတွက် ၄င်းကိုင့်ညှာထောက်ထားစရာအကြောင်းများရှိနေပေ၏။

ချစ်တင် ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်သွားပြီးသည့်နောက်၌ တင်မောင်ဆွေသည် ၁၅-မိနစ်ခန့်မျှ ချစ်တင်နှင့်သက်ဖေတို့၏ကိစ္စကို စိတ်ထဲတွင် တွေးတောဝေဖန်နေမိလေသည်။ သက်ဖေမှာ ချစ်တင်ထက် ပါးရည်နပ်ရည်ရှိသည့် လူလည်တစ်ယောက် ဖြစ်သည်မှာ မှန်သော်လည်း ချစ်တင်မှာ ၄င်းအား မလိုမုန်းထားမိသည်ဆိုလျှင် ၄င်းအတွက် ဘေးအန္တရာယ်ရှိနေသည်ဖြစ်ရာ တင်မောင်ဆွေလည်း ၄င်းအား အနည်းဆုံး သွားရောက်သတိပေးထားဖို့ဆုံးဖြတ်လိုက်မိလေ၏။ ယင်းကဲ့သို့ စိတ်ဆုံးဖြတ်လိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com


တစ်ပြိုင်နက်မှာပင် တင်မောင်ဆွေလည်း သက်ဖေနေထိုင်နေသည့် ရန်ကုန်အလယ်ပိုင်းရှိ လမ်းတစ်လမ်းထဲမှ တိုက်ခန်းဆီကို ချက်ချင်းလက်ငင်း ထွက်ခဲ့တော့လေသည်။

သက်ဖေကား ထိုလမ်းထဲရှိ ၄-ထပ်တိုက်အိုကြီး၏တတိယအထပ်တွင် နေသည်ဖြစ်လေရာ တင်မောင်ဆွေလည်း ကျဉ်းမြောင်းမှောင်ကုတ်သည့် လှေကားမှနေ၍ တက်ခဲ့ရလေသည်။ သူ့ရှေ့တွင် မိန်းမပျိုကလေးတစ်ယောက်ကလည်း တိုက်အပေါ်ထပ်သို့ လှေကားမှတက်နေသည်ဖြစ်ရာ တင်မောင်ဆွေလည်း သူမနောက်မှ ကြာကြာမလိုက်ဘဲ လျင်မြန်စွာ ကျော်တက်လိုက်လေသည်။ တတိယအထပ်သို့ ရောက်သွားပြီး သက်ဖေ၏ တိုက်ခန်းတံခါးကို ခေါက်တော့မည်ပြုစဉ် မိန်းမပျိုကလေးသည် သူ့နောက်တွင် ရပ်လိုက်သဖြင့် တင်မောင်ဆွေလည်း တံခါးကို မခေါက်သေးဘဲ သူမကို လှည့်ကြည့်လိုက်လေ၏။

သူမကား အသက် ၂၀-ကျော်ရုံကလေးမျှသာရှိသေးသည်။ ရုပ်ရည်လှပကာ ကိုယ်လုံးကိုယ်ပေါက်ပြေပြစ် အချိုးအဆက်ကျသည့် မိန်းမချော တစ်ယောက်ဖြစ်သည်ကို တင်မောင်ဆွေ တွေ့ရလေသည်။

'ဩော်... ခင်ဗျားကလည်း မောင်သက်ဖေဆီကိုလာတာပဲလား' ဟု တင်မောင်ဆွေက မေးလိုက်လျှင် သူမသည် ပြုံးလိုက်ရာက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ်။ ကျွန်မက ကိုသက်ဖေရဲ့ နှမပါပဲရှင်။ အစ်ကိုကြီးက ကိုသက်ဖေရဲ့မိတ်ဆွေလား'

သက်ဖေ၏နှမဆို၍ တင်မောင်ဆွေသည် မိန်းမပျိုအား


www.burmeseclassic.com

www.burmeseclassic.com



ချစ်စိတ်ဝင်စား ကြည့်လိုက်မိလေသည်။ ရန်ကုန်မြို့တွင် လူလည်ဖြစ်သော သက်ဖေတွင် ဤမျှ လှပချစ်စရာကောင်းသည့် နှမပျိုတစ်ယောက်ရှိလိမ့်မည်ဟု တင်မောင်ဆွေ မထင်မှတ်မိခဲ့ချေ။

'သြော်...ခင်ဗျားက သက်ဖေရဲ့ နှမလား။ သက်ဖေက သူ့မှာ နှမရှိကြောင်း ကျွန်တော့်ကို တစ်ခါမှပြောမပြခဲ့ဘူးဗျာ'

မိန်းမပျိုကလေးလည်း ရှက်ပြုံးကလေး ပြုံးလိုက်ပြီးနောက်...

'အစ်ကိုသက်ဖေကတော့ ဆွေမေ့မျိုးမေ့ ဖြစ်နေတာပဲရှင့်။ သူ မြို့က ထွက်သွားကတည်းက ကျွန်မတို့ဆီကို စာ ၅-စောင်ပြည့်အောင် ရေးဖော်မရခဲ့ဘူး။ ဒါကြောင့် ကျွန်မလိုက်လာခဲ့တာပဲ။ ကျွန်မ လာမယ်ဆိုတာ စာတစ်စောင် ထည့်လိုက်ပါသေးတယ်။ ဒါတောင် သူက ကားဆိပ်မှာ လာကြိုဖော်မရဘူး...'

'သြော်... ခင်ဗျားက ဘယ်ကလိုက်လာတာလဲ...'

'ပြည်မြို့ကပါရှင်...ကျွန်မတို့ ပြည်ဇာတိပါပဲ'

'ကဲ...ဒီလိုဆိုရင် ခုသူ့ကို တွေ့တော့မှ အပြစ်တင်လိုက်တာပေါ့ဗျာ...'

တင်မောင်ဆွေလည်း ပြောပြောဆိုဆို ပိတ်ထားသော တိုက်ခန်းတံခါးကို တဒေါက်ဒေါက် ခေါက်လေသည်။ သို့ရာတွင် သူ့လက်နှင့် တံခါးရွက်ထိသွားသည်နှင့် တစ်ပြိုင်နက် တံခါးသည် အလိုလျှောက် ကျွီခနဲမြည်ကာ ပွင့်သွားလေ၏။

'အလို...တံခါးပွင့်နေပါကလား...'ဟု ပြောပြောဆိုဆို တင်မောင်ဆွေက ရှေ့ဆောင်ကာ နှစ်ယောက်သား အခန်းထဲသို့ဝင်ခဲ့ကြလေသည်။ ပြီးနောက်ကား နှစ်ယောက်စလုံးပင် ခြေလှမ်းများ



www.burmeseclassic.com

www.burmeseclassic.com



တုန့်ခနဲရပ်သွားကြတော့လေ၏။ အကြောင်းကား အခန်းအလယ် တည့်တည့် ကြမ်းပြင်ပေါ်တွင် အိုင်ထွန်းနေသော သွေးကွက်ကြီး ထဲ၌ မိန်းမတစ်ယောက် ရင်အုံတွင် ဓားတန်းလန်းနှင့် လဲနေသည်ကို တွေ့ရသောကြောင့် ဖြစ်လေ၏

'အို…မကြည့်နဲ့၊ မကြည့်နဲ့…၊ နောက်ဆုတ်နေ…' ဟု ပြောပြောဆိုဆို တင်မောင်ဆွေက အလောင်းကို မိန်းမပျိုကလေး မမြင်နိုင်ခင် မိမိ၏ကိုယ်ခန္ဓာနှင့် ကာကွယ်ရန် ကြိုးစားလိုက်သေး သော်လည်း နောက်ကျသွားခဲ့လေသည်။ မိန်းမပျိုကလေးမှာ မျက်လုံး အကြောင်သားနှင့် သွေးအိုင်ကြီးနှင့် အလောင်းကို ခေတ္တစိုက်ကြည့်ပြီး နောက် မျက်နှာကလေးတွင် သွေးဆုတ်သွားကာ ရုတ်တရက်ပျော့ ခွေလဲကျသွားတော့ရာ တင်မောင်ဆွေက ကပျာကရာ ဆီး၍ ပွေ့ဖမ်း ထားလိုက်ရပြီး ကုလားထိုင်တစ်လုံးတွင် ဖေးမချထားလိုက်ရလေ၏။ မိန်းမပျိုကလေးလည်း သက်မကြီးတစ်ချက်ချလိုက်ပြီးနောက် မျက် လုံးကလေးများ ဖွင့်ကြည့်လိုက်လေသည်။

'အစ်ကိုသက်ဖေ… အစ်ကိုသက်ဖေ…ဘာလို့သတ်ပစ် လိုက်ရတာလဲ အစ်ကိုရ…ခုတော့ ကောင်းကောင်းကြီးဒုက္ခရောက် တော့မယ်…'

သူမသည် ငိုသံပါကလေးနှင့် ရေရွတ်လိုက်ရာက မျက်နှာ ကို လက်များနှင့်အုပ်လျက် တစ်ဟင့်ဟင့် ငိုရှိုက်နေလေ၏။

'နေပါဦး…မောင်သက်ဖေ သတ်တာလို့ ဘာလို့ အတတ် ယူဆလိုက်ရတာလဲ'

'ဒီမိန်းမဟာ ကိုချစ်တင်ဆိုတဲ့ လူရဲ့မိန်းမပဲ မဟုတ်လား…'

'ကျွန်မဆီကို သူ့အကြောင်း တစ်လောက စာရေးလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com


တယ်။ ဒီမိန်းမနဲ့ သူနဲ့ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်ပြီး အဲဒီမိန်းမက သူ့ကို လိုက်နှောင့်ယှက်နေတယ်တဲ့။ ဒါကြောင့် ကျွန်မလည်း စိတ်ပူပြီး လိုက်လာမိတာပဲ။ ဒါပေမဲ့ ကျွန်မ နောက်ကျခဲ့ပါပကောလား'

တင်မောင်ဆွေလည်း အလောင်းရှိရာသို့ လျှောက်လာခဲ့ကာ သေသေချာချာ စစ်ဆေး ကြည့်ရှုမိလေသည်။ အလောင်းတွင် ဒဏ်ရာ ၅-ချက်ခန့်မျှတွေ့ရ၏။ အလောင်း၏ တင်းကြပ်စွာ ဆုပ်ထားသော လက်တစ်ဖက်တွင်ကား တစ်စုံတစ်ခု ရှိနေသည်ကို တင်မောင်ဆွေ တွေ့ရလေရာ လက်များကိုဖြေပြီး ထိုပစ္စည်းကလေးကို ထုတ်ယူလိုက်လေသည်။ ထိုပစ္စည်းကလေးကား ယောကျ်ားဝတ်အပေါ်အင်္ကျီမှ စုတ်ပြဲလာပါဟန်ရှိသော ကြယ်သီးကွင်းအပြတ်ကလေးတစ်ခု ဖြစ်လေ၏။

'ဒီမှာ...ခင်ဗျားနာမည်ကို ပြောပါဦး... 'ဟု တင်မောင်ဆွေသည် ကုလားထိုင်တွင် ဖြူရော်စွာ ထိုင်နေသော မိန်းမပျိုကလေး၏ နာမည်ကို သိချိန်တန်ပြီဟု မေးလိုက်၏။

'ကျွန်မနာမည် အနှင်းပါတဲ့ရှင်။ နို့ ရှင်ကကော... '

'ကျုပ် နာမည်ကတော့ တင်မောင်ဆွေတဲ့...အလွတ်စုံထောက် တင်မောင်ဆွေဆို မနှင်း မကြားဘူးဖူးလား'

ဤတွင် အနှင်းက သူ့အား ကြောက်ရွံ့သည့် အမူအရာကလေးနှင့် ကြည့်လိုက်ပြီး ထိုင်ရာမှ ဆတ်ခနဲ ထလိုက်၏။

'အို...ရှင်ဟာ စုံထောက်ဆိုရင် ကိုကို သက်ဖေကို ဖမ်းတော့မယ် မဟုတ်လား'

'အို...ဒီမိန်းမကို မောင်သက်ဖေအခန်းထဲမှာ တွေ့ရမှေတော့ မောင်သက်ဖေသတ်တယ်လို့တော့ တတ်အပ် မယူဆနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



တော့ မဖမ်းသေးပါဘူး။ ဒါပေမဲ့ ဝတ္တုရားရှိတဲ့အတိုင်းတော့ လူသတ်မှုကို ပုလိပ်ဘက်ကို အကြောင်းကြားရမှာပေါ့'

အနှင်းကား တင်မောင်ဆွေ အနားသို့ ရုတ်တရက် တိုးကပ်လာကာ တောင်းပန် အသနားခံသည့် အမူအရာကလေးနှင့် မော့ကြည့်လိုက်လေ၏။

'အို…ရှင် ပုလိပ်ဘက်ကို မတိုင်ပါနဲ့ရှင်…ပုလိပ်တွေကတော့ ကိုကိုသက်ဖေကိုပဲ တရားခံလို့ စွပ်စွဲပြီး ဖမ်းကြတော့မှာပဲရှင်…'

'မတိုင်လို့ ဘယ်ဖြစ်မလဲ အနှင်း… မတိုင်ရင် မောင်သက်ဖေအတွက် ပိုဆိုးတော့မပေါ့'

'အို… ဘာပဲဖြစ်ဖြစ် ရှင် ပုလိပ်ကိုတော့ မတိုင်ရပါဘူး…' ဟု အနှင်းက ဖွတ်မိုတ်၍ တောင်းပန် နေစဉ်မှာပင် အပြင်ဘက်မှ ခြေသံများကို ကြားလိုက်ရသဖြင့် သူတို့နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြလေသည်။

'အလို… တံခါးကြီးလည်း ပွင့်လို့ပါကလား။ ကျွန်မ အနှင်းတော့ရောက်နေပြီထင်တယ်' ဟု တစ်ကိုယ်တည်း ရေရွတ်ပြောဆိုလိုက်သံနှင့်အတူ အနှင်း၏အစ်ကို ကိုသက်ဖေသည် အခန်းထဲသို့ သွက်လက်စွာ ဝင်လာလေသည်။ ဝင်လာလျှင် ဝင်လာချင်း ကြမ်းပြင်ပေါ်ကအလောင်းကို တည့်တည့်မတ်မတ်ကြီး သွားတွေ့တော့ရာ သက်ဖေသည် ခြေလှမ်းများ တုံ့ခနဲ ရပ်သွားရာက မျက်နှာတွင် သွေးဆုတ်သွားပြီး ပါးစပ်ကြီးအဟောင်းသားနှင့် အလောင်းကို ငေးစိုက်ကြည့်နေလေ၏။

'ကိုကို… ကိုကို… ' ဟု အနှင်းကခေါ်ရင်းက သူ့အနီး



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြေးကပ်သွားသည့်အခါတွင်မှ သက်ဖေတွင် ဣန္ဒြေဆည်နိုင်ပြီး အနားမလည် စိတ်ရှုပ်ထွေးသည့် အမူအရာနှင့် သူမကို ငုံ့ကြည့်လိုက် လေသည်။

'အနှင်းဘယ်လို ဖြစ်တာလဲဟင်၊ ဘယ်လိုဖြစ်တာလဲ'

'အေး… အဲဒါကို တို့က မင်းကိုမတွေ့လို့ကွ။ မင်းညီမ နဲ့ ငါအခန်းထဲကို ဝင်လာတော့ ဒီအလောင်းကို ဒီအတိုင်းတွေ့ရတော့ တာပဲ…' ဟု တင်မောင်ဆွေက သက်ဖေ၏မျက်နှာကို အကဲခပ် ရင်းက ဖြည်းညင်းစွာ ဝင်ပြောလိုက်လေ၏။

သက်ဖေကား အလောင်းကို စိုက်ကြည့်ရင်းက အံ့အားသင့် စိတ်ရှုပ်ထွေးခြင်းမှ ပြေပျောက်ခြင်းမရှိသေးသည့်အလား သူ့နဖူးကို လက်တစ်ဖက်နှင့် သပ်ကာ ကုလားထိုင်တစ်လုံးတွင် ဖြည်းညင်း စွာ ဝင်ထိုင်လိုက်လေသည်။ ပြီးမှ ခေါင်းကိုဖြည်းညင်းစွာ ယမ်းခါ လိုက်ကာ 'ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော်လည်း မသိပါဘူး ဗျာ၊ ဒီနေ့တစ်နေ့လုံး ကျွန်တော်အိမ်မှာမှ မရှိတာဘဲ။ သူဘယ်အချိန် ကိုရောက်ပြီး ဘယ်လိုသေတယ်ဆိုတာကို ကျွန်တော် ဘယ်နှယ့် လုပ်ပြောတတ်ပါ့မလဲခင်ဗျာ…' ဟု လေးလေးကြီးပြောပြီး ခေါင်း ငိုက်စိုက် ချလိုက်ကာတွေးနေ၏။ အနှင်းက သူ့အစ်ကို၏ ပခုံးကို ပြေးဖက်လိုက်သည်။

'ဒီလိုဆိုရင် သူ့ကို ကိုကိုမသတ်ဘူးပေါ့နော်… အမလေး ညမှ စိတ်အေးရတော့တယ် ကိုကိုရယ်'

'နင်က စိတ်အေးမနေနဲ့ဦး၊ သူက ငါ့အခန်းထဲမှာလာသေ နေတယ်ဆိုတော့ ပုလိပ်က ငါ့ကိုပဲ ဖမ်းမှာပဲ။ ငါတော့ ကောင်း ကောင်းကြီး ချောက်ကျပါပြီ။ ဒီကောင်မနဲ့ဆက်မိတာကို ငါ ဖေးပါ



www.burmeseclassic.com

www.burmeseclassic.com


တယ်ဟာ'

သက်ဖေက စိတ်ပျက်အားငယ်စွာ ညည်းလိုက်စဉ် တင်မောင်ဆွေက သူ့အနားသို့ ချဉ်းကပ်လာ၏။

'ဒီမှာ သက်ဖေ… မင်းဒီမှာ တစ်နေ့လုံးမရှိခဲ့ဘူးဆိုတာ တကယ် ပြောလိုက်တာလား… '

'ဟာ… တကယ်ပါပဲ ကိုတင်မောင်ဆွေ၊ မနေ့ညနေက တည်းက ကျွန်တော် ဖဲဝိုင်းတစ်ခုမှာ ဖဲထိုင်ချနေခဲ့တာ ညလုံးပေါက်ပဲ။ ခုမှ ကျွန်တော်ပြန်ရောက်လာတာပဲ။ ဒါတောင်မှ ကျွန်တော့်နှမ ဒီကနေ့ လာမယ်ဆိုတာ သတိရလို့ ဖဲဝိုင်းက ထလာတာ'

'ဒီလိုဆိုရင် မင်း ဘာစိုးရိမ်စရာရှိမှာလဲ။ မင်းကောင်မအသတ်ခံရတာ ဘာမှကြာသေးတာမဟုတ်ဘူး။ သူ့ဒဏ်ရာတွေက သွေးတွေထွက်နေသေးတာကိုကြည့်ရင် အသတ်ခံရတာ နာရီဝက်လောက်ရှိဦးမှာ မဟုတ်ဘူး။ ဒီတော့ မင်းဖဲဝိုင်းက ဘယ်အချိန်မှာ ထလာခဲ့သလဲ'

'ဟာ လွန်ခဲ့တဲ့ ၁၀-မိနစ်လောက်ကပါဗျာ…' ဟု သက်ဖေကလည်း စိတ်အတော်ကြီး သက်သာရာရသွားရာက ပြောလိုက်၏။

'ဒီလိုဆိုရင် ပုလိပ်က မင်းကို ဘယ်လိုမှ ဖမ်းနိုင်မှာ မဟုတ်ပါဘူး။ အရေးကြီးတာက မင်းဖဲဝိုင်းမှာ ရှိနေတယ်ဆိုတာကို ဖဲဝိုင်းကလူတွေက သက်သေခံဖို့ပါပဲ'

'ဟာ… သူတို့က သက်သေခံကြမှာပေါ့။ ကျွန်တော့် မိတ်ဆွေတွေပဲ' ဟု သက်ဖေသည် ဝမ်းသာအားရ ပြောလိုက်ကာ သူ့နှမအား ကြည့်လိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



'အနှင်းရေ ဘာမှမပူနဲ့တော့။ ငါဘယ်လိုမှ ဒုက္ခမရောက်နိုင်တော့ဘူး။ ဟောဒီက ကိုတင်မောင် ဆွေပြောသလိုပဲ လူသတ်မှုဖြစ်တဲ့အချိန်မှာ ငါ တခြားတစ်နေရာမှာ ရှိနေတယ်ဆိုတာကို သက်သေပြနိုင်တာပဲ'

အနှင်းမှာလည်း မျက်နှာကလေး ကြည်လင်လာရာက အစ်ကို ဤကဲ့သို့ လူသတ်မှုနှင့် အဖမ်းခံရဖို့ ဒုက္ခမှ ကင်းလွတ်သွားသည်မှာ တင်မောင်ဆွေ၏ ဆောင်ရွက်မှုအလား ကျေးဇူးတင်သည့် အမူအရာ ကလေးနှင့်ကြည့်လိုက်၏။

'ကဲ... ဒီတော့ ဒီကိစ္စကို အမြန်ဆုံး ပုလိပ်ကိုတိုင်နိုင်လေကောင်းလေပဲ။ ဒါပေမဲ့ ပုလိပ်ကို မတိုင်ခင် ဖဲဝိုင်းကလူတွေက ဖဲဝိုင်းမှာ ဘယ်အချိန်အထိရှိနေပါတယ်လို့ တစ်ညီတစ်ညာတည်း သက်သေခံနိုင်ကြအောင် အရင်ပြောထားဦးမှကွ... ပြီးတော့ ဒီကိစ္စမှာ မင်းနှမပါနေရင်လည်း မကောင်းဘူး။ ဒီတော့ မင်းနှမက ဒီကိစ္စ မပြီးမချင်း တခြားတစ်နေရာရာမှာ ခဏသွားနေရင် ကောင်းမယ်ထင်တယ်။ လူသတ်မှုဖြစ်တဲ့အထဲမှာ မိန်းမပျိုကလေး တစ်ယောက်ပါနေရတာ မကောင်းလှဘူးဆိုတာ မင်းလည်း သိမှာပေါ့'

သက်ဖေလည်း ခေါင်းညိတ်လိုက်ကာ သူ့နှမပျိုအား စိတ်ပူသည့်မျက်နှာထားနှင့် ကြည့်လိုက်လေသည်။

'ကိုတင်မောင်ဆွေပြောတာ ဟုတ်ပါတယ်... ဒီလူသတ်မှုထဲမှာ အနှင်းပါနေရင် မကောင်းဘူး။ ဒါပေမဲ့ ခက်တာက သူ့ကို ဘယ်နေရာမှာ သွားထားရမှန်းမသိဘူး။ ကျွန်တော်ကတော့ ဒီမှာ နေရင် ခင်ဗျားသိတဲ့အတိုင်း တစ်ကောင်ကြွက်ပဲ။ ဒီတော့ အနှင်းကို စိတ်ချလက်ချထားနိုင်မယ့်နေရာဆိုတော့... ဩော်... နေဦး



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဆီမှာ အနှင်းကို ခဏလောက် ခေါ်ထားလို့မရဘူးလားဟင်'

သက်ဖေက ယခုမှတွေးမိလာဟန်နှင့် အားကိုးတကြီးနှင့် ပြောလိုက်လေသည်။ တင်မောင်ဆွေလည်း အနှင်း၏မျက်နှာကလေးကို လှမ်းကြည့်မိလိုက်ပြီးနောက် မငြင်းပယ်ရက်ဘဲ သဘောတူသည့် အနေနှင့် ခေါင်းညိတ်ပြလိုက်ရလေ၏။

'ကောင်းပြီလေ… သူ့ကို ငါ့ဆီမှာ ခဏခေါ်ထားရင်တော့ ဖြစ်ပါတယ်… အဖော်အဖြစ်နဲ့ 'ငါ့စက္ကူရှိတေရဲ မေစီကိုလည်း ခေါ်ထားပေးပါ့မယ်… '

မောင်နှမ နှစ်ယောက်ကား တင်မောင်ဆွေကို ကျေးဇူးတင်စွာ ကြည့်လိုက်ကြလေ၏။

■ ■ ■

သက်ဖေက ဖဝိုင်းမှ သူ့သူငယ်ချင်းများဆီသို့ သူ့အတွက် သက်သေခံဖို့ စီစဉ်ရန်ထွက်ခွာသွားစဉ် တင်မောင်ဆွေသည် အနှင်းကိုခေါ်ကာ ဆူးလေဘုရားလမ်းရှိ သူ့ရုံးခန်းအပေါ်ထပ်၌ သူ နေသော တိုက်ခန်းဆီသို့ ပြန်ခဲ့လေသည်။

'ကဲ- အနှင်း… ဒီအမှု မရှင်းလင်းသေးခင်မှာတော့ ဒီမှာပဲ နေပေတော့ ဟုတ်လား။ အနှင်းအဖော်အဖြစ်နဲ့ ကိုဆွေ့ စာရေးမကလေး မေစီကိုခေါ်ပေးပါ့မယ်' ဟုတင်မောင်ဆွေက အနှင်းအား ကုလားထိုင်တွင် ထိုင်စေပြီး ခပ်ပြုံးပြုံးပြောလိုက်လေသည်။ အနှင်းကား သူ့အစ်ကိုအတွက် လုံးလုံးကြီး စိတ်ချသေးဟန်မတူချေ။

'ကိုကို့အတွက် စိတ်ချရပါ့မလား အစ်ကိုကြီးရယ်၊ သူ့ကို ပုလိပ်တွေက ဘယ်လိုမှ ဒုက္ခပေးနိုင်မှာ မဟုတ်ဘူးဆိုတာ တကယ် ပဲလား'



www.burmeseclassic.com

www.burmeseclassic.com



'သူပြောသလို သူဟာ တစ်ညလုံး တစ်နေ့လုံး ဖဲဝိုင်းတစ်ဝိုင်းမှာ ရှိနေတာကို သေသေချာချာ သက်သေပြနိုင်မယ်ဆိုရင်တော့… မောင်သက်ဖေအတွက် ဘာမှ စိုးရိမ်စရာမရှိတာအမှန်ပဲ။ ချစ်တင်ရဲ့ မိန်းမက သူ့တိုက်ခန်းထဲမှာ လာအသတ်ခံရပေမယ့် ဒီလိုအသတ်ခံရတဲ့အချိန်မှာ သူဟာ တခြားနေရာမှာ ရှိနေတယ်ဆိုတော့ သူသတ်တာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ဘူးပေါ့ အနှင်းရဲ့…'ဟု တင်မောင်ဆွေက ထပ်မံ၍ အသေးစိတ်ရှင်းပြလိုက်တော့မှသာ အနှင်းမှာ စိတ်သက်သာရာ ရသွားဟန်တူပေ၏။

'ကဲ… ဒီမှာအနှင်း ခဏနေဦးနော်… အစ်ကိုကြီးအနှင်းကို အဖော်သွားခေါ်လိုက်ဦးမယ်… ဟုတ်လား' ဟု ပြောပြောဆိုဆို တင်မောင်ဆွေလည်း အောက်ထပ်ရှိ သူ့ရုံးခန်းသို့ ဆင်းခဲ့လေ၏။

သူ၏ စက္ကရီတေရီမေစီကို အဆင်သင့်ပင် တွေ့ရသဖြင့် အကျိုးအကြောင်းပြောပြပြီး အပေါ်ထပ်သို့ လွှတ်လိုက်လေသည်။ ကိုယ်တိုင်မှာမူကား အမှုသည်တစ်ဦးရောက်ရှိနေသဖြင့် အပေါ်ထပ်သို့ မတက်နိုင်သေးဘဲ လက်ခံစကားပြောဆိုနေရလေ၏။ အမှုသည် ပြန်သွားပြန်လျှင်လည်း တင်မောင်ဆွေသည် သူ့ရုံးခန်းထဲတွင် တစ်ယောက်ထဲထိုင်ကာ ချစ်တင်၏မိန်းမ သက်ဖေ၏အခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာရောက်အသက်ခံရပုံကို တွေးတောနေမိလေ၏။

ချစ်တင်၏ ဇနီးသည် သူမနှင့်ဖောက်ပြန်နေသော သက်ဖေ၏ အခန်းထဲတွင်မှ လာရောက်အသက်ခံခဲ့ရခြင်းအားဖြင့် ယူဆစရာများရှိနေပေ၏။ ပထမ သက်ဖေကိုယ်တိုင်က သူမကို သတ်ပစ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်၏။ ဒါမှမဟုတ် တစ်ချက်ခုတ် နှစ်ချက်

www.burmeseclassic.com



ပြတ်ဆိုသလို ချစ်တင်ကပင် သူ့အား သစ္စာဖောက်ခဲ့သော မိန်းမအား
လည်း လက်စားချေ၊ သူ့မိန်းမအား ကြာခိုနေသူကိုလည်း ဒုက္ခပေး
သည့်သဘောနှင့် သက်ဖေအပေါ် အမှုပတ်စေရန် တမင်သက်သက်
သက်ဖေ၏ အခန်းထဲ၌ သူကိုယ်တိုင်ကသော်လည်းကောင်း၊ သူ၏
တပည့်လူသတ်သမားတစ်ယောက်ယောက်ကလည်းကောင်း သူ့မိန်းမ
ကို သတ်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။

တင်မောင်ဆွေအတွက်မူကား ဒုတိယ ယူဆချက်မှာ ပိုမို၍
ဖြစ်နိုင်စရာအကြောင်း ရှိနေပေ၏။ သက်ဖေကား ကစားသမား
လူလည်တစ်ယောက် ဖြစ်သော်လည်း လူသတ်သမားတစ်ယောက်
ကား မဟုတ်ပေ။ ချစ်တင်မှာမူကား မိမိအပေါ် စော်ကားကျူးကျော်
ခဲ့သည်ဟု သူထင်ခဲ့သည့် လူများကို ဘယ်တုန်းကမှ သက်ညှာ
ခဲ့သည့် လူစားတစ်ယောက်မဟုတ်ပေ။ သူတတ်နိုင်သည့်နည်းနှင့်
လက်စားချေခဲ့သည်ချည်းဖြစ်ကာ··· သူတတ်နိုင်သောနည်းများမှာ
လည်း မြောက်များစွာရှိခဲ့ပေ၏။

ထိုစဉ်၌ သူ့စားပွဲပေါ်မှ တယ်လီဖုန်းခေါင်းလောင်းကလေး
သည် ကျယ်လောင်စွာမြည်လာလေ၏။ ကောက်ယူနားထောင်လိုက်
သည့်အခါ၌ သက်ဖေ၏ တုန်ရီချောက်ချားနေသောအသံကို သူကြား
ရလေသည်။

'ကိုတင်မောင်ဆွေ··· ကျွန်တော်တော့··· အကြီးအကျယ်
ချောက်ချားပြီဗျာ··· ကျွန်တော်နဲ့ ဖဲကစားခဲ့တဲ့ လူတွေကို တစ်ယောက်
မှ ရှာမတွေ့တော့ဘူးဗျ၊ အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်
နေကြပြီ။ ဒီတော့ ကျွန်တော့်အတွက် သက်သေခံမယ့်လူတွေ တစ်
ယောက်မှ မရှိတော့ဘူး··· ပြီးတော့ ကျွန်တော့်အခန်းထဲက ဟို

www.burmeseclassic.com



ကောင်မရဲ့ အလောင်းကိုလည်း ပုလိပ်တွေက တွေ့သွားကြပြီး သူတို့ဆီကို တစ်ယောက်ယောက်က သတင်းပို့လိုက်တယ်လို့ ကျွန်တော် စုံစမ်းကြည့်လို့ သိရှိရတာပဲ၊ အခုဆိုရင် စုံထောက်ရဲအုပ်ကိုသောင်းဖေက ကျွန်တော့်ကို လိုက်ရှာနေပြီတဲ့··· ကျွန်တော့်ကို ဖမ်းတော့မှာ သေချာနေတယ်··· ကျွန်တော် ဘယ်နှယ့်လုပ်ရပါ့မလဲ ဟင်'

တင်မောင်ဆွေသည် ချက်ချင်းပင် စိတ်ဆုံးဖြတ်ချက်ချလိုက်လေ၏။

'ကောင်းပြီ··· မင်း ငါ့ဆီကိုသာ အမြန်ဆုံးရောက်အောင်လာခဲ့ပေတော့··· ဒီကျမှ ငါကြည့်စီစဉ်ပေးပါ့မယ်၊ လမ်းမှာလည်း ကိုသောင်းဖေကို ကြည့်ပြီး လွတ်အောင်ရှောင်နော်··· '

တင်မောင်ဆွေလည်း တယ်လီဖုန်းကို ပြန်ချိတ်လိုက်ပြီး နောက် လောလောဆယ်ဖြစ်ပေါ်လာသော အခြေအနေအသစ်ကို စဉ်းစားဝေဖန်ရပြန်တော့လေ၏။ သူ့စိတ်ထဲတွင်ကား သက်ဖေသည် ချစ်တင်၏ ကလိန်ဉာဏ်ဖြင့် လူသတ်မှု အကွက်ဆင်၍ဖမ်းလိုက်သည့်ထောင်ချောက်ထဲတွင် မိနေပြီဟူ၍ ပိုမို၍ယုံကြည်လာမိလေသည်။

■ ■ ■

'သက်ဖေ··· မင်း ချစ်တင့်မိန်းမကို မသတ်ဘူးဆိုတာ ငါ ယုံကြည်ပဲနော်··· မင်း ငါ့ကို အမှန်အတိုင်းပြောပြမှသာ ငါမင်းကို ကူညီနိုင်မှာပဲ··· '

တင်မောင်ဆွေ၏ ရုံးခန်းအပေါ်ထပ်တွင်ရှိ ဧည့်ခန်းထဲ၌ ဖြစ်လေ၏။ သူနှင့်မဖြစ်သူ ဘေးတွင်ခေါင်းငိုက်စိုက်ချ၍ ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



သက်ဖေကို တင်မောင်ဆွေက မေးလိုက်ခြင်းဖြစ်ကာ အနှင်းမှာတော့ မျက်ရည်စို့နေသော မျက်လုံးများဖြင့် သူ့အစ်ကိုကို တစ်လှည့် တင်မောင်ဆွေကို တစ်လှည့် ကြည့်ရှုနေလေ၏။ တင်မောင်ဆွေက မေးလိုက်သည့်အခါ၌ သက်ဖေသည် မော်ကြည့်လိုက်ရာက စိတ်ပင်ပန်းနွမ်းနယ်လှစွာနှင့် ခေါင်းကို ဖြည်းညင်းစွာ ယမ်းပြလိုက်လေသည်။

'တကယ်ပဲ ပြောတာပါ ကိုတင်မောင်ဆွေ… ကျွန်တော့်မှာ သူ့ကို သတ်ပစ်စရာအကြောင်း ဘာမှမရှိပါဘူး… ပြီးတော့ ကျွန်တော်ဟာ ရန်ကုန်မှာ ကစားသမား လူလည်တစ်ယောက် လာလုပ်နေပေမယ့်လို့ လူသတ်ရဲတဲ့အထိတော့ မိုက်သေးတဲ့ လူတစ်ယောက် မဟုတ်ပါဘဲဗျာ… '

'ဒီလိုဆိုရင်ဖြင့် ချစ်တင့်မိန်းမကို မင်းမသတ်ရင် လူသတ်သမားဟာ တခြားလူတစ်ယောက်ဖြစ်ရမှာပေါ့။ ဒီတော့ မင်းအတွက် တစ်ခုတည်းသော မျှော်လင့်ချက်ဟာ အဲဒီလူသတ်သမားကို ရအောင် ဖော်ထုတ်နိုင်ဖို့ပဲ'

'ကျွန်တော်က ဘယ်လို ဖော်ထုတ်နိုင်မှာလဲဗျာ… 'ဟု သက်ဖေက စိတ်ပျက်အားလျော့စွာ ပြောလိုက်လေ၏။

'အေး… မင်းက မတတ်နိုင်ပေမယ့် ငါက တတ်နိုင်ပါသေးတယ်ကွာ' ဟု တင်မောင်ဆွေက ဖြည်းညင်းစွာ ပြောလိုက်လျှင်ကား မောင်နှမနှစ်ယောက်သည် မျှော်လင့်ချက် အားတက်လာကြပြန်သည့်အလား တင်မောင်ဆွေကို အားကိုးအားထားကြီးနှင့် မော်ကြည့်လိုက်ကြလေသည်။

'အို… အစ်ကိုကြီးဟာ နာမည်ကျော် စုံထောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ။ ဟုတ်တယ်၊ ဒီကိစ္စမှာ အစ်ကိုကြီးကသာ ဝင်ကူညီမယ်ဆိုရင် ကိုကိုတော့ ချမ်းသာရာရဖို့ မျှော်လင့်ချက်ရှိတာပဲ' ဟု အနှင်းက အားတက်သရော ပြောလိုက်သလို…

'ဟုတ်တယ် ကိုဆွေ… ခင်ဗျားကသာ ဒီကိစ္စမှာ ဝင်ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ကျွန်တော့်အဖို့တော့ မျှော်လင့်ချက်ရှိပါတယ်ဗျာ။ ကျွန်တော့်တော့ ခင်ဗျား ကျေးဇူးကို တစ်သက်မမေ့ဆော့မှာ မဟုတ်ဘူး' ဟူ၍ သက်ဖေကလည်း လှိုက်လှိုက်လှဲလှဲကြီး ပြောလိုက်လေ၏။

'အမှန်ကတော့ ဒီလူသတ်မှုမှာ အဓိကဟာ မင်းကောင်မရဲ့လင် ချစ်တင်ပဲလို့ ငါယုံကြည်တယ်။ မင်းကောင်မဟာ သူ့လက်ချက်နဲ့သာ သေခဲ့ရတာ ဖြစ်ရမယ်။ ဒါမှ သူက သူ့ကို သစ္စာဖောက်သွားခဲ့တဲ့ သူ့မိန်းမကိုရော မင်းကိုပါ ထိထိရောက်ရောက် လက်စားချေနိုင်မှာကိုး။ ဒီတော့ ဒီလူသတ်မှုဟာ ချစ်တင်နဲ့ ဘယ်နည်းနှင့်မဆို ဆက်သွယ်နေမှာပဲ။ ငါကလည်း ချစ်တင်ကို အမြင်ကပ်နေတာကြာပြီ။ ရှင်းရှင်းပြောရရင် သူ့ကို ဒုက္ခပေးချင်ခဲ့တာကြာပြီ။ ခုကိစ္စမှာဆိုရင် ငါ့ဆန္ဒအတိုင်း သူ့ကို ဒုက္ခပေးနိုင်တဲ့ အခွင့်ကောင်းဟာ သူ့ကို ဒီလူသတ်မှုရဲ့ တရားခံအစစ်အဖြစ်နဲ့ ဖော်ထုတ်ဖို့ပဲ။ ဒါကြောင့် ခုငါဒီကိစ္စထဲမှာ ဝင်ပါမယ်ဆိုရင် ငါ့ဆန္ဒပြည့်စုံဖို့ ငါ့ရည်ရွယ်ချက်သက်သက်မို့လို့ မင်းကငါ့ကိုဘာမှ ကျေးဇူးတင်စရာ မလိုပါဘူးကွ…'

ပိုက်ဆံ တတ်နိုင်သည့် အမှုသည်များဆိုလျှင် ရက်ရက်စက်စက်ကြီး ငွေတောင်းတတ်သည့်အတွက် ငွေမက်သော စုံထောက်တစ်ယောက်ဟု နာမည်ကြီးနေသည့် တင်မောင်ဆွေက ယခု ဒုက္ခ

www.burmeseclassic.com



ရောက်နေကြသည့် မောင်နှမနှစ်ယောက်၏ ကျေးဇူးတင်မှုကို မခံစားလိုသည့်အလား တစ်လုံးချင်း ပြောလိုက်ခြင်းဖြစ်၏။

■ ■ ■

ချစ်တင်အား အချိန်မရွေး တွေ့နိုင်သည့် နေရာကား သူ၏ ပျော်ပွဲစားရုံတွင်ပင် ဖြစ်သည်ကို သိပြီးသော တင်မောင်ဆွေလည်း သက်ဖေတို့ မောင်နှမကို သူ့တိုက်ခန်းထဲက ဘယ်ကိုမှ မထွက်ရန် မှာကြားလျက် ချစ်တင်အား တွေ့ဆုံဖို့ သူတစ်ယောက်တည်း ထွက်ခဲ့လေ၏။

'ချစ်တင် ပျော်ပွဲစားရုံ' ကား ၃-ထပ်တိုက် အဆောက်အဦးတစ်ခု ဖြစ်လေ၏။ သို့ရာတွင် အဆောက်အဦးတစ်ခုလုံးကို 'ပျော်ပွဲစားရုံ' အဖြစ်နှင့် အသုံးပြုသည်ကား မဟုတ်ပေ။ အမှန်ကတော့ အောက်ဆုံးထပ်၌ဖွင့်လှစ်ထားသော 'ပျော်ပွဲစားရုံ' ကား ထိုအဆောက်အဦး၏ တကယ့်လုပ်ငန်းအတွက် ဇန်းပြသာလျှင် ဖြစ်နေပေ၏။ ထိုအဆောက်အဦး၏ တကယ့်အရေးပါသော လုပ်ငန်းကို ဒုတိယ အထပ်၌သာ တွေ့ရနိုင်ပေသည်။ ထိုအထပ်၌ကား ချစ်တင်၏ နာမည်ကြီး 'တိတ်တိတ်ပုန်း' ကစားဝိုင်းများရှိနေ၏။

'ချစ်တင် ပျော်ပွဲစားရုံ' သို့ တင်မောင်ဆွေ ရောက်သွားသည့်အခါ၌ သူသည် အောက်ထပ်၌ အချိန်ဖြုန်းမနေတော့ဘဲ ချစ်တင်အား တွေ့ရနိုင်မည့် ဒုတိယအထပ်သို့သာ တိုက်ရိုက်တက်လာခဲ့လေ၏။ ချစ်တင်၏ ကိုယ်ရံတော် လူမိုက်နှစ်ယောက်နှင့် ပထမ တွေ့ရပြီးမှ ချစ်တင်အား သူ၏သီးသန့်ရုံးခန်းထဲတွင် တွေ့ဆုံရသည့်အခါ၌ ချစ်တင်သည် နံနက်က တင်မောင်ဆွေက သူ့အလုပ်ကို လက်ခံဖို့ ခါးခါးသီးသီးကြီး ငြင်းလွှတ်လိုက်သည်ကို စိတ်ခု



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိဟန်နှင့် ဖော်ရွေပြုံးရယ်စွာနှင့်ပင် လက်ခံစကားပြောဆိုလေ၏။

'လာဗျို့… ကိုတင်မောင်ဆွေ၊ ခင်ဗျားက ခုလိုကျွန်တော့်ဆီ ဂရုတစိုက် လာလည်တာကို ဝမ်းသာပါတယ်ဗျာ… ဟဲ…ဟဲ… ဟဲ… ထိုင်ပါ… ထိုင်ပါ၊ စီးကရက်လည်း သောက်ပါဦး'

တင်မောင်ဆွေသည် ချစ်တင်က ပျာပျာသလဲ ခရီးဦးကြိုပြုလိုက်သည်ကို မည်သို့မျှပြန်မပြောဘဲ ခပ်တည်တည်နှင့်ပင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ချစ်တင်လှမ်းပေးနေသည့် ရွှေစီးကရက်ဘူးကို တမင်သက်သက် လျစ်လျူပြုလိုက်ကာ သူ့စီးကရက်ဘူးကိုသာ အိတ်ထဲမှ ထုတ်ယူလိုက်ပြီး စီးကရက်ကို မီးညှိလျက် အားရပါးရရှူရှိုက်လိုက်မြီးမှ သူသည် ချစ်တင်အား ခပ်ပြုံးပြုံးကြည့်လိုက်လေသည်။

'ဘာလဲ ကိုချစ်တင်… ခင်ဗျားက ကျုပ်ကို… ခုလိုသောကွတ်တွေချော်ပြီး ပျူပျူငှာငှာလုပ်နေတာဟာ မနက်ကကိစ္စအတွက် ခင်ဗျားက ကျုပ်အပေါ်မှာ ဘယ်လိုမှ စိတ်မခုဘူးဆိုတာပြနေတာလား'

တင်မောင်ဆွေက ခပ်လှောင်လှောင်မေးလိုက်သည်ကို ချစ်တင်ကလည်း သူ့ကိုယ်သူစိတ်ချသော အပြုံးမျိုးပြုံးရာက ခေါင်းညိတ်လျက် အဖြေပေးလိုက်၏။

'ဒါပေမယ့် ကိုဆွေ အမှန်ကတော့… ကျုပ်က ခင့်ဗျားအပေါ်မှာ ဘယ်လိုမှ စိတ်ခုစရာအကြောင်း မရှိပါဘူးဗျာ… မနက်က ကျုပ်က ခင်ဗျားဆီလာခဲ့တဲ့ကိစ္စနဲ့ပတ်သက်လို့ ခင်ဗျား အကူအညီကို ငြင်းပယ်လိုက်တာကိုတောင် ကျွန်တော်က ပြန်ပြီး ကျေးဇူးတင်မိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အလို… ဘာကြောင့် ခင်ဗျားက ကျွန်တော့ကို ကျေးဇူးတင်တယ် ဆိုတာကို တစ်ဆိတ်ပြောပြစမ်းပါဦးလေ'

'ခင်ဗျားကသာ မနက်က မငြင်းဘဲ၊ ကျုပ်ကိစ္စကို ဆောင်ရွက်ပေးဖို့ သဘောတူခဲ့လို့ရှိရင်၊ ကျုပ်မှာ ခင်ဗျားကို အမှုလိုက်ခပေးရမှာမို့ အခြောက်တိုက် ငွေကုန်နေဦးမယ်မဟုတ်လားဗျ။ ခုတော့ ခင်ဗျားကလည်း ငြင်းလိုက်၊ ကျုပ်ကိစ္စလည်း သူ့ဘာသာ သူ အလိုလိုဖြေရှင်းသွားပြီဖြစ်တော့… ခင်ဗျား ငြင်းလိုက်တာဟာ ဟန်ကျသွားခဲ့တာပေါ့ ခင်ဗျာ… ဟဲဟဲ… '

ချစ်တင်က သဘောကျစွာ ရယ်လျက် စကားအဆုံးသတ်လိုက်လျှင် တင်မောင်ဆွေက မျက်ခုံးနှစ်ဖက်ပင့်ကာ ၄င်းကိုကြည့်လိုက်လေသည်။

'ဩ… ခင်ဗျားကိစ္စက သူ့ဘာသာသူ အလိုလိုဖြေရှင်းသွားတာကိုး… ဘယ်လိုများ ဖြေရှင်းသွားတာတဲ့လဲဗျာ… '

'ခင်ဗျား မသိသေးဘူးလား၊ ကျုပ်မိန်းမ သေပြီလေဗျာ။ ကောင်မက သူ့လင်ငယ်အခန်းထဲမှာ အသတ်ခံခဲ့ရတယ်။ ခုသူ့လင်ငယ် သက်ဖေကို ပုလိပ်တွေက လူသတ်သမားအဖြစ်နဲ့ လိုက်ရှာနေကြပြီဗျ'

ချစ်တင်က အားရပါးရကြီး ပြောလိုက်သည်ကို တင်မောင်ဆွေသည်စီးကရက်ကို ပါးစပ်တွင်ခဲလျက်တိတ်ဆိတ်စွာ နားထောင်နေ၏။ သူ၏စူးရှသော မျက်လုံးအစုံသည်သာ ချစ်တင်၏မျက်နှာဆီတွင် စူးစိုက်ငြိတွယ်လျက်ရှိနေလေ၏။ ချစ်တင်က စကားဆုံးသွားသည့်အခါ၌မူ…

'ဒီလိုဆိုရင် ခင်ဗျားအတွက်တော့ ဟန်ကျသွားတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ကိုချစ်တင်။ ခင်ဗျားကို သစ္စာဖောက်သွားတဲ့ ခင်ဗျားမိန်းမဟာ ကိစ္စချောသွားရရုံတင် မကသေးဘူး။ လင်ငယ်ပါ ခုလူသတ်မှုနဲ့ အဖမ်းခံရပြီး ဒုက္ခရောက်ရဦးမယ်ဆိုတော့ ခင်ဗျားအတွက် သိပ်ပြီးကို ကျေနပ်စရာ ကောင်းနေတော့မှာပေါ့'

ချစ်တင်ကား ဟန်လုပ်၍ သက်ပြင်းကြီးတစ်ချက်ကိုချလိုက်ကာ စိတ်မချမ်းမသာ အမူအရာနှင့် ခေါင်းကိုဖြည်းညင်းစွာ ယမ်းလိုက်၏။

'တကယ်တော့ ကျွန်တော်ဟာ ကျွန်တော့်မိန်းမအတွက် စိတ်မကောင်းဖြစ်မိပါရဲ့ဗျာ။ သနားလည်း သနားမိတယ်။ သူ့ခမျာ ကျွန်တော်နှင့်နေရင် အကောင်းသား။ ဟိုကောင်နှင့်သွားပြီး တွေ့တာ ကံဆိုးတယ်လို့ဆိုရမှာပဲ။ ကျုပ်တော့ ဟိုကောင့်ကိုပဲ မကျေမချမ်းဖြစ်မိသဗျာ။ ဒီကောင့်ကို ပုလိပ်တွေက မြန်မြန်မိပါစေလို့ ကျုပ်ဆုတောင်းမိပါရဲ့ဗျာ'

'နေပါဦးလေ… ခင်ဗျားမိန်းမကို သတ်တဲ့လူဟာ သက်ဖေမှ ဟုတ်ရဲ့လားဗျ တခြားလူတစ်ယောက်များ မဖြစ်နိုင်ဘူးလား'

ချစ်တင်က တင်မောင်ဆွေအား ဖျတ်ခနဲ ကြည့်လိုက်ပြီး မျက်မှောင်ကုတ်လိုက်၏။ ပြီးမှ ဟန်ဆောင်၍ ရယ်ချလိုက်ကာ-

'သူ့အခန်းထဲမှာ အသတ်ခံရတော့ သူမဟုတ်ရင် ဘယ်သူများ ရှိဦးမှာလဲ… ' ဟုပြောလိုက်၏။

တင်မောင်ဆွေသည် စီးကရက်ကို ပြာခွက်ထဲ၌ ခြေမွပစ်လိုက်ပြီးနောက် ချစ်တင်၏ရင်ဘတ်ဆီသို့ စေ့စေ့စပ်စပ် ကြည့်လိုက်ကာ…

'အလို ကိုချစ်တင် ခင်ဗျားသက္ကလပ်အင်္ကျီက အတော်



www.burmeseclassic.com

www.burmeseclassic.com



စမတ်ကျတာပဲဗျနော်… ချုပ်ထားတာ ကြာပြီလား’ ဟု မေးလိုက်ရာ…

‘ဟင့်အင်း မကြာသေးပါဘူး… ဘာဖြစ်လို့လဲဟု ချစ်တင်က အမူမဲ့ ပြန်ဖြေလိုက်လေသည်။

‘အော်… ခင်ဗျား အင်္ကျီရင်ဘတ်က ကြယ်သီးကွင်းကလေးတစ်ခု ပြတ်နေတာကို တွေ့ရလို့ပါ’

ချစ်တင်လည်း ကပျာကရာ သူ့အင်္ကျီကို ငုံ့ကြည့်လိုက်ပြီး ‘အို… ဟုတ်ပါရဲ့၊ ကျွန်တော် ခုမှသတိပြုမိတော့တယ်ဗျို့… ဘယ်တုန်းက ပြတ်သွားပါလိမ့်’ ဟုရေရွတ်လိုက်၏။

‘ဒါနဲ့ ကိုချစ်တင် ခင်ဗျားမနက်က ကျုပ်ဆီက ပြန်သွားတော့ ဘယ်ကိုများ ဝင်သေးသလဲ’

ချစ်တင်ကား တင်မောင်ဆွေ၏မျက်နှာကို ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်လိုက်ပြန်သည်။ ပြီးနောက်မှ ဖြည်းညင်းစွာ -

‘ဘယ်ကိုမှ မဝင်ပါဘူး… ဒီကိုတိုက်ရိုက်ပြန်လာခဲ့တာပဲ… ’ဟု ဖြည်းညင်းစွာ… ပြန်ဖြေလိုက်၏။

တင်မောင်ဆွေလည်း ထိုင်ရာမှ ထလိုက်ပြီး သူ့ဦးထုပ်ကို ဆောင်းလိုက်ရာ-

‘အလို… ချက်ချင်းပဲ ပြန်တော့မလားဗျ… ’ ဟု ချစ်တင်က အံ့အားသင့်သလို မေးလိုက်၏။

‘ပြန်တော့မယ်လေ… ကျုပ်သိချင်တာ ကလေးတွေကို သိရပြီဖြစ်တော့ ပြန်ဖို့ပဲရှိတော့တာပေါ့။ ကိုချစ်တင် ခင်ဗျားကံကောင်းတဲ့ လူတစ်ယောက်ပဲဗျာ။ ခင်ဗျားကို သစ္စာဖောက်သွားတဲ့ မယားကို သူ့လင်ငယ်ကပဲ ပြန်သတ်လိုက်တယ်ဆိုတာဟာ ခင်ဗျားအတွက်



www.burmeseclassic.com

www.burmeseclassic.com



မှမလုပ်ရဘဲ ကျေနပ်စရာကြီးဖြစ်နေတော့ ခင်ဗျားကံကောင်းတယ် ဆိုရမှာပေါ့… ဒါပေမဲ့ လူတစ်ယောက်ဟာ ကံကောင်းလွန်း ကြီးလာရင် လန့်ရတယ်ဗျို့…'

ပြောပြောဆိုဆို တင်မောင်ဆွေလည်း ချာခနဲလှည့်ထွက် ဆော့ရာ ချစ်တင်မှာတစ်ယောက်တည်း အကြောင်သားဖြစ်လျက် ရစ်ခဲ့တော့သည်။

■ ■ ■

ချစ်တင်၏ဇနီးအား သတ်သွားသူမှာ ချစ်တင်ကိုယ်တိုင် ဖြစ်သည်ကို တင်မောင်ဆွေသည် သံသယကင်းရှင်းစွာ သိရှိခဲ့ရပြီး သေ၏။

ချစ်တင်နှင့် သူပြောခဲ့သည့် စကားများအထဲတွင် ၎င်း လျှင် လူသတ်သမား ဖြစ်ရမည်ဟူ၍ ထင်ရှားခဲ့သည့် အချက် ချက် ပါဝင်ခဲ့လေသည်။ မိမိ၏ဇနီးသည် သက်ဖေ၏ အခန်းထဲ င် အသတ်ခံရခြင်းနှင့် ပုလိပ်တွေက သက်ဖေကို လူသတ်သမား ဖြစ်နှင့်လိုက်၍ ရှာဖွေနေခြင်းကို ၎င်းက သိရှိနေခဲ့သည့်အချက်ကြီး ဖြစ်လေသည်။

အမှန်ကတော့ ထိုကိစ္စမှာ မိမိတို့သုံးယောက်နှင့် ပုလိပ်များ အခြားဘယ်သူမှ သိရသေးသည် မဟုတ်ပေ။ ယခုတော့ တင်က သေချာစွာ သိရှိနေခြင်းမှာ ၎င်းကိုယ်တိုင်က သူ့ဇနီးကို ဖေ၏ အခန်းထဲတွင် သွားရောက်သတ်ဖြတ်ခဲ့ပြီး ထိုကိစ္စ က် သက်ဖေဒုက္ခရောက်စေရန်ဟူသော ရည်ရွယ်ချက်နှင့် ကိုယ်တိုင်ပင် ပုလိပ်ဘက်သို့ သတင်းပေးပို့လိုက်ခြင်းကြောင့် ဖြစ်ပေသည်။ ထို့ပြင် ၎င်းဝတ်ဆင်ထားခဲ့သည့် သက္ကလပ်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်အင်္ကျီမှ ကြယ်သီးကွင်းကလေးတစ်ခုပြုတ်နေသည့် အချက်ကလည်း ၎င်းပင် လူသတ်သမားဖြစ်ရမည်ကို ညွှန်ပြလျက်ရှိနေပြန်၏။ ထိုအချက်ကလေးများက ၎င်းပင် လူသတ်သမား ဖြစ်ရမည်ဆိုသည်ကို သေချာစွာ ညွှန်ပြနေသည်မှာ မှန်သော်လည်း ၎င်းအား လူသတ်တရားခံအဖြစ်နှင့် ချက်ချင်း ဖမ်းဆီး ဖော်ထုတ်နိုင်သည့် လုံလောက်ခိုင်မာသော သက်သေအထောက်အထားများကား မဟုတ်ကြရကား တင်မောင်ဆွေသည် သူ့ရှေ့ခြေလှမ်းကို စီစဉ်ရန်အတွက် ချစ်တင်ထံမှ အေးဆေးစွာ ပြန်ထွက်ခဲ့ခြင်းပင်ဖြစ်လေ၏။

ချစ်တင်မှာ လူသတ်သမားဖြစ်သည်ကို သံသယကင်းရှင်းစွာ သိရပြီဖြစ်သော်လည်း သူ့အား လူသတ်သမားအဖြစ်နှင့် မိမိရရကြီး ဖမ်းဆီးဖော်ထုတ်နိုင်ဖို့မှာကား လွယ်ကူလှမည် မဟုတ်သည်ကို နားလည်မိသော တင်မောင်ဆွေလည်း သူ့ရှေ့ခြေလှမ်းကို သေချာစွာ စီစဉ်ရလေ၏။ နောက်ဆုံး၌ ချစ်တင်အား အငိုက်ဖမ်းမိနိုင်သော အစီအစဉ်တစ်ခုကို တွေးတော ကြံဆလာမိသော်လည်း ထိုအစီအစဉ် အောင်မြင်ရေးအတွက် တစ်စုံတစ်ယောက်က စွန့်စားဖို့လည်း လိုအပ်နေသည်ဖြစ်ရာ တင်မောင်ဆွေမှာ အတော်ကြာအောင်ပင် ချီတုံချတုံဖြစ်နေမိလေသည်။ ပြီးမှ မိမိ၏ အစီအစဉ် အောင်မြင်ခြင်းသာ သက်ဖေ ကျရောက်နေသည့် ဒုက္ခဘေးမှ လွတ်မြောက်ဖွယ်ရာလမ်းတစ်လမ်း ဖြစ်နေသည့်အတွက် စွန့်စားဖို့လိုအပ်သူကလည်း စွန့်စားရလိမ့်မည် ဖြစ်သည်ကိုတွေးကာ သက်ဆိုင်သူများအား ထိုအစီအစဉ်ကို တင်ပြဆွေးနွေးဖို့ ဆုံးဖြတ်ချက်ချလိုက်လေ၏။

နောက်ဆုံးတွင်ကား ထိုအစီအစဉ်အတိုင်းပင် လုပ်ကြဖို့ သက်ဆိုင်သူနှစ်ယောက်က ဆုံးဖြတ်သဘောတူလိုက်ကြရာတွင် ချစ်



www.burmeseclassic.com

www.burmeseclassic.com



တင်အား 'ကညာထောင်ချောက်' ဆင်၍ဖမ်းဖို့အရေးသည် ဖြစ်ပေါ်လာရတော့လေသည်။

■ ■ ■

ထိုည၌ပင် အနှင်းနှင့်သက်ဖေတို့ မောင်နှမ နှစ်ယောက်သည် တင်မောင်ဆွေ၏ တိုက်ခန်းမှ တိတ်ဆိတ်ငြိမ်သက်စွာပင် ပျောက်ခြင်းမလှ ပျောက်သွားကြလေသည်။

နောက်တစ်နေ့တွင်ကား သတင်းစာအသီးသီး၌ လူသတ်မှုသတင်းသည် အကျယ်တဝင့် ပါရှိလာကြကာ မိမိနှင့် တိတ်တိတ်ပုန်းဖောက်ပြန်နေသော မိန်းမကို ရက်စက်စွာသတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ သက်ဖေအား ပုလိပ်များက အပူတပြင်း လိုက်လံရှာဖွေနေသည့်အကြောင်းကို သတင်းစာဖတ် ပရိတ်သတ်ကြီးက တအံ့တသြ ဖတ်ရှုကြရလေ၏။ သို့ရာတွင် နောက်(၇)ရက် တစ်ပတ်မျှကြာသွားသည့်တိုင်အောင် သက်ဖေအား ပုလိပ်များက ဖမ်းဆီးရမိသည့်သတင်းကို မကြားရသေးဘဲ ၎င်းမှာ မြေလျှိုးသွားသည့်အလားပျောက်ချင်းမလှ ပျောက်နေခဲ့လေ၏။

သို့တစေလည်း ၎င်း၏ နှမဖြစ်သူ အနှင်းကိုတော့ (၇) ရက်အတွင်းဝယ် ချစ်တင် ပျော်ပွဲစားရုံ၌ ငွေကိုင်စာရေးမကလေးအဖြစ်နှင့် အလုပ်လုပ်နေသည်ကို တွေ့ရမည်ဖြစ်လေသည်။အမှန်အားဖြင့်တော့ သူတို့မောင်နှမနှစ်ယောက် တင်မောင်ဆွေ၏ တိုက်ခန်းမှ ပျောက်ကွယ်သွားခဲ့ပြီးနောက်၌ နောက်တစ်နေ့တွင် သူမမှာ ချစ်တင်ပျော်ပွဲစားရုံသို့ ရောက်လာပြီး၊ ချစ်တင်ထံတွင်မရဲတရဲနှင့် သူမအားအလုပ်ပဲဖြစ်ဖြစ် ပေးသနားဖို့ တောင်းပန်အသနားခံခြင်း ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

'မင်းက...ငါ့ဆီမှာမှ ဘာလို့ လာအလုပ်တောင်းရတာလဲ ကွဲ့'

ချစ်တင်က အနှင်း၏ အပျိုစင်ရုပ်ရည်ကလေးကို သဘောကျနေပြီ ဖြစ်သော်လည်း သက်ာမကင်းမေးခဲ့၏။

'ကျွန်မက တောမြို့ကလေးတစ်မြို့ကပါ၊ ရန်ကုန်မှာ ကျွန်မ အစ်ကိုတစ်ယောက်ရှိလို့ အားကိုးရအောင် လိုက်လာတာ၊ ဒီကျတော့ အစ်ကို ထောင်ကျနေတာကို သိရတာပဲ။ ဒါနဲ့ အားကိုးစရာမရှိဘဲ ဒုက္ခရောက်မယ်ဖြစ်နေတုန်း ကျွန်မရဲ့ အသိအဒေါ်ကြီး တစ်ယောက်က အန်တီလှဆိုတဲ့ ဒေါ်ဒေါ်တစ်ယောက်ဆီကို ပို့ပေးတယ်။ အဲဒီ အန်တီလှက အစ်ကိုကြီးဆီမှာ အလုပ်သွားတောင်းရင် ရမှာပဲလို့ ပြောတာနဲ့ ကျွန်မ အရဲစွန့်ပြီး လာခဲ့ရတာပါပဲရှင်'

ဤတွင် ချစ်တင်၏ သံသယများမှာ လုံးဝ ကင်းရှင်းသွားတော့ကာ ၎င်း၏မျက်နှာမှာ ပကတိ သကြားလို ချိုလာတော့သည်။ အန်တီလှဆိုသော မိန်းမကြီးကား ရန်ကုန်တွင် ချစ်တင်လိုလူစားတွေ လုံးဝ အားကိုးရသည့် ကာမပွဲစားကြီးတစ်ယောက်ပင်ဖြစ်လေသည်။ ယခုအနှင်းလို အပျိုစင်အရိုင်းကလေးတစ်ယောက်ကို အန်တီလှက သူ့ထံလွှတ်လိုက်ခြင်းကို သူကပင် အန်တီလှကို ပြန်၍ ကျေးဇူးတင်မိတော့လျက် သူ့ထံတွင် ၎င်း၏ ညွှန်ကြားချက်အရ အလုပ်လာတောင်းရှာသော အမဲကောင်ကလေးကို ပိုင်ပိုင်နိုင်နိုင်ကြီး အမိဖမ်းပြီး စိတ်တိုင်းကျ 'ဖျက်'ဖို့သာလျှင် ကျန်ရှိနေတော့ပေ၏။

သို့နှင့်ပင် အနှင်းမှာ ချစ်တင်၏ ပျော်ပွဲစားရုံတွင် ဘာမှလိုလိုအပ်ခြင်းမရှိသော ငွေကိုင်စာရေးအလုပ်ကိုလုပ်နေရခြင်းဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယင်းသို့ အလုပ် လုပ်နေသည့်အတွင်း နေ့တိုင်းဆိုသလို ချစ်တင်၏ကျေးဇူး မိမိအပေါ် မည်မျှကြီးမားပြီး စေတနာကလည်း ဘယ်ကလောက် ထက်သန်လှကြောင်းကို ချစ်တင်က စားနေကျ ကြောင်ဖားကြီးပီသစွာနှင့် အမျိုးမျိုး သိရှိနားလည်စေခဲ့သည့်နည်းတူ အနှင်းကလည်း သူ့အစ်ကိုကြီး၏ ကျေးဇူးတွေကို ဘယ်တော့မှ မေ့နိုင်ကြောင်းကို အခွင့်သာတိုင်း ထုတ်ဖော်ပြခဲ့သည် ဖြစ်လေရာ (၅) ရက်မြောက်သောည အလုပ်ဆင်းချိန်တွင် ချစ်တင်က ဒုတိယ ထပ်ရှိ သူ၏ သီးသန့်အခန်းကလေးထဲ၌ အနှင်းကို ခေါ်ပြီး သူပြော ချင်သော စကားတွေကို ထုတ်ဖော်၍ ပြောဆိုခြင်းဖြင့် အမဲကောင် ကလေးကို စတင်၍ ဖျက်တော့သည်မှာ မဆန်းလှတော့ပေ။

'နှင်းအပေါ်မှာ အစ်ကိုကြီးက ဘယ်လောက်စေတနာ ရှိတယ် ဆိုတာကိုလည်း နှင်း အရိပ်အမြွက်လောက်တော့ သိရှိပြီးရော ပေါ့ကွယ်။ နှင်းကလည်း အစ်ကိုကြီးကိုပဲ အားကိုးနေတယ်ဆိုတာကို အစ်ကိုကြီးက သိပါတယ်'

'ဟုတ်ကဲ့ အစ်ကိုကြီး… နှင်းမှာဆိုရင် နှင်းကျေးဇူးရှင်ဖြစ် တဲ့ အစ်ကိုကြီးတစ်ယောက်ကိုပဲ အားကိုးတော့တာအမှန်ပဲ…'ဟု နှင်းက ရှက်ကိုးရှက်ကန်းကလေး ပြောလိုက်လျှင် ချစ်တင်က အသောတွေ့သွားပြီး တဟဲဟဲရယ်လျက် အနှင်း၏ပုခုံးတစ်ဖက်ပေါ် တွင် သူ့လက်ကြီးက ကျူးကျော်လာတော့၏။

'အေး…ဒါကြောင့်မို့လည်း အစ်ကိုကြီးက ရှင်းရှင်းပဲ ပြော ချင်တယ်ကွယ်၊ နှင်း အစ်ကိုကြီးကို တစ်သက်လုံး အားကိုးသွားပါ တော့လို့…။ ဘယ်နှယ်လဲဟင်… အစ်ကိုကြီးကတော့ နှင်းကို မြင်မြင်ချင်းပဲ ကရုဏာပိုခဲ့မိတာ အမှန်ပါပဲကွယ်။ နှင်းကို တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံး စောင့်ရှောက်ထားချင်တယ်ကွယ်… '

'အို…အစ်ကိုကြီးစကားကို ယုံရမှာလားရှင်… တကယ်တော့ အစ်ကိုကြီးက သူဌေးတစ်ယောက်ပါ။ နှင်းက တကယ့်ကို တည်တည်တန့်တန့် အားကိုးရမယ်ဆိုရင်တော့ နှင်း ကုသိုလ်ကောင်းတယ်လို့ ဆိုရမှာပါပဲ အစ်ကိုကြီးရယ်… '

'အို… အစ်ကိုကြီးက အတည်ပြောနေတာပါကွဲ၊ နှင်းကို တကယ်ပဲ တည်တည်တန့်တန့် စောင့်ရှောက်ထားမှာပေါ့။ ဒါပေမဲ့ ခု လောလောဆယ်ဆယ်မှာတော့ နှင်းသိတဲ့အတိုင်း အစ်ကိုကြီးမှာ မိန်းမဆုံးပြီးတာ တစ်လတောင် ပြည့်သေးတာမဟုတ်တော့၊ နှင်းကို ထင်ထင်ပေါ်ပေါ် ယူလိုက်ရင် လူပြောစရာဖြစ်နေမယ်။ ဒါပေမဲ့ နှင်း မျက်နှာမငယ်စေရပါဘူး။ အခိုက်အတန့် အတွင်းမှာတော့ နှင်းကို အစ်ကိုကြီးက စိတ်တိုင်းကျထားပါမယ်ကွယ် ဟုတ်လား… နော်… နော်… '

ဤသို့အားဖြင့် နှင်းမှာ ထိုညက သူမ၏ ပါးကလေးနှစ်ဖက်ကို အရင်းပြုလျက် ချစ်တင်ထံမှ အိမ်တစ်ဆောင် မီးတပြောင်နှင့် တင့်တင့်တယ်တယ် ထားဖို့ ကတိရရှိခဲ့တော့ကာ နောက်ဆုံးတော့ကာ နောက်သုံးရက် မြောက်သောနေ့၌ကား ချစ်တင်ငှားထေးသည့် ရန်ကုန်မြို့လည်ထဲမှ တိုက်ခန်းကလေးတစ်ခန်းတွင် ချစ်တင်၏ အစောင့်ရှောက်ခံမိန်းမတစ်ယောက်အဖြစ်နှင့် ရောက်ရှိလာခဲ့ရတော့သတည်း။

■ ■ ■

'ကိုရန်ကင်း…ခင်ဗျားကို ကျွန်တော် ကျေးဇူးပြုစရာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ လာခဲ့တာပဲဗျို့’ ဟူသောစကားနှင့် သူ့စားပွဲရှေ့မှ ကုလားထိုင်တွင် ပြုံးပြုံးကြီး ဝင်ထိုင်လိုက်သူ တင်မောင်ဆွေ စုံထောက်ဌာနချုပ်မှ စုံထောက် အင်စပက်တော် ကိုရန်ကင်းက မယုံသလိုကြည့်လိုက်လေ၏။

‘လာပြီး ကျေးဇူးပြုတာလား၊ ဒါမဟုတ် လာပြီးဒုက္ခပေးတာလား ရှင်းရှင်းပဲ လုပ်စမ်းပါကွ’

‘ခက်တဲ့လူပဲဗျာ…ခင်ဗျားတို့ ချစ်တင်ရဲ့ မိန်းမ တင်တင်ညွန့်ကို သတ်သွားတဲ့ လူကို လိုက်ရှာနေကြတယ် မဟုတ်လား၊ သူ့ကို ခင်ဗျားတို့ လက်ရဖမ်းမိအောင် ကျုပ်က အကောင်းဆောင်ရွက်ပေးမလို့ဗျ’

‘ဟေ… မင်း တကယ် ပြောတာလားကွ’ ဟု ကိုရန်ကင်းက ဝမ်းသာအားရမေးလိုက်လျှင် တင်မောင်ဆွေက ခပ်တည်တည်နှင့် ခေါင်းညိတ်ပြလိုက်လေသည်။

‘ဒီကနေ့ည ၉–နာရီတိတိမှာ ခင်ဗျားရယ် သက်သေအဖြစ်နဲ့ အရပ်လူကြီး တစ်ယောက်ရယ်၊ တရားခံရဲ့ ဖြောင့်ချက်ယူမယ့် တရားသူကြီးတစ်ယောက်ရယ်၊ ကျွန်တော်ခေါ်ရာနောက်ကို ဘာမှ မေးမစမ်း ယုံယုံကြည်ကြည် လိုက်ခဲ့မယ်ဆိုရင် တင်တင်ညွန့်ရဲ့ လူသတ်သမားကို ခင်ဗျားလက်ထဲ ဆိုက်ဆိုက်ကြီး ရောက်လာရတော့မှာ အမှန်ပဲ…ဘယ့်နှယ်လဲ’

တင်မောင်ဆွေနှင့် အမှုပေါင်းမြောက်များစွာကို ပူးပေါင်း၍ စုံထောက်ခဲ့ဖူးသည့် ကိုရန်ကင်းအတွက်ကား တင်မောင်ဆွေက ထိုစကားကို အတည်ပြောလိုက်ခြင်းဖြစ်ကြောင်းကို ချက်ချင်း နားလည်သွားတော့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုည ၉-နာရီထိုးဖို့ ၅-မိနစ်ခန့်အလိုတွင်ကား ချစ်တင်သည် သူပိုင်ပိုင်နိုင်နိုင်ကြီး 'ဖျက်'ရတော့မည်ဟု ယူဆယုံကြည်နေသော အနှင်းအား သူက ငှားရမ်းပေးခဲ့သည့် တိုက်ခန်းကလေးသို့ မျှော်လင့်ချက်ကြီးနှင့် ရောက်ရှိလာခဲ့လေ၏။ အနှင်းအား သူက စောင့်ရှောက်ပေးရခြင်းအတွက် အနှင်း၏ကျေးဇူးဆပ်ခြင်းကို သည်ညတွင်တော့ စရံအဖြစ်နှင့် ဝဝအီအီကြီး ခံစားရတော့မည် ဟူသော မျှော်လင့်ကြီးနှင့်ပင် ဖြစ်လေသည်။ အနှင်းကလည်း သူမကိုယ်ကို သူမအစွမ်းကုန်မွန်းမံပြင်ဆင်ထားရာက သူ့ကျေးဇူးရှင်ကြီးကို ပျူပျူငှာငှာနှင့် ဆီးကြိုရှာလေသည်။

သူမ၏ 'ကျေးဇူးရှင်ကြီး' က ရှေ့မျှော်လင့်ချက်တွေ အပေါ်ဝယ်မူတည်ထားသည့် စေတနာတွေ ဗရပွနှင့် ဝယ်ဆင်ပေးထားသော ပါးလွှာသည့် အမေရိကန်နိုင်လွန်လက်ပြတ်အင်္ကျီကလေးနှင့် ပြောင်ချော နူးညံ့သည့် ပိုးဖဲ ထမီကလေးကို ဝတ်ဆင်ထားသည့်အတွက် အပျိုစစ်ကလေး၏ တစ်တစ်ရစ်ရစ် ကိုယ်လုံး ကိုယ်ပေါက်၏ ဆွဲဆောင်မှုကို ကျပ်ပြည့်ဒင်ပြည့်ဖော်ပြနေသော အနှင်းကို စူးစူးဝါးဝါးကြီးကြည့်ရာက ချစ်တင်တွင် သူကလေးအား ယခုလို အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် ထားရကျိုးနပ်လေပြီဟု စိတ်ထဲတွင် ပီတိတွေ ဖုံးလွှမ်းလာမိတော့လေသည်။

'အစ်ကိုကြီးကို အနှင်း အစောကြီးကတည်းက မျှော်နေမိတာပဲ ခုမှပဲ လာတော့တယ်' ဟု အနှင်းက သူ့လက်မောင်းကို ဖက်ကာ ဧည့်ခန်းထဲသို့ ခေါ်သွားပြီး ဆိုဖာကြီးတစ်လုံးပေါ်တွင် အထိုင်ခိုင်းလိုက်သည်ကို ချစ်တင်မှာ တဟဲဟဲနှင့် ကျေနပ်နေ၏။ ဆိုဖာပေါ်တွင် ထိုင်မိလျှင် ချစ်တင်သည် အောင့်အီးရှုံ့အရိပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ထား မိခဲ့ရသမျှကို အတိုးချ၍ လွှတ်လိုက်သည့်အလား လက်ရဲ ဇက်ရဲဖြင့် အနှင်း၏ ခါးကလေးကို ဖက်လိုက်ကာ သူ့ပေါင်ပေါ်သို့ ဆွဲချလိုက်၏။

'အို... အစ်ကိုကြီးကလည်း...' ဟု အနှင်းသည် မျက်နှာကလေး ရဲခနဲဖြစ်သွားရာက ကပျာကရာ ပြန်ရုန်းထလိုက်လေသည်။ ပြီးနောက်မှ ဣန္ဒြေဆည်လိုက်ကာ ချစ်တင်အား မူပြုံးပြုံးလျက် ကြည့်လိုက်ပြီး 'အစ်ကိုကြီးကလည်း လောကြီးရန်ကော... အခန်း ထဲမှာ အဒေါ်ကြီးရှိနေသေးတယ်... ရှက်စရာကြီး' ဟုပြောလိုက်ရာ ချစ်တင်မှာ သဘောကျစွာ တဟဲဟဲ ရယ်ရာကပင် အနှင်းအတွက် အဖော်လည်းဖြစ် အထိန်းလည်းဖြစ်သော သူ့အဒေါ်ကြီးကိုခေါ်ပြီး ငွေ ၅/-ထုတ်ပေးလျက် အပြင်သို့ခိုင်းလိုက်လေသည်။

ထိုအချိန်၌ ရန်ကုန် ပုလိပ်တစ်ဖွဲ့လုံးက အပူတပြင်း လိုက်ရှာနေသည့် ဝရမ်းပြေး သက်ဖေမှာ ကုတ်အင်္ကျီအိတ်တစ်ဖက်တွင် သေနတ်တစ်လက် အသင့်ဆောင်လျက် တိုက်နောက်ဖေးလမ်းကြားကလေးထဲတွင် ရောက်နေပြီဖြစ်လေ၏။ သူသည် မှောင်မိုက်နေသော ပတ်ဝန်းကျင်ကို လျင်မြန်စွာ အကဲခတ် ကြည့်ရှုနေလိုက်ပြီးနောက်မှ တိုက်နံရံအနီးသို့ တိုးကပ်လိုက်ကာ တိုက်နံရံနှင့် ကပ်လျက်သားရှိနေသည့် သံကြောင်လိမ်လှေခါးဝိုင်းတွင် ရပ်ပြီး မီးလင်းနေသည့် နှင်း၏အခန်းမှ ပြတင်းပေါက်ဆီသို့ မော်ကြည့်လိုက်လေသည်။ ပြတင်းပေါက်မှန်တွင် လူရိပ်ထင်ပေါ်လျက် လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို တွေ့ရလျှင် သက်ဖေသည် အံကြိတ်လိုက်ကာ တိတ်ဆိတ်စွာနှင့်ပင် ကြောင်လိမ်လှေခါးမှ သွက်သွက်ကြီး တက်ခဲ့လေ၏။

ကြောင်လိမ်လှေခါးသည် မီးလင်းနေသော ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်သို့ ဖြတ်တက်သွားသည် ဖြစ်လေရာ သက်ဖေအဖို့ ကြောင်လိမ်လှေခါးတွင်ရပ်လျက် အထဲသို့ ဟောင်းလောင်းကြီး မြင်တွေ့နိုင်လေ၏။ သူ့ ယခု မြင်တွေ့လိုက်ရသည့် အခြင်းအရာကား သူ့အတွက် စိတ်မချမ်းသာစရာကြီးပင် ဖြစ်တော့သည်။

အခန်းထဲ၌ ပြတင်းပေါက်နှင့် မျက်စောင်းထိုး လောက်တွင်ရှိနေသည့် ဆိုဖာကြီးပေါ်တွင် နှင်းကချစ်တင်အပေါ်တွင် 'ကျေးဇူး' တွေ ရှိနေသမျှကို ကျပ်ပြည့်ဒင်ပြည့်ထုတ်ယူဖို့ ကြိုးစားနေပြီ ဖြစ်လေသည်။ ကြာလျှင် နှင်းသည် သူ့ကိုဆက်လက်၍ ရှောင်ဖယ်နေနိုင်တော့မည် မဟုတ်ဘဲ ကျားရှေ့မှောက်သို့ရောက်သည့် တကယ့် အမဲကောင်ကလေးအဖြစ်သို့ ရောက်ရှိသွားရတော့မည်မှာ သေချာနေတော့ပေသည်။

သက်ဖေသည် အံကြိတ်လိုက်ကာ သူ့ကုတ်အင်္ကျီအိတ်အထဲမှ သေနတ်ကိုထုတ်ယူ ဆုပ်ကိုင်လိုက်၏။ ပြီးလျှင် နှင်းက ကြိုတင်၍ ကလန့်ဖြုတ်ထားခဲ့သည့် ပြတင်းပေါက်ကို အသံမကြားအောင် ဆွဲဖွင့်လိုက်ကာအခန်းဝသို့ ဝုန်းခနဲ ခုန်ဝင်လိုက်လေ၏။

တဏှာစိတ် မွှန်နေသော ချစ်တင်ကား ဒါကို ချက်ချင်း သတိမပြုမိပေ။ နှင်းက သူ့အစ်ကိုကို တွေ့ရသည်နှင့်တစ်ပြိုင်နက် ချစ်တင်၏ ရင်ဘတ်ကြီးကို လက်နှစ်ဖက်နှင့် တအားဆောင့်တွန်းလိုက်ကာ ၎င်း၏လက်ထဲမှ ရုန်းထွက်လိုက်ပြီး သူ့အစ်ကို အနီးသို့ ပြေးကပ်လာလေ၏။ ချစ်တင်ခမျာလည်း တဏှာခိုးတွေ ဝေနေသည့်ကြားထဲက သူ့ဘေးအန္တရာယ်ကို ထိတ်လန့်တကြား သတိပြုလာနိုင်တော့၏။

'ဟင်…သက်ဖေ…' ဟု သူသည် လက်ထဲတွင် သေနတ်



www.burmeseclassic.com

www.burmeseclassic.com



အသင့်ကိုင်ကာ တင်းမာသော မျက်နှာထားနှင့် သူ့ကိုစိုက်ကြည့်နေသည့် သက်ဖေအား ပြုံးတုံ့ပြုံ့တဲ ပြန်ကြည့်လိုက်ရာက တုန်ရီစွာရေရွတ်လိုက်လေသည်။

'အေး… ငါပဲ ချစ်တင်၊ အတော့်ကို အံ့သြသွားမှတ်တယ်။ မင်းကတော့ ငါမသတ်ရတဲ့ လူသတ်မှုနဲ့ ဝေးရာကို ခွေးပြေးဝက်ပြေး ပြေးနေပြီလို့ ထင်နေမှာပေါ့လေ ဟုတ်လား…'

ချစ်တင်ကတော့ ပါးစပ်ကြီး အဟောင်းသားနှင့် သက်ဖေကိုသာ ငိုင်တိုင်တိုင်ကြီး ကြည့်နေမိ၏။ သက်ဖေက ပြောပြောဆိုဆို အနားသို့တိုးကပ်လာမှ ကြောက်ရွံ့လှစွာ ထိုင်ရာမှ တုန်တုန်ရီရီကြီး ထလိုက်လေသည်။

'ဟော့… သက်ဖေ… မင်း… မင်း… ငါ့ကို ဘာ့လုပ်မလို့လဲ…'

'မင်းကို ငါက ဘာလုပ်ဦးမှာလဲကွ၊ ပထမ မင်း ငါ့ကို လူသတ်မှုတရားခံဖြစ်အောင် အမှုဆင်ပြီး ချောက်တွန်းခဲ့တယ်။ ငါ ဘာမှမသိရတဲ့ လူသတ်မှုနဲ့ လည်ပင်းကြိုးတပ် အသတ်ခံရအောင် မင်းက ပိပိရိရိကြီးကြံခဲ့တယ်။ ခုလည်း ငါ့နှမအရင်း ခေါက်ခေါက်ကို မတရားကျင့် စော်ကားဖို့ကြံနေတုန်း လက်ပူးလက်ကြပ် ဖမ်းမိပြန်ပြီ မဟုတ်လားကွ။ ဒီတော့ မင်းကို ငါက ဘာလုပ်မယ်ထင်သလဲကွ… ချစ်တင်…'

'သူ… သူ… သူက၊ ဟင်… နှ… နှမ ဟုတ်လား…'

'အေး… ဟုတ်တယ် ငါ့နှမပဲ။ တောမှာ အားကိုးရာမဲ့ဖြစ်ပြီး ငါ့ဆီကို လိုက်လာတယ်။ ငါလည်း မင်းဆင်လိုက်တဲ့ အမှုနဲ့ လူသတ်မှုတရားခံ ဝရမ်းပြေးဖြစ်ပြီး ဒုက္ခရောက်နေတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ခမျာ အားကိုးရာမဲ့နဲ့ မင်းလက်ထဲရောက်လာတော့တာပဲ။ ဒီအကြောင်းကို ငါသိသိချင်းလိုက်လာခဲ့တာပဲ။ ခုတော့ နှမကလေး သီသီကလေး ရေတိမ်နစ်တော့မယ် ဖြစ်နေတုန်း ငါရောက်လာတာ မင်းအဖို့ ကံဆိုးတာပဲ။ မင်းက ငါ့ကို လူသတ်မှုနဲ့အမှုဆင်ပြီး ဒုက္ခပေးရတာ အားမရသေး၊ ဘာမှအပြစ်မရှိတဲ့ ငါ့နှမကိုပါ စော်ကားဖျက်ဆီးဖို့ကြံခဲ့ပြန်တော့ မင်းကို ငါဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး ချစ်တင်၊ မင်းကို ငါသတ်တာကပဲ အေးလိမ့်မယ်ထင်တယ်'

သက်ဖေသည် ပြောပြောဆိုဆို လက်ထဲမှ သေနတ်ကို ချောက်ခနဲ မောင်းတင်လိုက်ရာ ချစ်တင်မှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်လာသည်။ သူ့နှုတ်ခမ်းများသည် တဆတ်ဆတ် တုန်ရီလာရာက စကားများ အလုအယက် ထွက်လာကြ၏။

'သက်…သက်ဖေ…နေပါဦးကွာ၊ ငါပြောပါရစေဦး၊ ငါ့စကားကို နားထောင်ပါဦး'

'မင်း ဘာများ ပြောစရာရှိသေးလို့လဲ'

'သူ…သူဟာ မင်းနှမ ဖြစ်တယ်ဆိုတာကို ငါလုံးလုံးကြီး မသိရပါဘူးကွာ…ဘုရားစူးပါရစေရဲ့…ငါလုံးလုံးကြီးမသိပါဘူး'

'မင်းဆိုလိုတာက အနှင်းဟာ ငါ့နှမမှန်းသိခဲ့ရင် ခုလို စော်ကားဖျက်ဆီးဖို့ ကြံမှာမဟုတ်ဘူး…ဆိုပါတော့ ဟုတ်လား…'

ဟု သက်ဖေက လှောင်မေး မေးလိုက်သည်ကို ချစ်တင်က ရေနစ် သူ ကောက်ရိုးပင်ကို ဆွဲမိဆွဲရာဆွဲသည့်အလား ခေါင်းကို တဆက်ဆက် ညိတ်ပြလိုက်လေသည်။ သက်ဖေကား တဟားဟား လှောင် ရယ်ရယ်လိုက်ပြီးမှ…

'ကဲလေ… ထားလိုက်ပါတော့ကွာ။ ငါ့နှမမှန်းသိရင်မင်း



www.burmeseclassic.com

www.burmeseclassic.com



က ဘာမှမလုပ်ဘူးဘဲ ထားလိုက်ပါတော့… မင်းကိုယ်တိုင်က မင်းရဲ့ မိန်းမကိုငါ့အခန်းမှာလာသတ်ပြီး ငါသတ်တယ်ဖြစ်အောင် ချောက်တွန်းခဲ့တာကောကွ။ ဟင်… ခု ငါ့မှာ မင်းကြောင့် ငါဘာမှ မသိရတဲ့ လူသတ်မှုရဲ့ တရားခံဝရမ်းပြေး ဖြစ်နေရပြီကွ'

ချစ်တင်သည် ဂလုခနဲမြည်အောင် တံတွေးကို မျိုချလိုက်ရာက ကြိုးစားပမ်းစား အသံကို ညှစ်ထုတ်လိုက်လေ၏။

'ဒါကတော့… ငါလည်း မင်းကို လက်စားချေတဲ့သဘောနဲ့ လုပ်လိုက်မိတာပဲ။ မင်းကိုယ်တိုင်က ငါ့မယားကို ကြာခိုခဲ့တယ် မဟုတ်လား'

'ဩော်… ဒီလိုဆိုရင် မင်းက မင်းမယားနဲ့ ငါ့ကိုလက်စားချေတဲ့သဘောနဲ့ မင်းမယားကို ငါ့အခန်းမှာ လာသတ်ပြီး ငါသတ်တယ်ဖြစ်အောင် အမှုဆင်ခဲ့တာကို ဝန်ခံတယ်ပေါ့'

'အေးပါကွ… ဝန်ခံပါတယ်… ငါလည်း ဒေါသရှေ့သွားပြီး လုပ်လိုက်မိတာပဲ'

'မင်းမယားကို မင်းကိုယ်တိုင်သတ်ပြီးတော့ ငါသတ်တယ်ဖြစ်အောင် မင်းက အမှုဆင်လိုက်တော့ ငါတို့နှစ်ယောက်စလုံးကို တစ်ချက်ခုတ် နှစ်ချက်ပြတ် လက်စားချေနိုင်မယ်ဆိုပြီး မင်းကလုပ်လိုက်တာပေါ့ ဟုတ်လားကွ… ချစ်တင်'

'ဟုတ်… ဟုတ်ပါတယ် သက်ဖေရာ… ငါမှားပါတယ်။ ငါ့မယားလည်း ခုတော့ သေရှာပါပြီ၊ ငါကျေနပ်ပါပြီ။ မင်းကိုလည်း ငါက ကျေနပ်ဖို့ တောင်းပန်ပါတယ်ကွာ… မင်းငါ့ ကိုသတ်လို့ မင်းအတွက် အကျိုးထူးနိုင်မှာ မဟုတ်ပါဘူး… ဒီတော့ မင်းကို ငါအခု ငွေ ၅၀၀၀ိ/-ထုတ်ပေးလိုက်ပါ့မယ်… မင်း လွှတ်ပါလွှတ်



www.burmeseclassic.com

www.burmeseclassic.com


ကြောင်းကို ဒီငွေ ၅၀၀၀ိ/-နဲ့ ပြေးနိုင်တယ်မဟုတ်လား'

'ဟား... ဟား... ဟား... ဟုတ်လှသကွာ... မင်းမယားကို မင်းက သတ်တယ်။ အပြစ်ကျတော့ ငါကခံရမှာလားကွ'

'နို့... ဘယ်နှယ့်လုပ်မလဲကွ... ငါ့မယားကို ငါသတ်ပါတယ်လို့ ငါဖွင့်ဝန်ခံလို့လည်း ဖြစ်တာမှမဟုတ်တာ။ ဒီတော့ မင်းကပဲ ခံလိုက်ပါ။ မင်းလွတ်ရာလွတ်ကြောင်းပြေးနိုင်ဖို့ ငါက အစွမ်းကုန် ကူညီပါ့မယ်။ ခုချက်ချင်းငွေ ၁၀၀၀ိ/-ပေးလိုက်မယ်ကွာ၊ ဘယ်နှယ့်လဲကွဟင်... ဒါမှပဲ ဒီကိစ္စဟာ မင်းအတွက်ရော ငါ့အတွက်ရော ဟန်ကျမှာပဲကွ။ ငါ့မယားကို ငါကိုယ်တိုင် သတ်ပစ်ခဲ့တာမှန်ပေမယ့် ငါက ဘယ်တော့မှ ဝန်ခံလိမ့်မယ် မဟုတ်ဘူးကွ'

'အိုလေ... မင်းဝန်ခံဖို့ မလိုတော့ပါဘူး ချစ်တင်။ မင်းခုပြောတဲ့စကားတွေကို တို့ အပြင်ဘက်ကနေ အားလုံးကိုဝိုင်ယာလက်ကော်ဒါ အသံဖမ်းစက်ကလေးနဲ့ ဖမ်းထားလိုက်ပါပြီကွ'

ဤအသံကား သက်ဖေက ပြောလိုက်ခြင်းမဟုတ်။ တံခါးဝဆီမှ ထွက်ပေါ်လာခြင်းဖြစ်၏။ ချစ်တင်သည် ချာခနဲလှည့်ကြည့်လိုက်ရာတွင် အခန်းတံခါးဝ၌ ရပ်နေကြသော စုံထောက် အင်စပက်တော် ကိုရန်ကင်းနှင့် တင်မောင်ဆွေတို့က ခေါင်းဆောင်လျက် လူတစ်စု ရပ်နေကြသည်ကို တွေ့လိုက်ရလေ၏။ ချစ်တင်၏မျက်နှာကား ပကတိဖြူရော်သွားရာက အင်အားများ ကုန်ခမ်းသွားသကဲ့သို့ ဆိုဖာပေါ်တွင် ထိုင်ချလိုက်လေ၏။

'ကိုဆွေ... ခင်ဗျားတို့ရောက်လာတာ အတော်ပဲ။ ခုနက ဒီကောင်က သူ့မယားကို သူသတ်ပါတယ်လို့ ဝန်ခံလိုက်တာကို


www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ အားလုံး ကြားရတယ် မဟုတ်လား…’ဟု သက်ဝေ တဝမ်းသာအားရ မေးလိုက်သည်ကို…

‘အေးပါကွာ… မင်းနဲ့ သူနဲ့ ပြောကြတဲ့စကားတွေကို ငါနဲ့ကိုရန်ကင်းနဲ့တကွ ဟောဒီကသက်သေတွေပါ အကုန်လုံး ကြားရုံတင်မကသေးဘူး။ အစိုးရအသိအမှတ်ပြုတဲ့ လက်ရေးတို စာရေးကလည်း လုံးစေ့ပတ်စေ့ ရေးမှတ်ထားလိုက်တယ်။ ဒါတင် မကသေးဘူး ဝိုင်ယာလက်ကော်ဒါနှင့်ပါ ဖမ်းထားလိုက်တယ်ဆိုတော့ ဒီကောင်ဘယ်လိုမှ မလွတ်နိုင်တော့ပါဘူးကွ…’ဟု တင်မောင်ဆွေက ပြုံးပြုံးကြီးပြောလိုက်သည့်အဆုံး၌…

‘အိုး… ကိုကို…’ ဟု အသံတုန်တုန်ကလေးနှင့် ခေါ်ကာ အနှင်းသည်သူ့အစ်ကိုအား ပြေးဖက်လိုက်ပြီး ဝမ်းသာအားရ ဖြစ်လွန်းလှသဖြင့် မျက်ရည်တွေ ကျလာလေသတည်း။

မိုးဝေ

BURMESE CLASSIC

www.burmeseclassic.com